

မဟာလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ နဘူးကျင်းရွာ
ရန်ကင်းတောရကျောင်းနေ

သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဂဏ္ဌာဝါစက၊ အရည္ဝါသီ

အရှင်တိဿရဏေရ

ပါဠိ မြန်မာ နှစ်ဘာသာတို့ဖြင့် ပြုပြင်ရေးသားအပ်သော

ဒုတိယဝိနိဿယ

ဒေါ

ဒုတင်အဆုံးအဖြတ်ကျမ်း

ပထမအကြိမ်	သာသနာနှစ် ၂၅၄၁	ကောဇာနှစ် ၁၃၆၉	ခရစ်နှစ် ၁၉၉၇

ooo
ရ

မဇ္ဈလေးတိုင်း ရမည်းသင်းမြို့နယ် နဘုးကျင်းရွာ ရန်ကင်းတောရကျောင်းဆရာတော် သာသနဓဇသိရိပဝရ ဒမ္မာစရိယ ဂဏဝါစက အရည်ဝါသီ အရှင်တိသရဏဆေရ်

ပါဠိမြန်မာနှစ်ဘာသာတို့ဖြင့် ရေးသားပြုစုပြီးသော စာပေနှင့်ကျမ်းများ

၁။ မဇ္ဈလေးတိုင်း ရမည်းသင်းမြို့နယ် သရက်ကန်ရွာ ပထမကျောင်းတည်ဆရာတော် အရှင်ဥက္ကံသ၏ ထေရပ္ပတ္တိအကျဉ်းမှတ်တမ်း။

၂။ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဝိနယနုဂ္ဂဟ အသင်းကြီးတည်ထောင်တော်မူခဲ့သော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဝံသ မဟာထေရ်၏ အဋ္ဌိမပုဏ္ဏား ထေရပ္ပတ္တိဂါထာ အကျဉ်းသံဝေဂယူဖွယ်စာစောင်။

၃။ မြန်မာပြည် အမြို့မြို့ အနယ်နယ်တွင် တောရဆရာတော်ဘုရားကြီး ဦးဆောင်၍ သမုတ်ခဲ့သော (၇၂)လုံး သိမ်များ၏ သိမ်သမုတ်မှတ်တမ်းများ အစဉ် (၁၂၂ ၃ ကို ၁၃၅၉ ခုနှစ် တပေါင်းတည်း ပုံနှိပ်ထားပါသည်)

၄။ အရဏဂုဏ္ဍကာလဝိနိစ္ဆယခေါ် အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း (ပထမအကြိမ်)ကို ကမ္ဘာအေးသာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ၁၃၂၉-ခုနှစ်က ထုတ်ဝေခဲ့ပြီး (ဒုတိယအကြိမ်)ကို ဖြည့်စွက်ချက်များဖြင့် ၁၃၅၆ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။

၅။ စီဝရဝဏ္ဏဝိနိစ္ဆယ ခေါ် သင်္ကန်းရောင်အဆုံးအဖြတ်ကျမ်းနှင့်

၆။ ဆန္ဒဒါနဝိနိစ္ဆယ ခေါ် ဆန္ဒပေးအဆုံးအဖြတ်ကျမ်း
အစဉ် (၅)နှင့် (၆) (ပထမအကြိမ်)ကို ၁၃၅၆ ခုနှစ်တွင်လည်းကောင်း၊ (ဒုတိယအကြိမ်)ကို ၁၃၅၇ ခုနှစ်တွင် လည်းကောင်း ထုတ်ဝေခဲ့ပါသည်။

၇။ ဝုတဂ်ဝိနိစ္ဆယခေါ် ဝှုတင်အဆုံးအဖြတ်ကျမ်း (ပထမအကြိမ်) ယခု ၁၃၅၉ ခုနှစ်တွင် ထုတ်ဝေလိုက်ပါသည်။

ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်
နဘူးကျင်းရွာ ရန်ကင်းတောရကျောင်းဆရာတော်

အရှင်တိသရ

သာသနဓဇသီရိပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစက အရည်ဝါသီ
သက်တော် (၅၅) ပြည့်ပုံတော်

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် သရက်ကန်ရွာ ကျောင်းတည်

ပထမဆရာတော်

ဇီးပြုကုန်း ကျောင်းသစ်ဆရာတော်နှင့်

ရန်ကုန်မြို့ ဘုရားပြုဆရာတော်တို့၏

အနှေ့ဝါသိက တပည့်ဖြစ်သော

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် နဘူးကျင်းရွာအနီး

ရန်ကင်းတောရကျောင်းနှင့်

လယ်ဝေးမြို့နယ် ထန်းတပင်ရွာအနီး

ထန်းတပင်တောရကျောင်းနေ

သာသနဝေဿိရိပဝရ ဓမ္မာစရိယ၊ ဂဏာဝါစက အရည်ဝါသီ

အရှင်တိဿရထေရ်

ပါဠိမြန်မာ နှစ်ဘာသာတို့ဖြင့် ပြုပြင်ရေးသားအပ်သော

ဓုတင်္ဂဝိနိစ္ဆယ

ခေါ်

ဓုတင်အဆုံးအဖြတ်ကျမ်း

သာသနာနှစ်	ကောဇာနှစ်	ခရစ်နှစ်
ပထမအကြိမ် ၂၅၄၁	၁၃၁၉	၁၉၉၇

မျက်နှာဖုံး ခွင့်ပြုချက်အမှတ်	–	(၆၁/၉၆) (၁၁)
စာမူခွင့်ပြုချက်အမှတ်	–	(၆၁/၉၆) (၇)
အကြိမ်	–	ပထမအကြိမ်
အုပ်ရေ	–	၁၀၀၀
တန်ဖိုး	–	၈မွဒါန
ကွန်ပျူတာစာစီနှင့်မျက်နှာဖုံးဒီဇိုင်း	–	မျိုးညွန့်ကွန်ပျူတာ
ထုတ်ဝေသူ		ဦးမင်းကြည် (၈မွာစရိယ၊ ဘီအေ) လက်ထောက်ညွှန်ကြားရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန။ သီရိမင်္ဂလာ၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။ ဖုန်း ၆၆၅၃၈၃

ကင်းလွတ်ခွင့်အမှတ် (၇/၉၆)အရ ထုတ်ဝေပါသည်။

ပုံနှိပ်သူ		ဒေါ်ခင်ဆွေနွဲ့ (မြို-၀၅၂၃၂) သီဟပုံနှိပ်တိုက် ၂၄၀၊ လမ်း (၄၀) ရန်ကုန်မြို့၊ ဖုန်း ၂၄၄၅၆၇

စတုတ္ထသမဏာပဒိုရ္ဝေ

စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်း
အကြားအမြင်များခြင်း
နာမ်ရုပ်တရားတို့ကို လက္ခဏာရေးတင်၍ ဆင်ခြင်ပွားများခြင်း
သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း
ဤလေးရပ်ကား ရဟန်းမြတ်တို့အတွက် လျှောက်ပတ်လှပေ၏။

ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး

ပဌမသမဏာပဒိုရูပ

ကိုယ်သ, ရထားသ စသော
အသံကင်းဆိတ်သည့်တောရကျောင်းခ
အာရညကင် ဓူတင်ဆောက်တည်၍ နေထိုင်ခြင်းကား
ရဟန်းမြတ်တို့အတွက် လျောက်ပတ်လှပေ၏။

ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ သီမ်တော်ကြီး

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	ကျမ်းပြုတောရဆရာတော် အရှင်တိသရထေရ်၏နိဒါန်း - - - - - -	(က)
၂။	ဦးမင်းကြည်(ဓမ္မာစရိယ၊ ဘီအေ)၏ နိဒါန်း - - - - - - - - - -	(ခ)
	အပိုင်း"က" ကျမ်းစာပါ အကြောင်းအရာ များမှ	
	ကောက်နုတ်တင်ပြချက် - - - - - - - - - - - -	(ခ)
	အပိုင်း"ခ" ဂေါတမဘုရားရှင်ရှိစဉ်က ဗုဒ္ဓဘာဝါဒဇာတဒဂ်ရ	
	အရှင်မဟာကဿပ - - - - - - - - - - - - - -	(ဃ)
	အပိုင်း"ဂ" ကျမ်းပြုဂန္ထသခ်ါရ အရှင်တိသရထေရ်၏	
	သခ်ေပထေရပ္ပတ္တိ - - - - - - - - - - - - -	(ဌ)
၂။	ပဏာမစသည်ကို ပြခြင်း၊ ဓူတင်ကို ဘုရားရှင် ခွင့်ပြုတော်မူခြင်း - -	(၁)
၄။	ဓူတင်(၁၃)ပါးကိုပြခြင်း - - - - - - - - - - - - - - - -	၂
	(၁) ပံသုကူလိကဓူတင် - - - - - - - - - - - - - - - - -	၃
	(၂) တေစီဝရိကဓူတင် - - - - - - - - - - - - - - - - -	၅
	(၃) ပိဏ္ဍပါတိကဓူတင် - - - - - - - - - - - - - - - -	၅
	(၄) သပဒါနစာရိကဓူတင် - - - - - - - - - - - - - - -	၆
	(၅) ဧကာသနိကဓူတင် - - - - - - - - - - - - - - - -	၆
	(၆) ပတ္တပိဏ္ဍိကဓူတင် - - - - - - - - - - - - - - -	၇
	(၇) ခလုပစ္ဆာဘတ္တိကဓူတင် - - - - - - - - - - - - - -	၈
	(၈) အာရညိကဓူတင် - - - - - - - - - - - - - - - - -	၁၁
	(၉) ရုက္ခမူလိကဓူတင် - - - - - - - - - - - - - - - -	၁၁
	(၁၀) အဗ္ဘောကာသိကဓူတင် - - - - - - - - - - - - - -	၁၁
	(၁၁) သောသာနိကဓူတင် - - - - - - - - - - - - - - -	၁၂
	(၁၂) ယထာသန္ထတိကဓူတင် - - - - - - - - - - - - - -	၁၂
	(၁၃) နေသဇ္ဇိကဓူတင် - - - - - - - - - - - - - - -	၁၃

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၅။	ဓူတင်ဆောက်တည်ခြင်းအဆုံးအဖြတ်	၁၄
(၁)	ပံသုကူလိကဓုတင်ဝိနိစ္ဆယ	၁၆
(၂)	တေစီဝရိကဓုတင်ဝိနိစ္ဆယ	၂၇
(၃)	ပိဏ္ဍပါတိကဓုတင်ဝိနိစ္ဆယ	၃၄
(၄)	သပဒါနစာရိကဓုတင်ဝိနိစ္ဆယ	၄၁
(၅)	ဧကာသနိကဓုတင်ဝိနိစ္ဆယ	၄၆
(၆)	ပတ္တပိဏ္ဍိကဓုတင်ဝိနိစ္ဆယ	၅၁
(၇)	ခလုပစ္ဆာဘတ္တိကဓုတင်ဝိနိစ္ဆယ	၅၆
(၈)	အာရညိကဓုတင်ဝိနိစ္ဆယ	၆၁
(၉)	ရုက္ခမူလိကဓုတင်ဝိနိစ္ဆယ	၇၁
(၁၀)	အဗ္ဘောကာသိကဓုတင်ဝိနိစ္ဆယ	၇၆
(၁၁)	သောသာနိကဓုတင်ဝိနိစ္ဆယ	၈၀
(၁၂)	ယထာသန္ထတိကဓုတင်ဝိနိစ္ဆယ	၈၅
(၁၃)	နေသဇ္ဇိကဓုတင်ဝိနိစ္ဆယ	၈၈
၆။	ဓုတင်ပကိဏ္ဏကကထာ	၉၁
၇။	နိဂမန၊ ကျမ်းပြီး နှစ်လ ရက် စသည်ပြခြင်း	၉၈

ကျမ်းပြု တောရဆရာတော် အရှင်တိသရထေရ်၏

နိဒါန်း

၄ ၀ ၀ ၁ ၁ ၁
ဓုတင်္ဂဝိနိစ္ဆယကျမ်းဟောင်း၌ -

"ပရိဘုတ်ရာ၏ - ပရိဘုတ်ခြင်းကို
နိဗ္ဗာန်သို့ ချဉ်းဂမ်းသော နလုံးသားရှိသော
သီတင်းကြီးစဉ်ပရိဘုတ်" -

အစရှိသော စကားများကို မိန့်ဆိုရေးသားထားပါ၏။ ဤသို့ ရေးသားထားသော အဆုံးအဖြတ်စာများကို ဖတ်ကြည့်သောအခါ ဖတ်သူသည် ကျမ်းဆရာ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို အမြန်ချက်ချင်း မသိသေးဘဲ ဆင်ခြင်စဉ်းစား သတိထား၍ တွေးကြံမှသာ သိပါ၏။ ယင်းသို့ သိခြင်းသည်လည်း မပေါ်မလွင် မထင်မရှား ရောင်ဝါးဝါးမျှသာ သိခြင်းဖြစ်ပါ၏။ ပေါ်လွင်ထင်ရှားစွာ သိခြင်း မဟုတ်သေးပေ၊ ထို့ကြောင့် ဤသို့ မပေါ်မလွင် မထင်မရှားဖြစ်သော စကားများကို ကြဉ်ဖယ်ထုတ်ပယ်ထား၍ မူလကျမ်းဆရာ၏ ဆိုလိုရင်း အဓိပ္ပာယ်ကိုလည်း ပျက်ပျယ်ခြင်း မရှိစေဘဲ ထင်ရှားပေါ်လွင်ရုံမျှသာ ပေါ်လွင်သော စကားသစ်ထည့်၍ ပြင်ဆင်ရေးသားလိုခြင်းနှင့် ပါဠိများစွာ ရောနှောရေးသားထားရာ၌ ပါဠိများကို သီးသန့် ထုတ်၍ ထား၍ ရေးသားလိုခြင်းတို့သည် ဤဝိနိစ္ဆယ ဖြစ်ပေါ်လာခြင်း၏ နိဒါန်းပင် ဖြစ်ပါသည်။ ဤအကြောင်းနှင့် လျော်ညီစွာ မပေါ်လွင်သည်ကိုပေါ်လွင်ထင်ရှားအောင် ပြင်ဆင်ရေးသားထားပါ၏။ ပါဠိများကိုလည်း သီးသန့် ရေးထားပါ၏။

ဤသို့ ရေးသားထားသော ဓုတင်ဝိနိစ္ဆယကျမ်းကို ဖတ်ရှုသူများသည် ဆိုလိုရင်းအဓိပ္ပာယ်ကို ထင်ရှားပေါ်လွင်စွာ သိကြသည်ဟု ဆိုပါက ရေးသူမှာ ရေးရကျိုးနပ်ပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမည်ကို မျှော်လင့်ပါသတည်း။

အရှင်တိသရ

ဦးမင်းကြည် (စမ္ဘာစရိယ၊ ဘီအေ)၏
နိဒါန်း

နမော ဝိဘဋ္ဌဝါဒိနော မဟာကာရုဏိကဿ။

စကားပလွှင့်

တောရဆရာတော်ရေးသားပြုစုခဲ့ပြီးဖြစ်သော အရဏဂုဏ်ကာလဝိနိစ္ဆယ၊ စီဝရဝဏ္ဏဝိနိစ္ဆယ နှင့် ဆန္ဒဒါနဝိနိစ္ဆယကျမ်းစာများနိဒါန်းကို မိမိရေးသားခဲ့ပြီး ထုတ်ဝေသူလည်း ဖြစ်ခဲ့ပါသည်။

ထိုနိဒါန်းများ ရေးခဲ့စဉ်က ကျမ်းစာပါ အကြောင်းအရာများမှ ကောက်နုတ်တင်ပြချက် အလေးအနက်ထား ဖတ်ရှုစေလိုသော အချက်များ၌ စာမျက်နှာ ညွှန်ပြချက်နှင့် ကျမ်းပြုဆရာတော်၏ သခင်ပထေရပ္ပတ္တိ ဟူ၍ ရေးရိုးရေးစဉ်အတိုင်း တင်ပြခဲ့ပါသည်။

ယခု ဓတာဂ်ဝိနိစ္ဆယခေါ် ဂူတင်အဆုံးအဖြတ်ကျမ်း၌မူကား-

အပိုင်း "က" ကျမ်းစာပါ အကြောင်းအရာများမှ ကောက်နုတ်တင်ပြချက်

အပိုင်း "ခ" ဂေါတမဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က ဓတဝါဒဇာတခဏ်ရ အရှင်မဟာကဿပ

အပိုင်း "ဂ" ဂန္ဓသခါရ အရှင်တိဿရထေရ်မြတ်၏ သခင်ပထေရပ္ပတ္တိဟူ၍ သုံးပိုင်း ခွဲခြား တင်ပြလိုက်ပါသည်။

အပိုင်း "က" ကျမ်းစာပါ အကြောင်းအရာများမှ ကောက်နုတ်တင်ပြချက်

ဤဓတာဂ်ဝိနိစ္ဆယခေါ် ဂူတင်အဆုံးအဖြတ်ကျမ်း..ကို ပြင်ဆင်ရေးသား ပြုစုတော်မူသော ဆရာတော်မှာ လွန်ခဲ့သော နှစ်ပေါင်း (၃၀)မှစ၍ ယနေ့ထက်တိုင်အောင် ကောရဆောက်တည်လျက် ရှိတော်မူသော ဆရာတော်ဖြစ်ပေသည်။

ဂူတင် (၁၃)ပါး အကြောင်းအရာများကို -

(၁) ပထမ အကျဉ်းနည်းအားဖြင့်လည်းကောင်း (နှာ ၁ မှ ၁၅)

(၂) ဒုတိယ ဝိနိစ္ဆယအပိုင်း အကျယ်ဖွင့်ဝေဖန်ခြင်း၊ ဆုံးဖြတ်ခြင်း စသည့်အားဖြင့် လည်းကောင်း (နှာ ၁၆ မှ ၉၀)

(၃) တတိယ ထပ်မံရှင်းလင်းခြင်းအားဖြင့်လည်းကောင်း ပြုစုထားပါသည်။ (နှာ ၉၁ မှ ၉၇)

မူရင်းကျမ်းများရှိ ကျမ်းပြုဆရာများ၏ ဆိုလိုရင်းများကို ချမ်းသာ လွယ်ကူစွာဖြင့် ရှင်းလင်းမြင်သာလာအောင် ပါဠိသီးသန့်ထုတ်၍ မြန်မာပြန်ဆို၊ မြန်မာမှ ပြုထားသည်ကိုလည်း ပဏ္ဍိတကြီးမှူးမည် ဖြစ်ပါသည်။

ဓုတင် = ဓုတ + အင် = ဓုတင်ကို ဖွင့်လျှင် ကိလေသာကို ပယ်ပြီး၊ ခါထုတ်ပြီးသော ပုဂ္ဂိုလ်သည်လည်းကောင်း၊ ကိလေသာကို ခါထုတ်တတ်သော တရားဓမ္မသည်လည်းကောင်း ဓုတမည်၏။

အထူးအားဖြင့် အရဟတ္တမဂ်သည် ဓုတ၊ ပရိယာယ်အားဖြင့် ဝိပဿနာဉာဏ်သည် ဓုတ၊ အယုတ်ဆုံးအားဖြင့် ဓုတင်စေတနာနှင့်ယှဉ်သော ဉာဏ်သည် ဓုတမည်၏။ သီလစသော သမ္မာပဋိပတ်၏ အကြောင်းဖြစ်သောကြောင့် အင်မည်၏၊ ကိလေသာကို ခါထုတ်တတ်သော ရဟန်း၊ ပါပဓမ္မနှင့် ကိလေသာတို့ကို ဖျက်ဆီးတတ်သော ဉာဏ်နှင့် သမာဒါနစေတနာသည် သီလစသော သမ္မာပဋိပတ်၏ အကြောင်းဖြစ်သောကြောင့် ဓုတင်မည်၏။

(ဓုတ = ရဟန်း, ဉာဏ်, သမာဒါနစေတနာ + အင် = သီလစသော သမ္မာပဋိပတ်၏ အကြောင်း)

ဓုတမမ္ဗဋ္ဌ -

(၁) အပ္ပိစ္ဆတာ = အလိုနည်းသည်၏ အဖြစ်
(၂) သန္တုဋ္ဌိတာ = ရောင့်ရဲလွယ်သည်၏ အဖြစ်
(၃) သလ္လေခတာ = ကိလေသာခေါင်းပါးသည်၏အဖြစ်
(၄) ပဝိဝေကတာ = ဆိတ်ငြိမ်ခြင်းကို အလိုရှိသည်၏ အဖြစ်
(၅) ဣဒမတ္ထိတာ = ဤအကျင့်ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အကျိုးရှိသည်ဟု သိသည်၏အဖြစ် -

ထိုငါးပါးတို့ကား ဓုတဓမ္မတို့မည်ကုန်၏။ ဓုတင်စေတနာ၏ အခြံအရံတို့ ဖြစ်ကုန်၏။ ဓုတင်စေတနာအား ကျေးဇူးပြုကုန်၏။ အလိုနည်းသူကို မှီ၍ ဖြစ်ကုန်၏ဟု ရှင်းလင်းထားသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။ (နာ ၉၂-၉၃)

ဆောက်တည်အပ်၏

အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာကို ခေါင်းပါးစေခြင်း စသော ဂုဏ်တို့ဖြင့် သီလ၏ စင်ကြယ်ခြင်းသည် ဖြစ်၏။ ထိုဂုဏ်များ ပြည့်စုံစေခြင်းငှာ စတုပါရိသုဒ္ဓိ သီလကြီးလေးပါး ၌ တည်သော ရဟန်းသည် ဓူတင်ကို ဆောက်တည်အပ်၏။

ရအပ်သောအကျိုး

ဆိတ်ငြိမ်ရာ တောကျောင်း၌ နေခြင်း၊ ကိလေသာကို ဖျက်ဆီးခြင်း၊ သမ္မပ္ပဓာန်ဝီရိယဖြင့် အားထုတ်ခြင်းကြောင့် ဒါယကာတို့ လုပ်ကျွေးလွယ်ကူခြင်း၊ ပြင်ပကိစ္စ နည်းပါးခြင်း၊ ပေါ့ပါး

စွာ အသက်မွေးရခြင်း စသော ဂုဏ်တို့နှင့် ပြည့်စုံခြင်း၊ အညစ်အကြေးကို ဆေးကာ ဖွပ်လျှော်သည်၏ အဖြစ်ကြောင့် ရှုတင်ဆောက်တည်သူ၏ သီလသည် လွန်စွာ စင်ကြယ်လတ္တံ့၊ကိလေသာ ခါတွက်သော အကျင့်တို့သည်လည်း ပြည့်စုံကုန်လတ္တံ့။

ဤသို့ သီလစင်ကြယ်လျှင် သက်နှံးဆွမ်းကျောင်းဌ ခေါင်းပါးသော အကျင့်ရှိခြင်းဟူသော အရိယဝံသတရားသုံးပါးဌ တည်၏။ ဘာဝနာဌ မွေ့လျော်ခြင်းဟူသော စတုတ္ထအရိယဝံသတရားကိုလည်း ရခြင်းငှာ ထိုက်တန်၏။

ဘုရားရှင် ခွင့်ပြုတော်မူခဲ့

လောကာမိသကို စွန့်၍ ကိုယ်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်နှင့် လျော်သော အကျင့်ကိုသာ အားထုတ်လိုသော ဇာတိကုလပုတ္တ, အာစာရကုလပုတ္တ ဓမ္မအမွေခံ အမျိုးသားကောင်းတို့အား တစ်ဆယ့်သုံးပါးသော ရှုတင်ဆောင်ခြင်းကို ဘုရားရှင် ခွင့်ပြုတော်မူခဲ့လေသည်။

ရှုတင်အကြောင်း ရေးလျှင်

ရှုတင်အကြောင်း ရေးလျှင် အရှင်မဟာကဿပအကြောင်း ပါမည်၊ ဓုတင်္ဂါဒနှင့် အရှင်မဟာကဿပသည် ဤသာသနာတော်ဌ ခွဲခြားမရ။

- ရှုတင်အကျင့်ကို အလေးအမြတ် ထားတော်မူခဲ့သော အရှင်မဟာကဿပ
- အနာဂတ် သာသနာတော်အတွက် ဘုရားရှင် အလေးအမြတ် ထားတော်မူခဲ့သော အရှင်မဟာကဿပ
- ယနေ့ ထေရဝါဒသာသနာတော်ကြီး ဝင့်ထယ်စွာ တည်ရှိနေအောင် ရွက်ဆောင်ပေးခဲ့သည့် အရှင်မဟာကဿပ

ဤသို့ ထူးခြားလေးနက်သည့် သာသနာ့အာဇာနည်မဟာထေရ်ကြီး ဖြစ်တော်မူခဲ့သောကြောင့် ဤဓုတင်္ဂဝိနိစ္ဆယကျမ်း၏ နိဒါန်းစာမျက်နှာများတွင် အရှင်မြတ်ကြီးကို အလေးအမြတ်ထားပူဇော်သောအားဖြင့် ကြောင်းရာဖြစ်ရပ်များမှ ကောက်နုတ်လျက် ခေါင်းစဉ်ငယ်များဖြင့် ဖော်ပြလိုက်ပါသည်။

အကြောင်းရင်းခံများ

ဖတ်ရှုရသူ အပေါင်းတို့တွင်-

(က) ပထမရည်မှန်းချက်။ အရှင်မြတ်ကြီးနည်းတူ အတုယူကာ ရှုတင်အကျင့်မြတ် စဉ်ဆက်မပြတ် တည်ရှိနိုင်စေရန်၊

(ခ) ဒုတိယရည်မှန်းချက်။ ရှုတင်ဆောင် ရဟန်းတော်များ ပစ္စည်း (၄)ပါး ပြုစုလုပ်ကျွေးသော သူတော်ကောင်းများ ပေါ်ထွန်းနေစေရန်၊

(ဂ) တတိယရည်မှန်းချက်။ ဖတ်ရှုရသူအပေါင်း ပါရမီရင့်သန် နိဗ္ဗာန်သို့ ဝင်ရောက်နိုင်ကြ ပါစေရန်

ဟူသော စေတနာဆန္ဒသည် နိဒါန်း၌ ဖော်ပြရသော အကြောင်းရင်းခံများ ဖြစ်ပါလေသည်။

အပိုင်း"ခ" ဘုရားရှင် လက်ထက်တော်က ဓုတဝါဒဇာတဒက်ရ အရှင်မဟာကဿပ

အရှင်မဟာကဿပသည် မဟာသာဝကကြီး အပါး (၈၀)တွင် အဂ္ဂမဟာသာဝက နှစ်ပါးပြီးလျှင် တတိယမြောက် မဟာ သာဝကကြီး ဖြစ်သည်။

သာသနာတော်သို့ ဝင်ရောက်ပြီး ဘုရားရှင်ထံမှ ဓူတင် (၁၃) ပါး အကျင့်တရား နာကြားပြီး အသက်ထက်ဆုံး ဆောင်တော်မူခဲ့သည်။

အရှင်မြတ်ကြီး၏ ကျေးဇူးများ

ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် (၄၅)ဝါပတ်လုံး ဟောကြားခဲ့သည့် ဒေသနာတော်များကို ရှေးဦးစွာ သင်္ဂါယနာတင် ဦးဆောင်တော်မူခဲ့သည်။ သင်္ဂါယနာတင်ပွဲကြီး (၆)ကြိမ် တိုင်တိုင် ဆင်နွှဲပြီးခဲ့ရာ အရှင်မဟာကဿပထေရ်သည် ပထမသင်္ဂါယနာတင်ပွဲ၏ ဦးဆောင် မဟာထေရ်ကြီးဖြစ်တော်မူသည်ကို ဆိုလိုရင်း ဖြစ်ပါသည်။

အမြော်အမြင် ကြီးမားမှုကြောင့် မနေမနား အားထုတ်လျက် ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များ၏ အဓမ္မဝါဒများ မလွှမ်းမိုးမီ ကြိုတင်စီစဉ်မှုစွမ်းရည် သတ္တိထူးများဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် စင်ကြယ်သော ဝါဒကြီးတစ်ရပ်အဖြစ် ယနေ့တိုင် ရပ်တည်နေသည်မှာ အရှင်မြတ်ကြီး၏ ကျေးဇူးများပင် ဖြစ်ပါသည်။

အရှင်မဟာကဿပ၏ အတိတ်နှင့် ဗျာဒိတ်

အတိတ်ကာလ ကမ္ဘာတစ်သိန်းထက်ဝယ် ပဒုမုတ္တရာဘုရားရှင် ပွင့်တော်မူစဉ် ဝေဒေဟ အမည်ရသော ကုဋေရှစ်ဆယ်ကြွယ် သူဌေး ဖြစ်ခဲ့သည်။

ပဒုမုတ္တရ ဘုရားရှင်က မဟာနိသဘထေရ်အား ဓူတင်ဆောင်ဧတဒဂ်ရာထူး ချီးမြှင့်သည်ကို အားကျပြီး ဘုရားအမှူးရှိသော သံဃာတော်တို့အား (၇)ရက်တိုင်တိုင် ဆွမ်းကပ်လှူပြီး ထိုဧတဒဂ်ဆုကို ပန်ဆင်တောင်းဆိုခဲ့သည်။

ထိုမြတ်စွာဘုရားက နောင်ပွင့်မည့် ဂေါတမဘုရားရှင် လက်ထက်တွင် အရှင်မဟာကဿပဟူသော အမည်ဖြင့် ဓုတဝါဒဧတဒဂ်ရလိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူခဲ့သည်။

ပြန်မဆုံသော သံသရာလမ်းခွဲ

အရှင်မြတ်လောင်းလျှာသည် သံသရာ၌ကျင်လည်ပြီး ဗြဟ္မာ့ပြည်မှ စုတေကာ နောက်ဆုံး ဘဝ မဂဓတိုင်း မဟာတိတ္ထပုဏ္ဏားရွာ၌ ကပိလပုဏ္ဏားသူဌေးကြီး၏သား ပိပ္ပလိလုလင် ဖြစ်လာသည်။

အရွယ်ရောက်သော် မိဘတို့က မဒ္ဒတိုင်း သာဂလမြို့ ကောလိယအနွယ် ပုဏ္ဏားသူဌေးကြီး သမီး ဘဒ္ဒကာပိလာနီနှင့် လက်ထပ်ပေးကြ၏။ ဗြဟ္မာ့ပြည်မှ လာသူများဖြစ်ကြ၍ အိမ်ထောင် သားမွေးလိုစိတ် မရှိ၊ ပန်းကုံးခြားပြီး အိပ်စက်ခဲ့ကြသည်။

ထို (၂)ဦးတို့သည် မိဘများကွယ်လွန်သောအခါ များစွာသော ဥစ္စာပစ္စည်းများကိုစွန့်လွှတ်ပြီး လျှင် တစ်ယောက်က တစ်ယောက်၏ ဆံများကို ပယ်ချပေးကာ မိမိတို့ကိုယ်တိုင် ရဟန်းအသွင် ဝတ်ဆင်၍ အိမ်မှ ထွက်ခွာလာခဲ့ကြလေသည်။

ထိုသို့ လမ်းခရီး အတူသွားကြစဉ်မှာပင် ဆက်လက်၍ အတူ သွားလာနေထိုင်ရန် မသင့်တော့ဟု ဆုံးဖြတ်လျက် လမ်းခွဲခဲ့ကြသည်။ ဘယ်သောအခါမျှ ပြန်လည်ဆုံတွေ့နိုင်ခြင်း မရှိသော အပြီးတိုင် ခွဲခွာသည့် သံသရာလမ်းခွဲပင် ဖြစ်သည်။ နှစ်ဦးသား လမ်းခွဲလိုက်သည်နှင့် တပြိုင်နက် မဟာပထဝီမြေကြီးသည် ပဲ့တင်သံကြီး မြည်ဟည်းလျက် သည်းစွာ တုန်လှုပ်လေသည်။

ပိပ္ပလိလုလင်အား ဗုဒ္ဓရောင်ခြည်တော်လွှတ်၍ကြို

ထိုအချိန်ကား မြတ်စွာဘုရားသည် ပထမဝါကျွတ်၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေချိန် ဖြစ်သည်။ ကပ်လဲဝတ်ပြည်သို့ မကြွသေး။ မြေငလျင်တုန်လှုပ်ခြင်း အကြောင်းရင်းကို ဘုရားရှင် သိတော်မူ၍ ကိုယ်တော်တစ်ပါးတည်း ကြွသွားတော်မူကာ ရာဇဂြိုဟ်နှင့် နာလန္ဒမြို့အကြား ဗဟုပုတ္တက မည်သော ပညောင်ပင်ရင်း၌ ရောင်ခြည်တော် ခြောက်သွယ်လွှတ်ကာ ကြိုဆိုတော်မူသည်။

ပိပ္ပလိလုလင်သည် မြတ်စွာဘုရားထံ ရှိခိုးလျက်ချဉ်းကပ်ပြီး တပည့်မှတ်ရန် လျှောက်ထား လေသည်။

သြဝါဒခံယူရုံမျှဖြင့် ရဟန်းဖြစ်လာသူ ဤတစ်ပါးသာရှိ

မြတ်စွာဘုရားက သြဝါဒသုံးရပ်ကို အထူးဟောကြားတော်မူ၍ ပိပ္ပလိလုလင်အား ရဟန်းအဖြစ် ချီးမြှင့်တော်မူသည်။

ဤဂေါတမဘုရားရှင်၏ သာသနာတော်၌ ရဟန်းဖြစ်နည်း (၈)မျိုး ရှိခဲ့ရာ ပိပ္ပလိလုလင်သည် ဗုဒ္ဓ၏ သြဝါဒအဆုံးအမခံယူရုံမျှဖြင့် "သြဝါဒပဋိဂ္ဂဟဏူပသမ္မဒါ"နည်းဖြင့် ရဟန်းအဖြစ် ရောက်တော်မူ၍ အရှင်မဟာကဿပဟု ထင်ရှားတော်မူခဲ့သည်။

ဤနည်းဖြင့် ရဟန်းဘဝ ရသူမှာလည်း ဤသာသနာတော်၌ ဤအရှင်တစ်ပါးတည်းသာ ရှိတော်မူသည်။

သြဝါဒသုံးရပ်

မြတ်စွာဘုရားက ပိပ္ပလိလုလင်အား အထူးဟောကြားကာ ရဟန်းအဖြစ် ချီးမြှင့်တော်မူသော သြဝါဒသုံးရပ်မှာ-

(၁) သံဃာအားလုံးနှင့် ဆက်ဆံရာတွင် မကောင်းမှု၌ ရှက်ကြောက်သော ဟိရိသြတ္တပ္ပတရား ဦးထိပ်ထား၍ ဆက်ဆံရမည်။

(၂) မည်သူက ဟောကြားသည်ဖြစ်စေ ကုသိုလ်နှင့်စပ်သော တရားမှန်သမျှကို ရိုရိုသေသေ နာယူကျင့်သုံးရမည်။

(၃) ကာယဂတာသတိကမ္မဋ္ဌာန်းကို အမြဲရှုပွားရမည် ဟူ၍ ဖြစ်သည်။

သက်နှိုးချင်း လဲလှယ်ဝတ်ရုံတော်မူ

အရှင်မဟာကဿပသည် ဘုရားရှင်၏နောက်မှ လိုက်ပါတော်မူကာ ဗဟုပုတ္တက ပညောင်ပင်မှ ခရီးအတူကြွတော်မူပြီးနောက် မြတ်စွာဘုရားက သစ်ပင်ရင်းတစ်နေရာ၌ ထိုင်တော်မူလိုသော အခြင်းအရာကို ပြသဖြင့် အရှင်မဟာကဿပသည် သူ၏ အပေါ်ရုံ ဒုကူဋ္ဌသက်နှိုးကြီးကို လေးခေါက်ပြုကာ ခင်းပေးတော်မူ၏။ ထို့နောက်-

- မြတ်စွာဘုရား၏ ပံသုကူသက်နှိုးကြီးကို အရှင်မဟာကဿပထေရ်က ဝတ်ရုံ၍
- အရှင်မဟာကဿပ၏ အလွန်နူးညံ့သော အပေါ်ရုံဒုကူဋ္ဌသက်နှိုးကြီးကို မြတ်စွာဘုရားက ဝတ်ရုံတော်မူလျက်-

ကိုယ်တော်အလား အထူးမြှောက်စားကာ သက်နှိုးချင်း လဲလှယ်ဝတ်ရုံတော်မူသောအခါ မဟာပထဝီမြေကြီးသည် ပြင်းထန်စွာ တုန်လှုပ်ခဲ့လေသည်။

ဓုတဝါဒ = ဓူတင်ဆောင်ဇာတဒက်ချီးမြှင့်

သက်နှိုးချင်း လဲလှယ်ဝတ်ရုံပြီး ဘုရားရှင်ထံတော်မှ ဓူတင်အကျင့် (၁၃)ပါးကို ခံယူဆောက်တည်ကာ ကျင့်ကြံကြိုးကုတ် အမြဲမပြတ် အားထုတ်တော်မူရာ ရဟန်းဖြစ်၍ (၈)ရက်မြောက် နေ့တွင် ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ် ခြောက်ပါးနှင့် အတူ အရဟတ္တမဂ်ဖိုလ် ရတော်မူသော ရဟန္တာမထေရ်ကြီး ဖြစ်တော်မူလာသည်။

နောင်သောအခါ သာဝတ္ထိပြည် သံဃာ့အစည်းအဝေးပွဲကြီး၌ မြတ်စွာဘုရားက အရှင်မြတ်အား ဓုတဝါဒဇာတဒက်ဖြင့် ချီးမြှောက်တော်မူသည်။

နောင်လာနောင်သား ရဟန်းတော်များ အတုယူစေရန် ရည်သန်တော်မူ

မြတ်စွာဘုရားသခင်က အသက်အရွယ် ကြီးရင့်လာပြီဖြစ်၍ အချို့ဂူတင်များကို လျှော့ချရန် မိန့်တော်မူသော်လည်း မိမိအတွက် ပို၍ ဝန်မလေးကြောင်း ပြန်လည်လျှောက်ထားကာ ဂူတင် (၁၃)ပါးကို အသက်ထက်ဆုံး ဆောင်မြဲဆောင်ခဲ့သည်။

ဤသို့ ကျင့်ဆောင်ခြင်းမှာ ရဟန္တာဖြစ်ပြီးနေသော အရှင်မြတ်အတွက်မျှသာ မဟုတ် နောင်လာနောင်သား ရဟန်းတော်များ အတုယူကြရန်လည်း ရည်သန်တော်မူသည်။

အမွမ်းတင်သီလ၊ ပဓာနအကျင့် လက်နက်ကောင်းကြီး

ဂူတင်အကျင့်သည် ကိလေသာကို ဖိနှိပ်ချုံးနှိမ်ရန် ကျင့်ရသော အကျင့်မျိုး ဖြစ်၍ ရဟန်းတော်တို့အတွက် လွန်စွာအရေးပါသော ကျင့်ဝတ် ဖြစ်သည်။

ကိလေသာရန်သူကို အနိုင်တိုက်ထုတ်နိုင်သော အမွမ်းတင်သီလ၊ ပဓာန အကျင့် လက်နက်ကောင်းကြီးပင်တည်း။

ဆင်းရဲနုံချာသူတို့အား ချီးမြှောက်လေ့ရှိ

အရှင်မြတ်၏ အထူးမှတ်သား ကြည်ညိုဖွယ်ကောင်းသော လုပ်ဆောင်ချက်တစ်ရပ်မှာ ဆင်းရဲသားများ၊ ကုဋ္ဌနုနာသည်များ၊ ဒုက္ခိတများကို အထူးဦးစားပေး ချီးမြှောက်တော်မူလေ့ရှိခြင်းပင် ဖြစ်သည်။

မထေရ်မြတ်သည် ဆင်းရဲနုံချာလှသော သူများကို ချီးမြှောက်တော်မူလိုသဖြင့် ဆွမ်းခံ မကြွမီ အမြဲ သမာပတ်ဝင်စားပြီးမှ ကြွလေ့ရှိသည်။

မထေရ်မြတ်ကို လှူဒါန်းသောသူတို့မှာ မျက်မှောက်ဘဝမှာပင် ဒိဋ္ဌဓမ္မ ကောင်းကျိုး ရလေ့ရှိသဖြင့် သိကြားမင်း ၉နီးမောင်နှံသည်ပင်လျှင် ဆင်းရဲသား သူအိုလင်မယား ဟန်ဆောင်၍ လှူဒါန်းရသည်အထိ မထေရ်မြတ်၏ သတင်းကား ကျော်ကြားခဲ့လေသည်။

ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီ၊ လွတ်လပ်ပြီ

မြတ်စွာဘုရားရှင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် ပရိနိဗ္ဗာန်ပြုတော်မူချိန်တွင် အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံသို့ တပည့်ရဟန်း ၎င်းရာနှင့်အတူ ကြွလာနေသည်။ သစ်တစ်ပင်အောက် အပန်းဖြေနားနေစဉ် အစေလကတက္ကတွန်း တစ်ယောက်သည် ပရိနိဗ္ဗာန်ပွဲတွင် ကြဲချပူဇော်ခဲ့သော မန္ဒာရဝနတ်ပန်းတစ်ပွင့်ကိုမူ ယူဆောင်လာခဲ့သည်။

ထိုသူက မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသွားပြီဖြစ်ကြောင်း ကြေကွဲဖွယ်ရာသတင်းကို ပြောကြားသောအခါ ပုထုဇဉ်ရဟန်းတော်များ ပြင်းစွာ ငိုကြွေးကြသည်။

ထိုစဉ်အခါ တပည့်ရဟန်း ငါးရာထဲတွင် ပါလာသော သုဘဒ္ဒတောထွက်ရဟန်းကြီးက "ယခုအခါ ငါတို့သည် လုပ်ချင်ရာ လုပ်ခွင့်ရကြပြီး၊ ယခင်ကမူ ဘုရားရှင်က ဤဟာမလုပ်ရ၊ ထိုဟာမလုပ်ရ၊ ဤသို့မနေရ စသည်ဖြင့် တင်းတင်းကြပ်ကြပ် သိက္ခာပုဒ်များ ပညတ်ချက်များဖြင့် ချုပ်ချယ်ခဲ့သည်။ ယခု လွတ်လပ်ပြီ၊ ငိုမနေကြနှင့်"ဟု ပြောကြားလေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူသည်မှာ (၇) ရက်မျှသာ ရှိသေးသည်။ ထိုကဲ့သို့သော စကားမျိုး ပြောသည်ကို အရှင်မဟာကဿပ ကြားသိတော်မူလျှင် ဓမ္မသံဝေဂ ကြီးစွာဖြစ်တော်မူသည်။ မြတ်စွာဘုရားရှင်၏ ကျေးဇူးဂုဏ်များကိုလည်း ဆင်ခြင်တော်မူမိသည်။

အနာဂတ်သာသနာ ငါ့မှာတာဝန်ရှိ

မြတ်စွာဘုရားရှင်သည် စန္ဒာပြမသုတ်တော်ဖြင့် ကောင်းကင်အလယ် အနောင်အဖွဲ့ကင်းစွာ ဝင်းပထိန်လင်း သန့်ရှင်းကြည်လင်နေသော လပြည့်ဝန်းနှင့် နှိုင်းယှဉ်ကာ ဒကာ ဒကာမတို့ အပေါ်၌ တွယ်တာမှုမရှိပုံကို ဂုဏ်ပြု မြှောက်စားတော်မူခဲ့ပုံများကို လည်းကောင်း၊

ဘုရားရှင် မရှိတော့သည့် နောက်ကာလဝယ် အနာဂတ်သာသနာတော်ကို ဦးဆောင်မည့် ပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုတော်မူသည့် အနေဖြင့် မြတ်စွာဘုရားရှင်သည် ကိုယ်တော်မြတ်နှင့် ထပ်တူထားကာ မြှောက်စားခဲ့ပုံ၊ သက်နှိုးချင်း လဲလှယ်ဝတ်ရုံတော်မူခဲ့ပုံများကို လည်းကောင်း ပြန်လည်မြင်ယောင်လာသည်။

အနာဂတ် သာသနာတော်အတွက် အဓမ္မဝါဒီများ မထွန်းကားမီ ဗုဒ္ဓသာသနာတော်ကို စနစ်တကျ စီစဉ်၍ သံဂါယနာတင်ရန် စိတ်အကြံ ဖြစ်တော်မူသည်။ ဘဘုရား မရှိတော့သည့် နောက် သာသနာရေးကိစ္စမှန်သမျှ ငါ့မှာ တာဝန်ရှိသည်ဟု ခံယူတော်မူသည်။

ဗုဒ္ဓစောင့်တော်မူသည့် အရှင်မဟာကဿပ

မြတ်စွာဘုရားရှင်၏ ရုပ်ကလာပ်တော်သည် အရှင်မဟာကဿပမထေရ်ကြီး မရောက်မချင်း မီးသင်္ဂြိုဟ်၍မရ၊ အရှင်မြတ်ရောက်လာပြီး ဘုရားရှင်၏ ခြေတော်အစုံကို ဦးခိုက်သောအခါ မှသာ အလိုလို တောဏောဓတ် လောင်တော်မူသည်။

ဇေတဒက်ဘွဲ့ခံ၊ ဆဋ္ဌဘိည၊ ပဋိသမ္ဘိဒါပတ္တ၊ တေဝိဇ္ဇ၊ ရဟန္တာ ငါးရာ ရွေးချယ်ကာ

အရှင်မြတ်သည် မဟာပရိနိဗ္ဗာန်စံရာဌာန ကုသိနာရုံသို့ ရောက်ရှိလာကြကုန်သော သံဃာတော် သိန်းသန်းထဲမှ ဇေတဒက်ဘွဲ့ခံ၊ ဆဋ္ဌဘိည၊ ပဋိသမ္ဘိဒါပတ္တ၊ တေဝိဇ္ဇ၊ ရဟန္တာ အရှင်မြတ်ကြီး အပါး ငါးရာကို ရွေးချယ်တော်မူလိုက်သည်။

ထိုအရှင်မြတ်များကို မဂဓတိုင်း ရာဇဂြိုဟ်ပြည်သို့ ဝါဆိုအမှီ ကြွရောက်ကြရန် မိန့်မှာတော်မူကာ မိမိနှင့် တပည့်ရဟန်းငါးရာတို့ ရာဇဂြိုဟ်သို့ ကြွတော်မူသည်။

ရာဇဂြိုဟ် ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူတော်မှာ ပထမသံဂါယနာ

အရှင်မဟာကဿပ ဦးဆောင်သော ရဟန္တာအပါးငါးရာတို့သည် မြတ်စွာဘုရားပရိနိဗ္ဗာန် ပြုပြီးနောက် သုံးလနှင့် လေးရက်အရတွင် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်၏ အကူအညီဖြင့် ဝေဘာရတောင်စောင်းရှိ သတ္တပဏ္ဏိလိုဏ်ဂူတော်၌ ပထမ သံဂါယနာတင်တော်မူကြသည်။

- အရှင်မြတ်ကြီးက သံဃနာယကနှင့် မေးမြန်းစိစစ်သူ ပုဗ္ဗကထေရ် တာဝန်ကိုပါ ဆောင်ရွက်တော်မူ၍
- အရှင်ဥပါလိထေရ်က ဝိနယဝိသဇ္ဇက = ဝိနည်းဆိုင်ရာ အဖြေရှင်
- အရှင်အာနန္ဒာထေရ်က သုတ္တန္တနှင့် အဘိဓမ္မဆိုင်ရာ ဝိသဇ္ဇက အဖြေရှင်အဖြစ် ဆောင်ရွက်တော်မူခဲ့ကြသည်။

သက်တော် (၁၂၀) ပြည့်တွင် ပရိနိဗ္ဗာန် ပြုတော်မူ

ဤသို့လျှင် ဘုရားရှင်က သက်နှံးချင်း လဲလှယ်မြှောက်စားတော်မူခဲ့သော အရှင်မဟာကဿပ၊ ဘုရားရှင်ထံမှ ဓူတင်အကျင့်မြဝတ်ကို ခံယူ၍ အသက်ထက်ဆုံး ဆောက်တည်တော်မူခဲ့သော အရှင်မဟာကဿပ၊ အများက "စံ"အဖြစ် အတုယူနိုင်လောက်အောင် ဦးစွာကျန သံဂါယနာတင်ပွဲ ဆင်နွှဲတော်မူခဲ့ပြီး သာသနာတော် အရှည်ခံ၍ တည်တံ့ ပြန့်ပွားအောင် မြတ်စွာဘုရားရှင်၏ ဓာတ်တော်အားလုံးကို စုရုံး၍ အဇာတသတ်မင်း၏ အကူအညီဖြင့် စေတီတည်လျက် နည်းမျိုးစုံတို့ဖြင့် သာသနာပြုသွားတော်မူသော အရှင်မဟာကဿပ မထေရ်ကြီးသည် သက်တော် (၁၂၀) ပြည့်ချိန်တွင် ပရိနိဗ္ဗာန် စံလွန်တော်မူခဲ့လေသည်။

ပမာထားယူ အလေးမူ

တင်ပြခဲ့ပြီးဖြစ်သော အရှင်မြတ်ကြီး၏ နည်းမျိုးစုံတို့ဖြင့် သာသနာတော် အရှည်ခံရေး ရွက်ဆောင်သွားပုံများကို သိရှိကြည်ညိုရသောအခါ၌ ဤဓုတင်ဝိနိစ္ဆယကျမ်းကို ပြုပြင်တော်မူသော (ဂန္ဓသင်္ခါရ) ဆရာတော် အရှင်တိသရထေရ်၏ သာသနာတော်အတွက် အရှည်ခံ၍ တည်တံ့ပြန့်ပွားအောင် ကျင့်သုံးဆောက်တည်တော်မူပုံများကိုလည် ပမာထားယူ အလေးမူ၍ ကြည်ညိုလှစွာဖြင့် ဆင်ခြင်သုံးသပ်မိပြန်ပါသည်။

စိစစ်ကြည့်လျှင်

အပိုင်း "ဂ"တွင် တင်ပြထားသော ကျမ်းပြုဆရာတော်၏ သခင်ပထေရပ္ပတ္တိကို ဦးစွာ စိစစ်ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည် ဖြစ်ပါသည်။

ဤမုတဂ်ဝိနိစ္ဆယကျမ်းပြုပြင်သော ဆရာတော် အရှင်တိသရထေရ်သည် (၉)နှစ်သား အရွယ်မှ စတင်ပြီး ကျောင်းနေ၊ ရှင်သာမဏေနှင့် ရဟန်းဘဝ အဆင့်ဆင့် တက်လှမ်း ပညာသင်ယူလျက် သက်တော် (၃၂) နှစ်အရွယ်တွင် "သာသနဓဇသိရိပဝရဓမ္မာစရိယ" ဘွဲ့ရသည်အထိ ပရိယတ္တိ စာပေများကို တတ်မြောက်အောင် စနစ်တကျ သင်ယူခဲ့သည်။

(၉) နှစ် (၉) ဝါတိုင်တိုင် အများကောင်းကျိုးအတွက် ပရိယတ္တိဓမ္မ ဂဏဝါစကအဖြစ်ဖြင့် စာပေပို့ချပေးတော်မူခဲ့သည်။

သက်တော် (၄၂) နှစ်သို့ ဝင်ချိန်မှ ယနေ့ (၁၃၅၈) သက်တော် (၇၅)နှစ် ပြည့်ပြီး အရွယ်သို့ ရောက်သည်အထိ တောရဆောက်တည်(တောထွက်)သော အာရညိကရှုတင်ဆောင် ရဟန်းတော်အဖြစ်ဖြင့် နေထိုင်သီတင်းသုံးကျော်မူခဲ့သည်မှာ အမျိုးမျိုးသော အကြောင်းများကြောင့် ဟူ၍ ပျက်ကွက်မှု လုံးဝ မရှိခဲ့ပါပေ။

ဆရာတော်သည် မိမိကိုယ်တိုင် ရှုတင်ပဋိပတ် အကျင့်မြတ်ကို အမြဲမပြတ် ကျင့်သုံးဆောက်တည်တော်မူသည့်အပြင် သာသနာတော် အရှည်ခံရေးအတွက် အရဏာတက်ချိန် အဆုံးအဖြတ်ကျမ်း၊ သက်နှံးရောင် အဆုံးအဖြတ်ကျမ်းနှင့် ဆန္ဒပေးခြင်း အဆုံးအဖြတ်ကျမ်းများ ရေးသားပြုစု ဖြန့်ဝေခဲ့ပြီး ယခု ရှုတင်အဆုံးအဖြတ်ကျမ်းနှင့် သိမ်နှင့်စပ်၍ သိမှတ်ဖွယ်ရာ ဆရာတော်သမုတ်ပြီး သိမ်များ၏ မှတ်တမ်းများ ရေးသားခဲ့သည်။ (မကြာမီ ရိုက်နှိပ်ပြီးစီးပါမည်)

မုတဝါဒဇောတဒဂ်ဘွဲ့ရ မဟာနိသဘထေရ်

ဆရာတော်သည် သာသနာရေးကိစ္စနှင့် ပတ်သက်၍ ကြွရောက်တော်မူသောအခါ မည်သည့်အရပ်သို့ရောက်ရောက် ဆွမ်းစားပင့်ခြင်းကို လက်ခံတော်မမူပါ။ အချိန်ရောက်လျှင် ဆွမ်းခံထွက်တော်မူသော ပိဏ္ဍပါတိကရှုတင်ဆောင်တော်မူလျက် လမ်းခရီးရှာအိမ်စဉ် မကျော်လွန်ဘဲ အစဉ်မပြတ် ဆွမ်းခံကြွသော သပဒါနစာရိကရှုတင်ဆောင်တော်မူသည်။ ဆွမ်းလှူလိုသူများက သတင်းမေး၍ အဝေးအရပ်များမှပင် သွားရောက်လောင်းလှူကြရသည်။

မိမိသည် ယခင်က ဆရာတော်ကျင့်စဉ်နှင့် ပတ်သက်၍ ယခုလောက် အလေးအနက်မရှိမိ၊ ဆရာတော်ရေးသောကျမ်း၏ ရှေ့မှ နိဒါန်းရေးရန် မေတ္တာသောအခါ ပဒုမုတ္တရဘုရားရှင် လက်ထက်တော်က ဓုတဝါဒဇောတဒဂ်ဘွဲ့ရ မဟာနိသဘထေရ် ဆွမ်းခံထွက်လာတော်မူစဉ်

အိမ်ရှင် ဝေဒေဟာသူဌေးက အိမ်ထဲသို့ ကြွရောက်တော်မူပါ၊ မြတ်စွာဘုရားနှင့် သံဃာတော်များလည်း အိမ်တွင်းမှာရှိကြောင်း လျှောက်ထားသောအခါ အရှင်မြတ်က "အပ်စပ်လိမ့်မည်မဟုတ်"ဟု မိန့်ကြားကာ ပင့်ဖိတ်ခြင်းကို ပယ်တော်မူ၏။

ထိုအခါ ဥပါသကာသူဌေးသည် ဘုရားရှင်ကို ကျိုးကြောင်း တင်ပြလျက် မထေရ်မြတ်မှာ "မြတ်စွာဘုရားထက် သာလွန်သော ဂုဏ်ကျေးဇူးများ ရှိလေသလား"ဟု မေးလျှောက်လေလျှင် ဘုရားရှင်က မဟာနိသဘထေရ်မြတ်၏ ဂူတင်အကျင့်ဂုဏ်များကို ချီးကျူးထုတ်ဖော်ဟောကြားတော်မူ၏။

စဉ်စစ်သော်ကား ပိဏ္ဍပါတိကဂူတင်နှင့် သပဒါနစာရိကဂူတင် ကျင့်ဝတ်များကို မဖျက်လိုသောကြောင့် မဟာနိသဘထေရ်က ပင့်ဖိတ်ခြင်းကို ပယ်တော်မူခြင်း ဖြစ်သည်။

ထိုပယ်မြစ်တော်မူပုံများကို လေ့လာ၍ သိရသောအခ၊ါမှသာ ဤဓုတင်ဝိနိစ္ဆယကျမ်း ပြုပြင်သော ဆရာတော်သည်လည်း ဆွမ်းစားပင့်ခြင်းလက်မခံ ပယ်မြစ်တော်မူခြင်း ဖြစ်သည်ဟု သဘောပေါက် သတိထားမိပါသည်။

ဤမျှလောက်ဆိုလျှင် ကျမ်းပြုဆရာတော်၏ ပရိယတ်နှင့် ပဋိပတ်ခရီးကို ရိပ်စားမိလောက်ပြီဖြစ်သောကြောင့် အရှင်မြတ်၏ ထေရပွတ္တိအကျဉ်းမျှကို ဆက်လက်ဖတ်ရှုရန် တိုက်တွန်းပါ၏။

အပိုင်း "၈" ဂန္ဓသခ်ါရအရှင်တိသရထေရ်၏ သခ်ေပထေရပွတ္တိ

တောရဆရာတော်သည် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ နဘူးကျင်းရွာနေ ခမည်းတော် ဦးဘ၊ မယ်တော် ဒေါ်အေးမှန်တို့မှ ၁၂၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက်၊ စနေနေ့ (၂၂-၁၀-၂၁)နေ့ (၂)နာရီ (၃၀)မိနစ်အချိန် ဖွားမြင်တော်မူသော အတိဇာတ သားဦးရတနာ ဖြစ်သည်။

အသက် (၉)နှစ်သားအရွယ် သရက်ကန်ကျောင်းဆရာတော်ထံ၌ ဘုန်းကြီးကျောင်းသားဘဝဖြင့် အခြေခံပညာများ သင်ကြား၍ ၁၂၉၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃)ရက်၊ တနင်္ဂနွေနေ့တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် သရက်ကန်ကျောင်းဆရာတော် ဦးဥက္ကံသကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေ ဖြစ်လာသည်။ ဘွဲ့တော် ရှင်တိသရ။

ရဟန်းဖြစ်ခြင်း

၁၃၀၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ တနင်္ဂနွေနေ့ နံနက်စက်နာရီ (၇)နာရီ (၅၅)မိနစ်အချိန် (သက်တော် ၁၉ နှစ် ၅ လ ၆ ရက်)တွင် နဘူးကျင်းအုပ်စု ကြာပင်

အင်းရွာကျောင်း ဆရာတော် ဦးစက္ကိန္ဒ (သက်တော်ရှည်)ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဓမ္မာနုဂ္ဂဟ ကုသိုလ်ထူးအတွက် သရက်ကန်ကျောင်း ခဏ္ဍာသိမ်၌ ရဟန်းဖြစ်တော်မူသည်။

နောင်အခါ စာချဘုန်းကြီးဘဝတွင် ရန်ကုန်မြို့၊ ညောင်တန်းသင်္ဘောဆိပ်ရပ်ကွက်နေ ရန်ကုန်စာတိုက် စာရေးကြီး ဦးသာကြွယ်နှင့် ဒေါ်အေးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဘုရားဖြူဆရာတော် ဘဒ္ဒန္တ ပညာဝံသ (အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ ဘုရားဖြူတိုက် ခဏ္ဍာသိမ်၌ ဒုတိယအကြိမ် သိက္ခာထပ်တော်မူသည်။

ပညာဆက်လက်သင်ကြားခြင်း

တောရဆရာတော်လောင်းလျှာ အရှင်တိသရသည် သာမဏေဘဝနှင့် ရဟန်းဘဝ (၂)ဝါရသည့်တိုင်အောင် သရက်ကန်ကျောင်းဆရာတော် ဦးဥက္ကံသ၊ ကံကြီးကျောင်းဆရာတော် ဦးဝိမလ (ဦးရှင်)နှင့် သက္ကယ်ကျင်းတောရဆရာတော်ဦးသီဟတို့ထံ၌ ဘိက္ခုပါတိမောက်၊ ကစ္စည်းသဒ္ဒါကြီး၊ အဘိမ္မတ္ထသင်္ဂဟနှေ့ဝါဘက်ကျမ်းများကိုလည်းကောင်း၊ မာတိကာအရ ကောက်ညဝါဘက်ကျမ်းများကို လည်းကောင်း (၂)ခေါက်စီ ပေါက်မြောက်အောင် သင်ယူဆည်းပူးခဲ့လေသည်။

၁၃၀၅ ခုနှစ်၊ ဝါဆိုဦးမှစ၍ ကံကြီးကျောင်းဆရာတော် ဦးဝိမလ (ဦးရှင်)အပ်နှံပေးသည့်အတွက် ဇာတိရွာမှ (၆) မိုင်ခန့် ဝေးသော ရမည်းသင်းမြို့နယ်၊ ဓီးဖြူကုန်းရွာ၊ ဂန္ဓမုရတိုက်ကျောင်းသစ်ရိပ်သာဆရာတော် ဦးဥက္ကံသ (ဝိနယဂရက)ထံသို့ ရောက်ရှိပြီး ပါဠိတော်၊ အဋ္ဌကထာ ကျမ်းစာများကို ရဟန်း (၃)ဝါမှ (၇)ဝါရသည်အထိ (၅)နှစ်တိုင်တိုင် သင်ယူဆည်းပူးခဲ့သည်။

ရဟန်း (၈)ဝါမြောက်မှာ အင်းစိန်မဂ္ဂင်ကျောင်း၌ ဝါကပ်ခဲ့ပြီး၊ ထိုကျောင်း၌ နေစဉ်ယခု တပ်ကုန်းမြို့နယ်၊ ကြိုးကြာအင်းရွာသား ဇာတိ (ဘီစီ) စာရေးကြီး ဦးသာကြွယ်၏ လျှောက်ထားပေးချက်အရ ၁၃၁၀ ခုနှစ်၊ ပြာသိုလဆန်း (၁၀)ရက်နေ့တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ကြီးသို့ ရောက်ရှိခဲ့သည်။

ဓမ္မာစရိယဘွဲ့ရရှိခြင်း

ရဟန်း (၉)ဝါမှစ၍ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် ပဓာနနာယကအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာဝံသမဟာထေရ်မြတ်ကြီးထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို

သင်ယူနေစဉ် သီတင်းသုံးဖော်တို့၏ တိုက်တွန်းချက်အရ စာမေးပွဲများ ဝင်ရောက်ဖြေဆိုရာ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများ အောင်မြင်ပြီးနောက် ၁၃၁၅ ခုနှစ် နယုန်လတွင် ဂုဏ်ထူးဆောင် (၆)ကျမ်းနှင့် ကျမ်းရင်း (၂) ကျမ်း အောင်မြင်ပြီး တပေါင်းလတွင် ကျမ်းရင်း ဓမ္မသင်္ဂီပါဠိတော်နှင့် အဋ္ဌသာလိနီအဋ္ဌကထာကျမ်းများကို အောင်မြင်ရာ (၉) ကျမ်းလုံး အောင်မြင်တော်မူသောကြောင့် "သာသနဓဇသိရိပဝရဓမ္မာစရိယ" စာချတန်း အောင်ပန်းဆွတ်လှမ်း ပန်ဆင်တော်မူခဲ့ပါသည်။

ဝိနယပထမကျော်

ဝိနယာနုဂ္ဂဟ စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာတွင်လည်း ဝိနယကောသလ္ဟ၊ ဝိနယဆေကတန်းများ အောင်မြင်ပြီးနောက် ၁၃၁၃ ခုနှစ် ဝိနယဝိသာရဒတန်းကို အောင်မှတ်အများဆုံးဖြင့် ပထမစွဲလျက် "ဝိနယာနုဂ္ဂဟပထမကျော်" ဘွဲ့.ထူးကို ဆွတ်ခူးအောင်မြင်တော်မူခဲ့ပါသည်။

နည်းယူခြင်း

မန္တလေးမြို့၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ သံတော်ဆင့်ကျောင်းဌ နေထိုင်သီတင်းသုံးလျက် တောင်ပြင်ဘုရားကြီးတိုက် ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ)နှင့် ဘဒ္ဒန္တ အရိယစသော စာချအကျော်ဆရာတော်များထံ၌ စာချတန်း စာဝါများကို နယန္တ ရအလို့ငှာ မန္တလေး စာချနည်းများကိုလည်း (၂)နှစ်တိုင်တိုင် လှည့်လည်သင်ယူ ဆည်းပူးတော်မူခဲ့လေသည်။

စာပေပို့ချ ဂဏဝါစက

ရန်ကုန်မြို့၊ ဘုရားဖြူကျောင်းတိုက်ကြီး၌ ၁၃၁၆ ခုနှစ်မှ ၁၃၂၄ ခုနှစ်အထိ (၉)နှစ် (၉)ဝါတိုင် စာပေပို့ချ ဂဏဝါစကဆရာတော် အဖြစ်ဖြင့် ဦးစီးနာယက ဘဒ္ဒန္တပညာဝံသ (အဂ္ဂမဟာပဏ္ဍိတ)မဟာထေရ်မြတ်ကြီး၏ ခြေတော်ရင်းတွင် တပည့်ဝတ်များကို လည်းကောင်း၊ ဘဒ္ဒန္တဝဏ္ဏိမာ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တနရိန္ဒာဘိဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်မြတ်ကြီးများနှင့်အတူ သာသနာ့တာဝန်များကိုလည်းကောင်း ကျေပွန်အောင် ထမ်းဆောင်တော်မူခဲ့လေသည်။

စာချဘုန်းကြီးဘဝမှ စ၍ ဆွမ်းရှုတင်ဆောင်ပြစ်ခဲ့

ဆရာတော်သည် စာဝါများကို တစ်နေ့ (၅)ကြိမ်အထိ ပို့ချ၏။ ဆရာတော်၏ စာပေပို့ချမှုကောင်းခြင်း ဂုဏ်သတင်းကျော်ကြားမှု သောတုဇနစာသင်သား လောကဌ ပြန့်လွင့်၏။ ယင်းကြောင့် ဆရာတော်၏ တပည့် ဓမ္မာစရိယစာချဆရာတော်မြောက်မြားစွာ ပေါ်ထွက်ခဲ့၏။

တောရဆရာတော်လောင်းလျှာသည် ၁၃၁၆ ခုနှစ်၊ သီတင်းကျွတ်လမှ ၁၃၁၇ ခုနှစ်၊ သီတင်းကျွတ်လအထိ (၁)နှစ်တိတိသာ စာချဘုန်းကြီးအခွင့်အရေးယူသည့်အနေ, စာချဘုန်းကြီးအရသာ ခံစားသည့်အနေဖြင့် ဆွမ်းမခံဘဲ ဆွမ်းစားကျောင်းတက်၍ သုံးဆောင်ခဲ့ပြီး၊ ၁၃၁၇ ခုနှစ်၊ သီတင်းကျွတ်လ စာချဘုန်းကြီးဘဝမှစ၍ ဆွမ်းရှုတင် (၅)ပါးကို ကျင့်ဆောင်တော်မူခဲ့လေသည်။

ငွေတစ်ပြားမျှ မရှိသော စာချဘုန်းကြီး

ဆရာတော်သည် စာသင်သားဘဝမှပင် "ရူပိယသံဝေါဟာရ" သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းနိုင်ခဲ့၏။ ဆရာတော်ထံ၌ နိဿဂ္ဂိထိုက်သောပစ္စည်း ဘာတစ်ခုမျှမရှိ၊ နဝကမ္မဝတ္ထုအတွက် ကပ္ပိယကာရကဖြင့်သာ ရဟန်းတို့ အပ်စပ်သော ပစ္စည်းကိုသာ တောင်းခံခဲ့၏။

စာချဘုန်းကြီး ဖြစ်စ တစ်နေ့သောအခါ အကြံဖြစ်၏။ ကပ္ပိယကာရကထံ နဝကမ္မဝတ္ထု သိမ်းဆည်းစေပြီး ရဟန်းတို့အား အပ်စပ်သော ပစ္စည်းကိုသာ တောင်းခံသောနည်းသည် ဝိနည်းသိက္ခာပုဒ်အဖြစ်ဟော လွတ်၏။

သို့သော်လည်း ငါပိုင်နဝကမ္မဝတ္ထုငွေ ကပ္ပိယကာရကထံမှာ ဘယ်ရွေ့ဘယ်မျှ ရှိသည်ဟု စိတ်ရောက်လျှင် "သက္ကာယဒိဋ္ဌိ" ဖြစ်၏ဟု အကြံဖြစ်ကာ ကပ္ပိယကာရကအား အာလယပြတ်ငဲ့ကွက်မှုကင်းစွာ စွန့်လွှတ်၏။ ထိုနေ့မှစ၍ ငွေတစ်ပြားမျှ မရှိသော စာချ ဘုန်းကြီးအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ဗုဒ္ဓနှင့်အရှင်မဟာဗုဒ္ဓယောသ တောကို အလွန်ချီးမွမ်း

ဆရာတော်သည် တစ်ဘက်တွင် စာပေပို့ချလျက် သင်ရိုးပိဋကမှတပါး ကျမ်းအိပ်ခေါ် နိကာယ်ပိဋကတ်များကို ပါဠိတော်နှင့်တွဲ၍ ကြည့်ရှုလေ့လာခဲ့ရာ (၃)နှစ်ကြာသောအခါ ကျမ်းအိပ်နိကာယ်ပိဋကတ်ပလွင်ပေါက် ကုန်စင်ပြီးဆုံးခဲ့၏။

မြတ်စွာဘုရားသည် တောကို အလွန်ချီးမွမ်းသည်။ ဗုဒ္ဓမတ္တညုအရှင်မဟာဗုဒ္ဓယောသ အဋ္ဌကထာဆရာကလည်း-

(၁) ရွာကျောင်း၊ မြို့ကျောင်းမှာနေမှ = ရွာမြို့မှာနေရမည်။
တရားသိမည့်ပုဂ္ဂိုလ်

(၂) တောရကျောင်းမှာနေမှ တရား = တောရကျောင်းမှာ နေရမည်။
သိမည့်ပုဂ္ဂိုလ်

(တ)

(၃) မည်သည့်နေရာ နေသည်ဖြစ်စေ = တောရကျောင်းမှာ နေရမည်။
တရားသိမည့်ပုဂ္ဂိုလ်

(၄) မည်သည့်နေရာနေနေ တရား = တောရကျောင်းမှာ နေရမည်။
မသိမည့် ပုဂ္ဂိုလ်

ထို (၄)ချက်တွင် (၃) ချက်မှာ တောရအလေးထားသည့်အတွက် သာမဏေဘဝက စိတ်ကူးခဲ့သော ဂါမဝါသီဝိနယဂရက ဖြစ်လိုစိတ်မှ အရညဝါသီဝိနယဂရက ဖြစ်လိုစိတ်သို့ တဖွားဖွား ပြောင်းလဲခဲ့လေသည်။

စိတ်တော်က တောသို့ ကိုင်းလျက် ရှိုင်းလျက်

တောရဆရာတော်လောင်းလျာသည် ဂဏဝါစကစာချအဖြစ် သောတုဇနများစွာကို ပို့ချပေးလျက်ပင် ရှိပြားသော်လည်း စိတ်တော်က တောသို့ ကိုင်းလျက် ရှိုင်းလျက် ရှိနေလေပြီ။

မြင်သည့်သစ်ပင်၊ တောဟု ထင်၍၊
အာရညကင်၊ ဘယ်ခါဝင်အုံ -

ဟူသော ကဗျာလက်ာကို နှုတ်မှ ဖွင့်ဟ ရံခါ ညည်းတော်မူလေပြီ။

တောရလိုက်ရာ တစ်လခန့်ကြာ

စာချအဖြစ် (၈)နှစ်အကြာ ရဟန်း (၂၁) ဝါ ၁၃၂၃ ခု နှစ်နှောင်းစာမေးပွဲများပြီးစ အချိန် အထက်အညာဒေသသို့ သပိတ်ပိုက်ကာ တောရကျောင်းရှာထွက်ခဲ့ရာ တစ်လခန့်ကြာမှ ဘုရားဖြူတိုက် ပြန်ရောက်လာသည်။

တစ်ခါမှ ခရီးမသွားသည့်ပုဂ္ဂိုလ် ခရီးရှည်ထွက်သည့်အတွက် ဘုရားဖြူဆရာတော် ဘဒ္ဒန္တ ပညာဝံသ မဟာထေရ်က "ခရီးသွား မမှားဘူးလား"ဟု အမေးခံရတော့၏။

တောရဆောက်တည်လို၍ တောရလိုက်ရာသည့်အကြောင်း ပြန်လည်လျှောက်ထားသည့် အခါ ဘုရားဖြူဆရာတော်က မိမိကိုယ်တိုင် တောရဆောက်တည်လိုပါလျက် ဆရာ့ထံမှ အခွင့်မရခဲ့သည့်အတွက် မိမိ ဆရာဖြစ်လာသည့်အခါ တပည့်များထံမှ တောရဆောက်တည်လိုသော ပုဂ္ဂိုလ် ပေါ်ပေါက်ခဲ့လျှင် ခွင့်ပြုမည်ဟု ကြိုတင်ဆုံးဖြတ်ထားခြင်း ရှိကြောင်း တသီတတန်းကြီး မိန့်တော်မူ၏။

နာကြားရသည့်အမိန့်များ ဝမ်းသာရပါလည်း အခြေအနေ အခွင့်မသာသေးသည့်အတွက် ၁၃၂၄ ခုနှစ် (၂၂)ဝါမြောက်ဝါကို ဘုရားဖြူတိုက်မှာပင် သောတုဇနများသို့ စာပေပို့ချပေးနေခဲ့ရပြန်လေသည်။

အရည်ဝါသီ ကြွလှမ်းပြီ

သာသနာတော်နှစ် ၂၅၀၇၊ ကောဇာသက္ကရာဇ် ၁၃၂၅ ခုနှစ်၊ နယုန်လဆန်း (၅)ရက်နေ့ ဘုရားဖြူကျောင်းတိုက်ကြီးမှ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် သင်္ဘောဆိပ်သို့ ကြွချီခဲ့ရာ တိုက်မှ သံဃာအပါး (၃၀)ခန့် သင်္ကန်းရုံလျက် လိုက်ပို့ကြ၏။

သင်္ဘောဆိပ်ဝယ် သင်္ကန်းရုံ သံဃာ အပါးများစွာ ဖူးမြင်ရသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ လွန်စွာ ကြည်နူးဝမ်းသာ ဖြစ်ကြပါသည်။

အဆန်ခရီး

ရန်ကုန်မှ မကွေးမင်းဘူးသို့ ဇရာဝတီမြစ်ကြော ရေဆန်ခရီးသင်္ဘောစီးရှိ ကြွတော်မူသည်။ ဆရာတော်၏ ဘဝသံသရာ အဆန်ခရီး စတင်ခြင်းလည်း ဖြစ်သည်။ မင်းဘူးမြို့မှ ငဖဲမြို့သို့၊ ငဖဲမှ ရွှေစက်တော် ဗုဒ္ဓခြေတော်ရင်းအရပ်သို့ နယုန်လပြည့်နေ့ နံနက် (၉)နာရီ အုဋ္ဌဂုတစ်ခုသို့ ရောက်ရှိပြီး ထိုအုဋ္ဌဂုဋ္ဌ ဝါကပ်တော်မူ၏။ ဂူတင် (၁၃)ပါးတွင် ရနိုင်ရာ ဂူတင်များကို ဆောက်တည်ပြီး နှစ်ပေါင်းလပေါင်းများစွာက ဖြစ်လိုလှသော အရည်ဝါသီဝိနယဂရကပုဂ္ဂိုလ် ဖြစ်ရပေတော့၏။

သီတင်းသုံးခဲ့သည့်တောရများ

ဆရာတော် သီတင်းသုံးနေထိုင် ဂူတင်ဆောင်ခဲ့သော တောရများမှာ မကွေးတိုင်း မင်းဘူးခရိုင်၊ ရွှေစက်တော်တောရ၊ မြောင်းဦးတောရ၊ သရက်ခရိုင် မင်းတုံးမြို့နယ် တောရ၊ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ညောင်ကုန်းသုသာန်တောရ၊ လယ်ဝေးမြို့နယ် ထန်းတစ်ပင်တောရ၊ ရမည်းသင်းမြို့နယ် ရွှေဒါးရွှေမင်းဝံတောရ၊ နဘူးကျင်းရန်ကင်းတောရများတွင် လှည့်လည် သီတင်းသုံး နေတော်မူခဲ့သည်မှာ နှစ်ပေါင်း (၃၀) ကျော်ခဲ့ပြီ၊ သက်တော်လည်း (၇၅)နှစ် ပြည့်ပြီ ဖြစ်သည်။

နည်းယူဂူတင်ဆောင် ရဟန်းတော်များ

တောရဆရာတော် မထေရ်မြတ်၏ နည်းနာနိဿယယူ၍ (ဒိဋ္ဌာနုဂတိသို့ လိုက်၍) ကျင့်ကြံတော်မူကြကုန်သော ဂူတင်ဆောင်ရဟန်းတော်ပေါင်း (၃၀)ကျော် ဤသာသနာတော်၌ ပေါ်ထွန်းခဲ့ပြီ ဖြစ်သည်။

သိမ်သမုတ်ခြင်း

တောရဆရာတော်သည် ဂူတင်ဆောင်ကာလတလျှောက် သီမာသမ္မုတိကံ သိမ်သမုတ်ခြင်း တစ်ခုတည်းကိုသာ သာသနာတော် အရှည်ခံရေးအတွက် ဦးစားပေးအလေးထား ရွက်ဆောင်တော်မူသည်။

ပင့်လျှောက်ချက်များအရ မြန်မာပြည်အတွင်း ဒေသမရွေး ကြွရောက်တော်မူခဲ့သည်။ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်များတွင် တောရဆရာတော် သမုတ်တော်မူခဲ့သည့် သိမ်အလုံးပေါင်း (၇၂)လုံး ရှိပြီ ဖြစ်သည်။

သိမ်သမုတ် မှတ်တမ်းများ

(၁) သာသနာတော် အရှည်ခံ၍ တည်တံ့စေရေးအတွက် သာသနာ့ဝန်ထမ်း အရှင်ကောင်း အရှင်မြတ် များစွာ ဆက်လက်ပေါ်ထွန်း ရှင်သန်နေရန် လိုအပ်သည်။

(၂) ယင်းသို့ ဖြစ်ရေးအတွက် တစုံတရာအားနည်းခြင်း သံသယဖြစ်မှုတို့မှ ကင်းသော သိမ် များစွာရှိရန် ဒေသတိုင်းမှာ လိုအပ်သည်။

ထို (၂) ရပ်ကို ကောင်းစွာ အလေးအနက်ထားတော်မူသော တောရဆရာတော်သည် သိမ် များကို ကောင်းစွာ သမုတ်တော်မူခဲ့သည်။

ထို့ကြောင့် – တောရဆရာတော်၏ သာသနာတော်အတွက် ဆောင်ရွက်ချက် အနေအား ဖြင့်လည်းကောင်း၊

– တောရဆရာတော်ကိုယ်တိုင် ရေးသားပြုစုသော စာပေမှတ်တမ်း အနေအား ဖြင့်လည်းကောင်း

သိမ်သမုတ်မှတ်တမ်းများကို တောရဆရာတော်၏ ပထမဆုံး လက်ဦးဆရာတော် ဖြစ်သော သရက်ကန် ဆရာတော်နှင့် ဘုရားဖြူဆရာတော်တို့၏ ထေရပွတ္တိများနှင့် တွဲလျက် သီးခြားပုံနှိပ်မည် ဖြစ်ပါသည်။

နိဂမနဝဏ္ဏနာ

ဤသို့ဆိုလျှင် ဤကျမ်းပြုဆရာတော်သည် ယခုအခါ သက်တော်အားဖြင့် (၇၅) နှစ် ပြည့်ပြီးချိန်တိုင် သာသနာတော် အရှည်ခံရေးအတွက် တင်ပြပြီးခဲ့သည့်အတိုင်း ဆောင်ရွက်တော်မူ လျက် ရမည်းသင်းမြို့နယ် နဘူးကျင်းကျေးရွာအနီး ရန်ကင်းတောရနှင့် လယ်ဝေးမြို့နယ်၊ ထန်းတပင် တောရများ၌ တောရဆောက်တည်တော်မူကာ ဂူတင်ပဋိပတ် အကျင့်မြတ်၌ မပြတ် မပျက်အောင် နှစ်သက်မွေ့လျော် သီတင်းသုံး နေထိုင်တော်မူဆဲ ဖြစ်ပါပေ၏။

နိဒါန်းရေးသူ၏ စိတ်ဆန္ဒတွင် ဤ ဓတာဝ်ဝိနိစ္ဆယကျမ်းကို ဖတ်ရှုပြီး ဖြစ်ပေါ်လာသည့် ကောင်းမြတ်သော အာသီသဖြင့် ဂါထာသီကုံး၍ နိဂမနဝဏ္ဏနာဖြင့် ပူဇော်လိုက်ရပါသည်။

– ပုဗ္ဗေ ယော မဟာနိသဘော–စိရေဝ ဗုဒ္ဓသာသနေ။
ယော မဟာကဿပေါ စတ္ထိ ၊ တေ ရမန္တိ ဓုတေ ဝတေ။ ။

– ဣမံ ဂန္ထံ ကရော ထေရော၊ ဇဝံ ရမတိ သမ္ပတိ။
တေသံ ဝဟံ ပသီဒိတ္တာ၊ ရတိံ ကရောန္တု သာဓဝေါ။ ။

ပုဗ္ဗေ၊ သာသနသမိုင်းရှေးခေတ်ပိုင်း၌။ ယော မဟာနိသဘောစ၊ ပဒုမုတ္တရ ဗုဒ္ဓမြတ်စွာ ပွင့်စဉ်ခါတွင် ဓုတဝါဒ ဇတဒဂ်ရဟု နာမထင်ပေါ်အကြင်မဟာနိသဘမထေရ်ကျော်သည် လည်းကောင်း။ ဣဓေဝ ဗုဒ္ဓသာသနေ၊ ဂေါတမနွယ်ဖွား မြတ်ဘုရား၏ ထင်ရှားပွင့်ရာ ဤသာသနာ၌ သာလျှင်။ ယော မဟာကဿပေါ စ၊ သီသာထင်ပေါ် ဓူတင်ဆောင်ဇတဒဂ်ရ သည့် အကြင်မဟာကဿပ မထေရ်ကျော်သည် လည်းကောင်း။ အတ္ထိ၊ ထင်ရှားရှိပေ၏။ တေ၊ ဓူတင်ဆောင် ရဟန်းဟု အသာဆုံးအခန်း၌ ထိပ်တန်းက ထားရသော ထိုမထေရ်နှစ်ပါးတို့သည်။ ဓုတေ ဝတေ၊ ဓူတင်ပဋိပတ် အကျင့်မြတ်၌။ ရမန္တိ၊ နည်းယူလောက်အောင် ဓူတင်ဆောင်ဟု မြင့်ခေါင်ထင် ပေါ် အကျင့်တော်၌ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်တော်မူကြပါပေကုန်၏။

ဇဝံတထေဝ၊ ပမာသို့ယူ ထို့အတူသာလျှင်။ ဝါ၊ ပမာထားယူ ထိုနှစ်ပါးအတူသာလျှင်။ ဣမံ ဂန္ထံ၊ ဓုတင်ဝိနိစ္ဆယ နာမတင်လွှမ်း ဤဓူတင်အဆုံးအဖြတ်ကျမ်းကို၊ ကရော ထေရော၊ သိလွယ်အောင်ပြင်ဆင် ပြုပြင်ကာ ရေးသားသော အကျင့်အားဖြင့် မြင့်မားစွာ တည်ရပ် အရှင် တိသရထေရ်မြတ်သည်။ သမ္ပတိ၊ ဂေါတမနွယ်ဖွား မြတ်ဘုရား၏ သုံးပါး သာသနာ ထွန်းဆဲခါမို့ လွန်စွာသင့်လျော် ကျင့်အဖော်ဖြင့် ရှင်ပျော်နိုင်ရာ ဤအချိန်အခါ၌။ ဝါ၊ ထောင်သုံးရာငါးဆယ် ရှစ် (၁၃၅၈) သက္ကရာဇ်အတွင်းမှာ ဤနိဒါန်းရေးသားနေသော ဤအချိန် ဤအခါ၌။ ဓုတေ ဝတေ၊ ဓူတင်ပဋိပတ် အကျင့်မြတ်၌။ ရမတိ၊ တောရဆောက်တည် ဓူတင်မြတ် ကျင့်ဝသီ၌ ရွယ်ရည်မပျက် ဓိဋ္ဌာန်ချက်ဖြင့် နှစ်သက်ရှင်ပျော် မွေ့လျော်ဆဲသာ ဖြစ်ပါပေ၏။ သာဓဝေါ၊ ကိုယ်ကျင့်ဂုဏ်ရည် ကိုယ်၌တည်ဖို့ ရွယ်ရည်လိုကြောင်း သူတော်ကောင်းတို့သည် ဝါ–ကိုယ်ကျင့်သိက္ခာ တည်တံ့ပါသည့် မျှားစွာသောင်းသောင်း သူတော်ကောင်းတို့သည်။ တေသံ၊ နှောင်းခဲ့ပြီးရာ ရှေးအခါ၌ ထေရာနှစ်ပါး ခုတစ်ပါးဟု

သုံးပါးပေါ်လာ ဆက်ကာမပြတ် ထိုဓူတင်ဆောင် မထေရ်မြတ်တို့၏။ ဝါ-တေသံ၊ သာသနာတော်တွင် နေ-လသွင်နှင့် ကြယ်သွင်တူထား ထင်ရှား ပေါ်လွင် ဓူတင်ဆောင်တတ် ကျင့်မြတ်ထင်ပေါ် ထိုမထေရ်ကျော်တို့၏။ ဝတံ၊ ဓူတင်ပဋိပတ် အကျင့်မြတ်ကို။ ပသီဒိတ္တာ၊ အားကျတုယူ ကြည်သိုတော်မူကြ၍။ ဝါ-ကြည်သိုတော်မူကြပြီးလျှင်။ ဓုတေ ဝတေ၊ ဓူတင်ပဋိပတ် အကျင့်မြတ်၌။ ရတိ၊ တုယူလိုက်နာ ကျင့်ဆောင်ကာလျှင် ကောင်းစွာရှင်ပျော် မွေ့လျော်၍ နေတော်မူခြင်းကို။ ကရောန္တော၊ ပြုနိုင်ကြ ကျင့်နိုင်ကြပါစေ ကုန်သတည်း။

မင်းကြည် (ဓမ္မာစရိယ၊ ဘီအေ)
လက်ထောက်ညွှန်ကြားရေးမှူး
သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန

ဂုတၢ်ဝိန်ဆ္ဆယာဂ္ဆ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝူတၢ်ဒေသၢ်ဏ် ဗုဒ္ဓံ၊ ဓမ္မဉ္စ မလဝူနၢ်။
သံဃဉ္စ ဝူတကိလေသံ၊ နမော နတ္တာန သာဒရံ။ ။
သီလသုဒ္ဓိကရံ သာရံ၊ ယောဂိနံ ဟိတမာဝဟံ။
ဝူတၢ် ဒီပယိဿာမိ၊ တံ မေ သုဏာန္တု သာဓဝေါ။ ။

အဟံ၊ ငါသည်။ ဝူတၢ်ဒေသၢ်၊ ဝူတင်ကိုဟောတော်မူတတ်သော။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရား:ကိုလည်း:ကောင်:။ မလဝူနၢ်၊ အညစ်အကြေ:ကိုခါထုတ်တတ်သော။ ဓမ္မဉ္စ၊ တရား:တော်ကိုလည်း:ကောင်:။ ဝူတကိလေသံ၊ ခါပြီ: ခါဆဲ ခါလတ္တံ့သော ကိလေသာရှိသော။ သံဃဉ္စ၊ သံဃာတော်ကိုလည်း:ကောင်:။ နမော နမာမိ၊ ရှိခိုး:ပါ၏။ သာဒရံ၊ ရိုသေခြင်း:နှင့် တကွ။ နတ္တာန၊ ရှိခိုး:ပြီ:၍-

ယောဂိနံ၊ ကမ္မဋ္ဌာန်:ဘာဝနာ၌ ယှဉ်သော ယောဂိ ရဟန်:တို့၏။ သီလသုဒ္ဓိကရံ၊ လေ:ပါ:သော စတုပါရိသုဒ္ဓိသီလ၏ ဖြူစင်ခြင်:ကို ပြုတတ်ထသော။ သာရံ၊ ပဋိပတ္တိတည်:ဟူသော အနှစ်သာရ, အဆုံ:အဖြတ်တည်:ဟူသော အနှစ်သာရရှိထသော။ ဟိတံ၊စျာန်မဂ်အစရှိသော အစီ:အပွား:ကို။ အာဝဟံ အာဝဟန္တံ၊ ရွက်ဆောင်တတ်ထသော။ ဝူတၢ်ံ ၊ ၁၃ ပါ:အပြား:ရှိသော ဝူတင်ကို။ ဒီပယိဿာမိ၊ ပြုပေအုံ့။ မေ၊ ငါ၏။ တံ၊ ထိုပြုလတ္တံ့သောစကား:ကို။ သာဓဝေါ၊ သူတော်ကောင်:တို့သည်။ သုဏာန္တု၊ နာကြစေကုန်သတည်:။

ခပ်သိမ်:ကုန်သော ယောဂိရဟန်:မြတ်တို့၏ အစီ:အပွား:ကို အလိုရှိတော်မူသောသဗ္ဗညုဘုရား:သခင်သည်ကား: စွန့်အပ်ပြီ:သော လောကာမိသရှိကုန်သော, ကိုယ်၌လည်း:ကောင်:၊ အသက်၌လည်း:ကောင်: မငဲ့ကုန်သော, နိဗ္ဗာန်အား:လျော်စွာ အကျင့်ကို အား:ထုတ်ခြင်:ငှာ အလိုရှိကုန်သော ဇာတိကုလပုတ္တ, အာစာရကုလပုတ္တတည်:ဟူသော အမျိုး:ကောင်:သား:တို့အား: တစ်ဆယ့်သုံ:ပါ:ကုန်သော ဝူတင်တို့ကို ခွင့်ပြုတော်မူအပ်လေသတည်:။

တေရသ ဓုတင်္ဂါနိ အနုညာတာနိ။ သေယျထိဒံ- ပံသုကူလိကင်္ဂံ, တေစီဝရိကင်္ဂံ, ပိဏ္ဍပါတိကင်္ဂံ, သပဒါနစာရိကင်္ဂံ, ဧကာသနိကင်္ဂံ, ပတ္တပိဏ္ဍိကင်္ဂံ, ခလုပစ္ဆာဘတ္တိကင်္ဂံ, အာရညိကင်္ဂံ, ရုက္ခမူလိကင်္ဂံ, အဗ္ဘောကာသိကင်္ဂံ, သောသာနိကင်္ဂံ, ယထာသန္ထတိကင်္ဂံ, နေသဇ္ဇိကင်္ဂန္တိ။ တတ္ထ-

အတ္ထတော လက္ခဏာဒိဟိ၊ သမာဒါန ဝိဓာနတော။
ပဘေဒတော ဘေဒတော စ၊ တသ္သ တသ္သာနိသံသတော။
ကုသလတ္တိကတော စေဝ၊ ဓုတာဒိနံ ဝိဘာဂတော။
သမာသဗျာသတော စာပိ၊ ဝိညာတဗ္ဗော ဝိနိစ္ဆယော။

၁၃-ပါးကုန်သော ရှုတင်တို့ကို ခွင့်ပြုတော်မူကုန်၏။ ရှုတင် ၁၃-ပါးဟူသည်ကား-

၁။ ပံသုကူလိကရှုတင်	၈။ အာရညိကရှုတင်
၂။ တေစီဝရိကရှုတင်	၉။ ရုက္ခမူလိကရှုတင်
၃။ ပိဏ္ဍပါတိကရှုတင်	၁၀။ အဗ္ဘောကာသိကရှုတင်
၄။ သပဒါနစာရိကရှုတင်	၁၁။ သောသာနိကရှုတင်
၅။ ဧကာသနိကရှုတင်	၁၂။ ယထာသန္ထတိကရှုတင်
၆။ ပတ္တပိဏ္ဍိကရှုတင်	၁၃။ နေသဇ္ဇိကရှုတင်
၇။ ခလုပစ္ဆာဘတ္တိကရှုတင်	ဤ ၁၃ - ပါးတို့ဖြစ်ပါသည်။

တတ္ထ၊ ထိုရှုတင်တို့၌။ အတ္ထတော၊ ဝစနတ္ထအားဖြင့်လည်းကောင်း။ လက္ခဏာဒိဟိ၊ လက္ခဏာစသောအားဖြင့်လည်းကောင်း။ သမာဒါနဝိဓာနတော၊ ဆောက်တည်ခြင်း, စီရင်ခြင်းအားဖြင့်လည်းကောင်း။ ပဘေဒတော၊ ဥက္ကဋ္ဌစသောအပြားအားဖြင့်လည်းကောင်း။ ဘေဒတော စ၊ ရှုတင်ပျက်သောအားဖြင့်လည်းကောင်း။ တသ္သ တသ္သာ, နိသံသတော၊ ထိုထိုရှုတင်တို့၏ အကျိုးပြအားဖြင့် လည်းကောင်း၊ ကုသလတ္တိကတော စေဝ၊ကုသလတိုက်အားဖြင့်လည်းကောင်း။ ဓုတာဒိနံ၊ ဓုတော, နဓုတဝါဒေါ အစရှိသောသဘောကို။ ဝိဘာဂတော စ၊ ခွဲခြမ်းရှုပြသောအားဖြင့် လည်းကောင်း။ သမာသဗျာသတော စာပိ၊ အကျဉ်းချုံးခြင်းအကျယ်ချဲ့ခြင်းအားဖြင့်လည်းကောင်း။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝိညာတဗ္ဗော၊ သိအပ်၏။

၁–ပဲသုကူလိက။ ။တတ္ထ အတ္ထတောတိ တာဝ ရထိကသုသာနသင်္ကာရကုဋာဒိနံ ယတ္ထကတ္ထစိ ပဲသူနံ ဥပရိ ဌိတတ္တာ အဗ္ဘုဂ္ဂတဋ္ဌေန တေသုတေသု ပဲသုကူလမိဝါတိ ပဲသုကူလံ (ဝိသုဒ္ဓိ၊ ၁။ ၅၇)။

နဒီယာ ကူလန္တိအာဒိသု ဝိယ သမုဿယတ္ထော ကူလသဒ္ဒေါတိ အာဟ "ပဲသုကူလမိဝ ပဲသုကူလ"န္တိ။ ။(အဗ္ဘုဂ္ဂတဋ္ဌေနာတိ ဥဿိတဋ္ဌေန)။ (မဟာဋီကာ၊ ၁။ ၈၉)။

"ပါစိနစက္ကဝါဠပဗ္ဗတိရိယံ ဥဿာ ပိတာနိ ဓဇပဋာကာနိ ပစ္ဆိမစက္ကဝါဠပဗ္ဗတိရိယံ ဟာရ" န္တိအာဒိသု ဝိယ။

ယံ စီဝရံ၊ အကြင်သင်္ကန်းသည်။ ရထိကသုသာနသင်္ကာရကုဋာဒိနံ၊ ရထားလမ်းသုသာန် အမှိုက်ပုံ စသည်တို့တွင်။ ယတ္ထကတ္ထစိ၊ အမှတ်မရှိ တခုခုအရပ်၌။ ပဲသူနံ၊မြေမှုန့်တို့၏။ ဥပရိ၊ အထက်၌။ ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။ အဗ္ဘုဂ္ဂတဋ္ဌေန၊ လွန်၍တက်သော အနက်အားဖြင့်။ (ဥဿိတဋ္ဌေန၊ လွှားသောအနက်အားဖြင့်– ဋီ) တေသု တေသု၊ ထိုထိုလမ်းသုသာန်အမှိုက်ပုံစသည်တို့၌။ ကူလမိဝ ဥဿိတမိဝ၊ လွှားသကဲ့သို့။ ပဝတ္တတိ တိဋ္ဌတိ၊ ဖြစ်တတ်တည်တတ်၏။ ဣတိ၊ထို့ကြောင့်။ တံ စီဝရံ၊ ထိုသင်္ကန်းသည်။ ပဲသုကူလံ၊ ပဲသုကူလမည်၏။

ဤအနက်ကား "နဒီယာ ကူလံ စသည်တို့၌ကဲ့သို့ လွှားရှိတက်သော အနက်သည် ကူလ၏အနက်ဖြစ်သည်"ဟူသော မဟာဋီကာနှင့်အညီတည်း။ ဤ၌ ပဲသုအရကား မြေတည်း၊ ကူလမိဝ အရကား လွှားသကဲ့သို့ ပစ်အပ်သော အဝတ်အထည်သင်္ကန်းတည်း။ အချို့ဆရာကား နဒီယာ ကူလမိဝကို ရှုရှု ကမ်းပါးယံကဲ့သို့ဟု အနက်ပေး၏။ မသင့်မတန်ဟု မှတ်လေ။

"အရှေ့စကြဝဠာ မြေဖီလာ၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့သည် အနောက်စကြဝဠာ မြေဖီလာသို့ ဆောင်ကုန်၏" ဟူ၍ ဆိုသောအရာ၌ကဲ့သို့ ဥဿိတ အနက်သည် ဖီလာအနက်လည်းဖြစ်ကောင်းရကား လွှားသကဲ့သို့ဟု အနက်ပေးခြင်းသည်သာ သင့်မြတ်လှပေ၏။ ထို့ကြောင့် ဋီကာဆရာသည် (တက်သည်ဟူသောအနက်ကို လွှားသည်ဟူသော အနက်ဖြင့်ဖွင့်သည်) တံခွန်ကဲ့သို့ လွှင့်သည်ကိုမလိုသောကြောင့် မြေ၌လွှားသကဲ့သို့ဟူ၍ ဥပမာပြုထားပါသတည်း။

အထဝါ ပဲသု ဝိယ ကုစ္ဆိတဘာဝံ ဥလတိတိ ပဲသုကူလံ၊ ကုစ္ဆိတဘာဝံ ဂစ္ဆတီတိ ဝုတ္တံ ဟောတိ။ ဧဝံ လဒ္ဓနိဗ္ဗစနသဒ္ဒေ ပဲသုကူလသဒ္ဒေ ဓာရေ ပဲသုကူလံ၊ တံ သီလ မဿာတိ ပဲသုကူလိကော။ ပဲသုကူလိကသဒ္ဒေ အင်္ဂံ ပဲသုကူလိကင်္ဂံ။ အင်္ဂန္တိ ကာရေ ဝုတ္တံ။ တသ္မာ ယေန သမာဒါနေန သော ပဲသုကူလိကော ဟောတိ၊ တသ္မေတံ အဓိဝစနန္တိ ဝေဒိတဗ္ဗံ။ (ဝိသုဒ္ဓိ ၊ ၁-၅၇)။

ပဲသုကူလသဒ္ဒေ ဓာရေ ပဲသုကူလံ ဥတ္တရပဒလောပေန၊ တံ သီလ မဿာတိ ပဲသုကူလိကော။ ပဲသုကူလိကသဒ္ဒေ အင်္ဂန္တိ ပဲသုကူလိကင်္ဂံ၊ တေနာဟ "ပဲသုကူလိကသ္မာ" တိ အာဒိ။ တသ္မာတိ သမာဒါနသ္မာ (မဟာဋီကာ ၁- ၈၉)။

ပဲသုကူလံ သီလံ အဿာတိ ပဲသုကူလိကော၊ ပဲသုကူလိကသ္မ အင်္ဂံ ကာရေ ပဲသုကူလိကင်္ဂံ။ (ဤဝိနိစ္ဆယသဒ္ဒါ၏ ပါဠိဖြစ်ပါသည်)

အထဝါ၊ တစ်နည်းကား။ ယံ စီဝရံ၊ သည်။ ပဲသု ဝိယ၊ မြေကဲ့သို့။ ကုစ္ဆိတဘာဝံ၊ စက်ဆုတ်အပ်သောအဖြစ်သို့။ ဥလတိ(ဂစ္ဆတိ)၊ ရောက်တတ်၏။ ဣတိ၊ ထိုသို့မြေကဲ့သို့ စက်ဆုတ်အပ်သည်၏ အဖြစ်သို့ ရောက်သောကြောင့်။ တံ စီဝရံ၊ သည်။ ပဲသုကူလံ၊ ပဲသုကူလ မည်၏။

ဤ၌ ပဲသုသဒ္ဒါကား မြေကဲ့သို့ ဟူသော ဥပမာအနက်, ကုသဒ္ဒါကား စက်ဆုတ်ဖွယ်အဖြစ် ဟူသောအနက်, ဥလ သဒ္ဒါကား ရောက်သည်ဟူသောအနက်, ပေါင်းလျှင် ပဲသုကူလ-မြေကဲ့သို့ စက်ဆုတ်ဖွယ်အဖြစ်သို့ ရောက်သည်ဟူ၍ အနက် ဖြစ်ပေါ်လာ၏။ (၄)

ပဲသုကူလသဒ္ဒေ၊ ပဲသုကူသင်္ကန်းကို။ ဓာရေ၊ ဆောင်ခြင်းတည်း။ ပဲသုကူလံ၊ ပဲသုကူသင်္ကန်းကိုဆောင်ခြင်း။ ဥတ္တရပဒလောပေန၊ နောက်ပုဒ်ကျေခြင်းဖြင့် ပဲသုကူလသဒ္ဒါ ဖြစ်လာသည်ဟု ဆိုလို၏။ (၅)

အသ၊ ထိုရဟန်း၏။ ပဲသုကူလံ၊ ပဲသုကူကို ဆောင်ခြင်းတည်းဟူသော။ သီလံ၊ အလေ့အကျင့်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ပဲသုကူလိကော၊ ပဲသုကူလိကမည်၏။ ပဲသုကူလိကသ္မ၊ ပဲသုကူကိုဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏။ အင်္ဂံ ကာရေ၊ အကြောင်းတည်း။ ပဲသုကူလိကင်္ဂံ၊ ပဲသုကူကိုဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏အကြောင်း။ အရကား "ပဲသုကူလိကင်္ဂံ သမာဒိယာမိ"ဟူ၍ ဆောက်တည်သော သမာဒါနစေတနာရ၏။ ထိုစေတနာသည်ပင်လျှင် ပဲသုကူလိကင်္ဂမည်၏။ နောက် ဓူတင်တို့၌လည်း ဤနည်းကို မှီး၍ အကျယ်ကို သိရာ၏။ (ဤဝိနိစ္ဆယသဒ္ဒါ)

၂-တေစိဝရိက။ ။ သံဃာဋ္ဌ ဥတ္တရာသင်္ဃ အန္တ ရဝါသကသင်္ခါတာနိ တိဏိ စိဝရာနိ ဓာရဏံ တိစိဝရံ။ တိစိဝရံ သီလံ အဿာတိ တေစိဝရိကော။ တဿ အင်္ဂ တေစိဝရိကင်္ဂံ။

၃-ပိဏ္ဍပါတိက။ ။ပတနံ ပါတော။ ဘိက္ခာသင်္ခါတာနံ ပရေဟိ ဒိန္နာနံ ပိဏ္ဍာနံ ပါတော ပိဏ္ဍပါတော။ တံ ပိဏ္ဍပါတံ ဥဒ္ဒိတိ တံတံ ကုလံ ဥပသင်္ကမန္တော ဂဝေသ တီတိ ပိဏ္ဍပါတိကော၊ ပိဏ္ဍာယ ဝါ ပတိတုံ ဝတမေတဿာတိ ပိဏ္ဍပါတိ[1]။ ပိဏ္ဍပါတိ ဧဝ ပိဏ္ဍပါတိကော[2] ။ တဿ အင်္ဂ ပိဏ္ဍပါတိကင်္ဂံ။

---

[1]။ သံဃာဋ္ဌဥတ္တရာသင်္ဃအန္တ ရဝါသကသင်္ခါတာနိ၊ နှစ်ထပ်ဒုကုဋ်ကိုယ်ရုံသင်းပိုင်ဟု ဆိုအပ်ကုန်သော။ တိဏိ စိဝရာနိ၊ သုံးထည်သင်္ကန်းတို့ကို။ ဓာရဏံ၊ ဆောင်ခြင်း။ တိစိဝရံ၊ သုံးထည်သင်္ကန်းကိုဆောင်ခြင်း။ အဿ၊ ထိုရဟန်းအား၊ ၏။ တိစိဝရံ၊ သုံးထည်သင်္ကန်းကို ဆောင်ခြင်းဟူသော။ သီလံ၊ အလေ့အကျင့်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အဿာတိပဒေန၊ အဿ ဟူသောပုဒ်ဖြင့်။ နိဒ္ဒိဋ္ဌော၊ ညွှန်ပြအပ်သော။ သော၊ ထိုရဟန်းသည်။ တေစိဝရိကော၊ တေစိဝရိကမည်၏။ တဿ၊ ထိုရဟန်း၏။ အင်္ဂံ ကာရဏံ၊ အကြောင်းတည်း။ တေစိဝရိကင်္ဂံ၊ ထိုရဟန်း၏အကြောင်း၊ တေစိဝရိကဟူ၍ မှတ်ကြောင်း သမာဒါနစေတနာရဏ၏။

[2]။ ပတ္တော၊ သပိတ်၌။ ပတနံ၊ ကျခြင်း။ ပါတော၊ သပိတ်၌ကျခြင်း။ ဘိက္ခာသင်္ခါတာနံ၊ ဆွမ်းဟုဆိုအပ်ကုန်သော။ ပရေဟိ၊ သူတပါးတို့သည်။ ဒိန္နာနံ၊ လှူအပ်ကုန်သော။ ပိဏ္ဍာနံ၊ ဆွမ်းတို့၏။ ပါတော၊ ကျခြင်းတည်း။ ပိဏ္ဍပါတော၊ ထိုသို့သောဆွမ်းတို့၏ကျခြင်း။ ယော ဘိက္ခု၊ သည်။ တံတံ ကုလံ၊ ထိုထိုအမျိုးအိမ်သို့။ ဥပသင်္ကမန္တော၊ အနီးသို့ ချဉ်းကပ်သည်ဖြစ်၍။ တံ ပိဏ္ဍပါတံ၊ ထိုသို့သော သပိတ်၌ကျသောဆွမ်းကို။ ဥဒ္ဒိတိ ဂဝေသတိ၊ ရှာမှီးတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ဘိက္ခု၊ သည်။ ပိဏ္ဍပါတိကော၊ မည်၏။ ဧတဿ၊ ထိုရဟန်းအား။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပတိတုံ စရိတုံ၊ သွားခြင်းငှာ။ ဝတ္တံ၊ ကျင့်ဝတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ပိဏ္ဍပါတိ၊ ပိဏ္ဍပါတိမည်၏။. ပိဏ္ဍပါတိ ဧဝ၊ ပိဏ္ဍပါတိသည် ပင်လျှင်။ပိဏ္ဍပါတိကော၊ ပိဏ္ဍပါတိကမည်၏။ (ဏိကပစ္စည်းအနက်မရှိဟု ဆိုလို၏) တဿ၊၏။ အင်္ဂံ၊ အကြောင်းတည်း။ ပိဏ္ဍပါတိကင်္ဂံ၊ ပိဏ္ဍပါတိကတို့၏ အကြောင်း။ ရှေးနည်းဟူစေတနာရဏ၏။

၄-သပဒါနစာရိက။ ။အပေတံ ဒါနတော အပဒါနံ။ သဟ အပဒါနေနာတိ သပဒါနံ။ သပဒါနံ စရိတုံ သီလမဿာတိ သပဒါနစာရီ။ သပဒါနစာရီ ဇဝ သပဒါနစာရိကော။ တဿ အင်္ဂံ သပဒါနစာရိကင်္ဂံ။

၅-ဧကာသနိက။ ။ဧကာသနေ ဘောဇနေ ဧကာသနံ။ တံ သီလမဿာတိ ဧကာသနိကော။ တဿ အင်္ဂံ ဧကာသနိကင်္ဂံ။ (၄-၅၈) ယေဘုယျဝသေန စေတ္ထ အာသနဂ္ဂဟဏံ။ ရောဂါဒိကာရဏေ ပန သတိ နိသဇ္ဇာဒီသု ဧကေန ဣရိယာပထေန ဇဝံ ဘုဉ္ဇန္တောပိ ဣဒံ ဝုတ္တံ ပရိဟာရတိဇဝ။ (စုလ္လဋီကာ)

၄။ ဒါနတော အဝခဏ္ဍနတော၊ အစဉ်ဖြတ်ခြင်းမှ။ အပေတံ၊ ကင်းသည်တည်း။ အပဒါနံ၊ အစဉ်ဖြတ်ခြင်းမှကင်းသည်။ ယံ စရဏံ၊ အကြင်ဆွမ်းခံသွားခြင်းသည်။ အပဒါနေန၊ အစဉ်ဖြတ်ခြင်းမှ ကင်းခြင်းနှင့်။ သဟ၊ တကွ။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ သည်။ သပဒါနံ၊ သပဒါနမည်၏။ အသ၊ ထိုရဟန်းအား။ သပဒါနံ၊ အစဉ်မဖြတ်ဘဲ သွားခြင်းကို။ စရိတုံ၊ သွားခြင်းကျင့်ခြင်းငှာ။ သီလံ၊ အလေ့အကျင့်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သပဒါနစာရီ၊ သပဒါနစာရီမည်၏။ သပဒါနစာရီ ဇဝ၊ သပဒါနစာရီသည်ပင်လျှင်။ သပဒါနစာရိကော၊ သပဒါနစာရိကမည်၏။ (ရဟန်းရ၏) တဿ၊ ထို၏။ အင်္ဂံ၊ အကြောင်းတည်း။ သပဒါနစာရိကင်္ဂံ၊သပဒါနစာရိက၏အကြောင်း။ (ရှေးနည်းတူ စေတနာရ၏)

၅။ ဧကာသနေ၊ တစ်ထိုင်တည်းသော ဣရိယာပုထ်၌။ ဘောဇနံ၊ ဘုဉ်းပေးခြင်း(စားခြင်း)တည်း။ ဧကာသနံ၊ တစ်ထိုင်တည်း ဘုဉ်းပေးခြင်း။ အသ၊ ထိုရဟန်း၏။ တံ ထိုတစ်ထိုင်တည်းဘုဉ်းပေးခြင်းဟူသော။ သီလံ၊ အလေ့အကျင့်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ ထို့ကြောင့်။ သော၊ ထိုရဟန်းသည်။ ဧကာသနိကော၊ ဧကာသနိကမည်၏။ တဿ ထိုရဟန်း၏။ အင်္ဂံ အကြောင်းတည်း။ ဧကာသနိကင်္ဂံ ဧကာသနိက၏ အကြောင်း၊ (နည်းတူစေတနာရ၏)

စုလ္လဋီကာပါဠိ၏ အဓိပ္ပါယ်ကား- ဤအရာ၌ တစ်ထိုင်တည်းစားခြင်း၌သာယူ၍ အာသနသဒ္ဒါကို ဆိုလေသည်ကား ယေဘုယျနည်းအားဖြင့်သာ ဆိုသတည်း။ ရောဂါအနာအစရှိသော အကြောင်းရှိလတ်သော်ကား ထိုင်ခြင်းစသော ဣရိယာပုထ်တို့တွင် တစ်ပါးပါးသော ဣရိယာပုထ်ဖြင့် ဘုဉ်းပေးသော်လည်း ဤရှုတင်ကို ဆောင်သည်သာမည်၏။ မပျက်ဟု ဆိုလို၏။

၆- ပတ္တာပိဏ္ဍိက။ ။ကေသို့ယေဝ ပတ္တော ပိဏ္ဍော ပတ္တာပိဏ္ဍော။ (ဇဝသဒ္ဒလောပေါ) ပတ္တာပိဏ္ဍာသည် ကတ္တာ ဘုဥ္ဇနံ ပတ္တာပိဏ္ဍော။

ပတ္တာပိဏ္ဍဂဟဏော ပတ္တာပိဏ္ဍောတိ ဣဝ ဥတ္တရပဒလောပေါတိ အာဟ "ပတ္တာပိဏ္ဍဂဟဏော ပတ္တာပိဏ္ဍာသည် ကတ္တာ"တိ ပိဏ္ဍနာမ် ကတ္တာ။ ဇဝံ ဥပရိပိ။ (ဋီကာ)

ပတ္တာပိဏ္ဍော သီလမဿာတိ ပတ္တာပိဏ္ဍိကော။ တဿ အင်္ဂံ ပတ္တာပိဏ္ဍိဏာင်္ဂံ။ (ဋ)

၆။ ဇကေသို့ယေဝ၊ တစ်လုံးတည်းသာဖြစ်သော။ ပတ္တော၊ သပိတ်ဌ။ ပိဏ္ဍော၊ ဆွမ်းတည်း။ ပတ္တာပိဏ္ဍော၊ တစ်လုံးတည်းသာဖြစ်သော သပိတ်ဌဆွမ်း။ (ဇဝသဒ္ဒါကျေသည်ဟု ဆိုလိုဏ်)

ပတ္တာပိဏ္ဍာသည်၊ တစ်လုံးတည်း သပိတ်ဌသာ ဆွမ်းဟူသောသည်ကို။ ကတ္တာ၊ နလုံးသွင်းပြု၍။ ဘုဥ္ဇနံ၊ ဘုဉ်းပေးခြင်း စားခြင်းတည်း။ ပတ္တာပိဏ္ဍော၊ တစ်လုံးတည်းသပိတ်ဌသာ ဆွမ်းဟူသောသည်ကိုပြု၍ ဘုဉ်းပေးခြင်း။ (နောက်ပုဒ်ကျေသည်ဟု ဆိုလိုဏ်)

ဋီကာပါဌ်၏အဓိပ္ပါယ်ကား –ပတ္တာပိဏ္ဍောဌ နောက်ပုဒ်ကျေသည်။ သပိတ်အတွင်းဌ ရှိသရွေ့ဆွမ်းအမဲကိုသော်လည်း ဆွမ်းဟူသောအမည် အမှတ်သည်ကိုပြု၍ ဘုဉ်းပေးခြင်းစားခြင်း ဖြစ်သည်ဟု ဆိုလိုဏ်။

အသ၊ ထိုရဟန်းဏ်။ ပတ္တာပိဏ္ဍော၊ တစ်လုံးတည်းသော သပိတ်ဌသာ ဆွမ်းဟူသော အမှတ်သည်ကိုပြု၍ ဘုဉ်းပေးခြင်းတည်းဟူသော။ သီလံ၊ အလေ့အကျင့်သည်။ အတ္ထိ၊ ရှိဏ်။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုရဟန်းသည်။ ပတ္တာပိဏ္ဍိကော၊ ပတ္တာပိဏ္ဍိကမည်ဏ်။ ။ဤဝိဂြိဟ်ကို ရည်၍ ဇဝံ ဥပရိဟု ဆိုသတည်း။ ခလုပစ္စာကို ရည်သည်ဟုလည်း ယူသင့်ဏ်။

တဿ၊ ထိုပတ္တာပိဏ္ဍိကရဟန်းဏ်။ အင်္ဂံ၊ အကြောင်းတည်း။ ပတ္တာပိဏ္ဍိကင်္ဂံ၊ တစ်လုံးတည်းသော သပိတ်ဌသာ ဆွမ်းဟူသောအမှတ်ကိုပြု၍ ဘုဉ်းပေးလေ့ရှိသောရဟန်းဏ် အကြောင်း။ အရကား ဆောက်တည်သော သမာဒါနစေတနာရဏ်။

၇-ခလုပစ္ဆာဘတ္တိက။ ။ခလူတိ ပဋိသေနတ္ထေ နိပါတော။ ပဝါရိတေန သတာ ပစ္ဆာ လဒ္ဓံ ဘတ္တံ ပစ္ဆာဘတ္တံ နာမ၊ တသ္မာ ပစ္ဆာဘတ္တသ္မာ ဘောဇနံ ပစ္ဆာဘတ္တဘောဇနံ၊ တသ္မိံ ပစ္ဆာဘတ္တဘောဇနေ ပစ္ဆာဘတ္တသည် ကတ္တာ ပစ္ဆာဘတ္တံ သီလမဿာတိ ပစ္ဆာဘတ္တိကော။ နံ ပစ္ဆာဘတ္တိကော ခလုပစ္ဆာဘတ္တိကော။ သမာဒါနဝသေန ပဋိက္ခိတ္တာတိရိတ္တဘောဇနသေတံ နာမံ။

၇။ ခလု ဟူသောစကားသည် ပယ်မြစ်သောအနက်၌ နိပါတ်ပုဒ်ဖြစ်ပေ၏။ ပဝါရိတေန ပယ်မြစ်သည်။ ဝါ၊ ဆွမ်းစားပဋိုးပေးစဉ် လောင်းလာကပ်လာသောဘောဇဉ်ကို တော်ပြီတန်ပြီဟု ပယ်မြစ်ခြင်းသည်။ သတာ၊ ဖြစ်ပါလျက်။ ပစ္ဆာ၊ နောက်မှ။ လဒ္ဓံ၊ ရအပ်သော။ ဘတ္တံ ဆွမ်းသည်။ ပစ္ဆာဘတ္တံ နာမ၊ ပစ္ဆာဘတ်မည်၏။ ဝါ၊ နောက်ဆွမ်းမည်၏။ တသ္မာ ပစ္ဆာဘတ္တသ္မာ၊ ထိုနောက်ဆွမ်းကို။ ဘောဇနံ၊ အတိရိက်ဝိနည်းကံပြု၍ စားခြင်းတည်း၊ ပစ္ဆာဘတ္တဘောဇနံ၊ ထိုသို့သော နောက်ဆွမ်းကို အတိရိက်ဝိနည်းကံပြု၍ စားခြင်း။ အသ ထိုရဟန်းအား၊ ရဟန်း၏။ တသ္မိံ ပစ္ဆာဘတ္တဘောဇနေ၊ ထိုသို့သောနောက်ဆွမ်းကို ဝိနည်းကံပြု၍စားခြင်း၌။ ပစ္ဆာဘတ္တသည်၊ နောက်ဆွမ်းဟူသောအမှတ်ကို။ ကတ္တာ၊ ပြု၍၊ ပစ္ဆာဘတ္တံ၊ နောက်ဆွမ်းကို စားခြင်းဟုဆိုအပ်သော။ သီလံ၊ အလေ့အကျင့်သည်။ အတ္ထိ၊ ရှိ၏၊ ဣတိ၊ ထို့ကြောင့်။ အသ္မာတိပဒေန၊ အသ ဟူသောပုဒ်ဖြင့်။ နိဒ္ဒိဋ္ဌော၊ ညွှန်ပြအပ်သော၊ သော၊ ထိုရဟန်းသည်။ ပစ္ဆာဘတ္တိကော၊ ပစ္ဆာဘတ္တိကမည်၏။ (ပဝါရိတ်သင့်ပြီး အတိရိက်ဝိနည်းကံပြု၍ စားသော ရဟန်း ရ၏) ပစ္ဆာဘတ္တိကော၊ နောက်ဆွမ်းကို စားသော ရဟန်းသည်။ နံ၊ မဟုတ်။ ခလုပစ္ဆာဘတ္တိကော၊ နောက်ဆွမ်းကိုစားသော ရဟန်းမဟုတ်၊ (ပဝါရိတ်သင့်ပြီး အတိရိက်ဝိနည်းကံပြု၍ စားခြင်းကို ပယ်သော ဓုတင်္ဂရ ရဟန်းကို ရ၏) ထို့ကြောင့် အဋ္ဌကထာဆရာသည် ဆောက်တည်သည်၏အစွမ်းအားဖြင့် အတိရိက်ဝိနည်းကံပြု၍ စားခြင်းကို ပယ်သောရဟန်း၏ အမည်ဖြစ်သည်ဟု မိန့်ဆို၏။ ဤဆိုခဲ့သည်ကား ခလုသဒ္ဒါကို ပယ်မြစ်အနက်ကြဲသောနည်းတည်း။

အဌကထာယံ ပန ဝုတ္တံ ခလူတိ ဧကော သကုဏော။ သော မုခေန ဖလံ ဂဟေတ္တာ ဘသ္မိं ပတိတေ ပုန အညံ နာ ခါဒတိ။ တာဒိသော အယန္တိ ခလုပစ္ဆာဘတ္တိကော။ (၆)

ခလုသကုဏသ္မ ပစ္ဆာဘတ္တံ ဝိယ ပစ္ဆာဘတ္တေ ပဋိပတ္တိ ဧတသ္မာတိ ခလုပစ္ဆာဘတ္တိကော။ (ဥပမာတဒ္ဓိတ် ဒသ္သေတိ) (ဤဆရာ)

တာဒိသော အယန္တိ ဣမိနာ ခလုသကုဏသ္သေဝ ပစ္ဆာဘတ္တေ။ (လ) ဘတ္တိကောတိ ပဒသိဒ္ဓိं ဒသ္သေတိ။ (စုလ္လဋီကာ)

အဌကထာယံ ပန၊ မဟာအဌကထာဌ္ဌကား။ ဧဝံ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ခလူတိ၊ ခလုဟူသည်ကား။ ဧကော၊ တစ်ခုသော။ သကုဏော၊ ငှက်တည်း။ သော၊ ထိုငှက်သည်။ မုခေန၊ နှုတ်သီးဖြင့်။ ဖလံ၊ သစ်သီးကို။ ဂဟေတ္တာ၊ ယူ၍။ တသ္မိं၊ ထိုယူသောသစ်သီးသည်။ ပတိတေ၊ ကျခဲ့သည်ရှိသော်။ ပုန၊ တဖန်။ အညံ၊ အခြားတပါးသော သစ်သီးကို။ နာ ခါဒတိ၊ မစားတော့ပေ။ အယမ္ပိ၊ ဤရှုတင်ဆောင်ရဟန်းသည်လည်း။ တာဒိသော၊ ထိုငှက်သည် သစ်သီးကျခဲ့သည်မှ တခြားတပါးသောနောက်သစ်သီးကို မစားသကဲ့သို့ ပဝါရိတ်သင့်ပြီးသည်မှ နောက်၌ အတိရိုက်ဝိနည်းကံပြု၍ စားကောင်းသော ဘောဇဉ်ကို မစားသောသဘော မစားသောအလေ့ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ခလုပစ္ဆာဘတ္တိကော၊ ခလုပစ္ဆာဘတ္တိကမည်၏။

ဧတသ္မ၊ ထိုရဟန်းအား၊ ၏။ ခလုသကုဏသ္မ၊ ခလုငှက်၏။ ပစ္ဆာဘတ္တံ ဝိယ၊ နောက်သစ်သီးအစာ ဆုံးရှုံးခြင်းကဲ့သို့။ ပစ္ဆာဘတ္တေ၊ နောက်ဆွမ်းဆုံးရှုံးခြင်း၌။ ပဋိပတ္တိ၊ ကျင့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုရဟန်းသည်။ ခလုပစ္ဆာဘတ္တိကော၊ ခလုပစ္ဆာဘတ္တိကမည်၏။

စုလ္လဋီကာအဆိုကား တာဒိသောအယံဟူသော ဤစကားဖြင့် ခလုငှက်၏ သစ်သီးဆုံးရှုံးသကဲ့သို့ ထိုရဟန်းမှာ နောက်ဆွမ်းဆုံးရှုံ့ခြင်းကြောင့် (လ) ခလုပစ္ဆာဘတ္တိက ပုဒ်ပြီးခြင်းကို ပြ၏ဟု ဆို၏။

အတိရိတ္တဘောဧနသဿတိ ဂိလာနာတိရိတ္တဘောဧနသ စ ပုဂ္ဂလာတိရိတ္တဘောဧနသ စ ဝိနယေ ပဝါရိတေန ဘုဉ္ဇိတုံ ဝဋ္ဋတိ။ ဣဒ ပန နိ ဝဋ္ဋတိတိ ဝိသေသော။ (ဂဏ္ဌိ) တသ အင်္ဂ ခလုပစ္ဆာဘတ္တိကင်္ဂ။ (၄)

ရှေးနည်း၌ ခလုသဒ္ဒါကား ပဋိသေဓ ပယ်မြစ်အနက်ကို ဟောဏ်။ နောက်နည်း၌ကား ဥပမာအနက်ကို ဟောဏ်။ ဥပမာ ဥပမေယျ ဟပ်သော်ကား-

ခလုဌက်ဏ် နှုတ်သီးမှ ကျသည်နှင့်ကား ငါးပါးသောဘောဇဉ်ကို စားဆဲအခါ၌ ကပ်လာပြန်သောဘောဇဉ်ကို ကိုယ်ဖြင့် ဦးခေါင်းလှုပ်ခါသောအားဖြင့်လည်းကောင်း, နှုတ်ဖြင့် အလံဟူသော မာဂဓဘာသာစကားအားဖြင့်သော်လည်းကောင်း, တော်ပြီ တန်ပြီဟူသော မြန်မာဘာသာစကားအားဖြင့်သော်လည်းကောင်း ကိုယ်နှုတ်ဖြင့် မြစ်မိ၍ ပဝါရိတ်သင့်သည်နှင့် တူ၏။ ခလုဌက်သည် ထိုသစ်သီးကျပြီးသည်မှ နောက်မှာ ထိုနေ့၌ အခြားတပါးသစ်သီးကို မစားသည်နှင့်ကား ထိုပဝါရိတ်သင့်ပြီးသည်မှ နောက်မှာ ဣရိယာပုထ်တပါး၌ ရပြန်သော ဘောဇဉ်ကို အတိရိက်ဝိနည်းကံပြု၍ စားအပ်လျက် ဓူတင်ဖြင့်ပယ်၍ မစားသည်နှင့် အတူတည်း။ ဤသို့သာယူလေ။

ဂဏ္ဌိ၌ကား ဓူတင်ဆောင်နှင့်ဝိနည်းဆောင်အထူးကို ပြဆို၏။ ပြပုံကား အတိရိက်ဘောဇဉ် အရာ၌ သူနာမှ ကြွင်းကျန်သည်ကား ဂိလာနာတိရိက်မည်၏။ အတိရိက်ဝိနည်းကံပြုသည်မှ ကြွင်းကျန်သည်ကား ပုဂ္ဂလာတိရိက်မည်၏။ ထိုနှစ်ပါးတို့ကို ဓူတင်ဖြင့် ပယ်သောကြောင့် ဤ၌ မအပ်သည်သာလျှင် ဝိနည်းဆောင်မှ ထူးသည်ဟု ဆိုလိုသတည်း။ ထို့ကြောင့် အတိရိတ္တသိက္ခာပုဒ်၌ ဝိနည်းကိုသာမှီး၍ ယူလေ။

ဌက်၏နှုတ်သီးမှ ကျသည်ကို ပုံပြု၍ ခံတွင်းမှ ကျသောဆွမ်းလုံးကို မစားကောင်းဟု မယူလေလင့်၊ ထိုအယူကား ဝိနည်းကို နှလုံးမသွင်းနိုင်သေးသောသူတို့၏ အယူသာတည်း။

တသ၊ ထိုခလုပစ္ဆာဘတ္တိကရဟန်း၏။ အင်္ဂ၊ အကြောင်းတည်း။ ခလုပစ္ဆာဘတ္တိကင်္ဂ၊ ခလုပစ္ဆာဘတ္တိကရဟန်း၏အကြောင်း။ (ရှေးနည်းတူသမာဒါနစေတနာရ၏)

၈-အာရညိက။ ။အရညေ နိဝါသော သီလမဿာတိ အာရညိကော။ တဿ အင်္ဂံ အာရညိကင်္ဂံ။ (၄)

၉-ရုက္ခမူလိက။ ။ရုက္ခမူလေ နိဝါသော ရုက္ခမူလံ။ တံ သီလ မဿာတိ ရုက္ခမူလိကော။ ရုက္ခမူလိကဿ အင်္ဂံ ရုက္ခမူလိကင်္ဂံ။

၁၀-အဗ္ဘောကာသိက။ ။အဗ္ဘဿ သြကာသော အဗ္ဘောကာသော။ အဗ္ဘောကာသေ နိဝါသော အဗ္ဘောကာသော။ တံ သီလမဿာတိ အဗ္ဘောကာသိကော။ အဗ္ဘောကာသိကဿ အင်္ဂံ အဗ္ဘောကာသိကင်္ဂံ။

၈။ အဿ၊ ထိုရဟန်းအား၊ ၏။ အရညေ၊ တောဌ်။ နိဝါသော၊ နေခြင်းဟူသော။ သီလံ၊ အလေ့အကျင့်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အာရညိကော၊ အာရညိကမည်၏။ တဿ၊ ထိုတောဌ် နေလေ့ရှိသော ပုဂ္ဂိုလ်ရဟန်း၏။ အင်္ဂံ ကာရဏံ၊ အကြောင်းတည်း။ အာရညိကင်္ဂံ၊ တောဌ်နေလေ့ရှိသောရဟန်း၏အကြောင်း။ (သမာဒါနစေတနာရ၏။)

၉။ ရုက္ခမူလေ၊ သစ်ပင်၏ အနီးဌ်။ နိဝါသော၊ နေခြင်းတည်း။ ရုက္ခမူလံ၊ သစ်ပင်၏ အနီးဌ် နေခြင်း။(နေခြင်းကြိယာရ၏)။ အဿ၊ ဣရဟန်းအား၊ ၏။ တံ သီလံ၊ ထိုသစ်ပင်အနီးဌ် နေခြင်းဟူသော အလေ့အကျင့်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ရုက္ခမူလိကော၊ ရုက္ခမူလိကမည်၏။ (ရဟန်းရ၏။) တဿ၊ ထိုရဟန်း၏။ အင်္ဂံ၊ အကြောင်းတည်း။ ရုက္ခမူလိကင်္ဂံ၊ ၏ အကြောင်း။ (စေတနာရ၏)

၁၀။ အဗ္ဘဿ၊ ကောင်းကင်၏။ သြကာသော၊ အရာတည်း။ အဗ္ဘောကာသော၊ ကောင်းကင်လွင်ပြင်အရာ။ အဗ္ဘောကာသေ၊ လွင်ပြင်အရာဌ်။ နိဝါသော၊ နေခြင်းတည်း။ အဗ္ဘောကာသော၊ နေခြင်း။ (နေခြင်းကိရိယာရ၏) အဿ၊ ထိုရဟန်းအား၊ ၏။ တံ သီလံ၊ ထိုလွင်ပြင်ဌ် နေခြင်းဟူသော အလေ့အကျင့်သီလသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အဗ္ဘောကာသိကော၊ အဗ္ဘောကာသိက မည်၏။ (ဓူတင်ဆောင်ရဟန်းပုဂ္ဂိုလ်ရ၏။) အဗ္ဘောကာသိကဿ၊ အဗ္ဘောကာသိက ရဟန်း၏။ အင်္ဂံ၊ အကြောင်းတည်း။ အဗ္ဘောကာသိကင်္ဂံ၊ အဗ္ဘောကာသိကရဟန်း၏အကြောင်း။ (သမာဒါနစေတနာရ၏)။

၁၁-သောသာနိုက။ ။သုသာနေ နိ၀ါသော သုသာန်။ တဲ့ သီလ အသာတိ သောသာနိကော။ သောသာနိကသ အင်္ဂ သောသာနိကင်္ဂ။

၁၂-ယထာသန္ထတိက။ ။ယဒေ၀ သန္ထတဲ့ ယထာသန္ထတဲ့၊ ဣဒံ တုယ္ဟံ ပါပုဏာတိတိ ဧ၀ं ပထမံ ဥဒ္ဒိဋ္ဌသေနာသနသေတ် အဓိ၀စနံ(၄)။ ယဒေ၀ သေနာသနံ သန္ထတဲ့ ပါပိတဲ့ ယထာသန္ထတဲ့ (စုလ္လဋီကာ)။ တသ္မိံ ယထာသန္ထတေ ဝိဟရိတုံ သီလမသာတိ ယထာသန္ထတိကော။ တသ သ အင်္ဂ ယထာသန္ထတိကင်္ဂ။

၁၁။ သုသာနေ၊ သူကောင်ဖုတ်ရာ တစပြင် သုသာန်၌။ နိ၀ါသော၊ နေခြင်းတည်း။ သုသာနံ၊ တစပြင်သုသာန်၌ နေခြင်း။ (နေခြင်းကြိယာရဏ်) အသ၊ ထိုရဟန်းအား၊ ဏ်။ တံသီလံ၊ ထိုသုသာန်၌နေခြင်းဟူသော အလေ့အကျင့်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုရဟန်းသည်။ သောသာနိကော၊ သောသာနိကမည်၏။ (ရဟန်းရဏ်)။ သောသာနိကသ၊ ရဟန်း၏။ အင်္ဂ၊ အကြောင်းတည်း။ သောသာနိကင်္ဂ၊ သုသာန်၌ နေလေ့ရှိသော ရဟန်း၏ အကြောင်း (ရှေးနည်းတူ စေတနာရဏ်)။

၁၂။ ယဒေ၀ ယံ၀ ပထမံ၊ အကြင်ရှေးဦးစွာသောကျောင်းကို။ သန္ထတဲ့ ဥဒ္ဒိဋ္ဌံ၊ ပြည့်နှန်း အပ်သည်တည်း။ ယထာသန္ထတဲ့၊ ရှေးဦးစွာပြည့်နှန်းအပ်သောကျောင်း။ သံဃိကကျောင်း၌ ကျောင်းစဉ် ချသောရဟန်းသည် "ဤကျောင်းသည် အရှင့်အားရောက်၏"ဟူ၍ ရှေးဦးစွာ ပြည့်နှန်းအပ်သော ကျောင်းကို ဤကျောင်းကား ကြမ်းပိုးများ၏၊ အနံ့မကောင်းစသည်ဖြင့် မပယ်မူ၍ ဝန်ခံခြင်းတည်း။ ယထာသဒ္ဒါသည် ပထမရှေးဦးစွာဟူသော အနက်ကို ဟော၏။ သန္ထတသဒ္ဒါကား ဥဒ္ဒိဋ္ဌ ပြည့်နှန်းအနက်ကို ဟော၏။ ဤကား မဟာဋီကာအလိုတည်း။ (တစ်နည်းသော်ကား)။ ယဒေ၀၊ သေနာသနံ၊ အကြင်သို့သော ဝါစဉ်အားဖြင့်ရောက်သော ကျောင်းကိုသာလျှင်။ သေနာသနဘာ၀ေန၊ ကျောင်းစဉ်ဝေသော ရဟန်းသည်။ သန္ထတံ ပါပိတံ၊ ရောက်စေအပ် သည်တည်း။ ယထာသန္ထတံ၊ ရောက်စေအပ်သည်။ အကြင်အကြင်သို့သော ကျောင်းကိုသာလျှင် ထိုရဟန်းအား ဤကျောင်းသည် အရှင့်အား ရောက်၏ဟူ၍ ချအပ်၏။ ထိုကျောင်းသည်သာလျှင် ယထာသန္ထတမည်၏ဟူလို။ ယထာသဒ္ဒါကား သေနာသန၀ါစီနိပါတ် ဒုတိယာအနက်ကို ဟော၏။ သန္ထတသဒ္ဒါကား ပါပိတအနက်ကို ဟော၏။ ဤကား စုလ္လဋီကာအလိုတည်း။ အသ၊ ထိုအား၊ ဏ်။ တသ္မိံ ယထာသန္ထတေ၊ ၌။ ဝိဟရိတုံ၊ ၎။ သီလံ၊ သည်။ အတ္ထိ၊ ဏ်။ ဣတိ၊ ကြောင့်။ ယထာသန္ထတိကော၊ မည်၏။ (ရဟန်းရဏ်) တသ၊ ထိုရဟန်း၏။ အင်္ဂ၊ အကြောင်းတည်း။ ယထာသန္ထတိကင်္ဂ၊ အကြောင်း။ (နည်းတူ စေတနာရဏ်)

၁၃-နေသဒ္ဓိက။ ။သယနံ ပဋိက္ခိပိတွာ နိသဇ္ဇာယ ဝိဟာရိတုံ သီလမသောက် နေသဒ္ဓိကော၊ တဿ အင်္ဂံ နေသဒ္ဓိကင်္ဂံ။

သဗ္ဗာနေဝ ပနေတာနိ တေန တေန သမာဒါနေန ဝုတကိလေသတ္တာ ဝုတ္တသဒိသာ ဘိက္ခုနော အင်္ဂါနိ၊ ကိလေသဝုနနတော ဝါ ဝုတ္တန္တိ လဒ္ဓဝေါဟာရံ ဉာဏံ အင်္ဂံ ဧတေသန္တိ ဝုတ္တင်္ဂါနိ။ အထဝါ ဝုတ္တာနိ စ တာနိ ပဋိပက္ခနိဒ္ဓုနနတော အင်္ဂါနိ စ ပဋိပတ္တိယာတိ ဝုတ္တင်္ဂါနိ။ ဧဝံ တာဝေတ္ထ အတ္ထတော ဝိညာတဗ္ဗော ဝိနိစ္ဆယော။

၁၃။ အသ၊ ထိုရဟန်းအား၊၏။ သယနံ၊ အိပ်ရာအုံးခွေ ဦးခေါင်းချ၍ လျောင်းအိပ်ခြင်းတို့။ ပဋိက္ခိပိတွာ၊ ရှုတင်ဖြင့် ပယ်၍။ နိသဇ္ဇာယ နိသဇ္ဇသတိယာ၊ ထိုင်ခြင်းလျှင်သတိရှိသော ဣရိယာပုထ်ဖြင့်။ ဝိဟာရိတုံ၊ နေခြင်းငှာ။ သီလံ၊ အလေ့အကျင့်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ နေသဒ္ဓိကော၊ နေသဒ္ဓိကမည်၏။ (ရဟန်းရ၏)။ တဿ၊ ထိုရဟန်း၏။ အင်္ဂံ၊ အကြောင်းတည်း။ နေသဒ္ဓိကင်္ဂံ၊ နေသဒ္ဓိက ရဟန်း၏အကြောင်း။ (သမာဒါန စေတနာရ၏)

အလုံးစုံသော ဤရှုတင်တို့သည်ကား ထိုထိုသို့သော ဆောက်တည်ခြင်းဖြင့် ခါထုတ်အပ်ပြီးသော လောဘစသောကိလေသာရှိသောကြောင့် ရှုတ[illegible]ရှုသော စကားအနက်အဓိပ္ပါယ်နှင့် ညီစွာ ခါထုတ်တတ်သော ရဟန်း၏ အကြောင်း [illegible]သောကြောင့် ရှုတင်မည်ကုန်၏။ ကိလေသာကို ပယ်ထုတ်ကြောင်းဖြစ်သော ဉာဏ်လျှင် ရှေ့သွားရှိသောကြောင့် ထိုစကား အနက်နှင့်ညီစွာပင် ထိုတရားတို့အား ဝုတဟု ရအပ်သော ဝေါဟာရရှိသောဉာဏ်သည်ပင်လျှင် အင်္ဂါအကြောင်းရှိသောကြောင့် ရှုတင်မည်ကုန်၏။ ပဋိပက္ခဆန့်ကျင်ဘက်တရားကို ပယ်တတ်သော ကြောင့်လည်းကောင်း, ပဋိပတ္တိအကျင့်၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း ဝုတလည်း မည်ကုန်၏။ အကြောင်းအင်္ဂါလည်း မည်ကုန်၏။ နှစ်ပါးပေါင်းလျှင် ဝုတင်္ဂလည်း မည်ကုန်၏။ ဤသို့လျှင် ရှေးဦးစွာ ဝစနတ္ထအားဖြင့် စကား၏အနက်အဆုံးအဖြတ်ကို သိရာ၏။

သဗ္ဗာနေ၀ ပနေတာနိ သမာဒါနစေတနာလက္ခဏာနိ၊
သဗ္ဗာနေ၀ စ လောလုပ္ပဝိဒ္ဓံသနရသာနိ၊
နိလ္လောလုပ္ပဘာ၀ပစ္စုပဋ္ဌာနာနိ၊
အပ္ပိစ္ဆတာဒိအရိယမဂ္ဂပဒဋ္ဌာနာနိ။
ဒေ၀မေတ္တ လက္ခဏာဒိဟိ ၀ေဒိတဗ္ဗော ဝိနိစ္ဆယော။

လက္ခဏာစသော အပြားအားဖြင့်သော်ကား-

အလုံးစုံသော ဤရူတင်တို့သည် ဆောက်တည်ကြောင်းဖြစ်သော စေတနာလျှင် အမှတ်လက္ခဏာ ရှိကုန်၏။ အလုံးစုံရူတင်တို့သည်ပင် မျက်မှောက်အားဖြင့်လည်းကောင်း မျက်ကွယ်အားဖြင့်လည်းကောင်း ကုသိုလ်တရားတည်းဟူသော ဘဏ္ဍာကို လုယက်တတ်သော တဏှာဟူသော လောလုပ်ကို ဖျက်ဆီးတတ်သော ကိစ္စရှိကုန်၏။ ဤကား မဟာဋီကာအလိုတည်း။

တဏှာအားဖြင့် ရူပါရုံအစရှိသည်တို့၌ လုယက်တတ်သောသူ၏ အဖြစ်တည်းဟူသော အာဟာရကို ဖျက်ဆီးတတ်သော ကိစ္စရှိကုန်၏။ ဤကား စုလ္လဋီကာအလိုတည်း။

ထိုသို့လုယက်ခြင်းကင်းသောအဖြစ်လျှင် ဉာဏ်အားရှေ့ရှုထင်သော သဘောရှိကုန်၏။ အလိုနည်းသောသူ၏ အဖြစ်တည်းဟူသော အပ္ပိစ္ဆတာ အစရှိသော အရိယာသူတော်ကောင်း တရားလျှင် နီးစွာသောအကြောင်းရှိကုန်၏။

ဤသို့သောနည်းဖြင့် ဤ၌ အမှတ်လက္ခဏာ အစရှိသော အဆုံးအဖြတ်ကိုလည်း သိအပ်ကုန်၏။

သမာဒါန ဝိဓာနတောတိအာဒီသု ပန ပဠသု သဗ္ဗာနေဝ ဓုတင်္ဂါနိ ဓရမာနေ ဘဂဝတိ ဘဂဝတောဝသန္တိကေ သမာဒါတဗ္ဗာနိ။ ပရိနိဗ္ဗုတေ မဟာသာဝကသ သန္တိကေ။ တသ္မိံ အသတိ ခီဏာသဝသ။ အနာဂါမိသ။ သကဒါဂါ မိသ။ သောတာပန္နသ။ တိပိဋကသ။ ဒ္မိပိဋကသ။ ဧကပိဋကသ။ ဧကသံဂီတိကသ။ အဋ္ဌကထာစရိယသ။ တသ္မိံ အသတိ ဓုတင်္ဂရသ။ တသ္မိမ္မိ အသတိ စေတိယင်္ဂဏ သမ္မဇ္ဇိတ္တာ ဥက္ကုဋ္ဌိက နိသီဒိတ္တာ သမ္ဘာသမ္ဘုဒ္ဓသ သန္တိကေ ဝဒန္တေန ဝိယ သမာဒါတဗ္ဗာနိ။ အပိစ သယမ္မိ သမာဒါတုံ ဝဋ္ဋတိဧဝ။ ဧတ္ထ စ စေတိယပဗ္ဗတေ ဒ္မေဘာတိကတ္ထေရာနံ ဧဒ္မေဘာတု ဓုတင်္ဂပ္ပိဿ္ဆတာယ ဝတ္ထု ကထေတဗ္ဗံ။ အယံ တာဝ သာမာရဏကကထာ။

ဆောက်တည်ခြင်းစသော ငါးပါးသော အဆုံးအဖြတ်တို့တွင် ဆောက်တည်ခြင်းအဆုံးအဖြတ်ကား – ထိုအလုံးစုံသော ဓူတင်တို့ကို မြတ်စွာဘုရားထင်ရှားရှိခဲ့သော် မြတ်စွာဘုရား အထံတော်၌ ဆောက်တည်ရာ၏။ မြတ်စွာဘုရားပရိနိဗ္ဗာန်ဝင်စံခဲ့သော် အရှင်မဟာကဿပ ထေရ်အစရှိသော မဟာသာဝက။ မရှိခဲ့ပြန်သော် ခီဏာသဝရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ တိပိဋကဓရ၊ ဒ္မိပိဋကဓရ၊ ဧကပိဋကဓရ၊ ဧကသံဂီတိက၊ အဋ္ဌကထာဆရာ၊ ဓုတင်္ဂဓရတို့တွင် အစဉ်အတိုင်း တစ်ပါးပါးသော ပုဂ္ဂိုလ်တို့၏ အထံ၌ ဆောက်တည်ရာ၏။ ထိုပုဂ္ဂိုလ်လည်း မရှိခဲ့ပြန်သော် စေတီရင်ပြင်ကို တံမြက်လှည်း၍ ဆောင့်ကြောင့်ထိုင်လျက် မြတ်စွာဘုရား၏အထံတော်၌ လျှောက်ထားဆောက်တည်သကဲ့သို့ ဆောက်တည်ရာ၏။ တစ်နည်းသော်ကား မိမိအလိုလို ဆိတ်ဆိတ်လည်း ဆောက်တည်သင့်သည်သာလျှင်ဖြစ်ပေ၏။ ဤ၌ အထောက်သာဓကကား သီဟိဠ်ကျွန်း၌ ဒ္မေဘာတိကထေရ်ညီနောင်နှစ်ပါးတို့တွင် နောင်တော်သည် နေသဇ္ဇိကဓုတင်ကို ဆောက်တည်သတဲ့၊ တစ်နေ့သ၌ ညီတော်သည် လျှပ်စစ်ရောင်ဖြင့် ပြတင်းပေါက်မှ မြင်၍ မေးသည်ရှိသော် နောင်တော်ထေရ်သည် ဓုတင်အပ္ပိစ္ဆာအားဖြင့် မသိစိမ့်သောငှာ အိပ်ဟန်ပြု၍ နောက်မှ အလိုလိုဆောက်တည်ပြန်သည် ဟူ၍ အဋ္ဌကထာတို့၌ လာ၏။ ဤကား သာမာရဏကကထာတည်း။

၁-ပံသုကူလဝဂ္ဂတင်ကိုနိဒါန်ယ

ဣဒါနိ ဧကကဿ သမာဒါန ဝိဓာနပ္ပဘေဒေါ ဘေဒါနိသံသေ ဝဏ္ဏယိဿာမ။ ပံသုကူလိကင်္ဂ တာဝ "ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂ သမာဒိယာမိ"တိ ဣမေသု ဒ္ဝီသု ဝစနေသု အညတရေန သမာဒိနံ ဟောတိ။ ဣဒံ တာဝေတ္ထ သမာဒါနံ။ (၄)

"ပဗ္ဗဇိတော ဂဏှိဿတိ"တိ ဌပိတကံ သိယာ ဂဟပတိစီဝရံ၊ နှ ပန ဂဟပတိဒါနစီဝရန္တိ တာဒိသံ နိဝတ္ထေတုံ ဒါနဂ္ဂဟဏံ။

ယခုအခါ၌ တစ်ပါးပါးသော ဝတ်ကို သမာဒါန, ဝိဓာန, ပဘေဒ, ဘေဒ, အာနိသံသအားဖြင့် အကျယ်ဖွင့်ဆိုပေအုံ့။

ရှေးဦးစွာ ပံသုကူလဝတ်ကို ဆောက်တည်လိုသော ရဟန်းသည် "ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂ သမာဒိယာမိ" ဟူသောနှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်အပ်၏။ ဂဟပတိဒါနစီဝရံ၊ အိမ်ရှင်ဟုဆိုအပ်သော လူဒါယကာသည် လက်ဖြင့် ကပ်၍လှူအပ်သော သင်္ကန်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပံသုကူလိကင်္ဂ၊ ပံသုကူသင်္ကန်းကိုဆောင်ခြင်းတည်းဟူ သော အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

ဤဝတ်၌ ဥက္ကဋ္ဌပုဂ္ဂိုလ်အား ရဟန်းသည်လည်း ဂဟပတိအရာ၌ ဝင်၏။ မဇ္ဈိမ, မုဒုနှစ်ပါးတို့အား ဂဟပတိအရာ၌ မဝင်ပါ။ ဂဟပတိဒါနစီဝရ၌ ဒါနသဒ္ဒါထည့်သည်ကား "ရဟန်းသည် ယူလတ္တံ့သတည်းဟု လူတို့သည် ပစ်ထားအပ်သော ပံသုကူသည် ဂဟပတိစီဝရ မျှသော်ကား မည်၏။ ဂဟပတိသည် လက်ဖြင့် ကပ်၍လှူသည်မဟုတ်သောကြောင့် ဂဟပတိဒါန စီဝရကား မမည်။ ထို့ကြောင့် "ပဋိက္ခိပါမိ၊ ပယ်ပါ၏"ဟုဆိုရာ၌ မပါမဝင်သော သင်္ကန်းဖြစ်ပေ၏။ ယင်းသို့ဖြစ်ရကား ပယ်သောသင်္ကန်း၌ ပါဝင်ခြင်းမှကင်းစေလိုနှစ်စေလို၍ ထည့်လေသတည်း။ ဤကား မဟာဋီကာဆရာ၏အလိုတည်း။ စုလ္လဋီကာဆရာလည်း ဤနည်းပင် မိန့်ဆို၏။

ဤ၌ သမာဒါနအားဖြင့် ဆောက်တည်ခြင်းသို့ရောက်တန်စေ၊ ပဋိက္ခေပဖြင့် အဘယ်သို့လျှင် ရောက်ကောင်းအုံ့နည်းဟူမူကား အတ္ထာ ပန္နအားဖြင့် ရောက်ကောင်း၏။ အဘယ်ကဲ့သို့နည်းဟူမူ

ဒေဝ သမာဒိနဓုတင်္ဂေါနိ ပန တေန သောသာနိကဿ, ပါပဏိကဿ, ရထိယဿ, သက်္ကရဿ, သောတ္ထိယဿ, နှာနဿ,[1] တိတ္ထဿ, ဂတပစ္စာဂတဿ, အဂ္ဂိဟုမ်ိုး, ဂေါခါယိတဿ, ဥပစိကာခါယိတဿ, ဥန္ဒုရခါယိတဿ, အန္ဓဿ, ဗဓိရဿ, ဒသာစ္ဆိန္နဿ, ဓဇာဟတဿ, ထူပစီဝရံ, သမဏစီဝရံ, အာဘိသေကိကဿ, ဣဒ္ဓိမယဿ, ပဏ္ဍိကဿ, ဝါတာဟတဿ, ဒေဝဒတ္တိယဿ, သာမုဒ္ဒိယဿ ဒေတေသု အညတရံ စီဝရံ ဂဟေတ္တာ ဖာလေတ္တာ ဒုဗ္ဗလဋ္ဌာနံ ပဟာယ ထိရဋ္ဌာနာနိ ဟောရိတ္တာ စီဝရံ ကတ္တာ ပေါရာဏံ ဂဟပတိစီဝရံ အပနေတ္တာ ပရိဘုဉ္ဇိတဗ္ဗံ။ (၄)

"ဒေဝဒတ္တော ဒိဝါ နဘုတ္တော" ဟူသောပြယုဂ်၌ ဒေဝဒတ်သည် နေ့၌ မစားဟူ၍ ဆိုသည်ရှိသော် အာဟာရနှင့်ကင်း၍ အရှည်တည်ခြင်းသည် မဖြစ်ကောင်းရကား ညဉ့်၌စား၏ ဟူသော အနက်သည် အတ္ထာပန္နအားဖြင့် ရောက်ကောင်းဘိသကဲ့သို့ "ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ"ဟူ၍ ပယ်အပ်သည်ရှိသော် သက်နိုးနှင့်ကင်း၍ သာသနာတော်၌ မတည်သောကြောင့် ပံ့သုကူလစီဝရကို ဆောက်တည်၏ အနက်သည် အတ္ထာပန္နအားဖြင့် ရောက်ကောင်း၏ ရောက်၏ ဟုဆိုလိုသတည်း။ နောက်ဓုတင်တို့မှာလည်း ဤနည်းကိုမှီး၍ သိရာ၏။ ဤကား သမာဒါန ဝိနိစ္ဆယတည်း။

ဤသို့ ဆောက်တည်ပြီးသော ရဟန်းသည်ကား သောသာနိကအစရှိသော နှစ်ဆယ့်သုံး (၂၃) ပါးသော ပံ့သုကူတို့ကို ရှာမှီးသုံးဆောင်ရာ၏။ ထို (၂၃)ပါးတို့တွင် သောသာနိကဟူသည်ကား

(၁) သောသာနိကံ- သုသာန်၌ တစ်စုံတစ်ယောက်သောသူသည် ပစ်ချထားအပ်သော ပုဆိုး အထည်တည်း။

(၂) ပါပဏိကံ-ပါပဏိက ခေါ် ဈေးပြင်တံခါး၌ ပစ်ချထားအပ်သော ပုဆိုးအထည်တည်း။

(၃) ရထိယဿ- ရထားသွားလောက်သောလမ်း၌ ကုသိုလ်ကို လိုသောသူဟု၎ေသည် ပြုလုပ်ပေါက်ဖြင့် ပစ်ချထားအပ်သော ပုဆိုးတည်း။ မြို့လယ်သွားလောက်သော လမ်းခရီး၌ ဟုလည်း ဆိုကုန်၏။

(၄) သက်္ကရဿ-တံမြက်ချေးစုရာ အမှိုက်ပုံအရပ်၌ ပစ်ချထားအပ်သော ပုဆိုးအထည်တည်း။

(၅) သောတ္ထိယဿ- ကိုယ်ဝန်ရှိသောသူသည် သားဖွားသော အညစ်အကြေးကိုသုတ်၍ ပစ်ချထားအပ်သော ပုဆိုးအထည်တည်း။ ဤသို့သောပုဆိုးကိုကား တိသဏအမတ်၏ အမိသည်

တာဒိသာနိပိ ဟိ မနုဿာ ဆဋ္ဌေန္တိ။(၄)

တစ်သိန်းထိုက်သော ပုဆိုးဖြင့် ကိုယ်ဝန်၏ အညစ်အကြေးကို သုတ်၍ "ပံသုကူလ' ရဟန်းတို့သည် ကောက်ယူလတ္တံ့သတည်းဟု မဟာဂါမ၌ တာလဝေဠိမည်သောလမ်းခရီးမှ ပစ်လေသတတ်၊ အနုရာဓပြည်၌ ပစ်လေသည်ဟူ၍လည်း ဆိုကြ၏။ ပံသုကူလ ရဟန်းတို့သည်ကား အပ်ပ်ဆွမ်မှ၌ တည်ကုန်သည်ဖြစ်၍ မိမိသက်နှံးဟောင်းတွင် အိမ်မြောင် လဲလှယ်ရုံသာ ယူကုန်၏။

(၆) နှာနစောင်္ဂ–မြေဘုတ်ဆေးဆရာတို့သည် ဦးခေါင်းနှင့်တကွရေချိုးပြီးမှ ကာလကဏ္ဏီစောင် ဟူ၍ ရေချိုးပုဆိုးကို ပစ်ချထား၍ သွားကြလေကုန်၏။ ဤသို့သောပုဆိုးတည်း။

(၇) တိတ္ထစောင်္ဂ– ဦးခေါင်းလျှော်ရာဆိပ်၌ လျှော်၍ ပစ်ချထားအပ်သောပုဆိုးတည်း။

(၈) ဂတပစ္စာဂတံ–သုသာန်သို့ သွားသောသူတို့သည် ပြန်လာလျှင် မင်္ဂလာမရှိဟူ၍ စွန့်အပ်သော ပုဆိုးတည်း။

(၉) အဂ္ဂိဒဍ္ဎံ–မီးလောင်မာမီးလောင်ပေါက်ရှိသော ပုဆိုးတည်း။ ထိုပုဆိုးကိုလည်း ရှေးလူတို့ စွန့်ကုန်၏။

(၁၀) ဂေါခါယိတံ–နွားစားရာရှိသောပုဆိုးတည်း။

(၁၁) ဥပစိကာခါယိတံ– ခြကိုက်သောပုဆိုးတည်း။

(၁၂) ဥန္ဒုရခါယိတံ–ကြွက်ကိုက်ရာရှိသောပုဆိုးတည်း။

(၁၃) အန္တဿ္ဆိန်–အနားပြတ်သောပုဆိုးတည်း။

(၁၄) ဒသာဿ္ဆိန်–အမြီတ်အဆာပြတ်သောပုဆိုးတည်း။ ဤပုဆိုးတို့ကိုလည်း လူတို့စွန့်ကြကုန်၏ ဟူ၍ အဋ္ဌကထာ၌ သာမည်လာ၏။ ကြံအပ်၏။

(၁၅) ဓဇာဟတံ–သင်္ဘောသွားသောသူတို့သည် သင်္ဘောဆိပ်၌ ဖွဲ့အပ်သောတံခွန်တည်း, စစ်ထိုး သောသူတို့သည် စစ်မြေပြင်၌ ဖွဲ့သောတံခွန်တည်း။ ထိုနှစ်ပါးတို့တွင် သင်္ဘောတံခွန်ကာ မျက်စိမြင်ရုံကိုလွန်လျှင် ယူအပ်၏။ စစ်တံခွန်ကား စစ်သည်နှစ်ဘက်သားတို့ ဖဲသွားလေလျှင် ယူအပ်၏။

(၁၆) ထူပစီဝရံ–တောင်ပို့ကိုရစ်၍ ပူဇော်အပ်သောပုဆိုးတည်း။

(၁၇) သမဏစီဝရံ– ရဟန်းပဋ္ဌင်းသည် ပစ်အပ်သောသင်္ကန်းတည်း။

(၁၈) အာဘိသေကိကံ– မင်း၏ အဘိသိက်ရေခံရာအရပ်၌ စွန့်အပ်သောပုဆိုးတည်း။

(၁၉) ဣဒ္ဓိမယံ– မြတ်စွာဘုရားသည် ဇေတဝနကျွန်းတော်သောအခါ ဖြစ်သော သင်္ကန်းတည်း၊

တဲ ထောက် ရက္ခိတ္တာ ဂဟေတဗ္ဗံ (၄)

(၂၀) ပန္ဓိက်- ခရီးသွားသောသူတို့သည် သတိမေ့လျော့၍ လမ်းခရီး၌ ကျသော ပုဆိုးတည်း။ ထိုပုဆိုးကို "အနည်းငယ်စောင့်ဆိုင်း၍ ယူအပ်၏" ဟုဆိုသောကြောင့် အတန်ငယ်အနည်းငယ် ကာလပတ်လုံး စောင့်ဆိုင်းငံ့လင့်၍ ယူအပ်၏။ စုလ္လဋ္ဌိကာအလိုကား- အကြင်ရွှေ့လောက် ထိုကျသောပုဆိုးသည် အသာမိကဖြစ်ပြီး ပိုင်ရှင်ကင်းပြီဟု ဆိုအပ်သိအပ်၏။ ထိုရွှေ့လောက်. တိုင်အောင် စောင့်ဆိုင်းငံ့လင့်၍ ပုံ့သက္ကဟူသော အမှတ်ကိုပြု၍ ယူအပ်၏။ အရှင်သည် ပြန်၍တောင်းလာမူကား ပေးအပ်၏ဟူလို။

(၂၁) ဝါတာဟဠံ-လေတိုက်ခတ်၍ အဝေးသို့လွင့်သော ပုဆိုးတည်း။ ထိုပုဆိုးကိုလည်း ပိုင်ရှင်ကို ကြည့်၍ မမြင်သော် ယူအပ်၏။

(၂၂) ဒေဝဒတ္တိယံ-အနုရဒ္ဓါထေရ်အား နတ်သမီးလူသက္ခဲသို့ နတ်ပေးသောပုဆိုးတည်း။ ထိုသင်္ကန်းကိုကား နတ်သမီးသည် တံမြက်ချေးစုအမှိုက်ပုံ၌ အမြိတ်အဆာကို ဖော်ထုတ်ပစ်၏ဟု ဓမ္မပဒကျမ်း၌ လာ၏။

(၂၃) သာမုဒ္ဒိယံ- သမုဒ္ဒရာ လှိုင်းတံပိုးသည် ကြည်းကုန်းပေါ်သို့ ပစ်တင်အပ်သော ပုဆိုးတည်း။ ဤကား ပုံ့သက္ကဖြစ်ရာဖြစ်ကြောင်း (၂၃) ပါးတို့တည်း။

ထိုမှတပါး သံဃသ ဒေမ ဟူ၍ လူအပ်သောသင်္ကန်း, ဆွမ်းခံဝတ်ဖြင့် ရအပ်သောသင်္ကန်း ဤသို့သောသင်္ကန်းတို့သည်ကား ဤသို့ဆိုခဲ့ပြီးသော (၂၃) ပါးကုန်သော ပုံ့သက္ကသင်္ကန်းဖြစ်ရာဌာနတို့၌ မဝင်သောကြောင့် ပုံ့သက္ကမမည်ကုန်ဟူ၍ ဆို၏။ ဤကား မဟာဋ္ဌိကာအလိုတည်း။ စုလ္လဋ္ဌိကာ အလိုကား သံဃသ ဒေမဟု လူရာ၌ သံဃာသည် ဝေအပ်သောသင်္ကန်း, ဆွမ်းအလို့ငှာသွားကြရာ၌ ရသည်ကို ဝေသောသင်္ကန်းတို့သည် သမဏာစီဝရ၌ ဝင်အံ့လောဟု သင်္ကာယုံမှားခြင်းကို ပယ်လို၍ နှ တဲ ပုံ့သက္ကလ် ပုံ့သက္ကမဟုတ်ဟူ၍ ဆို၏။ ဘိက္ခုဒတ္တိယတွင်လည်း အကြင်သင်္ကန်းကို ပုံ့သက္ကလထေရ်၏ ဝါစဉ်အားဖြင့် ယူသော်လည်း ပေးအပ်၏။ သေနာသနသင်္ကန်းသော်လည်း ဖြစ်၏။ ထိုသင်္ကန်းသည် ပုံ့သက္ကမမည်ဟု ဆိုအပ်၏။

ဘိက္ခုဒ္ဒတ္တိယေပါ ယံ ဝဿဂ္ဂေန ဂါဟေတွာ ဝါ ဒီယတိ၊ သေနာသနစီဝရံ ဝါ ဟောတိ၊ နတं ပံသုကူလံ။ နော ဂါဟာပေတွာ ဒိန္နမေဝ ပံသုကူလံ။ (၄)

စူဠဝဂ္ဂအဋ္ဌကထာသေနာသနက္ခန္ဓက[1] အဖွင့်မဟာပစ္စရိအဆိုကား ထိုသို့သောသင်္ကန်းရှိသော ကျောင်း၌ ပံသုကူလထေရ်နေလတ်သည်ရှိသော် သေနာသနဂါဟာပကရဟန်းသည် အကြောင်းကို ပြောကြားအပ်၏။ ပြောကြားပါလျက် ဆိတ်ဆိတ်နေ၏။ ထိုသို့နေ၍ ဝါကျွတ်လသော် ထိုပံသုကူလထေရ်၏ ခြေရင်း၌ထား၍ ပုဆိုးကို လှူအပ်ကုန်၏ဟု မိန့်ဆို၏။ ဤအဆိုအရာ၌ ဖွင့်ဆိုသော ဝိမတိဋ္ဌိကာဆရာသည်ကား "ပစ္စယဒါယကာ ဒေန္တိ"ဟု ဖွင့်ဆို၏။ ထိုစကားပါ၌ဖြင့် လူတို့သည် ခြေရင်း၌ ထားသည်လည်း အပ်၏ဟူ၍ ပြ၏။

ဤဝိသုဒ္ဓိမဂ်၌ကား "နံ တံ ပံသုကူလံ"ဟု ပယ်၏။ ပံသုကူလထေရ်၏ ဝါစဉ်အားဖြင့် မယူစေမူ၍ အခြားရဟန်းတပါးက မိမိ၏ဝါစဉ်အားဖြင့် ယူ၍ ပစ်အပ်သောသင်္ကန်းသည်သာလျှင် ပံသုကူလမည်၏။ သေနာသနစီဝရကိုလည်း ထို့အတူပင် တစ်စုံတစ်ယောက်သောရဟန်းသည် မိမိအားရောက်စေဦး၍ မိမိဥစ္စာပြု၍ ပစ်သော်သာလျှင် အပ်အံ့သတည်း။ ထိုသို့သောအနက်ကို အကျယ်ပြအံ့သောငှာ တတြာပိစသည်ကို ဆိုတော်မူပြန်သတည်း။

ထိုသို့ ရဟန်းပစ်ရာ၌လည်း အကြင်သင်္ကန်းကို ဒါယကာတို့သည် ရဟန်းတစ်ပါးခြေရင်း၌ ထားအပ်၏။ ထိုရဟန်းသည်မူကား ပံသုကူလထေရ်၏ လက်၌ထားအပ်၏။ ထိုသင်္ကန်းသည်ကား ဧကတောသုဒ္ဓိမည်၏။ အကြင်သင်္ကန်းကို ဒါယကာတို့သည် ရဟန်းတစ်ပါး၏ လက်၌ ထား၍လှူ၏။ ထိုရဟန်းသည်မူကား ပံသုကူလထေရ်၏ ခြေရင်း၌ ထားအပ်၏။ ထိုသင်္ကန်းသည်လည်း ဧကတောသုဒ္ဓိမည်၏။ ဤသင်္ကန်းနှစ်မျိုးသည် မုဒုကပုဂ္ဂိုလ်အား မဆ္ဆိမသင်္ကန်းမည်၏။

အကြင်သင်္ကန်းကို ဒါယကာတို့သည်လည်း ရဟန်းတစ်ပါး၏ ခြေရင်း၌ ထားအပ်၏။ ထိုရဟန်းသည်လည်း ပံသုကူလထေရ်၏ ခြေရင်း၌ ထားအပ်၏။ ထိုသင်္ကန်းသည် ဥဘတောသုဒ္ဓိမည်၏။ ဤသင်္ကန်းသည်ကား မုဒုပုဂ္ဂိုလ်တွင် ဥက္ကဋ္ဌ သင်္ကန်းတည်း။

၁-စူဠဝဂ္ဂါဒိအဋ္ဌကထာ။ ၇၃။

ယံ ဟတ္ထေ ဌပေတွာ လဒ္ဓံ၊ ဟတ္ထေယေव ဌပိတံ၊ တံ အနုက္ကဋ္ဌစိဝရံ နာမ။ (ဌ-၁။ ၆၁) သမဏေန ပန ဟတ္ထေ ဌပေတွာ ဒိန္နံပိ ဂဏှတော မုဒုကောယေဝ၊ တေနေဝ ဟတ္ထေ ဌပေတွာ (လ) တံ အနုက္ကဋ္ဌစိဝရံ နာမာတိ ဝုတ္တံ။(စုလ္လဋီကာ)

အကြင်သင်္ကန်းကို ဒါယကာတို့သည် ရဟန်းတစ်ပါး၏ လက်၌ ထားအပ်၏။ ထိုရဟန်းသည်လည်း ပံသုကူလထေရ်၏ လက်၌သာလျှင် ထားအပ်၏။ ထိုသင်္ကန်းသည် အနုက္ကဋ္ဌစီဝရမည်၏။ မုဒုပုဂ္ဂိုလ်တွင် မုဒုသင်္ကန်းမည်၏ဟု ဆိုလိုသတည်း။ ထို့ကြောင့် စုလ္လဋီကာဆရာသည် "ရဟန်းသည် လက်၌ ထား၍လှူအပ်သော သင်္ကန်းကိုလည်း ယူသောရဟန်းအား မုဒုပုဂ္ဂိုလ်ဖြစ်ထိုက်သည်သာလျှင်တည်း။ ထို့ကြောင့်သာလျှင် "လက်၌ ထား၍(လ) ထိုသင်္ကန်းသည် မမြတ်သော သင်္ကန်းမည်၏"ဟူသော စကားကို မိန့်ဆိုတော်မူအပ်၏။ ဤကား ဝိဓာနဝိနိစ္ဆယတည်း။

အယ် ပန ပဘေဒေါ၊ တယော ပံသုကူလိကာ ဥက္ကဋ္ဌော မဇ္ဈိမော မုဒုတိ။ တတ္ထ သောသာနိကံယေဝ ဂဏ္ဌန္တော ဥက္ကဋ္ဌော ဟောတိ။ ပဗ္ဗဇိတာ ဂဏှိသဒ္ဓိံ ဌပိတကံ ဂဏ္ဌန္တော မဇ္ဈိမော။ ပါဒမူလေ ဌပေတွာ ဒိန္နကံ ဂဏ္ဌန္တော မုဒုတိ။ (ဌ)

ဣဒဏ္ဍ မုဒုကာနံ ဥက္ကဋ္ဌပရိစ္ဆေဒေါ သမဏေန ဟတ္ထေ ဌပေတွာ ဒိန္နံပိ ဂဏ္ဌတော မုဒုကောယေဝ။ (စုလ္လဋီကာ)

ပါဒမူလေ ဌပေတွာ ဒိန္နကံ သမဏေနာတိ အဓိပ္ပါယော။ (မဟာဋီကာ။ ၉၂)

ပဘေဒအားဖြင့်သော်ကား- ပံသုကူလိကရဟန်းတို့သည် ဥက္ကဋ္ဌ, **မဇ္ဈိမ**, မုဒုဟူ၍ သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် သုသာန်၌ ပစ်ထားသည်ကိုသာ ယူသောရဟန်းသည် ဥက္ကဋ္ဌမည်၏။ ရဟန်းတို့သည် ယူကုန်အံ့သတည်းဟူ၍ တံမြက်ချေးစုရာအမှိုက်ပုံစသည်တို့၌ ပစ်ထားသည်ကို ယူသောရဟန်းသည် မဇ္ဈိမမည်၏။ ခြေရင်း၌ ရဟန်းချင်းချင်း ပစ်ထားသည်ကို ယူသောရဟန်းသည်ကား မုဒုမည်၏။ ဤမုဒုပုဂ္ဂိုလ်အရာမှာ ခြေရင်းထား၍ ပေးလှူသည်ကို ယူသောရဟန်းသည် မုဒုမည်၏ဟူသော အဋ္ဌကထာဆရာ၏စကား၌ ပေးလှူသူဟူသောကတ္တားကို "ရဟန်း"ဟု မဟာဋီကာ, စုလ္လဋီကာဆရာတို့က ထည့်သွင်းတော်မူကြကုန်၏။ ထို့ကြောင့် မုဒုပုဂ္ဂိုလ်၏ခြေရင်း၌ ရဟန်းက ထား၍ ပေးလှူမှသာ အပ်၏ဟု ဆရာတို့၏အလိုကို သိရာ၏။

ရဟန်းချင်းချင်း လက်၌ထား၍ ပေးလှူသောသင်္ကန်းသည်ကား မုဒုပုဂ္ဂိုလ်မှာ မပျက်၊ ဥက္ကဋ္ဌသည်သာ ပျက်၏။ ထို့ကြောင့် လှူသည် ခြေရင်း၌ထားအပ်သော သင်္ကန်းသည်ကာ ဤဋီကာတို့နှင့် ဆန့်ကျင်နေပေ၏။ ထို့ပြင်" လှူက ပေးလှူသောသင်္ကန်းကို လက်ခံသာယာသော ခဏာ၌ ရှုတင်ပျက်၏"ဟု ဆိုသော စကားနှင့်လည်း ဆန့်ကျင်သည်ကို သတိပြုရာ၏။

ဤကား အမျိုးအစား ကွဲပြားခြင်းဟူသော ပဘေဒဝိနိစ္ဆယတည်း။

တေသု ယသ ကသ္ဓိ အတ္ထနော ရစိယာ ဂိဟိဒိန္နကံ သာဒိတကွဏော ဓုတင်္ဂံ ဘိဒ္ဒတိ။ အယမေတ္ထ ဘေဒေါ။ (၄)

ရစိယာတိ ဆန္ဒေန။ ခန္ဓိယာတိ နိဗ္ဗာနကွန္ဓိယာ။ (မဟာဋီကာ(ပ) ၉၂) ခန္ဓိယာတိ အဓိဝါသန ခန္ဓိယာ ပရိဘောဂါဓိပ္ပါယေန။ ဧတေန အတ္ထနော ဓာရဏာပရိဘောဂရစိယာ အဘာဝေ ဂိဟိနံ ပသာဒရက္ခဏတ္ထं တေဟိ ဒိယျမာနံ အပဋိက္ခိပိတ္တာ ပရေသံ ဒသ္သာမိတိ သာဒိတအာနန္ဒတ္ထေရာဒိနံ ဝိယ ဓုတင်္ဂဘေဒေါ နာ ဟောတိတိ ဒဿေတိ။ (စုလ္လဋီကာ)

ပျက်စီးခြင်းဘေဒအားဖြင့်သော်ကား- ထိုဥက္ကဋ္ဌ, မဇ္ဈိမ, မုဒု(၃)ပါးတို့တွင် တစ်ပါးပါးသော ရဟန်းအား မိမိကိုယ်တိုင်သုံးဆောင်လိုခြင်းဟူသော ရစိဆန္ဒအားဖြင့်လည်းကောင်း, ဝတ်ရုံသုံးဆောင်အံ့ဟု သည်းခံခြင်းတည်းဟူသော အဓိဝါသနခန္ဓိဖြင့်လည်းကောင်း လူဖြစ်သော ဒါယကာသည် ပေးလှူအပ်သောသင်္ကန်းကို လက်ခံသာယာသောခဏ၌ ဆောက်တည်ထားသော ဓုတင်စေတနာသည် ပျက်စီး၏။

စုလ္လဋီကာအလိုကား- မိမိကိုယ်တိုင်သုံးဆောင်လိုသောဆန္ဒဖြင့် အလှူခံလျှင်သာယာလျှင် ဓုတင်ပျက်၏။ ဤစကားဖြင့် မိမိကိုယ်တိုင်ဆောင်လိုခြင်း သုံးဆောင်လိုခြင်းဟူသော အလိုဆန္ဒမရှိခဲ့သော် လူတို့၏စိတ်ကြည်လင်မှုကိုစောင့်ခြင်းငှာ လူတို့လှူသောသင်္ကန်းကို မပယ်ဘဲ အခြားရဟန်းတို့အား ပေးအံ့ဟု နလုံးသွင်း၍ အလှူခံလျှင် ဓုတင်မပျက်သည်ကို ပြ၏။ ဥပမာအားဖြင့် အရှင်အာနန္ဒာသည် ဓုတင်ဆောက်တည်ပါလျက် သူတပါးတို့အား လှူအံ့ဟု စိတ်ထား၍ ကောသလမင်းလှူသော ဧကနံပုဆိုးကို အလှူခံသကဲ့သို့ လူတို့၏ပသာဒကို စောင့်ခြင်းငှာ အလှူခံသော်လည်း သုံးဆောင်လိုခြင်းအာလယဆန္ဒမရှိခြင်းကြောင့် ဓုတင်မပျက်သကဲ့သို့တည်း။ ဤကား စုလ္လဋီကာအလိုတည်း။

အတ္တနော ရစိယာ ဂိဟိဒိန္ဓကန္တိ ဂဏ္ဍ ဘန္တေ ဇတံ မမာနုဂ္ဂဟာယာတိ ဘိက္ခုသ ပါဒမူလေ ဌပိတံ နု ဝဋ္ဋတိ၊ သစေ ပန ဒိယျမာနံ နု ဂဏှိသတီတိ ဘိက္ခုသ ပါဒမူလေ ဆဋ္ဌေတွာ နိရပေက္ခာ ဂစ္ဆန္တိ၊ ဂဟေတုံ ဝဋ္ဋတိ။ (ဂဏ္ဌိ)

ဂဏ္ဌိ၏ အဓိပ္ပာယ်ကား "အတ္တနော ရစိယာ ဂိဟိဒိန္ဓကံ"[1]ဟူသောစကားကြောင့် "အရှင်ဘုရား-အကျွန်ုပ်အား အစဉ်ချီးမြှောက်ခြင်းငှာ ဤသက်နှံကို အလှူခံတော်မူပါလော့" ဟူ၍ ပံသုကူလမထေရ်၏ ခြေရင်း၌ လူသည် ထားအပ်သောသက်နှံသည် မအပ်။ အကယ်၍ကား တိုက်ရိုက်ပေးလျှင် မယူလတ္တံ့ဟူ၍လည်းကောင်း, ရှေ့တွင် နေ၍ ပေးသော် မယူလတ္တံ့ဟူ၍လည်းကောင်း ဤသို့မယူလတ္တံ့မယူမည်ကို စိုးရိမ်ကြောက်ရွံ့သောကြောင့် ပံသုကူလရဟန်း၏ ခြေရင်း၌ ပစ်ထားခဲ့၍ ငဲ့ကွက်ခြင်းမရှိဘဲ သွားကြလေကုန်၏။ ထိုသို့သော သက်နှံကိုကား ယူအပ်၏ဟု ဆို၏။ ဤသို့ မျှားစွာဆိုသော အဋ္ဌကထာဋီကာဂဏ္ဌိပါဠိတို့၌ "လူသည် ထားအပ်သည်"ဟု မဆိုရကား ရဟန်းသည်ထားအပ်သော ပါဒမူလိကကို သိအပ်၏ဟူသော စကားသည်သာ သင့်မြတ်၏။

အဂ္ဂိဌမမိုးလောင်ပေါက်, ဂေါခါယိတန္တားစားရာ အစရှိသော ပုဆိုးတို့သည်ကား ထိုသို့သော ပုဆိုးတို့ကို လူတို့စွန့်ပစ်ကြကုန်၏ဟု ဆိုသောကြောင့် လူတို့၏လက်၌ပင် ဆဋ္ဌနိယစွန့်အပ်ပြီးသည်၏အဖြစ်သို့ ရောက်ကုန်၏။ သုဒိန္နဝတ္ထု ,ရဋ္ဌပါလဝတ္ထုတို့၌ ဆဋ္ဌနိယစွန့်အပ်ပြီးဖြစ်သော မုယောမုန့်ကို ဥက္ကဋ္ဌဖြစ်သော ပိဏ္ဍပါတိကဓုတင်ဆောင် ရဟန်းသည် ဝိညတ်ပြု၍ တောင်း၍ယူရာ၌ ဓုတင်အညစ်အကြေးသည်လည်းကောင်း, တောင်းယူမှုအပြစ်သည်လည်းကောင်း မဖြစ်ဟု ဆိုသောကြောင့် ဤသို့သော ဆဋ္ဌနိယ စွန့်အပ်ပြီးအဖြစ်ကို သိ၍ မည်သည့်အရပ်ကို ပစ်လော့ဟု ဝိညတ်ပြုသော်လည်းကောင်း, ခြေရင်းအစရှိသည်တို့၌ ထားသည်ကို လက်ဖြင့်မယူမူ၍ စိတ်ဖြင့်သာယာသော်လည်းကောင်း အပ်, မအပ်ကို ကြံအပ်၏။

၁-ဝိသုဒ္ဓိမဂ္ဂ(ပ) ၆၁

အဒ္ဓါနမဂ္ဂပဋိပန္နေသု ကေစိ ဘိက္ခူ။ ပဲသုကူလတ္ထာယ သုသာနံ သြက္ကမန္တိ ။ သစေ ယဒိ ပန မနုဿာ ဣဓာဂတာ ဧဝ ဂဏှန္တိ။တိ ဝဒန္တာ သညာဏံ ဝါ ကတ္တာ ဂစ္ဆန္တိ၊ သြက္ကန္တာနံယေဝ ပါပုဏန္တိ။

အယံ ပနာနိသံသော "ပဲသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ"တိ ဝစနတော နိဿယာနုရူပပဋိပတ္တိသဗ္ဘာဝေါ၊ ပဌမေ အရိယဝံသေ ပတိဋ္ဌာနံ၊ အာရက္ခဒုက္ခာဘာဝေါအာဒိ။

ခရီးရှည်သွားကြကုန်သော ရဟန်းတို့တွင် အချို့ရဟန်းတို့သည် ပုံ့သကူရရန်အကျိုးငှာ သုသာန်သို့ ဝင်သွားကြကုန်၏။ အကယ်၍ကား လူတို့သည် ဤသုသာန်သို့လာကုန်သောသူတို့သာ ယူကြစေကုန်သတည်းဟု ဆိုကြကုန်၍ အမှတ်ပြုလျက် သွားကုန်ကြား၏။ သုသာန်သို့ဝင်ကုန်သော ရဟန်းတို့အားသာ ရောက်ကုန် ရကုန်၏။ ဤသို့ သုသာန်၌ လူတို့သည် နှုတ်မြွက်၍ ပစ်ထားသော်လည်း စက်ဆုပ်ဖွယ်အရေပ်၌ဖြစ်သောကြောင့် ဥက္ကဋ္ဌပုံ့သကူဖြစ်သကဲ့သို့ မီးလောင်ခြင်း ကြွက်ခဲခြင်းစသည်တို့ကြောင့် ဆဋ္ဌနိယဖြစ်ပြီးသောပုဆိုးတို့သည်လည်း ပုံ့သကူလလက္ခဏာသို့ အလိုလိုပင်ရောက်ပြီးဖြစ်သောကြောင့် သဒ္ဓါကြည်သို့၍ ပစ်သောပုဆိုးတို့မှထူး၏။ ထူးခြင်းကြောင့် ဝိညတ်ပြု၍ဖြစ်စေသော်လည်းကောင်း, ခြေရင်းစသည်၌ ဆဋ္ဌနိယစွန့်အပ်ပြီးဟု ပြောကြား၍ ထားသည်ကို အသင့်နလုံးသွင်း၍ သာယာသော်လည်းကောင်း အပ်ပါအံ့သကဲ့သို့ ထင်၏။ ဤကား ငါတို့ အလိုတည်း။ ဆိုခဲ့ပြီးသည်ကား (ဓုတင်ပျက်ခြင်း)ဘေဒတည်း။

အာနိသံသကား- ပဲသုကူလကိုမှီ၍ ရဟန်းဖြစ်၏ဟူသော ဒုတိယနိဿယနှင့်လျော်စွာ ကျင့်ခြင်း၏ ထင်ရှားဖြစ်ခြင်း, ပဌမအရိယဝံသ၌တည်ခြင်း, စောင့်ရှောက်ရသောဆင်းရဲမရှိခြင်း သူနှင့်မစပ်သောအသက်မွေးခြင်း, ခိုးသူဘေးမှ မကြောက်ရခြင်း, သုံးဆောင်ရာ၌တဏှာမဖြစ်ခြင်း, ရဟန်းအားလျော်သောပရိက္ခရာဖြစ်ခြင်း, အဖိုးနည်းရလွယ်အပြစ်မရှိဟု ဘုရားချီးမွမ်းအပ်သော ပစ္စည်းအဖြစ်, ကြည်သိုဖွယ်ရှိသောအဖြစ်, အလိုနည်းခြင်းစသည်တို့၏ အကျိုးပြုခြင်း, ကောင်းသော အကျင့်တို့၏ အစဉ်ပွားခြင်း, နောက်၌ဖြစ်သောရဟန်းတို့အား ဒိဋ္ဌာနုဂတိသို့ကောင်းစွာရောက်စေခြင်း ဤသို့သောအကျိုးတို့သည် ဖြစ်ကြကုန်၏။

(က) မာရသေန ဝိယာတာယ၊ ပဲသုကူလဓရော ယတိ။
သန္နဒ္ဓကဝစော ယုဒ္ဓေ၊ ခတ္တိယော ဝိယ သောဘတိ။
(ခ) ပဟာယ ကာသိကာဒီနိ၊ ဝရဝတ္ထာနိ ဓာရိတံ။
ယံ လောကဂရုနာ ကော တံ၊ ပဲသုကူလံ နု ဓာရယေ။
(ဂ) တသ္မာ ဟိ အတ္တနော ဘိက္ခု၊ ပဋိညံ သမနုဿရံ။
ယောဂါစာရာနုကူလမှိ၊ ပဲသုကူလေ ရတော သိယာ။

(က) မာရသေနံ၊ မာရ်စစ်သည်ကို။ ဝါ၊ မာရ်စစ်သည်ဟုဆိုအပ်သောကိလေသာကို။ ဝိယာတာယ၊ ဖျက်ဆီးခြင်းငှာ။ ပဲသုကူလဓရော၊ ပုံသုကူကိုဆောင်သော။ ယတိ၊ ရဟန်းသည်။ ယုဒ္ဓေ၊ စစ်မြေပြင်၌။ သန္နဒ္ဓကဝစော၊ ကောင်းစွာဖွဲ့အပ်သော ချပ်တန်ဆာရှိသော။ ခတ္တိယော ဝိယ၊ မင်းကဲ့သို့။ သောဘတိ၊ တင့်တယ်၏။

(ခ) လောကဂရုနာ၊ လူကို့၏ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည်။ကာသိကာဒီနိ၊ ကာသိတိုင်းဖြစ် အဝတ်အထည်အစရှိကုန်သော။ ဝရဝတ္ထာနိ၊ မြတ်သောအဝတ်အထည်တို့ကို။ ပဟာယ၊ ပယ်စွန့်၍။ ယံ ပဲသုကူလံ၊ အကြင်ပုံသုကူသင်္ကန်းကို။ ဓာရိတံ၊ ဆောင်တော်မူအပ်၏။ တံ၊ ထိုပုံသုကူသင်္ကန်းကို။ ကော၊ အဘယ်သူသည်။ နု ဓာရယေ၊ မဆောင်နိုင်ဘဲရှိပါအံ့နည်း။

(ဂ) တသ္မာ ဟိ တသ္မာ ဇဝ၊ ထို့ကြောင့်သာလျှင်။ အတ္တနော၊ မိမိ၏။ ပဋိညံ၊ ပဋိဉာဏ်ဖြစ်ရာသိမ်၌ ဝန်ခံခဲ့ခြင်းကို။ သမနုဿရံ၊ သမနုဿရန္တော၊ ကောင်းစွာအောက်မေ့သော။ ဘိက္ခု၊ ရဟန်းသည်။ ယောဂါစာရာနုကူလမှိ၊ ယောဂီအကျင့်အားလျော်စွာသော။ ပဲသုကူလေ၊ ပုံသုကူသင်္ကန်း၌။ ရတော၊ မွေ့လျော်သည်။ သိယာ၊ ဖြစ်ရာ၏။

ဤသို့ဆိုအပ်ခဲ့ပြီးသည်ကား ရှေးဦးစွာသော ပဲသုကူလဓုတင်၌ သမာဒါန, ဝိဓာန, ပဘေဒ, ဘေဒ, အာနိသံသ ဝိနိစ္ဆယဖြစ်သော အဖွင့်တည်း။

ပဌမဓုတင်ပြီး၏။

၂-တေစီဝရိကဓုတင်ဝိနိစ္ဆယ

တေစီဝရိကင်္ဂ "စတုတ္ထကစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ"တိ ဣမေသံ အညတရဝစနေန သမာဒိနဲ့ ဟောတိ။ (၄)

နိဒ္ဒိတေ ရဇနေ ပန အရဏ် ဥဒ္ဒါပေန္တသ ဓုတင်္ဂေဒေါ ဟောတိတိ အဓိပ္ပါယော။ (စုလ္လဋီကာ)

တိစီဝရိက်ရှုတင်ကို ဆောက်တည်လိုသော ယောဂီရဟန်းသည် "စတုတ္ထကစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ"ဟူသော နှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။ စတုတ္ထကစီဝရံ၊ ဝတ်လောက်ရုံလောက်အဓိဋ္ဌာန်လောက်သော လေးထည်မြောက်သောသင်္ကန်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ တေစီဝရိကင်္ဂံ၊ ဒုကူဋ်, ကိုယ်ဝတ်, သင်းပိုင် ဟူသော သင်္ကန်းသုံးထည်ကို ဆောင်သောအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ ဤကား သမာဒါနတည်း။

ထိုသို့ဆောက်တည်ပြီးသော ယောဂီရဟန်းသည်ကား သင်္ကန်းလျှာပုဆိုးကို ရလက်သည် ရှိသော် အကြင်ရွှေ့လောက် မကျန်းမာအနာရောဂါရှိနေသဖြင့် သင်္ကန်းချုပ်ရန် မစွမ်းနိုင်သေး, အကြင်ရွှေ့လောက် သင်္ကန်းစီရင်တတ်သူကိုမရသေး, အကြင်မျှလောက် အပ်စသည်တို့တွင် တစုံတခုမျှသည်လည်း မပြည့်စုံသေး။ ထိုမျှလောက် ထားအပ်၏။ (၁၀) ရက်လွန်သည်ဖြစ်မူကား ပရိက္ခာရစောဌအဓိဋ္ဌာန်တင်အပ်၏။ ထားခြင်းကြောင့် ပုဆိုးကိုဆည်းပူးခြင်း, လေးထည်မြောက် ဂို သာယာခြင်းဟူသော် အပြစ်ဒေါသမရှိ။ ဆိုးရွားပြီးပြီးသောအခါမှ စရှိမူကား ထားခြင်ငှာမအပ်။ ဓုတင်္ဂစောရမည်၏။ ထို့ကြောင့် စုလ္လဋီကာ၌ "သင်္ကန်းဆိုးရှ ပြီးစီးခဲ့သော် အရဏ်တက်သော ရဟန်းအား ရှုတင်ပျက်၏ဟူသော စကားကိုမိန့်ဆိုထား၏။ ဤကား ဝိဓာန(စီရင်ခြင်း)တည်း။

ပဘေဒတော ပန အယမ္မိ တိဝိဓော ဟောတိ။ တတ္ထ ဥက္ကဋ္ဌေန ရဇနကာလေ ပဌမံ အန္ဓ ရဝါသကံ ဝါ ဥတ္တရာသဠှံ ဝါ ရဇိတ္တာ တံ နိဝါသေတ္တာ ဣတရံ ရဇိတဗ္ဗံ။ တံ ပါရုပိတ္တာ သယံဘဋိ ရဇိတဗ္ဗာ။ သယံဘဋိံ ပန နိဝါသေတုံ နဝ ဝဋ္ဋတိ။ ဣဒမသ္သ ဂါမန္တ သေနာသနေ ဝတ္တံ။(၄)

ပဘေဒ အပြားအားဖြင့်သော်ကား ဤတေစီဝရိကသည်လည်း ဥက္ကဋ္ဌ, မဇ္ဈိမ,မုဒုဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌရဟန်းသည်ကား ဆိုးသောအခါ၌ ရှေးဦးစွာ သင်းပိုင်ကိုလည်းကောင်း, ကိုယ်ဝတ်ကိုလည်းကောင်း ဆိုးဦး၍ ပြီးသောသင်္ကန်းကိုဝတ်၍ ဤမှတပါးသော သင်္ကန်းကို ဆိုးအပ်၏။ကိုယ်ဝတ်ကိုရုံ၍ ဒုကဋ်ကို ဆိုးအပ်၏။ဒုကဋ်ကိုကား မဝတ်အပ်။ အဘယ်ကြောင့်နည်းဟူမူကား ကေစိဆရာတို့က ဝတ္တဘေဒဒုက္ကဋ်သင့်၏ဟု ဆိုကြကုန်၏။ အညေဆရာတို့က ဒုပရိဘောဂဖြစ်သောကြောင့် မအပ်ဟု ဆိုကြကုန်၏။ အပရေဆရာတို့ကား ဒုကဋ်ဖြင့် အာယောဂပတ်ဖွဲ့ခြင်းကို ပယ်သောသိက္ခာပုဒ်အား လျော်သောကြောင့် အနာဒရမတ္တ မရိသေခြင်းမျှ၌ ဒုက္ကဋ်သင့်ကောင်းသောကြောင့်ဟု ဆိုကုန်၏။ ဤစကားသည် သာလျှင် ဣဒမသ္သ (လ)ဝတ္တံဟူ သော အဋ္ဌကထာနှင့်ညီသောကြောင့် သင့်မြတ်၏။ (စုလ္လဋ္ဌီကာ) ဤကား ရွာနီးကျောင်း၌ ကျင့်အပ်သော ကျင့်ဝတ်တည်း။

တောကျောင်း၌သော်ကား သုံးထည်လုံးကို တပြိုင်နက်ဖွပ်အံ့သောဌာ အပ်၏။ အကြင်အခြင်း အရာအားဖြင့် တစ်စုံတစ်ယောက်သောသူကိုမြင်လျှင်သင်္ကန်းကိုဆွဲငင်၍ ကိုယ်လုံး၌ဖုံးလွှမ်းခြင်းဌာ တတ်ကောင်း၏။ ထိုသို့သောအရပ်၌ နေအပ်၏။ဤကား ဥက္ကဋ္ဌကို ဆိုလိုသည်။ မဇ္ဈိမကား သင်္ကန်းဆိုးရာဇရပ်၌ အစဉ်ထားအပ်သော "ရဇနကာသာဝ"မည်သော ဆိုးခိုက်၌သာဝတ်အပ်သော သင်္ကန်းသည် ရှိ၏။ ထိုသင်္ကန်းကို ဝတ်ရုံ၍ ဆိုးခြင်းဖွပ်ခြင်းအမှုကို ပြုအပ်၏။ ထိုသင်္ကန်းမရှိမူကား နောက်၌ အံ့သကာသာဝကို ခွင့်ပြုရကား ထိုအံ့သကာသာဝကို ဝတ်ရုံ၍သော်လည်းကောင်း ဥက္ကဋ္ဌကဲ့သို့ပြု၍သော်လည်းကောင်း ဆိုးအ့ပ်၏။ မုဒုဖြစ်သောရဟန်းသည်ကား သဘာဝဖြစ်သော ရဟန်းတို့၏ သင်္ကန်းကို ဝတ်ရုံ၍သော်လည်း ဆိုးအပ်၏။ ထိုနေရာကျောင်း၌ အိပ်ရာလွှမ်း အဖြစ်ဖြင့်တည်သော တတြဋ္ဌက ပစ္စတ္ထရဏသည်လည်း ထိုမုဒုရဟန်းအား အပ်၏။ ဤကား အဋ္ဌကထာဆရာအလိုတည်း။

တတြဋ္ဌကပစ္စတ္ထရဏမှိ တသ ဝဋ္ဋတိ။ ပရိဟရိတုံ ပန နိ ဝဋ္ဋတိ။ သဘာဂဘိက္ခူနံ စီဝရမှိ အန္တရန္တရာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ဒုတဂ်ံတေစီဝရိကသ ပန စတုတ္ထံ ဝတ္ထုမာနံ အံသကာသာဝမေဝ ဝဋ္ဋတိ။ (၆) အတ္ထနော ဝါ ပရသ ဝါ သန္တကံ သေနာသနေ ပစ္စတ္ထရဏဝသေန အဓိဋ္ဌိတံ။ အံသကာသာဝံ ပရိက္ခာရစောဠံ ဟောတိ။ ဣတိ "ပစ္စတ္ထရဏံ, အံသကာသာဝန္တိ ဣမာနိ ဒွေပိ အတိရေကစီဝရဋ္ဌာနေ ဋ္ဌိတာနိပိ ဒုတဂ်ံဘေဒံ နကရောန္တိ"တိ အဋ္ဌကထာယံ ဝုတ္တန္တိ ဝဒန္တိ။ (မဟာဋီကာ(ပ) ၉၃)

မဟာဋီကာအလိုသော်ကား ထိုနေရာကျောင်း၌ အိပ်ရာလွှမ်းအဖြစ်ဖြင့် အဓိဋ္ဌာန်တင်အပ်သော မိမိဥစ္စာ သူတပါးဥစ္စာဖြစ်သော အိပ်ရာလွှမ်းသည်လည်း ထိုမဒုရဟန်းအား သက်နှံးဆိုးအပ်သောအခိုက်အခါ၌ အပ်၏ဟု လာ၏။ စုလ္လဋီကာအလိုကား ထိုကျောင်း၌ အိပ်ရာလွှမ်းအားဖြင့်ထားအပ်သော ဆိုးအပ်သောဖန်ရည်ဖြင့်ပြီးသော သံယိကပစ္စတ္ထရဏသည်လည်းကောင်း, အခြားရဟန်း၏ပုဂ္ဂလိကဖြစ်သော ပစ္စတ္ထရဏသည်လည်းကောင်း သက်နှံးဆိုးခိုက်၌ အပ်၏ဟု လာ၏။ စုလ္လဋီကာစကားသည်ကား "ပရိဟရိတုံ ပန နိ ဝဋ္ဋတိ"ဟူသော အဋ္ဌကထာပါဠိနှင့်မတန်။ ဆိုလတ္တံ့ကား မဟာဋီကာအဆိုစကားတည်း။ မိမိဥစ္စာ သူတပါးဥစ္စာ အိပ်ရာလွှမ်းကိုလည်း အိပ်ရာလွှမ်းအားဖြင့် အဓိဋ္ဌာန်တင်အပ်၏။ အံသကာသာဝ–ပခုံးလွှမ်းအထည်သည်လည်း ပရိက္ခာရစောဠဖြစ်၏။ ဤနှစ်ထည်သော သက်နှံးတို့သည်ကား အတိရေကစီဝရအရာ၌ တည်ကုန်လျက်လည်း အိပ်ရာလွှမ်းကိုလည်း ခွင့်ပြုသည့်အတိုင်း ဆိုးဖွယ်သောအခါ၌သာ ဝတ်၍ ကြွင်းသောအခါ၌ အိပ်ရာ၌ လွှမ်းအပ်သောကြောင့်, အံသကာသာဝသည်လည်း တိစီဝရိက်ကဲ့သို့ အဓိဋ္ဌာန်လောက်ဝတ်လောက်ရုံလောက်သော ပမာဏမရှိသောကြောင့် ရှုတင်ကို မပျက်စေဟု ဆိုသတည်း။ ထို့ကြောင့် "ပရိဟရိတုံ(လ) နိစ္စပရိဘောဂဝသေန နဝဋ္ဋတိ"ဟူ၍ ဖွင့်ပြန်သတည်း။ ဤသို့ဖွယ်ဆိုးသောကာလ၌သာ ဝတ်ရုံခြင်းဟူသော ပရိဘောဂကို ခွင့်ပြုသောကြောင့် ကြွင်းသောကာလ၌ အမြဲဝတ်ခြင်းဟူသော ပရိဘောဂအားဖြင့် မအပ်ဟူ၍ ဖွင့်ရကား အိပ်ရာလွှမ်း၌ အိပ်ခြင်းငှာသော်ကား အပ်၏ဟူသော အနက်သည် ကျရောက်၏။

စတုတ္ထစီဝရန္တိ အဓိဋ္ဌာနမဂ် နိဝါသနပါရုပနာရဟ် သန္နာယ ဝုတ္တံ။ တေန နိဝါသန ပါရုပနာရဟာနံ စတုတ္ထကနိသီဒနာဒိအဝသဂ်နိယာနံ အပဋိက္ခိပိတဗ္ဗတာ ဒဿိတာ ဟောတိ။ (စုလ္လဋီကာ)။ ဓုတင်္ဂတေစီဝရိကဿ ပန စတုတ္ထံ ဝတ္ထုမာနံ အံသကာသာဝမေဝ ဝဋ္ဋတိ။ တဿ ခေါ ဝိတ္ထာရတော ဝိဒတ္ထိ၊ ဒီဃတော တိဟတ္ထမေဝ ဝဋ္ဋတိ။ (မဟာဋီကာ (ပ)၆၂)

ထိုသို့ကျရောက်သောကြောင့် အောက်၌ "စတုတ္ထစီဝရ ဟူသည် အဓိဋ္ဌာန်လောက် ဝတ်လောက် ရုံလောက်သောသင်္ကန်းကို ရည်ရွယ်သည်။ ထိုစကားဖြင့် မဝတ်မရုံထိုက်သော နိသီဒိုင်စသော အဖြစ်ဖြင့် သုံးဆောင်အပ်ကုန်သော သင်္ကန်းတို့၏ မပယ်အပ်သည်၏အဖြစ်ကို ပြသည်"ဟူသော စုလ္လဋီကာဆရာဆိုခဲ့သော စကားနှင့်လည်း တန်သည်ပင်။ ထို့ကြောင့် သုံးထည်သော သင်္ကန်း အောက်ငယ်သော ပမာဏရှိသော နိသီဒိုင်အစရှိသောအဖြစ်ဖြင့် သုံးဆောင် အပ်သော သင်္ကန်းတို့သည်လည်းကောင်း, ဖွပ်ဆိုးသောအခါ ဝတ်လောက်ရုံလောက်သော, ကြွင်းသောအခါ၌ အိပ်ရာ၌သာလွမ်း၍အိပ်သော သင်္ကန်းသည်လည်းကောင်း ဓုတင်မပျက်ဟူ၍ သိရာ၏။ ကြီးကြားရုံခါဝတ်ရုံသုံးဆောင်သော်ကား မအပ်။ နိသီဒနာဒိ၌ အာဒိသဒ္ဒါဖြင့်ကား ငယ်သောပမာဏ ရှိသော မျက်နှာသုတ်ကိုလည်း မျက်နှာသုတ်ခြင်းငှာ, အမာလွမ်းကိုလည်း အမာလွမ်းတန်ရုံ တစ်တောင့်ထွာခန့်သာ အပ်၏ဟု သင်ကြားပေါင်းယူအပ်၏။ ဝိနည်း၌ခွင့်ပြုတော် မူသည့်အတိုင်း ကိုယ်လုံးရုံလောက်သော အမာလွမ်း, မိုးရေခံပုဆိုး, ရေသနုပ်တို့သည်ကား ဝတ်ရုံလောက်သည်ကို ဤ၌ ပယ်သောကြောင့် မအပ်။ သဘာဝရဟန်းတို့၏ သင်္ကန်းကို ကြိုးကြားခဏဝတ်ရုံလျှင် အပ်၏။ အဋ္ဌကထာ၌ အံသကာသာဝနှင့် ပစ္စတ္ထရဏကိုသာ ထုတ်၍ ဆိုသည်ကား ကိုယ်လုံး ရုံလောက်သောကြောင့်တည်း။ ဤဆိုလတ္တံ့သည်ကား အံသကာသာဝ၏ အဆုံးအဖြတ်တည်း။ "ဓုတင်္ဂတေစီဝရိကဿ (လ) အံသကာသာဝမေဝ ဝဋ္ဋတိ၊ တဿ ခေါ ဝိတ္ထာရတော ဝိဒတ္ထိ၊ ဒီဃတော တိဟတ္ထမေဝ ဝဋ္ဋတိ" ဟူသော အဋ္ဌကထာပါဋ္ဌ၏ အဓိပ္ပာယ်ကား တေစီဝရိကဓုတင်ကို ဆောက်တည်သောရဟန်းတို့အား ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဝတ်လောက် ရုံလောက် လေးထည်မြောက်သော သင်္ကန်းသည် အပ်သည်ရှိသော် အံသကာသာဝသည်သာ အပ်၏။ ထိုသည်လည်း အနုံ(၁)ထွာ၊ အလျား (၃)တောင်သည်သာ အပ်၏ ဟူလိုသော်။

အံ့သကာသာဝံ တိဏ္ဍံ စိဝရာနံ ကိဠိ အသာဓိတတ္တာ စိဝရသံခ္ပ နာ ဂစ္ဆတိ။ တသ္မာ ပရိကၠာရစောဠံ အဓိဋ္ဌာတဗ္ဗံ။ (ဂဏ္ဌိ) ။အံ့သကာသာဝန္တိ ခန္ဓေ ဌပေတဗ္ဗကာသာဝံ။ (မဟာဋီကာ)

စတုတ္ထန္တိ နိဝါသနပါရုပနာရဟံ။ တေနာဟ အံ့သကာသာဝန္တိ။ ပါရုပနစိဝရေ သေဒါဒိမလလေပနိဝါရဏတ္ထံ အံ့သေ စ ပဌမံ ပါရုပိတဗ္ဗံ အံ့သကာသာဝန္တိ အတ္ထော။ (စုလ္လဋီကာ)

အံ့သကာသာဝံ၊ အံ့သကိုင်ခေါ် ပခုံးလွှမ်းသည်။ တိဏ္ဍံ စိဝရာနံ၊ သုံးထည်သောသင်္ကန်း ဟု,တွင်။ ကိဠိ၊ တစုံဟာခုတစ်ထည်မျှကို။ အသာဓိတတ္တာ၊ မပြီးစေတတ်သည်၏အဖြစ်ကြောင့်။ စိဝရသံခ္ပ၊ သင်္ကန်းဟု ခေါ်ဝေါ်ခြင်း ရေတွက်ခြင်းသို့။ နာ ဂစ္ဆတိ၊ မရောက်။ တသ္မာ၊ ထို့ကြောင့်။ ပရိကၠာရစောဠံ၊ ပရိကၠရာပုဆိုးပိုင်းဟူ၍။ အဓိဋ္ဌာတဗ္ဗံ၊ ဆောက်တည်အပ်၏။ (ဂဏ္ဌိအနက်)

အံ့သကာသာဝန္တိ၊ အံ့သကာသာဝံ ဟူသည်ကား။ ခန္ဓေ၊ ပခုံး၌။ ဌပေတဗ္ဗကာသာဝံ၊ ထားအပ်သောပုဆိုးပိုင်းတည်း။ (ဤကား မဟာဋီကာအနက်) ဤဋီကာကိုထောက်၍ ဆရာတို့သည် သင်းပိုင်သင်္ကန်းအောက်ငယ်သော သင်္ကန်းကို တစ်ထွာခန့်ခေါက်၍ ပခုံး၌ အံ့သကိုက်ဟု တင်ကုန်၏။

စတုတ္ထန္တိ၊ စတုတ္ထအထည်ဟူသည်ကား။ နိဝါသနပါရုပနာရဟံ၊ ဝတ်ကိုက်ရုံထိုက်သော ပုဆိုးပိုင်းအထည်တည်း။ တေန၊ ထို့ကြောင့်။ အံ့သကာသာဝန္တိ၊ အံ့သကာသာဝဟူ၍။ အာဟ၊ ဆိုတော်မူ၏။ ပါရုပနစိဝရေ၊ ကိုယ်ရုံဇကသီသင်္ကန်း၌။ သေဒါဒိမလလေပနိဝါရဏတ္ထံ၊ ချွေးစသောအညစ်အကြေးလူးလဲလိမ်းကျံခြင်းကို ကာကွယ်တားမြစ်ရန် အကျိုးငှာ။ အံ့သေစ၊ ပခုံး၌လည်း။ ပဌမံ၊ ရှေးဦးစွာ။ ပါရုပိတဗ္ဗံ၊ ရုံလွှမ်းအပ်သော။ အံ့သကာသာဝံ၊ အံ့သကိုင်ခေါ် ပခုံးလွှမ်းအထည်တည်း။ ဣတိ၊ ဤသည်ကား။ အတ္ထော၊ အံ့သကာသာဝပုဒ်၏အနက်တည်း။ (ဤကား စုလ္လဋီကာပါဠိ၏အနက်)

အဓိပ္ပာယ်ကား–စတုတ္ထံဟူသည် ဝတ်ရုံခြင်းငှာထိုက်သည်ကို ရည်သွတည်း။ ထို့ကြောင့် အံ့သကာသာဝ ဟု၍ ဆုတော်မူ၏။ ရုံသောဇကသီသင်္ကန်း၌ ချွေးအစရှိသော အညစ်အကြေး လိမ်းကျံခြင်းကို တားမြစ်ကာကွယ်အံ့သောငှာ ပခုံးနှစ်ဘက်၌ ရှေးဦးစွာရုံအပ်သော ချွေးခံပုဆိုး အထည်သည် အံ့သကာသာဝမည်၏ဟု ဆိုလိုသတည်း။

ဝိတ္ထာရတော. ဝိဒတ္ထိတိ အဓိဋ္ဌာနသ အပ္ပဟောနကဝိတ္ထာရပ္ပမာဏဒဿနံ။ ဇေတေန အဓိဋ္ဌာနပ္ပဟောနကဝိတ္ထာရတော ဥိနက် ဝဋ္ဋတိတိ ဥာပိတံ ဟောတိ။ တိဟတ္ထမေဝါတိ ပဒံ ပန ဝိယောဂပ္ပမာဏမတ္တဒဿနံ။ တေန တတော ကိဉ္စိ အဓိကမ္ပိ အဓိဋ္ဌာနပ္ပဟောနကတ္ထာဘာဝေါ ဝိရောဓော နတ္ထေ၀။ (စုလ္လဋ္ဌီကာ)။

ဤစုလ္လဋ္ဌီကာဆရာ၏စကားဖြင့် သင်းပိုင်အနံ့အလျားအောက် ငယ်သောပမာဏရှိသော သင်းပိုင်အဖြစ်ဖြင့် အဓိဋ္ဌာန်မတင်လောက်သော အံ့သကိုင်ခေါ်, ပခုံးလွှမ်းပတ်လည်းခေါ်သော အံ့သကာသာ၀သည် အပ်၏ဟု ဆိုလိုသတည်း။ ဤကား ပဘေဒတည်း။

ပျက်ခြင်းဘေဒအားဖြင့်သော်ကား– ဤဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုဟူသော သုံးပါးသောရဟန်းတို့အားလည်း ဆိုအပ်ပြီးသောပမာဏရှိသော ကိုယ်ဌ၀တ်လောက်ရုံလောက်သော လေးထည်မြောက်သောသင်္ကန်းကို ဝတ်ရုံခြင်းငှာ သာယာသောခဏ၌ ဓုတင်စေတနာပျက်၏။ အလွန်ခံသောခဏ၌, ထိုရဟန်းအပိုင်ရရှိသော ခဏ၌ ဓုတင်ပျက်၏ဟုလည်း ဆိုသင့်၏။ ဤသည်ကား ပျက်ခြင်းဘေဒတည်း။

အကျိုးအာနိသံသကား– ဤယောဂီရဟန်းသည် ကိုယ်ဖြင့်ဆောင်အပ်သော သင်္ကန်းဖြင့်သာ ရောင့်ရဲခြင်းရှိ၏။ ထို့ကြောင့် ၎င်းကဲ့သို့ ဆောင်ယူ၍သွားရခြင်း (လိုရာသွားနိုင်ခြင်း), နည်းသော အားထုတ်ခြင်းရှိသည်၏အဖြစ်, အ၀တ်အထည်များကို သိုမှီးထားခြင်းမှ ကင်းခြင်းကြဉ်ဖယ်ခြင်း, ပေါ့ပါးသောအသက်မွေးခြင်း, အပိုအလွန်သင်္ကန်းတို့၌ တပ်မက်လိုလားခြင်းကို ပယ်ခြင်း, အပ်သောအရာ၌သော်လည်း ပမာဏကို သိသဖြင့် ခေါင်းပါးသော အကျင့်ရှိခြင်း, အလိုနည်းခြင်း အစရှိသော အကျိုးများ ပြီးစီးပြည့်စုံခြင်း စသောဂုဏ်တို့သည် ဖြစ်ပေါ်လာကြကုန်၏။

(က) အတိရေကဝတ္ထုတဏှံ၊ ပဟာယ သန္နိဓိဝိဝဋ္ဋေတော ဓီရော။
သန္တောသသုခရသညူ၊ တိစီဝရဓရော ဘဝတိ ယောဂီ။
(ခ) တသ္မာ သပတ္တစရဏော၊ ပဂ္ဂိဝ သစီဝရောဝ ယောဂိဝရော။
သုခမနုဝိစရိတုကာမော၊ စီဝရနိယမေ ရတိ ကယိရာ။
အယံ တေစီဝရိကင်္ဂေ သမာဒါနဝိဓာနပဘေဒဘေဒါနိသံသဝဏ္ဏနာ။

အတိရေကဝတ္ထုတဏှံ၊ အပိုအလွန်ဖြစ်သော အဝတ်သက်နှံ့ဌ် တပ်မက်သောတဏှာကို။ ပဟာယ၊ ပယ်စွန့်ကြဉ်ဖယ်၍။ သန္နိဓိဝိဝဋ္ဋေတော၊ သိုမှီးခြင်းကို ပယ်ကြဉ်သော။ ဓီရော၊ ပညာရှိသော။ တစီဝရဓရော၊ သင်္ကန်းသုံးထည်ကိုဆောင်သော။ ယောဂီ၊ ယောဂီရဟန်းသည်။ သန္တောသသုခရသညူ၊ ရောင့်ရဲလွယ်ခြင်းဟူသော သုခချမ်းသာ အရသာကို သိသော သူသည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဘဝတိ၊ ဖြစ်၏–

တသ္မာ၊ ထို့ကြောင့်။ သပတ္တစရဏော၊ မိမိအတောင်(တောင်ပံ)ဖြင့် လိုရာသို့သွားသော။ ပဂ္ဂိဝ၊ တောင်ပံသာလျှင်ဝန်ထုပ်ဝန်ပိုးရှိသောငှက်ကဲ့သို့။ သစီဝရောဝ၊ မိမိကိုယ်ဌ်ဝတ်သော သင်္ကန်းသ်ာလျှင်ရှိသော။ သုခံ၊ ချမ်းသာစွာ။ အနုဝိစရိတုကာမော၊ မိမိကြိုက်ရာနှစ်သက်ရာသို့ သွားခြင်းငှာအလိုရှိသော။ ယောဂိဝရော၊ ယောဂီရဟန်းမြတ်သည်။ စီဝရနိယမေ၊ သုံးထည်မျှသော သင်္ကန်းကို မှတ်၍ဆောင်သော ကျင့်ဝတ်ဌ်။ ဝါ၊ တိစီဝရိက်ဝုတင်ဆောင်သောအကျင့်ဌ်။ ရတိ၊ ပျော်မွေ့ခြင်းကို။ ကယိရာ၊ ပြုရာ၏။

ဤဆိုခဲ့ပြီးသောစကားတို့သည်ကား တေစီဝရိကင်္ဂဝုတင်ဌ် သမာဒါန, ဝိဓာန, ပဘေဒ, ဘေဒ,အာနိသံသဝိနိစ္ဆယဖြစ်သော အဖွင့်တည်း။

ဒုတိယဂုတင်ပြီး၏။

၃-ပိဏ္ဍပါတိကဓုတင်ဝိနိစ္ဆယ

ပိဏ္ဍပါတိကင်္ဂမို "အတိရေကလာဘံ ပဋိက္ခိပါမိ၊ ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ"တိ ဣမေသံ အညတရဝစနေန သမာဒိနဲ့ ဟောတိ။

တေန ပန ပိဏ္ဍပါတိကေန "သံဃဘတ္တံ, ဥဒ္ဒေသဘတ္တံ, နိမန္တနဘတ္တံ, သလာကဘတ္တံ, ပက္ခိကံ, ဥပေါသထိကံ, ပါဋိပဒိကံ, အာဂန္တုကဘတ္တံ, ဂမိကဘတ္တံ, ဂိလာနဘတ္တံ, ဂိလာနုပဋ္ဌာကဘတ္တံ, ဝိဟာရဘတ္တံ, ဓုရဘတ္တံ, ဝါရကဘတ္တ"န္တိ ဧတာနိ စုဒ္ဒသဘတ္တာနိ နုသာဒိတဗ္ဗာနိ။ (၄)

ပိဏ္ဍပါတိကဓုတင်ကို ဆောက်တည်လိုသော ယောဂီရဟန်းသည် "အတိရေကလာဘံ ပဋိက္ခိပါမိ၊ ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ"ဟူသော နှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။ အတိရေကလာဘံ၊ ဆွမ်းခံသွား၍ရသောဆွမ်းထက် ပိုလွန်သော သံဃဘတ်စသော ဆွမ်းလာဘ်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပိဏ္ဍပါတိကင်္ဂံ၊ ဆွမ်းအလို့ငှာသွားခြင်းတည်းဟူသော ကျင့်ဝတ်ရှိသော ပုဂ္ဂိုလ်၏အဖြစ်တည်းဟူသော အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ ဤကား သမာဒါနတည်း။

ထိုသို့ဆောက်တည်ပြီးသော ဓုတင်ရှိသော ယောဂီရဟန်းသည်ကား သံဃဘတ်အစရှိသော တစ်ဆယ့်လေးပါးကုန်သော ဘတ်ဆွမ်းတို့ကို မသာယာအပ်။ တစ်ဆယ့်လေးပါးတို့သည် အဘယ်နည်းဟူမူကား-

(၁) သံဃဘတ္တံ၊ အလုံးစုံသော အရပ်လေးမျက်နှာ၌ရှိသော သံဃာကို ရည်ရွယ်၍ "သံဃဿ ဒေမ" ဟူ၍ လှူအပ်သော ဘတ်လည်းတစ်ပါး (ဂဏ္ဌိဋ္ဌကား သံဃိကပစ္စည်းဖြင့်ပြုသော ဘတ်ဟု ဆို၏)

(၂) ဥဒ္ဒေသဘတ္တံ၊ လေးပါးရှစ်ပါးအစရှိသော အနည်းငယ်သံဃာကို ရည်ရွယ်၍လှူသော ဘတ်လည်း တစ်ပါး (မဟာဋီကာဂဏ္ဌိပုဒ်ဋ္ဌကား သံဃာကိုရည်ရွယ်၍ လှူအပ်သောဘတ် ဟူ၍ ရှိနေ၏။)

(၃) နိမန္တနဘတ္တံ၊ အလုံးစုံသောရဟန်းကိုလည်းကောင်း၊ အနည်းငယ်ကိုလည်းကောင်း ယနေ့အလို့ငှာလည်းကောင်း, နက်ဖြန်အလို့ငှာလည်းကောင်း နိမန်(ပင့်ဖိတ်)၍ လှူအပ်သော ဘတ်လဲည်း တစ်ပါး၊

(၄) သလာကဘတ္တံ၊ ဒါယကာအမည်ကို ရေး၍ စာရေးတံချသဖြင့် လှူအပ်သောဘတ်လည်း တစ်ပါး၊

(၅) ပက္ခိကံ၊ လဆန်းပက္ခ၌တစ်ခါ, လဆုတ်ပက္ခ၌တစ်ခါ လှူအပ်သောဘတ်လည်းတစ်ပါး၊

(၆) ဥပေါသထိုက်၊ ဥပုသ်နေ့, ဥပုသ်နေ့၌ လျှုအပ်သောဘတ်လည်းတစ်ပါး၊

(၇) ပါဋိုပဒိုက်၊ ဥပုသ်နေ့ကျော်တက် အထွက်တစ်ရက်နေ့၌ လျှုအပ်သောဘတ်လည်းတစ်ပါး၊

(၈) အာဂန္တုကဘတ်၊အရပ်ဝေးကလာသောရဟန်းတို့ကို ရည်မှန်း၍ ထားအပ်သောဘတ်လည်း တစ်ပါး၊

(၉) ဂမိကဘတ်၊ အရပ်ဝေးသို့သွားလတ်သော ရဟန်းတို့ကို ရည်၍ ထားအပ်သောဘတ်လည်း တစ်ပါး၊

(၁၀) ဂိလာနဘတ်၊ နာသောရဟန်းတို့ကို ရည်ရွယ်၍ ထားအပ်သောဘတ်လည်းတစ်ပါး၊

(၁၁) ဂိလာနုပဋ္ဌာကဘတ်၊ သူနာကိုလုပ်ကျွေးသောရဟန်းကို ရည်မှန်း၍ ထားအပ်သော ဘတ်လည်း တစ်ပါး၊

(၁၂) ဝိဟာရဘတ်၊ ကျောင်းကိုရည်ရွယ်၍ လျှုအပ်သောဘတ်လည်းတစ်ပါ: (မဟာဋီကာအလို) စုလွှဋီကာ၌ကား ကျောင်းကိုရည်ရွယ်၍ လျှုအပ်သောထိုဘတ်ကိုလည်းကောင်း၊ တတြုပ္ပါဒခေါ် ထိုသံဃိကမြေမှ ဖြစ်ပေါ်လာသောဘတ်ကိုလည်းကောင်: ဝိဟာရဘတ်မည်၏ဟု မိန့်ဆို၏ ဂဏ္ဌိ၌ကား: ကျောင်း၌ ကပ္ပိယကာရကတို့သည် သံဃိကပစ္စည်းပြုပြင်၍ လျှုအပ်သောဘတ်ဟု ဆို၏။

(၁၃) ဓုရဘတ်၊ အမြဲ အိမ်၌ထား၍ လျှုအပ်သော ဘတ်လည်းတစ်ပါ: (မဟာဋီကာအလို) ဂဏ္ဌိ၌ကား: ဒါယကာတို့သည် သံဃာအား:ရည်ရွယ်၍ အမြဲလျှုသော ပဏီတဘတ်ဟု ဆို၏။

(၁၄) ဝါရဘတ်၊ ရွာသူရွာသား: ဒါယကာအများ:တို့သည် ဝါရ အလှည့်အကြိမ်အား:ဖြင့် လှည့်လည်၍ လျှုအပ်သောဘတ်လည်းတစ်ပါ:၊ (ဤကား:မဟာဋီကာအလို) ဂဏ္ဌိ၌ကား: သံဃာကို ရည်ရွယ်၍ ဝါရအလှည့်အကြိမ်အား:ဖြင့် လှည့်လည်၍ လျှုအပ်သောဘတ်ဟု ဆို၏။ ဤကား: စုဒ္ဒသဘတ်တို့၏ သရုပ်အရေအတွက်အနက်အဓိပ္ပာယ်တို့တည်း။

ဤဘတ်တို့ကိုကား: ထမင်:ဟူသော မအပ်သောအခေါ်ဝေါဟာရဖြင့် လျှုအပ်သောကြောင့် ပိဏ္ဍပါတိကရှုတင်ဆောင်ရဟန်:တို့သည် မသာယာအပ်ကုန်။ အကယ်၍ကား: ထမင်:ဟူသော အကပ္ပိယဝေါဟာရအနက်ရှိသော ဘတ္တသဒ္ဒါဖြင့် မဆိုမူ၍ ဆွမ်:ဟူသော ကပ္ပိယဝေါဟာရ အနက်ရှိသော ဘိက္ခာသဒ္ဒါဖြင့်လည်းကောင်:၊ ပိဏ္ဍပါတသဒ္ဒါဖြင့်လည်းကောင်:၊ ဆွမ်:ဟူသော မြန်မာစကား:ဖြင့်လည်းကောင်: လျှုပါမူကား: သာယာခြင်:ငှာ အလှူခံခြင်:ငှာ အပ်၏။

သစေ ပန "သံယသ ဘတ္တံ ဂဏှထာ" တိအာဒိနာ နယေန အဝတ္ထာ "အမှာကံ ဂေဟေ သံယော ဘိက္ခု ဂဏှာတိ၊ တုေ(ေ)ပိ ဘိက္ခု ဂဏှထာ"တိ. ဝတ္ထာ ဒိန္နာနိ ဟောန္တိ၊ တာနိ သာဒိတုံ ဝဋ္ဋန္တိ။ (ဌ)(ပ) ၆၃။ ၁ ၁ဒိတုံ ဝဋ္ဋန္တိတိ ဘိက္ခာပရိယာယေန ဝုတ္တတ္တာ။[1] (မဟာဋီကာ)

တာနိ သာဒိတုံ ဝဋ္ဋန္တိတိ သဒ္ဓေနိ စုဒ္ဒသဘတ္တာနိ ယဒိ ဘတ္တာနိတိ အဝတ္ထာ"ဘိက္ခု ဂဏှထာ"တိ ကပ္ပိယဝစနေန ဒါယကေဟိ ဒိန္နာနိပိ, ဘတ္တုဒ္ဒေသကေန ဝါ ဘိက္ခု ဂဏှထ ဘန္တေတိ ဥဒ္ဒိဋ္ဌာနိပိ, ဘိက္ခာပရိယာယေန ဒါယကေဟိ သယံ ဝိစာရိတ္ထာ ဒိန္နာနိပိ ဟောန္တိ၊ သဗ္ဗာနိ ဇ၀ သာဒိတုံ ဝဋ္ဋန္တိ။ (ဂဏ္ဌိ)

အကယ်၍ကား သံယာအတွေ့ ထမင်းကိုခံယူကြပါ စသောစကားမဆိုမူ၍ "ကျွန်ပ်တို့၏ အိမ်၌ သံယာသည် ဆွမ်းကို ခံယူတော်မူ၏။ အရှင်မြတ်တို့လည်း ဆွမ်းကို ခံယူတော်မူကြပါ ကုန်လော့"ဟု ဆို၍ လှူအပ်သောဆွမ်းတို့ဖြစ်ကုန်၏။ ထိုဆွမ်းတို့သည် သာယာခြင်းငှာအပ်ကုန်၏။

ထိုအဋ္ဌကထာ၏ အလိုကို မဟာဋီကာဆရာသည် "သာယာခြင်းငှာ အပ်ကုန်၏" ဟူသည်ကား ဆွမ်းဟူသောစကားအလဲအလှယ်ဖြင့် ဆိုသောကြောင့်"ဟု အကြောင်းပြတော်မူ၏။

ဂဏ္ဌိဋီကာကား "ထိုဆွမ်းတို့သည် သာယာခြင်းငှာ အပ်ကုန်၏"ဟု အဋ္ဌကထာဆရာဆိုရာ ၌ကား **အလုံ**:စုံတစ်ဆယ့်လေးပါးကုန်သော ဘတ်ထမင်းတို့ကို အကယ်၍ ထမင်းဟု မဆိုမူ၍ ဆွမ်းကိုခံယူတော်မူကြပါဟူ၍ အပ်သောစကားဖြင့် ဒါယကာတို့ကလှူအပ်ကုန်သော်လည်းကောင်း, ဆွမ်းညွှန်းသောရဟန်းကမူလည်း ဆွမ်းကိုခံယူတော်မူပါဘုရားဟု ညွှန်းသော်လည်းကောင်း, ဆွမ်းဟူသော စကားအလဲအလှယ်ဖြင့် ဒါယကာတို့က မအပ်သည်ကို အပ်အောင် အလိုလို စိစစ်စီရင်၍ လှူသော်လည်းကောင်း အလုံးစုံသော ဆွမ်းတို့သည် သာယာခြင်းငှာ အပ်ကုန်၏ဟု ဆို၏။ ဆိုလိုရင်းအကျဉ်းအားဖြင့် ဒါယကာတို့သည်လည်းကောင်း, ဆွမ်းညွှန်းရဟန်းသည်လည်းကောင်း ဆွမ်းဟူသောစကားဖြင့်လှူသော်လည်းကောင်း, မအပ်သည်ကို အလိုလိုအပ်အောင် စိစစ်စီရင်တတ်သော ဒါယကာတို့က စိစစ်စီရင်၍ လှူသော်လည်းကောင်း၊ အလုံးစုံဆွမ်းတို့သည် သာယာခြင်းငှာ အပ်ကုန်၏။ ဒါယကာတို့က စိစစ်စီရင် (ဝိစာရဏပြု) ၍ လှူရာ၌ အလှူခံယူ ဖူးသော ဝတ္ထုအကျယ်ကိုကား-

---

၁-မဟာဋီကာ၊ ၁။ ၉၄ ပိဋ္ဌေ။

ကထံ ဇာနိတဗ္ဗန္တိ သိဟဠဒီပေ ကိရ ဧကော ပုဗ္ဗရာဇာ ဝိဟာရံ ကရိတ္တာ ဗဟူ ပိဏ္ဍပါတိကေ နိမန္တေတ္တာ ၊ သံဃံ ဥဒ္ဒိဿ ဝိဟာရဿ ကောသံ နိယျာတေတိ။ (လ)ကပ္ပိယဝစနေန ပုန ဒိန္နံ ပရိဘုဉ္ဇိ'သု။ (ဂ)ဝေသိတဗ္ဗံ) သံဃတော နိရာမိသသလာကာပိ ဝိဟာရေ ပက္ကဘတ္တမ္ပိ ဝဋ္ဋတိ ယေဝါတိ ဣဒမဿ ဝိဓာနံ။ (၄) (ပ) ၆၃။

"ဘေသဇ္ဇာဒိပဋိသံယုတ္တာ နိရာမိသသလာကာ၊ ယာဝကာလိကဝဇ္ဇာတိ စ"ဝဒန္တိ။ (မဟာဋီကာ၊ ပ။ ၉၄) ၄ပေတ္တာ ယာဝကာလိကံ သေသတ္တယံ။ (ဂဏ္ဌိ)

အဘယ်သို့ သိအပ်ပါသလဲဟု မေးလျှင် သီဟိုဠ်ကျွန်း၌ တစ်ယောက်သော ပုဗ္ဗရာဇာမည်သော မင်းသည် ကျောင်းကို ပြုလုပ်တည်ဆောက်ပြီး၍ များစွာသော ပိဏ္ဍပါတိက ရဟန်းထေရ်ကြီးတို့ကို ပင့်ဖိတ်၍ သံဃာကို ရည်ညွှန်းလျက် ကျောင်းအား ကျိုကိုပြု၍ လှူ၏။ ထေရ်ကြီးတို့လည်း ထိုအကြောင်းကို သိ၍ မိုးသောက်မိုးလင်းလျှင် ဆွမ်းခံသွားအံ့သော အခြင်းအရာကို ပြုကြကုန်၏။ မင်းသည် ထိုအကြောင်းကို ကြားလျှင် ချုပ်စေ၍ တားမြစ်စေ၍ ကပ္ပိယဝေါဟာရပြု၍ ဘိက္ခာဆွမ်းဟူသော ဝေါဟာရစကားဖြင့် လှူပြန်လေ၏။ ထေရ်ကြီးတို့လည်း အပ်၏ဟု ဘုဉ်းပေးသုံးဆောင်ကြသတဲ့။ ။ဤဝတ္ထုဌာ နေ့တိုင်းဘုဉ်းပေးမှုကား မုဒုတွင် မုဒုသာ ဖြစ်ရာ၏။ ။ထို့ပြင် အာရာမိက၏ အိမ်သို့ရပ်မှုကား သုံးပါးတွင် တစ်ပါးပါးသာ ဖြစ်ရာ၏။ စုလွှဲကာ၌ကား ထိုအလုံးစုံသော ဘတ်တို့ကို သံဃာအားရည်၍ လှူအပ်သောကြောင့် အပ်သတည်း၊ ပုဂ္ဂလိကအားဖြင့် လှူကုန်သော်ကား သံဃိကဘတ်, သလာကဘတ်မှ ကြွင်းသော တစ်ဆယ့်နှစ်ပါးသောဘတ်တို့သည်လည်း ပိဏ္ဍပါတိကတို့အား အပ်ကုန်၏ဟု လာ၏။ ထို့ကြောင့် သံဃတော၊ သံဃာမှရသော။ နိရာမိသသလာကာနိ၊ ယာဝကာလိကမှတပါးသော ပစ္စည်းနှင့်ယှဉ်သော စာရေးတံသည်လည်းကောင်း။ ဝိဟာရေ ပက္ကဘတ္တမ်ပိ၊ ကျောင်း၌ ဒါယကာတို့သည် ချက်၍လှူအပ်သော အဘိဟဋဘိက္ခာဟုဆိုအပ်သော ဆွမ်းသည်လည်းကောင်း။ ဝဋ္ဋတိယေဝ၊ အပ်သည်သာလျှင်တည်းဟု အဋ္ဌကထာ၌ မိန့်ဆို၏။ နိရာမိသသလာကအရကိုကား မဟာဋီကာ၌ ဆေးအစရှိသည်နှင့်စပ်ယှဉ်သော အာမိသကင်းသော စာရေးတံတည်း၊ ယာဝကာလိကမှ ကြွင်းကျန်သော ကာလိက (၃)ပါးတို့တည်းဟူ၍လည်း ဆိုကြကုန်၏ဟု ဆို၏။ စုလွှဲကာ၌ကား ဆေးသက်နှင့်ယှဉ်သော စာရေးတံဟု ဆို၏။ ဂဏ္ဌိ၌ကား ယာဝကာလိကကို ချန်လှပ်ထား၍ ကျန်သောကာလိက ၃-ပါးသည်ပင် အာမိသကင်းသော စာရေးတံဟု ဆို၏။

ဤကား ဝိဓာနဝိနိစ္ဆယတည်း။

ပဘေဒတော ပန အယမ္မိ တိဝိဓော ဟောတိ။ တတ္ထ ဥက္ကဋ္ဌော ပုရတောပိ ပစ္ဆာတောပိ အာဟာရဘိက္ခံ ဂဏှာတိ၊ ပတ္တာဒါရေ ဌတ္တာ ပတ္တံ ဂဏှန္တာနမ္မိ ဒေတိ၊ ပဋိက္ကမနံ အာဟာရိတ္တာ ဒိန္နဘိက္ခမ္မိ ဂဏှာတိ၊ တံဒိဝသံ ပန နိသီဒိတ္တာ ဘိက္ခံ နေ ဂဏှာတိ။ (ဌ)[1]

ပဋိနိဝတ္တန္တိ ဇတ္ထာတိ ပဋိက္ကမနံ၊ အာဓာရတ္ထေ စေတံ ဥပယောဂဝစနံ၊ အာသနသာလာယံ ဘုဉ္ဇနတ္ထာယ နိသိန္နေ အာဟာရိတ္တာ ဒိန္နဘိက္ခမ္မိ ဂဏှာတိတိ အတ္ထော။ (စုလ္လဋီကာ)

အာဟာရိတ္တာတိ ပတ္တံ ဂဟေတ္တာ ဂေဟတော အာနေတ္တာ။ (မဟာဋီကာ)[2]

ပဘေဒ အပြားအားဖြင့်သော်ကား ဤယောဂီရဟန်းသည်လည်း ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုအားဖြင့် သုံးပါးအံ့ပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌရဟန်းကား ရှေ့မှလာသောဆွမ်း, နောက်မှလာသောဆွမ်းကိုလည်း ခံယူ၏။ အိမ်တံခါး၌ ရပ်ခိုက် သပိတ်ကို ယူကုန်သော သူတို့အားလည်း ပေး၏။ ဆွမ်းခံရာမှပြန်၍ ဆွမ်းဘုဉ်းပေးရာဇရပ်၌ ထိုင်ရာသို့ ဆောင်၍ လှူအပ်သောဆွမ်းကိုလည်း ခံယူ၏။ ဒါယကာတို့သည် "အရှင်ဘုရား–ထိုနေ့အဖို့ကို ဆွမ်းခံ မသွားမူ၍ ကျောင်း၌ နေတော်မူပါလော့၊ အကျွန်ုပ်တို့သည် ဆွမ်းလှူပါအုံ့သတည်း"ဟူ၍ လျှောက်ထားနိမန်၍ ချုပ်သော်ကား တားမြစ်ထားသော်ကား နေ၍ မခံ မယူ။ ဤသို့ နိမန်လျှောက်ထားသည်ကို မယူခြင်းသည်ပင်လျှင် ဥက္ကဋ္ဌရဟန်း၏ ထူးခြားချက်တည်း။ မဇ္ဈိမကား ထိုနေ့အဖို့မျှကို နေ၍သော်ကား ခံယူ၏။ နက်ဖြန်အလို့ငှာသော်ကား သည်းမခံပေ။ မုဒုသော်ကား နက်ဖြန်အလို့ငှာ သော်လည်းကောင်း, သန်ဘက်ခါအလို့ငှာသော်လည်းကောင်း သည်းခံ၏။ ဤ၌အပိသဒ္ဒါဖြင့် ဆိုအပ်ပြီးသောနည်းတို့ကို သွင်းယူအပ်၏။ထိုနှစ်ပါးတို့သည်ကား သူတပါးတို့နှင့် မစပ်သော သေရိဝိဟာရသုခကို မရကြကုန်။ ဥက္ကဋ္ဌရဟန်းသည်သာရ၏။ ထို့ကြောင့် တစ်ရွာသို့ သွား၍ အရိယဝံသတရားကို နာကြကုန်အုံ့ဟူ၍ ညှိသည်ရှိသော် ထိုနှစ်ပါးတို့သည် သူဖိတ်သောဆွမ်းကြောင့် မသွားရဘဲ ကျန်နေကြကုန်၏။ ဥက္ကဋ္ဌရဟန်းသာ သွား၍ ဓမ္မရသကို ခံယူရရှိပေသတတ်။ ဤကား ပဘေဒ အပြားတည်း။

၁- ဝိသုဒ္ဓိမဂ္ဂ (ပ) ၆၃ ပိဋ္ဌေ။ ၂- မဟာဋီကာ(ပ)၉၄ ပိဋ္ဌေ။

ဣမေသံ ပန တိဏ္ဍမို သံယဘတ္တာဒိအတိရေကလာဘံ သာဒိတကွဏော ဓုတင်္ဂံ ဘိဇ္ဇတိ။ အယ မေတ္ထ ဘောဒေါ။ အယံ ပနာနိသံသော၊ "ပိဏ္ဍိယာလောပဘောဇနံ နိသ္သာယ ပဗ္ဗဇ္ဇာ"တိ ဝစနတော နိဿယာနုရူပပဋိပတ္တိသဗ္ဘာဝေါ၊ ဒုတိယေ အရိယဝံသေ ပတိဋ္ဌာနံ၊ အပရာယတ္ထာဝတ္ထိတာ၊ "အပ္ပါနိ စေဝ သုလဘာနိ စ တာနိ အနဝဇ္ဇာနိ"တိ ဘဂဝတာ သံဝဏ္ဏိတပစ္စယတာ၊ ကောသဇ္ဇနိမ္မဒ္ဒနတာ၊ ပရိသုဒ္ဓါဇီဝတာ။

ဘေဒ –ဂူတင်ပျက်ခြင်းသော်ကား ဤသုံးပါးသော ယောဂီရဟန်းတို့အား ဆိုအပ်ခဲ့ပြီးသော သံယဘတ်အစရှိသော အတိရေကလာဘ်တို့တွင် တစ်ပါးပါးသောလာဘ်ကို သာယာသောခဏ၌ ဂူတင်စေတနာပျက်၏။ ဤကား၊ ဤ၌ ဂူတင်ပျက်ခြင်း ဘေဒတည်း။

အာနိသံသ–အကျိုးပြသော်ကား "ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ"ဟူ၍ ဟောတော်မူသော မိုရာနိဿယအားလျော်စွာ ကျင့်ခြင်း၏ ထင်ရှားသောအဖြစ်, ဒုတိယ အရိယဝံသ၌ တည်ခြင်း, သူတပါးနှင့်မစပ်သော အသက်မွေးခြင်းရှိသည်၏အဖြစ်, တစ်အိမ် တစ်လုတ်စာသာ ရသောကြောင့် အဖိုးနည်းခြင်း, ရလွယ်ခြင်း, အပြစ်မရှိခြင်းဟူ၍ မြတ်စွာဘုရား ချီးမွမ်းအပ် သော ပစ္စည်း၏အဖြစ်, ပျင်းရိခြင်းကို နှိမ်နင်းနိုင်သည်၏အဖြစ်, စင်ကျယ်သော အာဇီဝရှိသည်၏ အဖြစ်, သေခိုယကျင့်ဝတ်ကို ဖြည့်ရခြင်း, သူတစ်ပါးတို့က မမွေးရသောအဖြစ်, သူတစ်ပါးတို့အား ချီးမြှောက်သော အခြင်းအရာကို ပြသည်၏အဖြစ်, မာန်ကိုပယ်ရခြင်း, ရသတဏှာကို တားမြစ်နိုင်ခြင်း, ဂဏဘောဇန, ပရမ္မရဘောဇန, စာရိတ္တသိက္ခာပုဒ်တို့ဖြင့် အာပတ်မသင့်သည်၏ အဖြစ်, အပ္ပိစ္ဆတာ အစရှိသော တရားတို့အား လျော်စွာဖြစ်ခြင်း, ကောင်းသောအကျင့်၏ တိုးပွားခြင်း, နောင်လာနောက်သား အမျိုးကောင်းသားတို့ကို အစဉ်သနားစောင့်ရှောက်ခြင်း တို့တည်း။

- ပိဏ္ဍိယာလောပသန္တုဋ္ဌော၊ အပရာယတ္တာဇီဝိကော။
  ပဟီနာဟာရလောလုပ္ပေါ၊ ဟောတိ စာတုဒ္ဒိသော ယတိ။
- ဝိနောဒယတိ ကောသဇ္ဇံ၊ အာဇီဝသ္မိ ဝိသုဒ္ဓတိ။
  တသ္မာ ဟိ နာတိမညေယ္ယ၊ ဘိက္ခာစရိယာယ သုမေဓသော။

ဒေဝရူပသ္မိ ဟိ-.

- ပိဏ္ဍပါတိကသ္မိ ဘိက္ခုနော၊ အတ္တာဘရဏေ အနညပေါသိနော။
  ဒေဝါပိ ပိဟယန္တိ တာဒိနော၊ နော စေ လာဘသိလောကနိဿိတော။

အယံ ပိဏ္ဍပါတိကင်္ဂ သမာဒါနဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ။

ပိဏ္ဍိယာလောပသန္တုဋ္ဌော၊ ပိဏ္ဍပါတိက ကျင့်ဝတ်၌ တစ်လုတ်တစ်လုတ်သောဆွမ်းဖြင့် ရောင့်ရဲထသော။ အပရာယတ္တာဇီဝိကော၊ သူတပါးနှင့် မစပ်သောအသက်မွေးခြင်းရှိထသော။ ပဟီနာဟာရလောလုပ္ပေါ၊ ပယ်အပ်သော အာဟာရလောလုပ္ပရှိထသော။ ယတိ၊ ရဟန်းသည်။ စာတုဒ္ဒိသော၊ အရပ်လေးမျက်နှာတို့၌ မပိတ်ပင်သည်ဖြစ်၍ လိုတိုင်းသွားနိုင်သော ဂုဏ်ကျေးဇူးရှိသည်။ ဟောတိ၊ ဖြစ်၏။

သုမေဓသော၊ ကောင်းသောပညာရှိသော ယောဂီရဟန်းသည်။ ယသ္မာ၊ အကြင့်ကြောင့်။ ကောသဇ္ဇံ၊ ပျင်းရိခြင်းကို။ ဝိနောဒယတိ၊ ပယ်ဖျောက်၏။ အသ၊ ထိုရဟန်း၏။ အာဇီဝေါ၊ အသက်မွေးခြင်းသည်။ ဝိသုဒ္ဓတိ၊ စင်ကြယ်၏။ တသ္မာဟိ တတော ဇဝ၊ ထို့ကြောင့်သာလျှင်။ ဘိက္ခာစရိယာယ၊ ဆွမ်းခံသောအကျင့်ကို။ နာတိမညေယ္ယ၊ မထီမဲ့မြင်မပြုရာ။

ဟိ၊ မှန်ပေ၏။ ဇဝရူပသ္မိ၊ ဤသို့ ဆွမ်းခံအကျင့်၌ လုံ့လပြုခြင်းသဘောရှိသော။ ပိဏ္ဍပါတိကသ္မိ၊ ပိဏ္ဍပါတ်ရှုတင်ကို ဆောင်သော။ အတ္တာဘရဏေ၊ မိမိကိုယ်ကို မိမိမွေးသော။ အနညပေါသိနော၊ သူတပါးတို့က မမွေးရသော။ တာဒိနော၊ ကောင်း မကောင်းသောအာရုံ၌ မျှတသော တာဒိဘာဝရှိသော။ ဘိက္ခုနော၊ ယောဂီရဟန်းအား။ လာဘသိလောကနိဿိတော၊ လာဘ်သပ္ပကာအကျော်အစောကို မှီအပ်သည် မျှော်မှန်းသည်။ နော စေ ဟောတိ၊ အကယ်၍ မဖြစ်တုံအုံ့။ ဒေဝါပိ၊ သိကြားအစရှိသော နတ်တို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကြကုန်၏။

ဤကား ပိဏ္ဍပါတိကင်္ဂ သမာဒါန, ဝိဓာန,ပဘေဒ, ဘေဒ, အာနိသံသအဖွင့်တည်း။

တတိယရှုတင်ပြီး၏။

၄-သပဒါနစာရိကဓုတင်ဝိနိစ္ဆယ

သပဒါနစာရိကင်မို့ "လောလုပ္ပစာရံ ပဋိက္ခိပါမိ၊ သပဒါနစာရိကံ သမာဒိယာမိ" တိ ဣမေသံ အညတရဝစနေန သမာဒိနံ ဟောတိ။

တေန ပန သပဒါနစာရိကေန ဂါမဒ္ဒါရေ ဌတ္တာ ပရိဿယာဘာဝေါ သလ္လက္ခေတဗ္ဗော။ ယဿ ရဏ္ဍာယ ဝါ ဂါမေ ဝါ ပရိဿယော ဟောတိ၊တံ ပဟာယ အညတ္ထ စရိတုံ ဝဋ္ဋတိ။(၆)

သပဒါနစာရိကင်ဓုတင်ကို ဆောက်တည်လိုသော ယောဂီရဟန်းသည် "လောလုပ္ပစာရံ ပဋိက္ခိပါမိ၊ သပဒါနစာရိကံ သမာဒိယာမိ" ဟူသော ဤနှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။ ။လောလုပ္ပစာရံ၊ ယရလောလုပ္ပ, ဂါမလောလုပ္ပ, ရဏ္ဍာလောလုပ္ပ ဟူသော ဤအိမ်ထက် ထိုအိမ်မှာ, ဤရွာထက် ထိုရွာမှာ, ဤခရီးထက် ထိုခရီးမှာ အကောင်းများရအုံ့သတည်းဟု လွန်၍ သွားခြင်းတည်းဟူသော လူခသဘောရှိသော ကုသိုလ်ဘဏ္ဍာကို ပြင်းစွာလုယက်တတ်သော တဏှာအဖြစ်တည်းဟူသော လောလုပ္ပစာရကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ သပဒါနစာရိကံ၊ အိမ်စဉ်ရွာစဉ်ခရီးစဉ်မပြတ် ခံခြင်းတည်းဟူသော သပဒါနစာရိကင်ဓုတင်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

ဂဏ္ဌိဒ္ဒကား ယရ, ကုလ, ရဏ္ဍာလောလုပ္ပဟု လာ၏။ အဋ္ဌကထာ၌ ကုလ ဟု မလာ ဂါမလောလုပ္ပသာ လာရကား ဂါမလောလုပ္ပသည် ကုလလောလုပ္ပမည်၏။ (ရဋ္ဌေ နိယုတ္တာ ဂါမရဏ္ဍာ) ရွာကြီးမြို့ပြတို့၌ အကွက်ပြု၍ နှစ်ဘက်မြောင်အိမ်ဖြင့် နေအပ်သောခရီးသည် ရဏ္ဍာမည်။ ထို၌ တစ်ဘက်ကို အစဉ်အတိုင်းသွား၍ ကုန်မှ တစ်ဘက်သို့ ကူးအပ်၏။ မကုန်ခင်ကူးမူကား ရဏ္ဍာလောလုပ္ပမည်၏။ တနည်းကား ရွာသို့ဝင်သောခရီးသည် နှစ်ဖြာတွေ့အုံ့ ထိုသို့တွေ့သောအခါ၌ ဤခရီးထက် ဟိုခရီးမှာ အကောင်းများ ရအုံ့သည်ဟု နှလုံးပိုက်၍ ရှေးရှေးခရီးမှ ဖဲ၍သွားခြင်းသည် ရဏ္ဍာလောလုပ္ပမည်၏။ ထိုသို့သောလောလုပ္ပတို့ကို ကြဉ်အပ်၏ ပယ်အပ်၏ဟု ဆိုလို၏။ ဤကား သမာဒါနဆောက်တည်ခြင်းတည်း။

တေန ပန သပဒါနစာရိကေန ဂါမဒ္ဒါရေ ဌတ္တာ ပရိဿယာဘာဝေါ သလ္လက္ခေတဗ္ဗော။ ယသာ ရဏ္ဍာယ ဝါ ဂါမေ ဝါ ပရိဿယော ဟောတိ၊ တံ ပဟာယ အညတ္ထ စရိတုံ ဝဋ္ဋတိ။ ယသ္မိं ယရဒ္ဒါရေ ဝါ ရဏ္ဍာယ ဝါ ဂါမေ ဝါ ကိဉ္စိ နတ္ထိ လဘတိ၊ အဂါမသည် ကတ္တာ ဂန္တုံ။ ယတ္ထ ကိဉ္စိ လဘတိ၊ တံ ပဟာယ ဂန္တုံ နဝဋ္ဋတိ။ ဣမိနာ စ ဘိက္ခုနာ ကာလတရုံ ပဝိသိတဗ္ဗံ၊ ဧဝဉ္စိ အဖာသုကဋ္ဌာနံ ပဟာယ အညတ္ထ ဂန္တုံ သက္ခိဿတိ၊ သစေ ပနဿ ဝိဟာရေ ဒါနံ ဒေန္တာ အန္တရာမဂ္ဂေ ဝါ အာဂစ္ဆန္တာ မနုဿာ ပတ္တံ ဂဟေတ္တာ ပိဏ္ဍပါတံ ဒေန္တိ ဝဋ္ဋတိ။ ဣမိနာ စ မဂ္ဂံ ဂစ္ဆန္တေနာပိ ဘိက္ခာစာရဝေလာယံ သမ္ပတ္တဂါမံ အနတိက္ကမိတ္တာ စရိတဗ္ဗမေဝ။ တတ္ထ အလဘိတ္တာ ဝါ ထောကံ လဘိတ္တာ ဝါ ဂါမပဋိပါဋိယာ စရိတဗ္ဗန္တိ ဣဒမဿ ဝိဓာနံ။ (၄ - ပ။ ၆၅)

ထိုသို့ဆောက်တည်ပြီးသော ယောဂီရဟန်းသည်ကား အကြင်သို့သော ရွာမြို့တို့၏ တံခါး၌ ရပ်ဦး၍ ဆင်မြင်းကျွဲနွား အစရှိသော ရန်သူကို ကြည့်ရှုအပ်၏။ ကြည့်ရှုပြီးလျှင် အကြင်ခရီးလမ်း၌လည်း ကောင်း၊ ရွာ၌လည်းကောင်း ထိုသို့သော ဘေးရန်ရှိနေမှုကား အခြားတပါးသော ရွာသို့ သွားခြင်းငှာအပ်၏။ အကြင်အိမ်တံခါး၌လည်းကောင်း, ခရီးလမ်း၌လည်းကောင်း, ရွာ၌လည်းကောင်း တစ်စုံတစ်ခုကို မရမှုကား အဂါမသည်= ရွာမဟုတ်ဟူသော အမှတ်သညာကိုပြု၍ တခြားသို့ ဖဲသွားအပ်၏။ အကြင်အိမ်ခရီးရွာတို့၌ တစ်စုံတစ်ခုမျှရမှုကား ထိုအိမ် ထိုခရီး ထိုရွာကို ပယ်၍ တခြားတပါးသို့ သွားခြင်းငှာမအပ်။ ထို့ကြောင့် ဤရှုတင်ကို ဆောက်တည်သော ယောဂီရဟန်းသည်ကား အချိန်စောစောကပင် ဆွမ်းခံရွာသို့ ဝင်ရာ၏။ ဤသို့ ဝင်မှလျှင် ဘေးရန်အားဖြင့်လည်းကောင်း, ဆွမ်းမရသဖြင့်လည်းကောင်း မချမ်းသာသည် ရှိသော် ထိုအရပ်ကို ပယ်ထား၍ တခြားသို့သွားခြင်းငှာ တတ်နိုင်လတ္တံ့သတည်း။ အဂယဝ်၍ ကျောင်း၌ အလှူပေးကန်သော သူတို့သည်လည်းကောင်း, ခရီးအကြား၌ တွေ့ကုန်သော သူတို့သည် လည်းကောင်း သပိတ်ကိုယူ၍ ဆွမ်းထည့်၍ လှူကုန်သည်ဖြစ်အံ့၊ ခံခြင်းငှာအပ်၏။ ဤယောဂီ ရဟန်းသည်ကား ခရီးသွားသည်ရှိသော်လည်း ဆွမ်းခံခိုန်၌ ရောက်ဦးသောရွာကို မလွန်အပ်။ ထိုရွာ၌ မရသည်ဖြစ်၍လည်းကောင်း, အနည်းငယ်ကိုသာ ရသည်ဖြစ်၍လည်းကောင်း ရွာစဉ်အတိုင်း သွားအပ်၏။ ။ဤကား ဝိဓာနတည်း။

ပဘေဒတော ပန အယမ္မိ တိဝိဓော ဟောတိ။ တတ္ထ ဥက္ကဋ္ဌော ပုရတော အာဟာရဘိက္ခမ္မိ ပစ္ဆတော အာဟာရဘိက္ခမ္ပိ ပဋိက္ကမနံ အာဟာရိတ္တာ ဒိယျမာနမ္မိ နဂ္ဃတိ။ ပတ္တာဒါရေ ပန ပတ္တံ ဝိသဒ္ဓေတိ။ ဣမသ္မိဉ္စိ ဓုတင်္ဂေ မဟာကဿပတ္ထေရေန သဒ္ဓိသော နာမ နတ္ထိ။ တသ္မာ ပတ္တဝိသဒ္ဒဿနမေဝ ပညာယတိ။ မဇ္ဈိမော ပုရတော ဝါ ပစ္ဆတော ဝါ အာဟာရမ္မိ ပဋိက္ကမနံ အာဟာရမ္မိ ဂဏှာတိ၊ ပတ္တာဒါရေပိ ပတ္တံ ဝိသဒ္ဓေတိ၊ နဲ ပန ဘိက္ခံ အာဂမယမာနော နိသီဒတိ။ ဒုတိယော သော ဥက္ကဋ္ဌပိဏ္ဍပါတိကသ္သ အနုလောမေတိ။ မုဒုကော တံဒိဝသံ နိသီဒိတ္တာ အာဂမေတိ။

ပဘေဒ အပြားအားဖြင့်သော်ကား ဤယောဂီရဟန်းသည်လည်း ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒု ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌရဟန်းသည်ကား ရွာတွင်းလမ်းခရီး၌သွားစဉ် အိမ်တံခါးသို့ မရောက်မီ ရှေ့မှ ကြို၍ လှူအပ်သောဆွမ်းကိုလည်းကောင်း, တံခါးကိုလွန်၍ ရှေ့သို့သွားလေပြီးမှ နောက်မှလိုက်၍ လှူအပ်သောဆွမ်းကိုလည်းကောင်း, ဆွမ်းခံရာမှပြန်၍ ဆွမ်းစားဇရပ်၌ နေထိုင်ရာသို့ဆောင်၍ လှူအပ်သောဆွမ်းကိုလည်းကောင်း မခံမယူ။ အိမ်တံခါးသို့ ရောက်၍ ရပ်ခိုက်၌ သပိတ်ကို ယူလိုသူတို့အား သပိတ်ကို စွန့်လွှတ်၏ ပေး၏။ ဤဓုတင်အရာ၌ကား မဟာကဿပထေရ်ကြီးနှင့် တူသောသူမည်သည် မရှိ။ ထိုမဟာထေရ်မြတ်ကြီး သည်လည်း ရက်ကန်းသည်တို့၏ ရွာလမ်းခရီး၌ ရက်ကန်းသည်ယောင် ဆောင်၍ သပိတ်ယူလိုသူ သိကြားမင်းအား သပိတ်ကို စွန့်လွှတ်ပေးသောအရာသည် ထင်ရှား၏။ မဇ္ဈိမရဟန်းကား ရှေ့မှလည်းကောင်း, နောက်မှလည်းကောင်း, ဆွမ်းခံရာမှပြန်၍ ဇရပ်၌ထိုင်ရာ ၌လည်းကောင်း လှူသောဆွမ်းကိုလည်း ခံယူ၏။ အိမ်တံခါး၌ရပ်ခိုက် သပိတ်ကိုယူလျှင်လည်း ပေး၏ စွန့်လွှတ်၏။ ဒါယကာတို့သည် "အရှင်ဘုရား–ထိုနေ့အဖို့ ဆွမ်းခံမသွားဘဲ ကျောင်း၌နေတော်မူပါ၊ အကျွန်ုပ်တို့သည် ဆွမ်းလှူပါအုံ့"ဟု လျှောက်ထားတားမြစ်သော်ကား ဆွမ်းကို စောင့်ဆိုင်းငံ့မျှော်၍ မခံမယူ။ ဤသို့ မခံမယူခြင်းကြောင့် ထိုမဇ္ဈိမရဟန်းသည် ဥက္ကဋ္ဌပိဏ္ဍပါတိကရဟန်းနှင့် တူနေပါ၏။ ဤမဇ္ဈိမသည် ထိုဥက္ကဋ္ဌအား လျော်၏တူ၏ဟုလည်း ဆိုသင့်ပါ၏။ မုဒုကား ထိုနေ့ပတ်လုံး နေ၍ စောင့်ဆိုင်း၏။ ဤကား ပဘေဒ အပြားတည်း။

ဣမေသံ ပန တိဏ္ဍမှိ လောလုပ္ပစာရေ ဥပ္ပန္နမတ္တေ ဓုတင်္ဂံ ဘိဒ္ဒတိ။ အယမေတ္ထ ဘေဒေါ။

အသုကဂေဟေ ပဏီတံ ဗဟု စ လဘိဿတိတိ ပဋိပါတိံ မုဏ္ဍိတ္တာ ဂမနေ ဓုတင်္ဂံ ဘိဒ္ဒတိ။ ဧဝံ အဂန္ဓာ သဒ္ဓါကုလာနံ အနုဂ္ဂဟာဒိနာ ဝါ ဟိနကုလာဒိသု အပဝါဒပဋိဟရဏတ္ထံ ဝါ ပဋိပါဋိံ မုဏ္ဍိတ္တာ ဂမနေ နတ္ထိ ဒေါသော။ (စုလ္လဋီကာ)

အယံ ပနာနိသံသော၊ ကုလေသု နိစ္စနဝကတာ၊ စန္ဒူပမတာ၊ ကုလမဇ္ဈေရပ္ပဟာနံ၊ သမာနုကမ္ပိတာ၊ ကုလူပကာဒိနဝါဘာဝေါ။ အတ္တာနာနုဘိနန္ဒနာ၊ အဘိဟာရေန အနတ္ထိကတာ၊ အပ္ပိစ္ဆတာဒိနံ အနုလောမဝုတ္တိတာတိ။

ဘေဒအားဖြင့်သော်ကား ဤသုံးပါးသော ရဟန်းတို့အား ဤမည်သောအိမ်,ရွာ, ခရီးဦး အကောင်းကိုလည်းကောင်း, အများကိုလည်းကောင်း ရအုံ့ဟု အစဉ်ကို လွတ်၍ ပယ်ဖျက်သွားသော ခဏ္ဍ ရှုတင်ပျက်၏။ (စုလ္လဋီကာအဓိပ္ပါယ်ကား) ဤသို့ အကောင်းအများရအုံ့ဟု မသွား မှု၍ သဒ္ဓါကုလတို့ကို အစဉ်ချီးမြှောက်ခြင်း စသည်၏ အကျိုးငှာလည်းကောင်း, အမျိုးယုတ်သူစသည်တို့၌ ငါတို့ကို မသနားပါတကားဟု ကဲ့ရဲ့ရှုတ်ချသော (အပဝါဒ)စကားကို ပယ်ခြင်းငှာလည်းကောင်း အစဉ်လွတ်၍ သွားခြင်းကြောင့် အပြစ်မရှိ၊ ရှုတင်မပျက်ဟု ဆိုလို၏။ ဤကား ဘေဒတည်း။

အာနိသံသကား အမျိုးလေးပါးဟူသော လူတို့၌ အမြဲသစ်လွင်နေသည်၏အဖြစ်, လနှင့် တူသည်၏အဖြစ်, အမျိုး၌ ဝန်တိုစိတ်ကို ပယ်ခြင်း, တူသော သနားချီးမြှောက်ခြင်း ရှိသည်၏အဖြစ်, အမျိုးဒါယကာတို့အိမ်သို့ ချဉ်းကပ်သောအပြစ်မရှိခြင်း, အစဉ်မရောက်သောအိမ်မှ တောင်းပန်၍ လှူသည်ကို မနှစ်လိုခြင်း, မိမိထံသို့ ဆောင်ပို့လာသောဆွမ်းဖြင့် အလိုမရှိသောအဖြစ်, အလိုနည်းသည်၏ အဖြစ် စသည်တို့အား လျော်စွာဖြစ်ခြင်းဟူသော အကျိုးဂုဏ်တို့သည် ဖြစ်လာကြကုန်၏။

(က) စန္ဒူပမော နိစ္စနဝေါ ကုလေသု၊
အမစ္ဆရီ သဗ္ဗသမာနုကမ္မော။
ကုလူပကာဒီနဝဝိပွမုတ္တော၊
ဟောတိဓ ဘိက္ခု သပဒါနစာရီ။

(ခ) လောလုပ္ပစာရဿ ပဟာယ တသ္မာ၊
သြက္ခိတ္တစက္ခု ယုဂမတ္တဒဿီ။
အာကခ်ံမာနော ဘုဝိ သေရိစာရံ၊
စရေယ္ယ ဓီရော သပဒါနစာရန္တိ။

(က) ဤဓ သာသနေ၊ ဤသာသနာတော်၌။ သပဒါနစာရီ၊ အစဉ်မပြတ်သွားသော ဆွမ်းခံဝတ်ကို ကျင့်သော။ ဘိက္ခု၊ ယောဂီရဟန်းသည်။ စန္ဒူပမော၊ ခပ်သိမ်းသော အရပ်၌ မထိခိုက်ဘဲသွားခြင်း, ငြိမ်းအေးသောအဖြစ်ဖြင့် သွားခြင်းရှိသော လမင်းနှင့်တူသော ဥပမာရှိသည်လည်းကောင်း။ နိစ္စနဝေါ၊ တစုံတယောက်သောသူ၏အိမ်သို့ အမြဲမသွားသောကြောင့် အမြဲအသစ်ဖြစ်သည်လည်းကောင်း။ ကုလေသု၊ ဒါယကာတို့၌။ အမစ္ဆရီ၊ ဝန်တိုခြင်းသဘောမရှိသည်လည်းကောင်း။ သဗ္ဗသမာနုကမ္မော၊ ခပ်သိမ်းသောသူတို့၌ အညီအမျှသနားခြင်းရှိသည်လည်းကောင်း။ ကုလူပကာဒီနဝဝိပွမုတ္တော၊ ဒါယကာတို့အိမ်သို့ သွားခြင်းဟူသောအပြစ်မှ ကင်းသည်လည်းကောင်း။ ယသ္မာ၊ အကြင့်ကြောင့်။ ဟောတိ။ ဖြစ်၏။

(ခ) တသ္မာ၊ ထို့ကြောင့်။ ဘုဝိ၊ မြေကြီးထက်၌။ သေရိစာရံ၊ အလိုရှိရာသို့ သွားနိုင်ခြင်း သွားရခြင်းကို။ အာကခ်ံမာနော၊ အလိုရှိသော။ ဓီရော၊ ပညာရှိသည်။ လောလုပ္ပစာရံ၊ လျှပ်ပေါ်လော်လည်သောသွားခြင်းကို၊ ဝါ၊ အစဉ်ကိုဖျက်၍ သွားခြင်းကို။ ပဟာယ၊ စွန့်ပယ်၍။ သြက္ခိတ္တစက္ခု၊ ကျသောမျက်လွှာရှိသည်ဖြစ်၍။ ယုဂမတ္တဒဿီ၊ ရထားထမ်းပိုးတစ်ပြန် လေးတောင်ခန့်မျှကို ကြည့်လျက်။ သပဒါနစာရံ၊ အိမ်စဉ်မပျက် ဆွမ်းခံသွားခြင်းဟူသော သပဒါနစာရီ ဂုတင်အကျင့်ကို။ စရေယ္ယ၊ ကျင့်ရာ၏။

ဤကား သပဒါနစာရီကင်္ဂ သမာဒါန, ဝိဓာန, ပဘေဒ, ဘေဒ, အာနိသံသ အဖွင့်တည်း။

စတုတ္ထဂုတင်ပြီး၏။

၅-ဧကာသနိကဓုတင်ဝိနိစ္ဆယ

ဧကာသနိကင်္ဂမို့ "နာနာသနဘောဇနံ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ဂံ သမာဒိယာမိ"တိ ဣမေသံ အညတရဝေယျာဝစ္စနေန သမာဒိနဲ့ ဟောတိ။

တေန ပန ဧကာသနိကေန အာသနသာလာယံ နိသိဒန္တေန ထေရာသနေ အနိသိဒိတ္တာ "ဣဒံ မယှံ ပါပုဏိသ္သတီ"တိ ပတိရူပံ အာသနံ သလ္လက္ခေတ္တာ နိသိဒိတဗ္ဗံ။ ဣမ သ ဝိပ္ပကတေ ဘောဇနေ အာစရိယော ဝါ ဥပဇ္ဈာယော ဝါ အာဂစ္ဆတိ၊ ဥဋ္ဌာယ ဝဋ္ဋဂ္ဂေ ကာတုံ ဝဋ္ဋတိ။ တိပိဋကစူဠာဘယထေရော ပနာဟ "အာသနံ ဝါ ရက္ခေယ္ယ ဘောဇနံ ဝါ။ အယဉ္စ ဝိပ္ပကတဘောဇနော၊ တသ္မာ ဝဋ္ဋဂ္ဂေ ကရောတု၊ ဘောဇနံ ပန မာ ဘုဉ္ဇတု"တိ။ ဣဒမသ္မ ဝိဓာနံ။(၄)

ဧကာသနိကဓုတင်ကို ဆောက်တည်လိုသော ယောဂီရဟန်းသည် "နာနာသနဘောဇနံ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ဂံ သမာဒိယာမိ"ဟူသော ဤနှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။ နာနာသနဘောဇနံ၊ နေရာအမျိုးမျိုး၌ ထိုင်၍ စားခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ဧကာသနိကင်္ဂံ၊ တစ်နေရာတည်း၌ တစ်ထိုင်တည်းစားခြင်း အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ (ဤကား သမာဒါနတည်း)

ထိုသို့ဆောက်တည်ပြီးသော ယောဂီရဟန်းသည်ကား အစဉ်ဆွမ်းဘုဉ်းပေးရာ ဆွမ်းစားဇရပ်၌ ထိုင်သည်ရှိသော် မိမိအားသင့်လျော်သောနေရာကို ဆင်ခြင်ရှုမြော်၍ နေရာ၏။ အကယ်၍ ဆွမ်းဘုဉ်းပေးခိုက်၌ ဆရာသည်လည်းကောင်း, ဥပဇ္ဈာယ်သည်လည်းကောင်း လာလတ်မူကား ထ၍ ဝတ်ကို ပြုအပ်၏။ ဤကား အဋ္ဌကထာစကားတည်း။ တိပိဋကစူဠာဘယထေရ်ကြီးသည်ကား "နေရာကိုလည်း စောင့်ရာ၏။ ဘောဇဉ် စားခြင်းကိုသော်လည်း စောင့်ရာ၏။ ဤရဟန်းသည်လည်း ဆွမ်းစားဆဲဖြစ်နေ၏။ ထို့ကြောင့် ဝတ်ကိုပြုစေသတည်း၊ ဘောဇဉ်ဆွမ်းကိုကား မစားစေသတည်း" ဟူ၍ ဆို၏။ ဤကား ထေရ်ကြီး၏ အဆိုတည်း။

ဧကာသနိကဓုတင်ဆောင်သော ယောဂီရဟန်းသည်ကား ထိုသို့ထိုင်ပြီးသောနေရာ၌ နေရာကိုလည်း စောင့်ရာ၏။ စားဆဲဖြစ်လျက် ထပြီးမှ တစ်ဖန်ပြန်ထိုင်၍ စားပြန်သည်ရှိသော် ဓုတင်ပျက်အံ့သည် ဖြစ်သောကြောင့် မထအပ်။

တဿတ္ထော–ဧကာသနိုက် ဘိက္ခု၊ ဘုဥ္ဇန္တဲ့ အာသနံ ဝါ ရကွေ့ယျ၊ ဓုတင်္ဂဘောဒတော ယာဝ ဘောဇနပရိယောသာနာ နိ ဝုဋ္ဌာတဗ္ဗန္တိ ဝုတ္တံ ဟောတိ။ ဘောဇနံ ဝါ ရကွေ့ယျ ဓုတင်္ဂဘောဒတော၊ အဘုဇ္ဈိယမာနံ[1] ယာဝ ဘုဇ္ဈိတုံ နာရဟတိ၊ တာဝ ဝုဋ္ဌာတဗ္ဗန္တိ အတ္ထော[2]။ (မဟာဋီကာ)

ဘောဇဉ်ကိုသော်လည်း စောင့်ရာ၏။ စားပြီးမှ ထ၍စားပြန်သည်ရှိသော် ဂူတင်ပျက်အံ့သည်ရှိသောကြောင့် စားအံ့ဆဲဆဲမစားခင်မှကား ထအပ်၏။ စားဆဲမှကား မထအပ်။ အဘယ်ကြောင့်နည်း ဟူမှကား ဤယောဂီရဟန်းသည် ဆွမ်းစားဆဲဖြစ်ခဲ့၏။ ထို့ကြောင့် ထိုင်လျက်ပင် ဦးချခြင်းရှိခိုးခြင်းဟူသောဝတ်ကို ပြုစေသတည်း။ ဆရာဥပဇ္ဈာယ်ထိုင်၍ မစားမချင်းလည်း အလျင်မစားစေသတည်း။ ထ၍ ဝတ်ပြုခြင်းသည် ဂူတင်ကို မစောင့်ဟု ဆိုလို၏။ ဤကား မဟာဋီကာဆရာ၏ အလိုတည်း။

စုလ္လဋီကာဆရာ၏ အလိုဌ ရှေးအသနရက္ခနှင့်ဘောဇနရက္ခအဓိပ္ပါယ်ကား မဟာဋီကာနှင့် အတူပင်ဖြစ်ပေ၏။ နောက်ဌကား အကြင့်ကြောင့် ဆရာသမားလာလျက် မထလျှင်လည်း မအပ်, ဆွမ်းစားဆဲဖြစ်သောကြောင့် ထ၍ ဝတ်ပြုပြီးမှ စားပြန်လျှင်လည်း ဂူတင်ပျက်အံ့၊ ထို့ကြောင့် နေရာနှင့်ဘောဇဉ်ကို စောင့်သောအားဖြင့် မထမူ၍ ဆွမ်းစားခြင်းကြီယာကိုသာပယ်၍ ဆိုင်းငံ့၍ ထိုင်လျက်သာ ရှိခိုးခြင်း, ဦးချခြင်းစသော ဝတ်မျှကိုသာ ပြုအပ်၏ ဟူလိုသော်။ ထို့ကြောင့် ရှေးကဲ့သို့ ဥဒ္ဌာယဟု မဆိုမူ၍ ဝတ္တမေဝ ကာတဗ္ဗံဟု သာမညဆိုသတည်း။ ဤကား စုလ္လဋီကာအလိုတည်း။

ဂဏ္ဌိဆရာအလိုကား "နေရာကို စောင့်ရာ၏" ဟူသည် ဆရာဥပဇ္ဈာယ်ကို ရိုသေသဖြင့် ထိုင်ခြင်းဣရိယာပုထ်ကို မပျက်စေမူ၍ ဆောင့်ကြောင့်မျှကြွလျက် ထခြင်းကိုပြု၍ တစ်ဖန်ဘုဉ်းပေးအပ် စားအပ်၏။ ဤစကားလည်း စုလ္လဋီကာနှင့် အတူပင်ဖြစ်၏။ "ဘောဇနံ ဝါ ရကွေ့ယျ= စားခြင်းကိုမူလည်း စောင့်ရာ၏" ဟူသော အဋ္ဌကထာဆရာ၏ စကားကိုကား ထပြီးသည်ရှိသော် တစ်ဖန်မဘုဉ်းပေးပြန်အပ်ဟူ၍ ဂဏ္ဌိဆရာက ဖွင့်ဆိုထားပေ၏။ ဤသို့လျှင် အတိဂမ္ဘီရဖြစ်သော ထေရဝါဒအဆုံးအဖြတ်ကို မှတ်အပ်၏။ ဤကား ဝိဓာနတည်း။

၁–အဘုဇ္ဈမာနံ (က) ၂–ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပ) ၉၆ –ပိဋ္ဌေ။

ပဘေဒတော ပန အယမို တိ၀ိဓော ဟောတိ။ တတ္ထ ဥက္ကဋ္ဌော အပ္ပ ၀ါ ဟောတု ဗဟု ၀ါ၊ ယမို ဘောဇနေ ဟတ္ထံ သြတာရေတိ၊တတော အညံ ဂဏှိတုံ နလဘတိ။ သစေပိ မနုဿာ "ထေရေန နကိဉ္စိ ဘုတ္တ"န္တိ သပ္ပိအာဒီနိ အာဟရန္တိ၊ ဘေသဇ္ဇတ္ထမေ၀ ၀ဋ္ဋန္တိ၊ နအာဟာရတ္ထံ။ မ၊ဗ္ဗိမော ယာ၀ ပတ္တော ဘတ္တံ နခီယတိ၊ တာ၀ အညံ ဂဏှိတုံ လဘတိ၊ အယဉ္စိ ဘောဇနပရိယန္တိကော နာမ ဟောတိ။ (၄)

ပဘေဒ--အပြာ အားဖြင့်ကား ဤယောဂီရဟန်းသည်လည်း ဥက္ကဋ္ဌ, မ၊ဗ္ဗိမ, မုဒုဟူ၍ သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌရဟန်းသည်ကား အနည်းငယ်လည်းဖြစ်စေ, အများမူလည်းဖြစ်စေ အကြင်ဆွမ်းကို ဘုဉ်းပေးအံ့ဟု သပိတ်၌ လက်ချ၏။ ထိုချသောအခါမှစ၍ ဟင်္ဂြာဘောဇဉ်ကို ယူခြင်းငှာ မအပ်။ အကယ်၍ ဒါယကာတို့သည် ဤမထေရ်မြတ်ကြီးသည်ကား တစ်စုံတစ်ခုကိုမျှ မဘုဉ်းပေးမစားရသေးပါတကားဟု ထောပတ်စသည်တို့ကို ကပ်လှူကုန်ငြားအံ့။ ဆေးအကျိုးငှာသာလျှင် အပ်ကုန်၏။ အာဟာရအလို့ငှာ မအပ်ကုန်။

ဤ၌ စုလ္လင်္ဂီကာကား "ဘေသဇ္ဇတ္ထမေ၀= ဆေးအကျိုးငှာသာ"ဟူသော စကားဖြင့် ထောပတ်အစရှိသည်တို့ကို ထိုကာလ၌ မဘုဉ်းပေးကောင်း၊ အနာထင်ရှားရှိသော်သာ ဆေးဟူသော သုံးဆောင်ခြင်းဖြင့် ဘုဉ်းပေးအပ်၏။ ဓိဃဘ္ဏာ--ထမင်းဆာခြင်းကိုပယ်ရန် မဘုဉ်းပေးအပ်ဟူ၍ ဆို၏။ (ကြံအပ်၏) မဟာဋီကာ၌ကား ဘေသဇ္ဇပရိဘောဂ ဆေးဟူသော သုံးဆောင်ခြင်းဖြင့်သာလျှင် ထောပတ်စသည်တို့သည် အပ်ကုန်၏ဟူ၍ မိန့်ဆိုလာ၏။ ထို့ကြောင့် ဤ၌ ဘောဇဉ် ၈ါးပါ ကိုသာ မယူမူ၍ အောက်၌ ဆိုအပ်ခဲ့ပြီးသော တစ်ဆယ့်ခြောက်ပါးသော ပိဏ္ဍပါတာ ဆွမ်းသည်ပင်လျှင် (ဘုဉ်ဓာဗ) သာမညအားဖြင့် ဘောဇဉ်မည်၏ဟု သန္နိဋ္ဌာန်ကျမှတ်အပ်၏။ ဥက္ကဋ္ဌောဟု ဥက္ကဋ္ဌအရာ၌ ဆိုခြင်းကြောင့် မ၊ဗ္ဗိမ,မုဒုတို့မှာကား ထောပတ်အစရှိသည်ကို ရသောကာလ၌ အာဟာရအလို့ငှာ အပ်သကဲ့သို့ ကျ၏။ အဋ္ဌကထာဋီကာ မလာရကား ကြံအပ်၏။

မ၊ဗ္ဗိမရဟန်းကား အကြင်ရွှေ့လောက် ကာလပတ်လုံး သပိတ်၌ ဆွမ်းသည်မကုန်သေး။ ထိုရွှေ့လောက် ကာလပတ်လုံး တခြားတပါးသောဆွမ်းကို ခံယူခြင်းငှာ ရအပ်၏။ ဤရဟန်းကား ဘောဇနပရိယန္တိကမည်၏။

မုဒုကော ယာဝ အာသနာ နံ ဝုဋ္ဌာတိ၊ တာဝ ဘုဉ္ဇိတုံ လဘတိ။ သော ဟိ ဥဒကပရိယန္တိကော ဝါ ဟောတိ ယာဝ ပတ္တဓောဝနံ နံ ဂဏှာတိ တာဝ ဘုဉ္ဇနတော၊ အာသနပရိယန္တိကော ဝါ ယာဝ နံ ဝုဋ္ဌာတိ တာဝ ဘုဉ္ဇနတော။ (၄)

ဣမေသံ ပန တိဏ္ဏမ္ပိ နာနာသနဘောဇနံ ဘုတ္တကေ ဝုတ္ထံ ဘိဇ္ဇတိ။ အယမေတ္ထ သောဒေါ။ အယံ ပနာနိသံသော–အပ္ပါဗာဓတာ၊ အပ္ပါတင်္ကတာ၊ လဟုဋ္ဌာနံ၊ ဗလံ၊ ဖာသုဝိဟာရော၊ အနတိရိတ္တပစ္စယာ အနာပတ္တိ၊ ရသတဏှာဝိနောဒနံ၊ အပ္ပိစ္ဆတာဒီနံ အနုလောမဝုတ္တိတာ။ (၄)

မုဒုရဟန်းကား အကြင်ရွှေ့လောက် ထိုင်ရာမှမထသေး၊ ထိုရွှေ့လောက် တခြားတပါးသော ဆွမ်းကိုလည်း ခံယူ၍ ဘုဉ်းပေးခြင်းငှာ အပ်၏။ ဤမုဒုကား သပိတ်ဆေးရေ ရယူသည့်တိုင်အောင် ဘုဉ်းပေးသောကြောင့် ဥဒကပရိယန္တိကလည်း မည်၏။ နေရာမှ ထသည့်တိုင်အောင် ဘုဉ်းပေးသောကြောင့် အာသနပရိယန္တိလည်း မည်၏။ ဤကား ပဘေဒတည်း။

ဘေဒအားဖြင့်သော်ကား ပထမဆွမ်းစားသောဣရိယာပုထ်မှ ထပြီး၍ နောက်တစ်ဖန် ထိုင်ခြင်းဣရိယာပုထ်၌ ဆွမ်းဘောဇဉ်အာဟာရကို စားသောခဏ၌ ဂူတင်စေတနာပျက်၏။ ဤကားဘေဒတည်း။

အာနိသံသ အကျိုးဂုဏ်ကား ဤဧကာသနိကဂူတင်ဆောင် ယောဂီရဟန်းသည်ကား အပ္ပါဗာဓတာ၊အနာရောဂါနည်းသည်၏ အဖြစ်လည်းရှိ၏။ အပ္ပါတင်္ကတာ၊ အကြိမ်များစွာစားခြင်းကြောင့်ဖြစ်တတ်သော ကိုယ်၏ဆင်းရဲခြင်းမှ ကင်းသည်၏အဖြစ်လည်း ရှိ၏။ လဟုဋ္ဌာနံ၊ ပေါ့ပါးလျင်မြန်စွာ ထနိုင်ခြင်းလည်းရှိ၏။ ဗလံ၊ အားလည်းရှိ၏။ ဖာသုဝိဟာရော၊ ချမ်းသာစွာ နေရခြင်းလည်း ရှိ၏။ အနတိရိတ္တပစ္စယာ အနာပတ္တိ၊ နောက်တစ်ဖန်မစားခြင်းကြောင့် အတိရိက်မပြုသောဆွမ်းကို စားသဖြင့် သင့်ကောင်းသောအာပတ် မသင့်ခြင်းလည်း ရှိ၏။ ရသတဏှာဝိနောဒနံ၊ အကြိမ်များစွာ စားရသောရသ၌ တပ်မက်သောတဏှာကို ပယ်ဖျောက်ခြင်းလည်းရှိ၏။ အပ္ပိစ္ဆတာဒီနံ အနုလောမဝုတ္တိတာ၊ အလိုနည်းသည်၏ အဖြစ် စသည်တို့အားလျော်စွာဖြစ်ခြင်းရှိသည်၏အဖြစ်လည်း ရှိ၏။ ဟူ သော အကျိုးဂုဏ်တို့သည် ဖြစ်လာကြကုန်၏။

(က) ဧကာသနဘောဇနေ ရတိ၊ နံ ယတိ ဘောဇနပစ္စယာ ရဂၢာ။
ဝိသဟန္တိ ရသေ အလောလုပေါ၊ ပရိဟာပေတိ နံ ကမ္မမတ္တနော။
(ခ) ဣတိ ဖာသုဝိဟာရကာရကေ၊ သုစိသလ္လေခရတူပသေဝိတေ။
ဇနယေထ ဝိသုဒ္ဓမာနသော၊ ရတိ မေကာသနဘောဇနေ သဒါ(တိ)

ဧကာသနဘောဇနေ၊ တစ်နေရာတည်း၌ တစ်ထိုင်တည်းစားခြင်း၌။ ရတိ၊ နှစ်သက်မွေ့လျော်သော။ ယတိ၊ ယောဂိရဟန်းကို။ ဘောဇနပစ္စယာ၊ အကြိမ်များစွာစားခြင်းလျှင် အကြောင်းရှိကုန်သော။ ဝါ၊ အကြိမ်များစွာစားခြင်းကြောင့် ဖြစ်တတ်ကုန်သော။ ရဂၢာ၊ အနာရောဂါတို့သည်။ နံ ဝိသဟန္တိ=နံ ပီဠေန္တိ၊ မည့ဉ်းဆဲမနှိပ်စက်နိုင်ကုန်။ ရသေ၊ အကြိမ်များစွာစားရသော အရသာအမျိုးမျိုး၌။ အလောလုပေါ၊ ဤအကြိမ်ထက် ထိုအကြိမ်မှာ ပို၍ကောင်းမည်ဟု တောင့်တခြင်း ပြင်းထန်စွာမက်မောခြင်းကင်းသည်ဖြစ်၍။ အတ္တနော၊ မိမိ၏။ ကမ္မံ၊ ကမ္မဋ္ဌာန်းအာရုံကို ရှုမှတ်ခြင်းဟူသော ပြုလုပ်စရာ ရဟန်းကိစ္စကို။ နံ ပရိဟာပေတိ၊ မဆုတ်ယုတ်စေတတ်။

ဣတိ တသ္မာ၊ ထို့ကြောင့်။ ဖာသုဝိဟာရကာရကေ၊ ချမ်းသာစွာနေရခြင်းကိုပြုတတ်သော။ သုစိ၊ စင်ကြယ်သော။ သလ္လေခရတူပသေဝိတေ၊ ကိလေသာခေါင်းပါးသောအကျင့်မြတ်၌ မွေ့လျော်သော သူတော်ကောင်းတို့သည် မှီဝဲအပ်သော။ ဧကာသနဘောဇနေ၊ တစ်နေရာတည်း၌ တစ်ထပ်တည်းဆွမ်းဘောဇဉ်ကိုစားခြင်း၌။ သဒါ၊ အခါခပ်သိမ်း။ (တနည်း) သဒါ နိစ္စကာလံ၊ မြဲသောကာလပတ်လုံး။ ရတိ၊ မွေ့လျော်ခြင်းကို။ ဝိသုဒ္ဓမာနသော၊ အထူးသဖြင့် စင်ကြယ်သော စိတ်နှလုံးရှိသည်ဖြစ်၍။ ဝါ၊ အထူးသဖြင့်စင်ကြယ်သော စိတ်နှလုံးရှိသော ရဟန်းအား။ ဇနယေထ၊ ဖြစ်စေကြကုန်လော့။

ဤကား ဧကာသနိကင်္ဂ သမာဒါန, ဝိဓာန, ပဘေဒ, ဘေဒ, အာနိသံသ အဖွင့်သံဝဏ္ဏနာတည်း။

ပဌမဓူတင်ပြီး၏။

၆–ပတ္တပိဏ္ဍိကဝတ္ထုဝိနိစ္ဆယ

ပတ္တပိဏ္ဍိကဂ်ိမ္မှ "ဒုတိယဘာဇနံ[1] ပဋိဂ္ဂါပါမိ၊ ပတ္တပိဏ္ဍိကံ သမာဒိယာမိ"တို့ ဣမေသံ အညတရဝစနေန သမာဒိနံ ဟောတိ။

တေန ပန ပတ္တပိဏ္ဍိကေန ယာဂုပါနကာလေ ဘာဇနေ ဌပေတွာ ဗျဉ္ဇနေ လဒ္ဓေ ဗျဉ္ဇနံ ဝါ ပဌမံ ခါဒိတဗ္ဗံ၊ ယာဂု ဝါ ပါတဗ္ဗာ။ သစေ ပန ယာဂုယံ ပက္ခိပတိ၊ ပုတိမစ္ဆကာဒိမှိ ဗျဉ္ဇနေ ပက္ခိတ္တေ ယာဂု ပဋိကူလာ ဟောတိ၊ အပဋိကူလမေဝ စ ကတ္တာ ဘုဉ္ဇိတုံ[2] ဝဋ္ဋတိ။ တသ္မာ တထာရူပံ ဗျဉ္ဇနံ သန္နာယ ဣဒံ ဝုတ္တံ။ ယံ ပန မဟုသက္ကရာဒိကံ အပဋိကူလံ ဟောတိ၊ တံ ပက္ခိပိတဗ္ဗံ။(၆)

ပတ္တပိဏ္ဍိကရှုတင်ကို ဆောက်တည်လိုသော ယောဂီရဟန်းသည်**ကား**: "**ဒုတိယဘာဇနံ** ပဋိဂ္ဂါပါမိ၊ ပတ္တပိဏ္ဍိကံ သမာဒိယာမိ"ဟူသော ဤနှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။ ဒုတိယဘာဇနံ၊ နှစ်ခုမြောက်သော အာဟာရထည့်စရာခွက်ကို။ ပဋိဂ္ဂါပါမိ၊ ပယ်ပါ၏။ ပတ္တပိဏ္ဍိကံ၊ တစ်ခုတည်းသောသပိတ်ဌ ရှိသမျှကို ဆွမ်းဟု အမှတ်ပြု၍ ဘုဉ်းပေးသော ရဟန်း၏အဖြစ်ဟူသော အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ ဤကား သမာဒါနတည်း။

ထိုသို့ဆောက်တည်ပြီးသော ယောဂီရဟန်းသည်ကား ယာဂုဘုဉ်းပေးသောအခါ ခွက်ကို ထား၍ အမဲကို ကပ်လာသည်ရှိသော် အမဲကိုသော်လည်း အလျင်ဘုဉ်းပေးအပ်၏။ ယာဂုကိုသော်လည်း သပိတ်ဌထည့်၍ အလျင်ဘုဉ်းပေးအပ်၏။ အကပ်ခံသော အမဲယာဂုတို့ကို သပိတ်ဖြင့်သာ ခံအပ်၏။ လက်ဖြင့် ခွက်ကို လုမ်းမယူအပ်၊ လူတို့လက်ဌသာ ရှိစေအပ်၏။ အကယ်၍ ယာဂုဌ ထည့်အုံ့၊ ပုပ်သော ငါးအမဲတို့ကို ထည့်မိသည်ရှိသော် ယာဂုသည် စက်ဆုပ်ရွံဖွယ်ရှိ၏။ ဘုဉ်းပေးသည်ရှိသော် ပို့အန်လောက်ရကား မရွံဖွယ်ကိုပြု၍ကာလျှင် ဘုဉ်းပေးအပ်၏။ အကြင်ပျားရေ သကြားစသည်ကား စက်ဆုပ်ရွံဖွယ်မရှိပေ။ ထိုပျားသကြား စသည်တို့ကား ယာဂုဌ ထည့်၍ ဘုဉ်းပေးသုံးဆောင်အပ်၏။

၁–ဒုတိယကဘာဇနံ (ဌ) (ပ) ၆၇။ ၂–ပရိဘုဉ္ဇိတုံ (ဣ–က)

ဂဏ္ဍန္တေနာ စ ပမာဏယုတ္တမေဝ ဂဏှိတဗ္ဗံ။ အာမကသာကံ ဟတ္ထေန ဂဟေတွာ ခါဒိတုံ ဝဋ္ဋတိ။ တထာ ပန အကတွာ ပတ္တေယေဝ ပက္ခိပိတဗ္ဗံ။ ဒုတိယကဘာဇနသ္မိံ ပန ပဋိက္ခိတ္တတ္တာ အညံ ရက္ခပဏ္ဏမ္ပိ နေ ဝဋ္ဋတိ ဣဒမသ္မိ ဝိဓာနံ။

ပဘေဒတော ပန အယမ္ပိ တိဝိဓော ဟောတိ။ တတ္ထ ဥက္ကဋ္ဌသ္မိံ အညတ္ထ ဥစ္ဆုခါဒနကာလေ ကစ္စဝရမ္ပိ ဆဒ္ဒေတုံ နေ ဝဋ္ဋတိ။

ခံယူသည်ရှိသော်လည်း ဝမ်းနှင့်ပမာဏတန်ရုံသာ ခံယူအပ်၏။ များစွာယူ၍ မသွန်မစွန့်အပ်။ သွန်သည်ရှိသော်လည်း သွန်စရာခွက်ကို လက်ဖြင့် မကိုင်မူ၍ သွန်အပ်၏။ အာမကသာက ဟုဆိုအပ်သော ဟင်းရွက်စိမ်း ပင်စိမ်း သရက်နု စသည်တို့ကိုသော်ကား လက်ဖြင့် ကိုင်၍ ဘုဉ်းပေးခြင်းငှာ အပ်၏။ ရှုတင်မပျက်။ ထိုသို့မပျက်သော်လည်း (မဟိစ္ဆာ)အလိုကြီးသူတို့၏ အမှုအရာဖြစ်၍ သင့်လျော်မှုမရှိရကား သပိတ်၌သာ ထည့်အပ်၏။ နှစ်ခုမြောက်ခွက်ကို ပယ်ခြင်းကြောင့် သစ်ရွက်မျှသည်လည်း အာဟာရဆွမ်းစသည်ကို ထည့်ရန် ရည်ရွယ်လျှင် မအပ်ပါ။ ဤ၌လည်း ပတ္တသဒ္ဒါဖြင့် ရဟန်းတို့ကို ပဋ္ဌာနပြု၍ ဆိုပေ၏။ ရှင်သာမဏေနှင့် လူတို့သည်လည်းကောင်း, သပိတ်ပျောက်သောရဟန်းတို့သည်လည်းကောင်း, သစ်ရွက်တစ်ခုတည်း၌ လည်းကောင်း, နှစ်ခုသုံးခုတို့ကို တစ်ခုတည်းစပ်၍လည်းကောင်း ထို၌ ထည့်၍ ဘုဉ်းပေးသော်လည်း အပ်ကောင်း၏။ ဤကား ဝိဓာနတည်း။

ပဘေဒ အပြားအားဖြင့်သော်ကား ဤယောဂီသည်လည်း ဥက္ကဋ္ဌ,မဇ္ဈိမ,မုဒုဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌယောဂီအား ကြံစားကြံစုပ်သောအခါမှ တပါးတခြားအခါ၌ ငါးရိုးစသော အမှိုက်ကိုသော်လည်း မိမိအကပ်ခံထားသော ဒုတိယခွက်၌ စွန့်ခြင်းငှာ မ[illegible] ဒုတိယနှစ်ခုမြောက်ကို သာယာလက်ခံထားသောကြောင့်ဟု ဆိုလို၏။ ထို့ကြောင့် ဆို[illegible]တို့ကား ဂဏ္ဌီ၌ အဆုံးအဖြတ်တည်း။ "ကြံစုပ်သောအခါကို ကြဉ်ဖယ်ထား၍"ဟုဆိုသည်မှာ မိမိသပိတ်မှ ကြံဆစ်ကိုယူ၍ မိမိသည် အကပ်ခံအုပ်သော လက်ရှိသပိတ်မှ တခြားတပါးသောခွက်၌ ထည့်၍ သူတပါးကို ပေးအံ့သောငှာလည်းကောင်း, မြေ၌ ထားအံ့သောငှာ လည်းကောင်း ရအပ်၏။ ထိုကြံမှ တပါးသော ခဲဖွယ်စားဖွယ်တို့ကိုသော်ကား

ဩဒနပိဏ္ဍာမစ္ဆမ်သပူဝေပိ ဘိန္နိတ္တာ ခါဒိတုံ နိ ဝဋ္ဋတိ။ မဒ္ဒိမသ ဇကေန ဟတ္ထေန ဘိန္နိတ္တာ ခါဒိတုံ ဝဋ္ဋတိ၊ ဟတ္ထယောဂိ နာမသ။ မုဒုကော ပန ပတ္တယောဂိ နာမ ဟောတိ၊ တသ ယံ သက္ကာ ဟောတိ ပတ္တေ ပက္ခိပိတုံ၊ တံ သဗ္ဗံ ဟတ္ထေန ဝါ ဒန္တေဟိ ဝါ ဘိန္နိတ္တာ ခါဒိတုံ ဝဋ္ဋတိ။(၄)

ယုတ်သောအပိုင်းအခြားအားဖြင့် ထမင်းနှင့်ရောနှောနေသော (ကစဝရ) အမှိုက်ဟု ဆိုအပ်သော ငါးရိုးစပါးလုံးအစရှိသည်ကိုသော်လည်း ထိုသို့အကပ်ခံထားသော ဒုတိယခွက်၌ ထည့်၍ မပေးအပ်၊ စွန့်ပစ်ခြင်းငှာလည်း မအပ်။ ဘယ်ကြောင့်နည်း**ဟူမူကား** (ဘာဇနသ သာဒိတတ္တာ) ခွက်ကို လက်ခံသာယာသောကြောင့်တည်း။ အဓိပ္ပါယ်**ကား**-

စားစရာထည့်အပ်သော ဒုတိယခွက်ကို မသာယာမူ၍ စွန့်**ပစ်စရာထည့်သောခွ**က်ကို သာယာသောကြောင့် ဂူတင်သော်ကားမပျက်၊ ဥက္ကဋ္ဌအဖြစ်ပျက်၏ လျှောကျ၏ဟု **ဆို**လို၏။ အကယ်၍ အကပ်မခံအပ်သော(မြေကြီး၌လည်းကောင်း၊ သူတပါး၏လက်၌လည်း၎ကောင်း တည်သော) ခွက်၌ ထည့်၍ စွန့်ပစ်အံ့၊ ထိုသို့စွန့်ပစ်ခြင်းငှာသော်ကား ရအပ်၏။ ခွက်ကို လက်ဖြင့် မကိုင်မသာယာသောကြောင့်တည်း။ ဆဋ္ဌေတုံ နိ ဝဋ္ဋတိ ဟူသော အဋ္ဌကထာ၌ "ပဋိဂ္ဂဟဘာဇနေ= အကပ်ခံသောခွက်၌"ဟူသော အာဓာရပုဒ် ကျနေသည်ဟု သိရာ၏။ (သတိ) ဥက္ကဋ္ဌသ ဟု ဝိသေသဆိုခြင်းကြောင့် မဒ္ဒိမနှင့် မုဒုတို့ကား စွန့်ပစ်ခြင်းငှာ ရအပ်၏ ဟူ၍ သိလေ။ ထမင်းခဲ, ငါး, အမဲ, မုန့်တို့ကို ခွဲ၍ဖဲ့၍စားခြင်းငှာ မအပ်ဟု ဆိုရာ၌ အဓိပ္ပါယ်ကား ခဲဖွယ်ကို ခွဲ၍ဖဲ့၍ စားသည်ရှိသော် အောက်၌ဆိုခဲ့သော "ဆွမ်းဟူသောအမှတ်ပြု၍ စားသည်"ဟူသော စကားကြောင့် သပိတ်၌ ဆွမ်းဟူသော အမှတ်သညာပျက်သောအားဖြင့် ဥက္ကဋ္ဌအဖြစ်မှ ရွှေ့လျှောသည်ဟု ဆိုလိုသတည်း။ မဒ္ဒိမယောဂိကား တစ်ဖက်သောလက်ဖြင့် ခွဲ၍ဖဲ့၍ စားခြင်းငှာ အပ်၏။ ဟတ္ထယောဂိမည်၏။ မုဒုယောဂိကား ပတ္တယောဂိမည်၏။ ထိုယောဂိပုဂ္ဂိုလ်အား အကြင်စားစရာအာဟာရကို သပိတ်၌, ခွက်၌ ထည့်၍ စားခြင်းငှာ တတ်ကောင်း၏၊ ထိုအလုံးစုံကို ထည့်၍ လက်ဖြင့်လည်းကောင်း, သွားတို့ဖြင့်လည်းကောင်း ခွဲ၍ဖဲ့၍ကိုက်၍ ခဲခြင်းစားခြင်းငှာ အပ်၏။ ဤကား ပဘေဒတည်း။

ဣမေသံ ပန တိဏ္ဍမ္မိ ဒုတိယဘာဇနံ သာဒိတက္ခဏေ ဝုတ္တံ ဘိဇ္ဇတိ။ အယမေတ္ထ ဘေဒေါ။(၄) နု ကုဋ္ဌိကာဒိပါနိယဘာဇနံ၊ တံ ပန သာဒိတုံ၊တသ္သ ဘာဇနကိစ္စာနုပယောဂတ္တာ။ (စုလ္လဋီကာ)

အယံ ပနာနိသံသော နာနာရသတဏှာဝိနောဒနံ၊ အတြိစ္ဆတာယ ပဟာနံ၊ အာဟာရေ ပယောဇနမတ္တာဒဿိတာ၊ ထာလကာဒိပရိဟရဏခေဒါဘာဝေါ၊ အဝိကွိတ္တဘောဇိတာ၊ အပ္ပိစ္ဆတာဒီနံ အနုလောမဝုတ္တိတာတိ။

ရူတင်ပျက်သော ဘေဒအားဖြင့်သော်ကား ဤသုံးဦးကုန်သော ယောဂီတို့အား ထမင်းအမဲစသည်တို့ကိုဆောင်သော နှစ်ခုမြောက်သောခွက်ကို အကပ်ခံယူသော ခဏ၌ ရူတင်ပျက်၏။ သောက်ရေခွက်အစရှိသည်ကို ယူသောခဏ၌ ရူတင်မပျက်။

စုလ္လဋီကာ၌ကား သောက်ရေခွက်သည် ရူတင်ကိုမပျက်စေတတ်။ ထိုခွက်ကို သာယာခြင်း ယူခြင်းငှာ အပ်၏။ ထိုခွက်သည် ဆွမ်းထည့်စရာခွက်မဟုတ်မူ၍ ရေသောက်ရန်အတွက်သာ ခွက်ကိစ္စ၌ လျော်စွာလုံ့လပြုရသောကြောင့်တည်းဟု မိန့်ဆိုထား၏။

သာဒိတက္ခဏေ ပဋိဂ္ဂဟဏေဟု ဖွင့်သည်ကိုထောက်လျှင် ဤ၌ သာဒိတသဒ္ဒါသည် ဂဟဏယူခြင်းအနက်ကို ဟော၏။ ဟောသောကြောင့် အာဟာရထည့်သောခွက်ကို စိတ်က သာယာရုံမျှဖြင့် ရူတင်မပျက်။ လက်ဖြင့် လှမ်းယူမှသာ ရူတင်ပျက်၏။ အာဟာရ ခွက်မှတပါးသော ရေခွက်ဆေးခွက်တို့သည်ကား စိတ်ကသာယာရုံမျှမကဘဲ လက်ဖြင့်ပင် လှမ်းယူသော်လည်း ရူတင်မပျက်ပါ။ အပ်ကုန်၏ဟု သိရာ၏။

အာနိသံသ အကျိုးကား- နာနာရသတဏှာဝိနောဒနံ၊ အထူးထူးသောဘောဇဉ်၌ တည်သောရသာရုံ၌ တပ်မက်သောတဏှာကို ပယ်ရခြင်း။ အတြိစ္ဆတာယ ပဟာနံ၊ တစ်ခွက်နှစ်ခွက်အစရှိသည်ကို လိုလားတပ်မက်သူ၏အဖြစ်ကို ပယ်ရခြင်း။ အာဟာရေ ပယောဇနမတ္တာဒဿိတာ၊ အာဟာရ၌ အကျိုးမျှကို ပြသည်၏အဖြစ်။ ထာလကာဒိဟရဏ ခေဒါဘာဝေါ၊ ခွက်စသည်ကို ဆောင်သဖြင့် ပင်ပန်းခြင်း၏ မရှိခြင်း။ အပ္ပိစ္ဆတာဒီနံ အနုလောမဝုတ္တိတာ၊ အလိုနည်းခြင်းစသည်တို့အား လျော်စွာဖြစ်ခြင်းဟူသော အကျိုးတို့သည် ဖြစ်လာကြကုန်၏။

ရှုတင်အဆုံးအဖြတ်ကျမ်း

(က) နာနာဘာဇနဝိကွေပ်၊ ဟိတ္တာ သြက္ခိတ္တလောစနော။
ခနန္တော ဝိယ မူလာနိ၊ ရသတဏှာယ သုဗ္ဗတော။
(ခ) သရူပ် ဝိယ သန္တုဋ္ဌိ၊ ဓာရယန္တော သုမာနသော။
ပရိဘုဥ္ဇေယျ အာဟာရံ၊ ကော အညော ပတ္တပိဏ္ဍိကောတိ-
အယံ ပတ္တပိဏ္ဍိကင်္ဂ သမာဒါနဝိဓာနပဘေဒဘေဒါနိသံသဝဏ္ဏနာ။

နာနာဘာဇနဝိကွေပ်၊ အထူးထူးသော အာဟာရထည့်ထားသော ခွက်၌ ပျံ့လွင့်ခြင်းကို၊ ဟိတ္တာ၊ ပယ်၍။ သြက္ခိတ္တလောစနော၊ အောက်သို့ချသော မျက်နှာရှိသော။ သုဗ္ဗတော ကောင်းသောကျင့်ဝတ်ရှိသော ယောဂီရဟန်းသည်။ ရသတဏှာယ၊ အထူးထူးရသာရုံကို တပ်မက်သောတဏှာ၏။ မူလာနိ၊ အရင်းအမြစ်တို့ကို။ ခနန္တော ဝိယ၊ တူးဖြိုဖျက်ဆီးသကဲ့သို့-

.. သုမာနသော၊ ကောင်းသောစိတ်နလုံးရှိသော။ ပတ္တပိဏ္ဍိကော၊ ပတ္တပိဏ္ဍိကရှုတင်ဆောင်သော ယောဂီရဟန်းသည်။ သရူပံ၊ မိမိ၏အတ္တဘောဖြစ်သောရုပ်ကို။ ဓာရယန္တော ဝိယ ဆောင်သကဲ့သို့။ သန္တုဋ္ဌိ၊ သပိတ်တစ်လုံးတည်း၌ ရောင့်ရဲခြင်း စိတ်ကနှစ်သက်ခြင်းတည်းဟူသော သန္တောသ တရားကို။ ဓာရယန္တော၊ ဆောင်လျက်။ အာဟာရံ၊ ဆွမ်းဘောဇဉ်စသော အာဟာရကို။ ပရိဘုဥ္ဇေယျ=ပရိဘုဥ္ဇိတုံ သက္ကုဏေယျ၊ ဘုဉ်းပေးသုံးဆောင်စားသောက်ခြင်းငှာ တတ်နိုင်သည် ဖြစ်ရာ၏။ အညော၊ ပတ္တပိဏ္ဍိကရှုတင်ဆောင်ယောဂီမှ တပါးသော။ ကော အဘယ်မည်သော ပုဂ္ဂိုလ်သည်။ ပရိဘုဥ္ဇေယျ= ပရိဘုဥ္ဇိတုံ သက္ကုဏေယျ၊ စားခြင်းငှာ တတ်နိုင်ပါအံ့နည်း။

ဤကား ပတ္တပိဏ္ဍိကင်္ဂ၌ သမာဒါန, ဝိဓာန, ပဘေဒ, ဘေဒ, အာနိသံသ အဖွင့်တည်း ဆဋ္ဌရှုတင်ပြီး၏။

၇-ခလုပ်ဆွာဘတ္တိကဝုတ်ဝိနိစ္ဆယ

ခလုပ်ဆွာဘတ္တိကင်္ဂမို့ "အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊ ခလုပ်ဆွာဘတ္တိကင်္ဂံ သမာဒိယာမိ"တိ ဣမေသံ အညတရဝစနေန သမာဒိနဲ့ ဟောတိ။ (၄)

အသနံ ဘောဇနဉ္စေဝ၊ အဘိဟာရော သမိပတာ။

ကာယဝါစာပဋိဂ္ဂေပေါ၊ ပဋ္ဌ အင်္ဂါ ပဝါရဏာ။ (ခုဒ္ဒသိက္ခာ)

ခလုပ်ဆွာဘတ္တိကဝုတင်ကို ဆောက်တည်လိုသော ယောဂီရဟန်းသည်ကား "အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊ ခလုပ်ဆွာဘတ္တိကင်္ဂံ သမာဒိယာမိ"ဟူသော နှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။။ အတိရိတ္တဘောဇနံ၊ ပဝါရိတ်သင့်ပြီးသောနောက်မှ ရသောဆွမ်းကို ဝိနည်းကံအလျောက် အတိရိက်ပြု၍ စားခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ခလုပ်ဆွာဘတ္တိကင်္ဂံ၊ ပယ်မြစ်ပြီးသည်မှနောက်၌ ရသောဆွမ်းကို ဝိနည်းကံအလျောက်ပြု၍ မစားခြင်းဟူသော ဝုတင်အင်္ဂါကို။ ဝါ၊ ခလုမည်သောဌက်၏ အစာဆုံးခြင်းကဲ့သို့ တားမြစ်မိသည်နှင့် တပြိုင်နက် ဆွမ်းဆုံးခြင်းရှိသော ဝုတင်အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ ဤကား သမာဒါနတည်း။

ဤ၌ ပဝါရိတ်အဘယ်သို့သင့်သနည်း, အတိရိက်မည်သည် အဘယ်သို့ဖြစ်သနည်း ဟူမူကား– အသနံ၊ အပ်မအပ်သောဘောဇဉ်ကို စားဆဲလည်းဖြစ်စေ။ ဘောဇနဉ္စေဝ၊ အပ်သော ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးလည်းဖြစ်စေ။ အဘိဟာရော၊ မိမိသို့ ရှေ့ရှုဆောင်သည်လည်းဖြစ်စေ။ သမိပတာ၊ ဟတ္ထပါသ်တွင်းရောက် နီးသည်လည်းဖြစ်စေ။ ကာယဝါစာပဋိဂ္ဂေပေါ၊ ကိုယ်နှုတ်ဖြင့် တန်ပြီဟု တားမြစ်သည်လည်းဖြစ်စေ။ (ဣတိ၊ ဤသို့။) ပဝါရဏာ၊ ပဝါရိတ်သင့်ခြင်းသည်။ ပဋ္ဌ အင်္ဂါ၊ အင်္ဂါငါးပါးရှိ၏။

ဤသို့ စားဆဲကပ်လာသော ထမင်း, မုန့်, မုယော မုန့်, ငါး, အမဲဟူသော ကပ္ပိယဘောဇဉ်ကို အလ ် တန်ပြီဟု ကိုယ်နှုတ်ဖြင့် တားမြစ်သောရဟန်းအား အင်္ဂါငါးပါးနှင့် ပြည့်စုံသည်ရှိသော် ပဝါရိတ်သင့်ခြင်းဖြစ်၏၊ ထိုသို့ ပဝါရိတ်သင့်သောရဟန်းသည် နောက်ဣရိယာပုထ်တစ်ပါး၌ ရသော်ဆွမ်းကို ဃူနာရဟန်းမှကြွင်းကျန်သော ဂိလာနာတိရိက်ကိုသာ ဘုဉ်းပေးရ၏စားရ၏။ ထိုမှ တခြားဆွမ်းကိုကား ဝိနည်းကံ အတိရိတ်ပြုမှ စားရ၏။

အတိရေကသေ ဘာဝေါ အတိရိတ္တံ။ (အာစရိယသေ ဝိဂ္ဂဟော)

တေန ပန ခလုပစ္စာဘတ္တိကေန ပဝါရေတ္တာ ပုန ဘောဇနံ ကပ္ပိယံ ကာရေတ္တာ နဘုဉ္ဇိတဗ္ဗံ။ ဣဒမသေ ဝိဓာနံ။ (၄)

အဘယ်သို့ပြုရသနည်းဟူမူကား–ထိုရသောဆွမ်းကို ယူ၍ ဝိနည်းတတ်သော ရဟန်းသို့ ချဉ်းကပ်၍ "အတိရိတ္တံ ကရောထ ဘန္တေ"ဟူ၍လည်းကောင်း, "အကြွင်းအကျန်ပြုပါလော့"ဟူ၍လည်းကောင်း ပြောဆိုလျှောက်ထား၍ ပေးအပ်၏။ ထိုဝိနည်းတတ် ရဟန်းသည်ကား ထိုဆွမ်းကို လက်ဖြင့်သုံးသပ်၍ စားပြီးသောအခြင်းအရာကို ပြုလျက်"အလမေတံ သဗ္ဗံ" ဟူ၍လည်းကောင်း, ဤမျှလောက်တန်ပြီ၊ ဤကြွင်းကျန်သရွေ့ကား အရှင့်ဖို့တည်းဟု ဆို၍လည်းကောင်း ထိုရဟန်းအား ပြန်ပေးအပ်၏။ ဝိနည်းဋီကာဆရာကား တစ်လုတ်လည်းကောင်း, နှစ်လုတ်လည်းကောင်း စားပြီး၍ ပြန်ပေးအပ်၏ဟု ဆို၏။ ဤသို့ ဆွမ်းကြွင်းဆွမ်းကျန်ဟူသော ဝိနည်းကံကိုပြု၍ ရသောဆွမ်းသည်ပင်လျှင် အတိရိတ္တဘောဇဉ် မည်၏။

အတိရေကသေ၊ စားရာမှကြွင်းကျန်သည်၏။ ဘာဝေါ၊ အဖြစ်တည်း။ အတိရိတ္တံ၊ စားရာမှကြွင်းကျန်သည်၏အဖြစ်။ ။ဤကဲ့သို့ ဝိနည်းကံပြုရသည်ကို ကြောင့်ကြ (ပလိဇောဓ) မျှားသည်ဟု ယူဆလျက် "အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ"ဟု ဓူတင်ဖြင့် ပယ်ခြင်းသည်ပင်လျှင် ခလုပစ္စာဘတ္တိကင်္ဂ မည်၏။

ထိုသို့ဆောက်တည်ပြီးသော ယောဂီရဟန်းသည်ကား ဆိုခဲ့ပြီးသော ပဝါရိတ်သင့်ပြီးသည်မှနောက် ဣရိယာပုထ်တစ်ပါး၌ ရသောဆွမ်းဘောဇဉ်ကို အပ်အောင် အတိရိက်ဝိနည်းကံပြု၍ မစားအပ် မစားကောင်းဟု ဆိုလိုပေတော့၏။ ဤကား ဝိဓာနတည်း။

ပဘေဒတော ပန အယမ္ပိ တိဝိဓော ဟောတိ။ တတ္ထ ဥက္ကဋ္ဌော ယသ္မာ ပဋမပိဏ္ဍော ပဝါရဏာ နာမ နတ္ထိ၊ တသ္မိံ ပန အဒ္ဓောဟရိယမာနေ အညံ ပဋိက္ခိပတော ဟောတိ၊ တသ္မာ ဝေ ပဝါရိတော ပဋမပိဏ္ဍံ အဒ္ဓောဟရိတ္တာ ဒုတိယပိဏ္ဍံ နေ ဘုဉ္ဇတိ။ မဇ္ဈိမော ယသ္မိံ ဘောဇနေ ပဝါရိတော၊ တဒေဝ ဘုဉ္ဇတိ။ မုဒုကော ပန ယာဝ အာသနာ နေ ဝုဋ္ဌာတိ၊ တာဝ ဘုဉ္ဇတိ။

ပဘေဒ အပြားအားဖြင့်သော်ကား ဤယောဂီရဟန်းသည်လည်း ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌရဟန်းအား ရှေးဦးစွာစားသော ဆွမ်းလုတ်၌ ကားမြစ်ခြင်းဟူသော ပဝါရဏာမည်သည် မဖြစ်ကောင်းသေး။ ထိုဆွမ်းလုတ်ကို မျိုပြီးမှ တခြားတပါးမှလာသောဆွမ်းကို တားမြစ်သောရဟန်းအားသာလျှင် ပဝါရဏာသည် ဖြစ်ရပေ၏။ ထို့ကြောင့် ထိုသို့တားမြစ်မိသည်ရှိသော် ရှေးဦးစွာမျိုပြီးသောဆွမ်းလုတ်နှင့်သာ ထိုနေ့အဖို့ သည်းခံအပ်၏။ ဒုတိယဆွမ်းလုတ်နှင့်တကွ သပိတ်၌ ကြွင်းကျန်သောဆွမ်းကို မစားအပ်ပြီ၊ ကားချေမူကား ဥက္ကဋ္ဌအဖြစ်မှ လျှောကျပေတော့၏။

မဇ္ဈိမရဟန်းသည်ကား အကြင်ဆွမ်းကို ဘုဉ်းပေးစားခိုက်၌ တားမြစ်၏။ ထိုအခိုက်၌ သပိတ်၌ကြွင်းကျန်သမျှ ဆွမ်းကိုသာ ဘုဉ်းပေးအပ်စားအပ်၏။ တခြားတပါးမှလာသောဆွမ်းကို မယူအပ်ပြီ။

မုဒုရဟန်းသည်ကား အကြင်ရွေ့လောက် နေရာမှ မထသေး၊ ထိုရွေ့လောက် အချိန်အတွင်း၌ ကြွင်းကျန်သောဆွမ်းကိုလည်း ဘုဉ်းပေးအပ်စားအပ်၏။ တခြားတပါးမှလာသည့် ဆွမ်းကိုလည်း မယူအပ်၏။ ဤကား ပဘေဒ အပြားတည်း။

ဣမေသံ ပန တိဏ္ဏမ္ပိ ပဝါရိတာနံ ကပ္ပိယံ ကာရာပေတွာ ဘုတ္တာဝေ ဧတံ ဘိဇ္ဇတိ။ **အယမေတ္ထ ဘေဒေါ။**

အယံ ပနာနိသံသော– အနတိရိတ္တဘောဇနာပတ္တိယာ ဒုရဘာဝေါ၊ သြဒရိကတ္တာဘာဝေါ၊ နိရာမိသသန္နိဓိတာ၊ ပုနပရိယေသနာယ အဘာဝေါ၊ အပ္ပိစ္ဆတာဒီနံ အနုလောမဝုတ္တိတာတိ။

ဘေဒအားဖြင့်သော်ကား ဤသုံးပါးသော ရဟန်းတို့အား ပဝါရိတ်သင့်ပြီးသည်မှ နောက်ဣရိယာပုထ်၌ ရပြန်သောဘောဇဉ်ဆွမ်းကို အပ်အောင်အတိရိက်ပြု၍ စားသောခဏ၌ ရှုတင်စေတနာပျက်၏။ ဤကား ဘေဒတည်း။

အာနိသံသ အကျိုးကား အနတိရိတ္တဘောဇဉ်ဆွမ်းကြောင့် သင့်သောပါစိတ်အာပတ်မှ ဝေးရခြင်း၊ ဝမ်းပြည့်အောင် ဝမ်းရောင်အောင်စားခြင်း၏ မရှိခြင်း၊ အာမိသကို သိုမှီးခြင်းမှ ကင်းသည်၏အဖြစ်၊ နောက်တစ်ဖန် ဆွမ်းကို ရှာမှီးခြင်း၏ မရှိခြင်း၊ အလိုနည်းသူ၏ အဖြစ်စသည်တို့ အားလျော်စွာ အသက်မွေးခြင်းရှိသည်၏ အဖြစ်ဟူသော အကျိုးတို့သည် ဖြစ်လာကြကုန်၏။

(က) ပရိယေသနာယ ခေဒ်၊ နု ယာတိ နု ကရောတိ သန္ဓိမိ် ဓီရော။
သြဒရိကတ္ဏှံ ပဇဟတိ၊ ခလုပဿာဘတ္တိကော ယောဂီ။
(ခ) တသ္မာ သုဂတပသတ္ထံ၊ သန္တောသဂုဏာဒီဝုမိုသဠနနံ။
ဒေါသေ ဝိဓုနိတုကာမော၊ ဘဇေယျ ယောဂီ ဓုတင်္ဂမိဒန္တိ။
အယံ ခလုပဿာဘတ္တိကင်္ဂေ သမာဒါန ဝိဓာန ပဘေဒ ဘေဒါနိသံသဝဏ္ဏနာ။

ဓီရော၊ ပညာရှိသော။ ခလုပဿာဘတ္တိကော၊ ခလုပဿာဘတ္တိကဓုတင်ကိုဆောင်သော။ ယောဂီ၊ ယောဂီရဟန်းသည်။ ပရိယေသနာယ၊ ဆွမ်းကိုရှာမှီးခြင်းဖြင့်။ ခေဒ်၊ ပင်ပန်းခြင်းသို့။ နု ယာတိ၊ မရောက်။ သန္ဓိမိ်၊ အာမိသကို သိုမှီးခြင်းကို။ နု ကရောတိ၊ မပြု။ သြဒရိကတ္ဏှံ၊ ဝမ်းပြည့်အောင်စားခြင်းကို။ ယသ္မာ၊ အကြင့်ကြောင့်။ ပဇဟတိ၊ ပယ်၏–

တသ္မာ၊ ထို့ကြောင့်။ သုဂတပသတ္ထံ၊ မြတ်စွာဘုရားသည် ချီးမွမ်းတော်မူအပ်သော။ သန္တောသဂုဏာဒီဝုမိုသဠနနံ၊ သန္တောသဂုဏ်ကျေးဇူး စသည်တို့၏ တိုးပွားခြင်းကို ဖြစ်စေတတ်သော။ ဣဒံ ဓုတင်္ဂံ၊ ခလုပဿာဘတ္တိက အမည်ရှိသော ဤဓုတင်ကို။ ဒေါသေ၊ အလိုကြီးသောအပြစ်ဒေါသတို့ကို။ ဝိဓုနိတုကာမော၊ ခါထုတ်ခြင်းငှာအလိုရှိသော။ ယောဂီ၊ ယောဂီရဟန်းသည်။ ဘဇေယျ–အာသေဝနံ ကရေယျ၊ မှီဝဲခြင်းကို ပြုရာ၏။

ဤကား ခလုပဿာဘတ္တိကင်္ဂ၌ သမာဒါန, ဝိဓာန, ပဘေဒ, ဘေဒ, အာနိသံသအဖွင့်တည်း။

သတ္တမဓုတင်ပြီး၏။

၈-အာရညိကရှုတင်ဝိနိစ္ဆယ

အာရညိကင်္ဂမို "ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ အာရညိကင်္ဂ သမာဒိယာမိ"တိ ဣမေသံ အညတရဝစနေန သမာဒိနံ ဟောတိ။

တေန ပန အာရညိကေန ဂါမန္တသေနာသနံ ပဟာယ အရညေ အရဏ် ဥဋ္ဌာပေတဗ္ဗံ။ တတ္ထ သဒ္ဒိံ ဥပစာရေန ဂါမောယေဝ ဂါမန္တသေနာသနံ။ (၄)

ဂါမန္တသေနာသနံ ပဟာယာတိ ဧတ္ထ ဂါမော ဂါမူပစာရော စ တတော ဗဟိ ပဗ္ဗဓနုသတိကပမာဏေ ဌာနံ သဗ္ဗမေတံ ဌာနတ္တယံ ဣဒ ဂါမန္တသေနာသနန္တိ အဓိပ္ပါယော။ တသ္မိံ ဂါမန္တသေနာသနေ အရဏ္ဏဌာပနံ ဣဒ ဂါမန္တသေနာသနံ ဥတ္တရပဒလောပေန၊ တံ ပဋိက္ခိပါမိတိ အတ္ထော။ (စုလ္လဋီကာ)

အာရညိကရှုတင်ကို ဆောက်တည်လိုသော ယောဂီရဟန်းသည်ကား "ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ အာရညိကင်္ဂ သမာဒိယာမိ" ဟူသော နှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

ဂါမန္တသေနာသနံ၊ ဥပစာရနှင့်တကွသော ရွာနီးကျောင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ တနည်းကား- ဂါမန္တသေနာသနံ၊ ဂါမ, ဂါမူပစာရ, ထိုမှအပြင် ကုလလေးတာ အပြန်ငါးရာ အတွင်းဖြစ်သော အရပ်ဟူသော ဂါမန္တသေနာသနဌာ အရဏ်တက်စေခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ဤကား စုလ္လဋီကာနှင့်အညီ အနက်ပေးခြင်းတည်း။ အာရညိကင်္ဂ၊ ထိုဂါမန္တမှ အပြင်ဖြစ်သော တောဌာ အရဏ်တက်စေခြင်းဟူသောအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ ဤကား သမာဒါနတည်း။

ဝိဓာနကား ထိုသို့ဆောက်တည်ပြီးသော အာရညိကင်္ဂယောဂီရဟန်းသည်ကား ထိုသို့ဆိုအပ်ခဲ့ပြီးသော ဂါမ, ဂါမူပစာရ, ထိုမှပြင်ပတာ (၅၀၀)တွင်းတည်းဟူသော ဂါမန္တသေနာသနံ တို့ကို ကြဉ်ဖယ်ထား၍ ထိုမှ အပြင်ဖြစ်သော တောအရပ်ဌာ အရဏ်ခံအပ်၏၊ အရဏ်တက်စေအပ်၏။

ဂါမော နာမ ယော ကောစိ ဧကကုဋ္ဌိကော ဝါ အနေကကုဋ္ဌိကော ဝါ ပရိက္ခိတ္တော ဝါ အပရိက္ခိတ္တော ဝါ သမနုဿော ဝါ အမနုဿော ဝါ အန္ဓမသော အတိရေက စာတုမာသနိဝုဋ္ဌော ယော ကောစိ သတ္တောပိ။ (၄)

ဆိုခဲ့သော ဂါမ ဂါမူပစာရ အရည်ကို့တွင် ဂါမအရ ဂါမ၏သဘောလက္ခဏာကား- ဂါမော နာမ၊ ဂါမမည်သည်ကား။ ယောကောစိ၊ အမှတ်မရှိ တစုံတခုသော။ ဧကကုဋ္ဌိကော ဝါ၊တစ်အိမ်သာရှိသောရွာသည် လည်းကောင်း။ အနေကကုဋ္ဌိကော ဝါ၊ များသောအိမ်ရှိသော ရွာသည်လည်းကောင်း။ ပရိက္ခိတ္တော ဝါ၊ အရံရှိသော ရွာသည်လည်းကောင်း။ အပရိက္ခိတ္တော ဝါ၊ အရံမရှိသော ရွာသည်လည်းကောင်း။ သမနုဿော ဝါ၊ လူရှိသောရွာသည်လည်းကောင်း။ အမနုဿော ဝါ၊ လူမရှိသောရွာသည်လည်းကောင်း။ အန္ဓမသော၊ အညုံဆုံးအယုတ်ဆုံးအားဖြင့်။ အတိရေကစတုမာသနိဝုဋ္ဌော၊ မိုးလေးလထက်လွန်၍တည်သော။ ယောကောစိ၊ အမှတ်မရှိသော။ သတ္တောပိ ဝါ ကိုယ်သမူဟောပိ၊ လှည်းကုန်သည် လှေကုန်သည် ခြေလျင်ကုန်သည်တို့၏ အပေါင်းသည် လည်းကောင်း။ ဂါမော နာမ၊ ရွာမည်၏။

ထိုသူတို့သည် လေးလလွန် တဲတပ်ပြု၍ နေခဲ့သော် ရွာမည်၏ဟု ဆိုလိုသတည်း။ ဤကား ရွာ၏လက္ခဏာတည်း။

ဂါမူပစာရ ရွာနီးမြေကွက်ဟူသည်ကား အရံရှိသော အနုရာဓမြို့ကဲ့သို့သော တံခါးခုံနှစ်ခု ရှိသော ရွာဖြစ်အုံ့၊ အတွင်းဖြစ်သောတံခါးခုံ၌ရပ်၍ ပစ်သော အားအလတ်ရှိသောယောက်ျား၏ ခဲကျရာအရပ်သည် (ဂါမူပစာရ) ရွာနီးမြေမည်၏ ဟူ၍ မှတ်အပ်၏။ ဤ၌ မှတ်ရန်လက္ခဏာကား အကြင်လူငယ်လူပျိုတို့သည် မိမိအားကို ပြလိုသည်ဖြစ်၍ လက်ကိုဆန့်လျက် အုတ်ခဲကို ပစ်ကုန်၏။ ထိုသို့ပစ်သောအုတ်ခဲကျရာ အရပ်အတွင်းသည် ဂါမူပစာရ ရွာနီးမြေမည်၏ဟု ဆိုလို၏။ ဤကား ဝိနည်းဓိရ်ဆရာတို့၏ အဆုံးအဖြတ်တည်း။

သုတ္တန်ဆောင်ဆရာတို့ကား ကျီးကို ဟန့်တားသောအခြင်းအရာဖြင့် ပစ်သောအုတ်ခဲ၏ ကျရာအရပ်အတွင်းဟူ၍ ဆုံးဖြတ်ကုန်၏။ ဤနောက်နည်းသည်လျှင် ပမာဏတည်း။ ထို့ပြင်သိရန်ကား အရံမရှိသောရွာ၌ကား အပြင်အစွန်ဆုံးအိမ်တံခါး၌ ရပ်သောမာတုဂါမသည် အိုးခွက်ဖြင့် ရေကို သွန်ပစ်၏၊ ထိုရေကျရာအရပ်သည် ဃရူပစာရ အိမ်နီးမြေမည်၏။

ဣမသို့ ပန သုတ္တန္တိကပရိယာယေ "အရညကံ နာမ သေနာသနံ ပဋ္ဌဓေသတိကံ ပစ္ဆိမ"န္တိ ဣဒံ လက္ခဏံ။ တံ အာရောပိတေန အာစရိယဓနုနာ ပရိကၠိတ္တသ္မိ ဂါမသ္မိ ဣန္ဒခီလတော အပရိက္ခိတ္တသ္မိ ပဌမလေဍ္ဍုပါတတော ပဋ္ဌာယ ယာဝ ဝိဟာရပရိက္ခေပါ မိနိတ္တာ ဝဝတ္ထပေတဗ္ဗံ။ (၄) အယဉ္စ သုတ္တသံဝဏ္ဏနာတိ ဣဓ သေဒ္ဓတ္ထ သုတ္တန္တိ ကထာဝ ပမာဏံ(မဟာဋီကာ)။ အာရောပိတေနာတိ အာရောပိတဇ်ယေန၊ ဇေတေန ဓနုသ္မ ဝက်ံတာ ရသ္မတ္တံ ဒသ္မေတိ။ ဓနုသ်ပေ အာစရိယာနံ နာတိမဟန္တံ ဓနုဒဏ္ဍမေတ္တ ပမာဏန္တိ အာစရိယဓနုနာတိ။ တံ ပန ဣဒါနိ မနုဿာနံ စတုဟတ္ထပမာဏံ၊ တဉ္စ အာရောပိတံ အဌဝိဒတ္ထိပမာဏန္တိ ဝဒန္တိ။ (စုလ္လဋီကာ)

ထိုမှ ပစ်၍ အုတ်ခဲကျရာအရပ်သည် ဂါမရွာမည်၏။ ထိုမှ ပစ်၍ ဒုတိယအုတ်ခဲကျရာ အရပ်အတွင်းသည် ဂါမူပစာရ မည်၏။ ဤကား ဂါမူပစာရ လက္ခဏာတည်း။

အရည မည်သော တောလက္ခဏာကား ဝိနည်းပရိယာယ်အားဖြင့် ထိုဂါမ, ဂါမူပစာရကို ကြဉ်ဖယ်ထား၍ ပြင်ပအလုံးစုံသောအရပ်တည်းဟု လာ၏။ အဘိဓမ္မပရိယာယ် ၌ကား ဂါမ၏ ဣန္ဒခီလတံခါးခုံမှ ထွက်၍ ပြင်ပအလုံးစုံသော အရပ်ဟု လာ၏။ ဤသို့သော ပဋိပတ္တိအရာဖြစ်သော သုတ္တန်ပရိယာယ်၌ကား လေးအပြန်ငါးရာ ဝေးကွာသောအရပ်သည် အနီးဆုံး တောရကျောင်းမည်၏ဟု လာ၏။ ဤနောက်နည်းအဆုံးအဖြတ်သည်ပင်လျှင် ပမာဏတည်း၊ ထို့ကြောင့် မဟာဋီကာသည်လည်း "ဤသည်ကား သုတ္တန်အဖွင့်ဖြစ်၏၊ ဤဓူတင်နှင့်စပ်ရာအလုံးစုံ၌ သုတ္တန်စကားသာလျှင် ပမာဏတည်း"ဟု မိန့်ဆိုတော်မူသတည်း။ ဤစကားတို့တွင် "အလုံးစုံ၌"ဟူသော စကားဖြင့် အုတ်ခဲပစ်ရာ၌လည်း သုတ္တန်နည်းကို ယူလေ၏ ပြတော်မူ၏၊ အဋ္ဌကထာ၏အဓိပ္ပါယ်ကား ထိုသို့သောလေးအပြန်ငါးရာကိုကား တင်အပ်သောဥာဏ်ကြီးရှိသော ဆရာစွဲကိုင်အပ်သော ယခုအခါ ပကတိရှိသောလူတို့၏ အတောင်ဖြင့် လေးတောင်ထွာရှိသော လေးကို တင်သောအခါ ရှစ်ထွာရှိသောလေးညှို့ကြိုး၏ ပမာဏရှိသော လေးတောင်တာဖြင့် နှိုင်းယှဉ်တိုင်းတာအပ်၏ ဟူလိုသော်။ ထို့ကြောင့် စုလ္လဋီကာ၌လည်း ရှစ်ထွာပမာဏရှိ၏ဟု ဆိုကြကုန်၏ဟူ၍ ဖွင့်ဆိုတော်မူ၏။ ဤဋီကာ၌ ကေစိ, အပရေ ဟု

ကာကနိ၀ရဏနိယာမေနာတိ ဣဒံ လေဌုပါတလက္ခဏံ သုတ္တန္တိကာနံ အပရိက္ခီတ္တဂါမာရညာနံ တပ္ပရိစ္ဆေဒဇာနနတ္ထံ ဣစ္ဆိတံ၊ နိ ပန ဂါမူပစာရပရိစ္ဆေဒဇာနနတ္ထံ၊ ဣန္ဒခီလတော ပဋ္ဌာယ နသတိကဋ္ဌာနဿ သုတ္တန္တိကေဟိ ဂါမူပစာရဘာ၀ေန ဣစ္ဆိတတ္တာ။ (စုလ္လဋီကာ)

မဆိုမူ၍ ၀ဒန္တိဟု သက်သက်လာသော စကားကိုကား ပါဠိ, အဋ္ဌကထာတို့၌ မလာသော ပမာဏမြောက်သော ဆရာတို့၏အယူဖြစ်သော လိုအပ်သော စကားဟူ၍ ဝိနည်းဋီကာ၌ လာ၏။ ထို့ကြောင့် ထိုသို့ပမာဏရှိသော ရစ်ထွာတာဖြင့် အရံရှိသောရွာမြို့၌ကား တံခါးခုံမှစ၍ အရံမရှိသောရွာ၌ကား ရေးဦးစွာသောအုတ်ခဲကျရာမှစ၍ ကျောင်း၏အရံတိုင်အောင် တိုင်းတာ၍ ထားအပ်၏။ အကယ်၍ကား ကျောင်း၌ အရံမရှိသည် ဖြစ်အုံ့၊ အလုံးစုံတို့၏ ရေးဦးစွာဖြစ်သော အကြင်ကျောင်းသည်လည်းကောင်း ဆွမ်းစားဇရပ်သည်လည်းကောင်း အမြဲစည်းဝေးရာအရပ်သည်လည်းကောင်း ဗောဓိပင်စေတီသည်လည်းကောင်း ကျောင်းမှအဝေး၌ တည်ထားသည်မူလည်း ဖြစ်စေ ထိုရေးဦးစွာတည်သောကျောင်း စေတီကို အပိုင်းအခြားပြု၍ ထားအပ်၏ဟု ဝိနည်းအဋ္ဌကထာ၌ လာ၏။

မဇ္ဈိမအဋ္ဌကထာ၌ကား ကျောင်း၏ဥပစာကိုလည်း ရွာ၏ဥပစာကဲ့သို့ ကျောင်းဖြစ်ထိုက်သော အပိုင်းအခြားအရပ်မှ အုတ်ခဲကို ပစ်အပ်၏။ ထိုအုတ်ခဲကျရာ အရပ်အတွင်းသည် ကျောင်း၏ဥပစာမည်၏။ ဤကျောင်း၏ဥပစာအုတ်ခဲနှင့် ရေးကဆိုခဲ့သော ရွာ၏ဥပစာအုတ်ခဲဟူသော အုတ်ခဲနှစ်ခုတို့၏အကြား၌ လေးတောင်တာဖြင့် တာ (၅၀၀)ပြည့်အောင် တာအပ်၏ဟုလာ၏။ ဤမဇ္ဈိမအဋ္ဌကထာဆရာ၏ စကားသည် ပမာဏဖြစ်သတည်း။ ဤစကားသည်ကား အရံမရှိသောကျောင်းမှ ရွာမှ တိုင်းတာသည်ကိုသာ ရည်ရွယ်သည်။ အရံရှိသောကျောင်းနှင့်ရွာ ဖြစ်မူကား ရေးကဆိုခဲ့သည့်အတိုင်း တံခါးခုံမှ တံတိုင်းတိုင်အောင်တိုင်း၍ ယူမြဲပင်ယူလေ။ အဘယ်ကိုထောက်၍ သိအပ်သနည်းဟူမူကား ကျိုးခြောက်လှန့်နည်းဟူသော ခဲပစ်လက္ခဏာကို အရံမရှိသောရွာနှင့် ကျောင်းတို့၏ အပိုင်းအခြားကို သိရန်အကျိုးငှာ အလိုရှိအပ်၏။ ရွာ၏ဥပစာကို သိရန်မဟုတ်။ အဘယ်ကြောင့်နည်း? တံခါးခုံမှ လေးအပြန်ငါးရာရှိသောအရပ်ကို ရွာဥပစာ အဖြစ်ဖြင့် သုတ္တန်ဆောင်တို့သည် အလိုရှိအပ်ပြီးဖြစ်သောကြောင့်တည်း" ဟူသော စုလ္လဋီကာကို ထောက်၍ သိအပ်၏ဟူလို။

သစေပိ အာသနေ ဂါမော ဟောတိ၊ ဝိဟာရေ ဌိတေဟိ မာနုသကာနံ သဒ္ဒေါ သုယျတိ၊ ပဗ္ဗတနဒီအာဒီဟိ ပန အန္တ ရိတတ္တာ နံ သက္ကာ ဥဒုံ ဂန္တုံ။ ယော တသ ပကတိမဂ္ဂေါ ဟောတိ၊ သစေပိ နာဝါယ သဉ္စရိတဗ္ဗော၊ တေန မဂ္ဂေန ပဋ္ဌဝနသတိကံ ဂဟေတဗ္ဗံ။ (၄)

ဤစကားသည်လျှင် "ပရိကို့တ္တသ ဂါမသ ဣန္ဒခီလတော (လ) ဝဝတ္ထပေတဗ္ဗံ"ဟု သော အဋ္ဌကထာနှင့်လည်း ညီသည်ပင်ဖြစ်ပေ၏။ ကုလလေးတာအပြန်ငါးရာ ဝေးကွာသောအရပ်သည် သုတ္တန်နည်းအားဖြင့် ဂါမူပစာရမည်၏။ ထို့ကြောင့် အောက်၌ "သဒ္ဒံ ဥပစာရေန ဂါမောယေဝ ဂါမန္တ သေနာသနံ"ဟု ဆိုခဲ့သော အနက်သဘောမှာလည်း ထိုအပြန်ငါးရာသည် အတွင်းဝင်၏။ အရညသိက္ခာပုဒ်၌ လေးအပြန်ငါးရာဟု လာသည်မှာလည်း အာရညိကရဟန်းကို ရည်ရွယ်၍ ပညတ်ဆုံးဖြတ်အပ်သော သုတ္တန်နည်းပင်ဖြစ်သည်ဟု မှတ်အပ်၏။

အကယ်၍လည်း ရွာသည် တောကျောင်းနှင့် နီးသည်ဖြစ်၏။ တောကျောင်း၌ တည်နေကုန်သော ရဟန်းတို့သည် လူတို့၏အသံကို ကြားရ၏။ တောင်, မြစ်, ချောက်ကမ်း ပါးပြတ် ခြားခြင်းကြောင့် အဖြောင့်သွားခြင်းငှာမတတ်ကောင်း၊ အကြင်ခရီးသည် ထိုရွာ၏ ပကတိခရီး ဖြစ်၏။ အကယ်၍ လှေဖြင့်သွားအပ်သည်မူလည်း ဖြစ်၏။ ထိုသွားမြဲသော ခရီးဖြင့် လေးအပြန်ငါးရာကို ယူအပ်၏။

အကြင်ရဟန်းသည်ကား နီးသောရွာ၏ခရီးလမ်းကို အင်္ဂါပြည့်စုံစိမ့်သောငှာ ထိုထိုအရပ်မှ လမ်းကို ပိတ်၏။ ဤသို့သောရဟန်းသည် ဓုတင်္ဂစောရ ရှုတင်ခိုးမည်၏။ အကယ်၍ကား အာရညိကရဟန်း၏ ဥပဇ္ဈာယ်သည်လည်းကောင်း ဆရာသည်လည်းကောင်း နာသည်ဖြစ်အံ့၊ ထိုဥပဇ္ဈာယ်ဆရာသည် တောဘ၌ သပ္ပါယကို မရပါက ရွာနီးကျောင်းသို့ဆောင်၍ လုပ်ကျွေးအပ်၏။ စောစောထ၍ အင်္ဂါရရာအရပ်၌ အရဏ်ခံအပ်၏။ အကယ်၍ကား အရဏ်တက်ချိန်၌ ဆရာဥပဇ္ဈာယ်တို့၏အနာသည် သည်းထန်သည်ဖြစ်အံ့၊ ထိုဆရာ ဥပဇ္ဈာယ်တို့၏ ကိစ္စကိုသာ ပြုလုပ်ရာ၏။ ဤသို့သောအရာ၌ ရှုတင်ကိုသာ သုတ်သင်လေ့ရှိသော ဓုတင်္ဂသုဒ္ဓိက ရဟန်းမျိုး မဖြစ်ရာ။ ဤကား ဝိဓာနတည်း။

ပဘေဒတော ပန အယမို တိဝိဓော ဟောတိ။ တတ္ထ ဥက္ကဋ္ဌေန သဗ္ဗကာလံ အရညေ အရဏံ ဥဒ္ဒါပေတဗ္ဗံ။ မဇ္ဈိမော စတ္တာရော ဝဿိကေ မာသေ ဂါမန္တေ ဝသိတုံ လဘတိ။ မုဒုကော ဟေမန္တိကေပိ။

ဣမေသံ ပန တိဏ္ဏမို ယထာပရိစ္ဆိန္နေ ကာလေ (လ) အတ္တနော ဝါ ရုစိယာ ဂါမန္တသေနာသနေ အရဏံ ဥဒ္ဒါပေန္တိ၊ ဝုတ်ဂ် ဘိဒ္ဒတိတိ အယမေတ္ထ ဘေဒေါ။(ဌ)

ယထာပရိစ္ဆိန္နေ ကာလေတိ ဥက္ကဋ္ဌသ္မိ တယောပိ ဥတု, မဇ္ဈိမသ္မိ ဒွေ, မုဒုကသ္မိ ဧကော ဥတု (မဟာဋီကာ)။ ယထာပရိစ္ဆိန္နေတိ မုဒုကသ္မိ ပရိစ္ဆိန္နေ ဂိမှန္တ ဥတုမှိ။ (စုလ္လဋီကာ)

ပဘေဒအားဖြင့်သော်ကား အာရညိကယောဂိရဟန် သည်လည်း ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌရဟန်းသည်ကား အခါခပ်သိမ်း အာရညိကရသော တောဠသာ အရဏ်ခံရာ၏။ မဇ္ဈိမရဟန်းကား ဝါဆိုလပြည့်ကျော် (၁)ရက်မှ စ၍ တန်ဆောင်မုန်းလပြည့်တိုင်အောင် (၄)လပတ်လုံး ဂဿန္တဥတုဠ် ရွာနီးဠ် နေခြင်းငှာ ရအပ်၏။ မုဒုကား တပေါင်းလပြည့်တိုင်အောင် မိုးဥတု, ဆောင်းဥတုဟူသော (၈)လပတ်လုံး ရွာနီးဠ် နေရ၏။ ဤကား ပဘေဒတည်း။

ဘေဒအားဖြင့်သော်ကား ဤသုံးပါးသောရဟန်းတို့အား အကြင်အကြင်ပိုင်းခြားထားသည့် အတိုင်း ဥက္ကဋ္ဌအား (၃) ပါးသော ဥတု, မဇ္ဈိမအား (၂)ပါ သောဥတု, မုဒုအား (၁)ပါးသော ဂိမှန္တဥတုဠ် အရညတောရုက္ခကျောင်းမှသည် ဂါမန္တ ရွာနီးအရပ်သို့လာ၍ အရဏ်ခံလိုသော်ခဏဠ် ရှုတင်ပျက်၏။ ဤကား မဟာဋီကာနှင့်အညီတည်း။ စုလ္လဋီကာအလိုကား "အကြင်အကြင် ပိုင်းခြားတိုင်းဟူသည်ကား မုဒုကရဟန်းအား ပိုင်ခြားအပ်သော နွေဥတုဠ်"ဟု ဖွင့်၏။ အကြောင်းကို ဤသို့ဆို၏။ အကြင့်ကြောင့် မုဒုကအား ပျက်ခြင်းဘေဒသည် ဖြစ်၏။ ထိုမုဒုကသည် ပျက်ကောင်းသော ဂဟပတိဒါနကို ယူမှတ်လျှင် သုံးပါးပျက်ကောင်းသကဲ့သို့ ဤဠ်လည်း ထိုရှုတင်ကဲ့သို့သာ ပျက်ကောင်း၏ဟု ဆိုလိုသတည်း။ ထို့ကြောင့် "တေနေဝ စ သေသဓုတင်ဝေါ တိဏ္ဏမို ဧကတော ဘေဒေါ ဝုတ္တော"ဟု ဆိုတော်မူ၏။

အရညြောာ အာဂန္တွာ ဂါမန္တ သေနာသနေ ဓမ္မသဝဏ် သုဏန္တာနံ အရဏော ဥဋ္ဌိတေပိ ဓုတင်္ဂံ နာ ဘိဒ္ဓတိ။ သုတ္ကာ ဂစ္ဆန္တာနံ အန္တရာမဂ္ဂေ ဥဋ္ဌိတေပိ နာ ဘိဒ္ဓတိ။ သစေ ပန ဥဋ္ဌိတေပိ ဓမ္မကထိကေ မုဟုတ္တံ နိပဇ္ဇိတ္ကာ ဂမိဿာမာတိ နိဒ္ဒါယန္တာနံ အရဏံ ဥဋ္ဌဟတိ။ (လ)ဓုတင်္ဂံ ဘိဒ္ဓတိတိ အယမေတ္ထ ဘေဒေါ။ (ဌ)

ဂါမန္တ သေနာသနံ ပဋိက္ခိပါမိ ဟူသော ပဋိက္ခေပဋ္ဌ ဂါမန္တ သေနာသနေ အရဏာဒဋ္ဌာပနံ ပဋိက္ခိပါမိ ဟူ၍ ပယ်ခြင်းသည် ဥတုဝိသေသကို မမှတ်မူ၍ ဒေသနှင့်အရဏ်ကိုသာ မှီ၍ပယ်အပ်၏။ ယံ ပဋိက္ခိပတိ ဝတ္ထုံဟု ဆိုရကား ထိုပဋိက္ခေပဝတ္ထုသည်လည်း သင့်ပါ၏။ အဘယ်ကြောင့်နည်းဟူမူကား "ဂါမန္တ(လ) ပဋိက္ခိပါမိ"ဟူ၍ သာမညအားဖြင့် ပယ်သည်ဖြစ်လျှင် ခပ်သိမ်းသောသူတို့၌ ဘေဒဖြစ်ကောင်းသောကြောင့် မဟာဋီကာသည် သင့်မြတ်သကဲ့သို့ ထင်၏။ ထိုပဋိက္ခေပဋ္ဌ ဂိမှာနဥတုကိုသာစွဲမူကား စုလ္လဋီကာသင့်ကောင်းပါ၏။ အဘယ်ကြောင့်နည်းဟူမူကား "ဂါမန္တ(လ)ပဋိက္ခိပါမိ"ဟူ၍ သာမညအားဖြင့် ပယ်ခြင်းဆောက်တည်ခြင်းသည်ပင်လျှင် မုဒုကအား မိမိလိုအပ်သောနွေဥတုသည် အလိုအလျောက်ဝိသေသဖြစ်လာသကဲ့သို့ ဂါမန္တ(လ) ပဋိက္ခိပါမိဟူ၍ သာမညအားဖြင့် ပယ်သည်ရှိသော်လည်း ဂိမှာနဥတုကို ပဋ္ဌာနပြု၍ ပယ်ခြင်းသည် ဖြစ်ကောင်း၏။ ယထာပရိစ္ဆေဒေ ကာလေ ဟူသော အဋ္ဌကထာသည်လည်း မုဒုကကို ပဋ္ဌာနပြု၍ ထားသည်ဖြစ်မူ စုလ္လဋီကာစကားသင့်သည်ပင်၊ ထို့ကြောင့် နောက် ယထာသန္ဓေ တိဓူတင်ဘေဒအရာ၌ မဟာဋီကာဖွင့်သည်နှင့် လျော်၏၊သင့်သည်ပင်။ ဆရာတို့ကား ရှေးမဟာဋီကာနည်းကို ကြိုက်ကြကုန်၏။

တောမှလာကြ၍ ရွာနီးကျောင်း၌ တရားနာကြတုံးမှာပင် အရဏ်တက်သော် ဓူတင်မပျက်ပါ။ တရားနာပြီး၍ တောရကျောင်းသို့ သွားကြကုန်စဉ် လမ်းခရီးအကြား၌ အရဏ်တက်သော်လည်း ဓူတင်မပျက်။ ဓမ္မကထိကရဟန်းသည် တရားဟောပြီး၍ ထဲသွားလတ်သော် တခဏမျှအိပ်၍ သွားကြကုန်အံ့ဟု စိတ်ထား၍ အိပ်ကုန်စဉ် အကယ်၍ အရဏ်တက်ငြားအံ့၊ ဓူတင်ပျက်၏။ မိမိအလိုဆန္ဒဖြင့်မူလည်း ရွာနီးကျောင်း၌ အရဏ်တက်စေကုန်ငြားအံ့၊ ဓူတင်ပျက်၏။ ဤကား ဘေဒတည်း။

အယဲ့ ပနာနိသ်သော၊ အာရညိကော ဘိက္ခု အရညသည့် မနသိကရောန္တော ဘဗ္ဗော အလဒ္ဓံ ဝါ သမာဓိံ ပဋိလဒ္ဓုံ လဒ္ဓံ ဝါ ရက္ခိတုံ၊ သတ္ထာပိသ အတ္တာမနော ဟောတိ။ ယထာဟ "တေနာဟ် နာဂိတ တသ ဘိက္ခုနော အတ္တာမနော ဟောမိ အရညဝိဟာရေနာ" တိ [1]။ ပန္တသေနာသနဝါသိနော စသ အသပ္ပါယရူပါဒယော စိတ္တံ နဝိက္ခိပန္တိ၊ ဝိဂတသန္တာသော ဟောတိ၊ ဇိဝိတနိကန္တိ ဧဟတိ၊ ပဝိဝေကသုခရသ် အသာဒေတိ၊ ပ်သုက္ကလိကာဒိဘာဝေါပိ စသ ပတိရူပေါ ဟောတိတိ။

အာနိသ်သကား။ ။အယဲ့ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသ်သော၊ အကျိုးဂုဏ်တည်း။ အာရညိကော၊ တောဌ် နေသော။ ဘိက္ခု၊ ယောဂီရဟန်းသည်။ အရညသည့်၊ တောဌ်ဖြစ်သောသညာကို။ မနသိကရောန္တော၊ စိတ်နလုံးသွင်းလျက်။ အလဒ္ဓံ ဝါ သမာဓိံ၊ မရသေးသောသမာဓိကိုမူလည်း။ ပဋိလဒ္ဓုံ၊ ရခြင်းငှာ။ လဒ္ဓံ ဝါ၊ ရပြီးသောသမာဓိကိုမူလည်း။ ရက္ခိတုံ၊ စောင့်ရှောက်ခြင်းငှာ။ ဘဗ္ဗော၊ ထိုက်၏။ သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ အသ၊ ထိုတောနေရဟန်းအား။ အတ္တာမနော၊ နှစ်သက်ဝမ်းမြောက်သည်။ ဟောတိ၊ ဖြစ်၏။ ယထာဟ၊ ဘုရားအဘယ်ကဲ့သို့ဟောသနည်းဟူမူကား။ နာဂိတ၊ အိုနာဂိတ။ အဟံ၊ ငါဘုရားသည်။ တသ ဘိက္ခုနော၊ ထိုတောနေရဟန်းအား။ တေန အရညဝိဟာရေန၊ ထိုသို့တောဌ်နေခြင်းဖြင့်။ အတ္တာမနော၊ ဝမ်းသာသည်။ ဟောမိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ဟောဏ်။ ပန္တသေနာသနဝါသိနောစ၊ အဓွန်အမျှားကျောင်းဌ် နေသည်လည်းဖြစ်သော။ အသ၊ ထိုရဟန်း၏။ စိတ္တံ၊ စိတ်ကို။ အသပ္ပါယရူပါဒယော၊ မသင့်မလျော်သော ရူပါရုံ စသည်တို့သည်။ နဝိက္ခိပန္တိ၊ မပျံ့မလွင့်စေနိုင်ကုန်။ ဝိဂတသန္တာသော၊ ထိတ်လန့်ခြင်းကင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇိဝိတနိကန္တိံ၊ အသက်ဌ် တပ်နှစ်သက်ခြင်းကိုလည်း။ ဧဟတိ၊ စွန့်ပယ်နိုင်၏။ ပဝိဝေကသုခရသံ၊ ဆိတ်ငြိမ်ချမ်းသာ အရသာကို။ အသာဒေတိ၊ ခံစားရ၏။ ပ်သုက္ကလိကာဒိဘာဝေါပိ၊ ပ်ံသုကူသင်္ကန်းကို ဆောင်ခြင်းစသော အဖြစ်သည်လည်း။ အသ၊ တောရကျောင်းဌ်နေသော ထိုရဟန်းအား။ ပတိရူပေါ၊ လျောက်ပတ်သည်။ ဟောတိ၊ ဖြစ်၏။

- ပဝိဝိတ္တော အသံသဒ္ဒေါ၊ ပန္တသေနာသနေ ရတောဿ။
  အာရာဓယန္တော နာထသ၊ ဝနဝါသေန မာနသံ။
- ဇကော အရညေ နိဝါသံ၊ ယံ သုခံ လဘတေ ယတိ။
  ရသံ တသ နု ဝိန္ဒန္တိ၊ အပိ ဒေဝါ သက္ကနှကာ။
- ပံသုကူလဉ္စ ဇသောဝ၊ ကဝစံ ဝိယ ဓာရယံ။
  အရညသင်္ကိမဂတော၊ အဝသေသဓုတာယုဓော။
- သမတ္ထော နု စိရသေဝ၊ ဧတံ ဓာရံ သဝါဟိနိ။
  တသ္မာ အရညဝါသမှိ၊ ရတိ ကရေယျ ပဏ္ဍိတော။

ပဝိဝိတ္တော၊ ကာယဝိဝေကရှိသော။ ဝါ၊ ကိုယ်၏ဆိတ်ငြိမ်ခြင်းရှိသော။ အသံသဒ္ဒေါ၊ လူသာမဏေတို့နှင့် မရောနှောသော။ ပန္တသေနာသနေ၊ အစွန်အဖျားဖြစ်သော တောရကျောင်း၌။ ရတော၊ ပျော်မွေ့သော။ ဝနဝါသေန၊ တော၌ နေခြင်းဖြင့်။ နာထသ၊ မြတ်စွာဘုရား၏။ မာနသံ၊ စိတ်နှလုံးတော်ကို။ အာရာဓယန္တော၊ နှစ်သက်စေတတ်သော-

ယတိ၊ ရဟန်းသည်။ ဇကော၊ တစ်ပါးတည်း။ အရညေ၊ တော၌။ နိဝါသံ-နိဝါသေန၊ နေခြင်းဖြင့်။ ယံ သုခံ၊ အရဟတ္တဖိုလ်သုခတိုင်အောင် ဖြစ်နိုင်သော အကြင်သုခကို။ လဘတေ၊ ရ၏။ တသ၊ ထိုတော၌နေသောရဟန်း၏။ ရသံ-ပဝိဝေကရသသင်္ခါတံ တံ သုခံ၊ ကိလေသာကင်းဆိတ်ခြင်းအရသာဟုဆိုအပ်သော ထိုသုခကို။ သက္ကနှကာ၊ သိကြားမင်းနှင့်တကွ ဖြစ်ကုန်သော။ ဒေဝါအပိ၊ နတ်တို့သည်သော်လည်း။ နု ဝိန္ဒန္တိ၊ မရကြ မခံစားရကုန်။

သင်္ကိမဂတော၊ စစ်မြေပြင်သို့ ဝင်ရောက်သော။ ခတ္တိယော၊ မင်းသည်။ ကဝစံ၊ ချပ်တန်ဆာကို။ ဓာရယံ=ဓာရယန္တော ဝိယ၊ ဝတ်သကဲ့သို့။ အဝသေသဓုတာယုဓော၊ ကြွင်းကျန်သော ရှုတင်တည်းဟူသော လက်နက်ရှိသော။ အရညသင်္ကိမဂတော၊ တောတည်းဟူသော စစ်မြေပြင်သို့ ဝင်ရောက်သော။ ဇသောဝ၊ ဤအရညဝါသီရဟန်းသည်သာလျှင်။

ပုံသုကူလဆ္ဆ၊ ပုံသုကူသင်္ကန်း ကိုလည်း။ ပါ၊ ချုပ်ဝတ်တန်ဆာနှင့်ဝှေ သော ပုံသုကူသင်္ကန်းတန်ဆာ ကိုလည်း။ ဓာရယ် ဓာရေတုံ ယုတ္တာရှိပေါ၊ ဆောင်ခြင်းဌာလျောက်ပတ်သော သဘောရှိသည်။ ဟုတ္တာ၊ ဖြစ်၍ -

နစိရသေဝ၊ မကြာခင်သာလျှင်။ သဝါဟိနိ၊ အနုသယတည်းဟူသော စစ်တပ်နှင့် တကွသော။ မာရံ၊ ကိလေသာမာရ်ကို။ ဧတုံ၊ အောင်ခြင်းဌာ။ သမတ္ထော၊ စွမ်းနိုင်သည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဘဝိသတိ၊ ဖြစ်လိမ့်လတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ ပညာရှိသော ယောဂီရဟန်းသည်။ အရညဝါသမိ၊ တောမှာနေခြင်း၌။ ရတိံ၊ ပျော်မွေ့ခြင်းကို။ ကဟရေယ္ယ၊ ပြုရာ၏။

အဋ္ဌမဂ္ဂတောင်ပြိုး၏။

၉-ရက္ခမူလိကဓုတင်ဝိနိစ္ဆယ

ရက္ခမူလိကင်္ဂမ် "ဆန္ဒံ ပဋိက္ခိပါမိ၊ ရက္ခမူလိကင်္ဂံ သမာဒိယာမိ"တိ ဣမေသံ အညတရဝစနေန သမာဒိနံ ဟောတိ။

တေန ပန ရက္ခမူလိကေန သိမန္တ ရိုကရက္ခံ, စေတိယရက္ခံ, နိယျာသရက္ခံ, ဖလရက္ခံ, ဝဂ္ဂုလိရက္ခံ, သုသိရရက္ခံ, ဝိဟာရမဇ္ဈေ ဌိတရက္ခန္တိ ဣမေ ရက္ခေ ဝိဝဇ္ဇေတွာ ဝိဟာရပစ္စန္တေ ဌိတရက္ခော ဂဟေတဗ္ဗောတိ ဣဒမသ္သ ဝိဓာနံ။

ရက္ခမူလိကဓုတင်ကို ဆောက်တည်လိုသော ယောဂိရဟန်းသည်ကား "ဆန္ဒံ ပဋိက္ခိပါမိ၊ ရက္ခမူလိကင်္ဂံ သမာဒိယာမိ"ဟူသော ဤနှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

ဆန္ဒံ၊ ဣဋ္ဌက အုတ်ကျွတ်စသော ငါးပါးအပြားအားဖြင့် မိုးအပ်သော အရိပ်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ရက္ခမူလိကင်္ဂံ၊ သစ်ပင်၏ အရင်းအနှီးဌာ နေလေ့ရှိသော ပုဂ္ဂိုလ်၏ အကျင့်တည်းဟူသော အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ ဤကား သမာဒါနတည်း။

ထိုသို့ဆောက်တည်ပြီးသော ယောဂိရဟန်းသည်ကား ဘေးရန်မရှိသည်ဖြစ်၍ ချမ်းသာစွာ နေခြင်းငှာ သိမန္တ ရိုကရက္ခံ-မင်းနှစ်ပါးတို့၏ မြေခြားနယ်စပ်ဌာဖြစ်သော သစ်ပင်ကိုလည်းကောင်း, စေတိယရက္ခံ-လူတို့သည် အမြဲမပြတ်ပူဇော်အပ်သော စေတီကဲ့သို့သော တောစိုးသစ်ပင်ကို လည်းကောင်း, နိယျာသရက္ခံ- အစေးရှိသောသစ်ပင်ကိုလည်းကောင်း, ဖလရက္ခံ-အသီးရှိသော သရက်ပိန္နဲစသောသစ်ပင်ကိုလည်းကောင်း, ဝဂ္ဂုလိရက္ခံ-လင်းနို့ဆွဲသောသစ်ပင်ကိုလည်းကောင်း, သုသိရရက္ခံ -မြွေစသည်အောင်းရှိနေနိုင်ကောင်းသော အခေါင်းရှိသော သစ်ပင်ကိုလည်းကောင်း, ဝိဟာရမဇ္ဈေ ဌိတရက္ခံ-အများတကာ သွားလာရာဖြစ်သော ကျောင်းဝိုင်း၏ အလယ်ဌာတည်သော သစ်ပင်ကိုလည်းကောင်း, ဣမေ ရက္ခေ-ဤသို့သော သစ်ပင်တို့ကို။ ဝိဝဇ္ဇေတွာ၊ ကြဉ်ဖယ်၍။ ဝိဟာရပစ္စန္တေ၊ ကျောင်းဝိုင်း၏ အစွန်အဖျားဌာ။ ဌိတရက္ခော၊ တည်သောသစ်ပင်ကို။ ဂဟေတဗ္ဗော၊ ယူအပ်၏ ယူ၍နေအပ်၏။ ဤကား ဝိဓာနတည်း။

ပဘေဒတော ပန အယမ္မိ တိဝိဓော ဟောတိ။ တတ္ထ ဥက္ကဋ္ဌော ယထာရုစိတံ ရုက္ခံ ဂဟေတ္တာ ပဒီဇဂ္ဂါပေတုံ နိ လဘတိ။ ပါဒေန ပဏ္ဍာသဏ္ဌာ အပနေတ္တာ ဝသိတဗ္ဗံ။ မဇ္ဈိမော တံ ဌာနံ သမ္မဇ္ဇိတ္ဝာ ဟိယေဝ ပဒီဇဂ္ဂါပေတုံ လဘတိ။ မုဒုကေန အာရာမိက သမဏုဒ္ဒေသေ ပဏ္ဍောသိတ္တာ သောဓာပေတ္တာ သမံ ကာရာပေတ္တာ ဝါလုကံ ၂ သြကိရာပေတ္တာ ပါကာရပရိက္ခေပံ ကာရာပေတ္တာ ဒ္ဝါရံ ယောဇာပေတ္တာ ဝသိတဗ္ဗံ။ မဟာဒိဝေ ပန ရုက္ခမူလိကေန တတ္ထ အနိသိဒိတ္တာ အညတ္ထ ပဒီပ္ဓနေ ဌာနေ နိသီဒိတဗ္ဗံ။ (၄) (ပ-၇၁-၂)

ပဘေဒအပြား အားဖြင့်ကား ဤရုက္ခမူလိကရဟန်းသည်လည်း ဥက္ကဋ္ဌ, ဗျိုမ, မုဒု ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌရဟန်းသည်ကား အကြင်အခြင်းအရာအားဖြင့် ကြိုက်နှစ်သက်သောသစ်ပင်ကို ယူပြီးသော် သုတ်သင်ရှင်းလင်းခြင်းငှာ အပ်၊ ကျသောသစ်ရွက်ခြောက်တို့ကို ခြေဖြင့် ယက်၍သာ နေအပ်၏။ စုလွှင့်ကာကား ရက်ခြောက်ကျသည်တို့ကိုလည်း လက်ဖြင့် ပယ်အပ်၏ဟု ဆို၏။

ဗျိုမရဟန်းသည်ကား ထိုသစ်ပင်သို့ရောက်လာသောသူတို့ကိုသာ သုတ်သင်စေခြင်းငှာ

မုဒုရဟန်းကား အရံစောင့် သာမဏေတို့ကို သုတ်သင်စေ၍ မြေကို ညီအောင်ညှိစေ

ပြီးစေ၍ သဲကိုဖြန့်ကြဲစေ၍ တံတိုင်းအကာအရံကို ပြုလုပ်စေ၍ တံခါးကို ယှဉ်တပ်စေ၍

ခင်းငှာ အပ်၏။

ထိုသုံးပါးသော ရုက္ခမူလိကရဟန်းတို့သည်ကား များစွာသောလူတို့သည် သစ်ပင်ကို ပူဇော်သက္ကာရပြုရန် လာကြသောအခါ၌ ထိုသစ်ပင်မှာ မနေမူ၍ တပါးသော ဖုံးလွှမ်းရာအရပ်သို့ သွား၍ မိမိ၏ ရုက္ခမူလိက သစ်ပင်ရင်းနေသူ၏အဖြစ်ကို လျှို့ဝှက်ဖုံးလွှမ်း၍ နေအပ်၏။ ဤကား ပဘေဒအပြားတည်း။

ဣမေသံ ပန တိဏ္ဍမို ဆန္နေ ဝါသံ ကပ္ပိတကၠဏေ ဓုတင်္ဂံ ဘိဒ္ဒတိ။ ဇာနိတ္မာ ဆန္နေ အရဏေ ဥဒ္ဒါပိတမတ္တေတိ အင်္ဂုတ္တရဘာဏကာ။ အယမေတ္ထ ဘေဒေါ။ (၄)

ဆန္နေ ဝါသံ ကပ္ပိတကၠဏေတိ ဣဒံ စတ္တာရော ဝဿိကေ မာသေ ဌပေတ္မာ အဝသေသေသု အဋ္ဌမာသေသု ဝုတ္တံ၊ ဆန္နေ ဇဝ သေနာသနေ ဝဿံ ဥပဂန္တ္မတော။ ဝုတ္တံ ဟိ "အဋ္ဌမာသေ ခေါ မယာ ဒေဝဒတ္တ ရက္ခမူလသေနာသနံ အနုညာတ"န္တိ။ ဥပရိအဇ္ဈောကာသိကင်ပိ ဇသေဝ နယော။ (စုလ္လဋီကာ)

ဘေဒအားဖြင့်သော်ကား ဤသုံးပါးသောရဟန်းတို့အားလည်း ဣဋ္ဌကဆန္န, ဖလက, ကိလဋ္ဌ, တိဏ, ပဏ္ဏတည်းဟူသော အုဋ်ကျတ်, ပျဉ်, ဖျာ, သက်ကယ်မြက်, သစ်ရွက်တို့ဖြင့် မိုးအပ်သောအရပ်၌ နေလိုသောဆန္ဒဖြင့် နေခြင်းကို ပြုသောခဏ၌ ဓုတင်စေတနာပျက်၏။ အင်္ဂုတ္တရဘာဏကဆရာတို့၏ အလိုအားဖြင့်ကား ထိုသို့သောအမိုးအောက်၌နေခြင်းသည်ကား တရားနာခြင်း အစရှိသည်၌လည်း ဖြစ်ကောင်း၏။ ယို့ကြောင့် အမိုးအောက်၌ အရဏ်တက်စေသော ခဏမျှ၌ ဓုတင်ပျက်၏။ ဓမ္မသဝဏ တရားနာခြင်း အစရှိသည်တို့၌ မပျက်ကောင်းသည်ကိုကား နောက်အဇ္ဈောကာသိကနှင့်တကွ အဋ္ဌကထာဋီကာတို့၌ လာ၏။ ထိုအဆုံးအဖြတ်ကို ဤဓုတင်သို့လည်း ဆောင်ယူအပ်၏။

စုလ္လဋီကာ၌ "အမိုး၌နေခြင်းကို ပြုသောခဏ၌" ဟူသောစကားကို မိုးလေးလကိုကြည့်ဖယ်ထား၍ ကျန်သောရစ်လတို့၌ ပျက်ခြင်းကို ဆိုအပ်၏။ အမိုးရှိသောကျောင်း၌သာ ဝါဆိုဝါကပ်အပ်သောကြောင့်ဟုတည်း။ ဘုရားဟောပုံကား "အိုဒေဝဒတ် ရှစ်လတို့ပတ်လုံး သစ်ပင်ရင်းကျောင်း၌ နေခြင်းကို ငါဘုရားခွင့်ပြုတော်မူ၏"။ ဤသို့ဤပုံ ဟောတော်မူ၏။ အထက်အဇ္ဈောကာသိက၌လည်း ဤနည်းပင်တည်းဟု မိန့်ဆို၏။ ဆိုလိုရင်းကား ဝိနည်းပါဠိ အဋ္ဌကထာတို့၌ အမိုးရှိသော ကျောင်း၌သာ ဝါသို့ ကပ်အပ်သောကြောင့်လည်းကောင်း, ရစ်လမျှသာ ရက္ခမူလ၌ နေခြင်းကို ခွင့်ပြုသောကြောင့်လည်းကောင်း မိုးလေးလကို ကြည့်၍ ကျန်ရှစ်လ၌သာ ပျက်ကောင်း၏။ ဤနှင့်အတူ အဇ္ဈောကာသိကသည်လည်း မိုးလေးလ၌ ဆန္နသို့ ကပ်ကောင်းသောကြောင့် ကြွင်းသော ရှစ်လတို့၌ ပျက်ကောင်း၏ဟူလိုသော်။ ကောင်းစွာ ကြံအပ်၏။ ဤကား ဘေဒတည်း။

အယ် ပနာနိသ်သော၊ ရက္ခမူလသေနာသန် နိဿာယ ပဗ္ဗဇ္ဇာတိ [1] ဝစနတော နိဿယာနုရူပ ပဋိပတ္တိသဒ္ဒါဝေါ၊ အပ္ပါနိ စေဝ သုလဘာနိ စ တာနိ စ အနဝဇ္ဇာနိတိ [2] ဘဂဝတာ သံဝဏ္ဏိတပစ္စယတာ၊ အဘိဏှံ တရုပဏ္ဍာဝိကာရဒဿနေန အနိစ္စသညာသမုဋ္ဌာပနတာ၊ သေနာသနမစ္ဆေရကမ္မာရာမတာနံ အဘာဝေါ၊ ဒေဝတာဟိ သဟဝါသိတာ၊ အပ္ပိစ္ဆတာဒီနံ အနုလောမဝုတ္တိတာ။

ဝဏ္ဏိတော ဗုဒ္ဓသေဋ္ဌေန၊ နိဿယောတိ စ ဘာသိတော။
နိဝါသော ပဝိဝိတ္တသ၊ ရက္ခမူလသမော ဂုတော။

အာနိသံသကား "သစ်ပင်ရင်းကျောင်းကို အမှီပြု၍ ရဟန်းဖြစ်၏"ဟူ၍ ဟောတော်မူ အပ်သော မှီရာအားလျော်စွာ ကျင့်သောအဖြစ်ရှိခြင်း, အဖိုးနည်း, ရလွယ်, အပြစ်မရှိ ဟူ၍ ဘုရားချီးမွမ်းတော်မူအပ်သော ပစ္စည်း၏အဖြစ်, အမြဲမပြတ် သစ်ရွက်တို့၏ ဖောက်ပြန်ခြင်းကို မြင်ရသဖြင့် အနိစ္စသညာ ဖြစ်ပေါ်ရခြင်း, ကျောင်းဌာနတိုခြင်း, အမှုကိစ္စဌမွေ့လျော်ခြင်းတို့၏ မရှိခြင်း, နတ်တို့နှင့်အတူတကွ နေရသည်၏အဖြစ်, အလိုနည်းခြင်းစသည်တို့အားလျော်သော အကျင့်ဖြစ်ခြင်းဟူ သော အကျိုးဂုဏ်တို့သည် ဖြစ်လာကြကုန်၏။

ဗုဒ္ဓသေဋ္ဌေန၊ ဘုရားမြတ်သည်။ ဝဏ္ဏိတော ၊ အဖိုးနည်း ရလွယ် အစရှိသောအားဖြင့် ချီးမွမ်းတော်မူအပ်သော။ နိဿယောတိစ၊ ရဟန်းတို့၏ မှီရာဟူ၍လည်း။ ဘာသိတော၊ ဟောတော်မူ အပ်သော။ ရက္ခမူလသမော၊ သစ်ပင်ရင်းနှင့်တူ သော။ ပဝိဝိတ္တသ၊ ဆိတ်ငြိမ်ခြင်းကို အလိုရှိသော ယောဂီရဟန်း၏ ။ နိဝါသော၊ နေရာသည်။ ဂုတော အတ္ထိ၊ အဘယ်မှာရှိပါအုံနည်း။ နတ္ထေဝ၊ မရှိသည်သာလျှင်တည်း။

---

[1] ဝ-ဝိ ၃-၁၃၃ ပိဋေ။ [2] အံ ၁-၃၃၅၊ ခု ၁-၂၆၄ ပိဋေသု။

- အာဝါသမစ္ဆေရဟာရေ၊ ဒေဝတာပရိပါလိတေ။
  ပဝိဝိတ္တေ ဝသန္တော ဟိ၊ ရက္ခမူလမှိ သုဗ္ဗတော။
- အဘိရတ္တာနိ နိလာနိ၊ ပဏ္ဏာနိ ပတိတာနိ စ။
  ပဿန္တော တရုပဏ္ဏာနိ၊ နိစ္စသညံ ပနုဒတိ။
- တသ္မာ ဟိ ဗုဒ္ဓဒါယဒ္ဓံ၊ ဘာဝနာဘိရတာလယံ။
  ဝိဝိတ္တံ နာတိမညေယ္ယ၊ ရက္ခမူလံ ဝိစက္ခဏောတိ။

အယံ ရက္ခမူလိကဂၢေ သမာဒါနဝိဓာနပဘေဒဘေဒါနိသံသဝဏ္ဏနာ။

ဟိ တံ ဝစနံ သစ္စံ၊ ဆိုခဲ့သောထိုစကားသည် မှန်၏။ အာဝါသမစ္ဆေရဟာရေ၊ ကျောင်းဌ်ဝန်တိုခြင်းမရှိထသော။ ဒေဝတာပရိပါလိတေ၊ နတ်တို့သည် စောင့်ရှောက်အပ်ထသော။ ပဝိဝိတ္တေ၊ ဆိတ်ငြိမ်ထသော။ ရက္ခမူလမှိ၊ သစ်ပင်ရင်းအနီးဌ်။ ဝသန္တော၊ နေထသော။ သုဗ္ဗတော၊ ကောင်းသောအကျင့်ရှိသော ယောဂီရဟန်းသည်-

အဘိရတ္တာနိ၊ နုသောအခါဌ် စက်စက်နီကုန်သော။ နိလာနိ၊ ရင့်သောအခါဌ် စိမ်းညိုကုန်သော။ ပဏ္ဏာနိ၊ အလွန်ရင့်သောအခါဌ် မှည့်ရွဲရောင် ဖျော့တော့တော့အရောင် ဖြစ်ကုန်သော။ ပတိတာနိ စ၊ အညာမှ ကြွေကျသည်လည်း ဖြစ်ကုန်သော။ တရုပဏ္ဏာနိ၊ သစ်ရွက်တို့ကို။ ပဿန္တော၊ မြင်သည်ရှိသော်။ ဝါ၊ မြင်လျက်။ ဝါ၊ မြင်ရ၍။ ဝါ၊ မြင်ရသောကြောင့်။ နိစ္စသညံ၊ မြဲသည်ဟူသောအမှတ်သညာကို။ ယသ္မာ၊ အကြင့်ကြောင့်။ ပနုဒတိ၊ ပယ်ဖျောက်နိုင်၏-

တသ္မာ ဟိ တတော ဇဝ၊ ထို့ကြောင့်သာလျှင်။ ဗုဒ္ဓဒါယဒ္ဓံ၊ ဘုရား.ဖြစ်သောအခါ, ပရိနိဗ္ဗာန်ငြိမ်းစံတော်မူသောအခါတို့ဌ် မိုဝဲအပ်သော သစ်ပင်ပစ္စည်းဖြစ်၍ ဘုရားရှင်၏ အမွေတော်ဖြစ်သော။ ဘာဝနာဘိရတာလယံ၊ ဘာဝနာဌ် အလွန်မွေ့လျော်သူတို့၏ နေရာဖြစ်သော။ ဝိဝိတ္တံ၊ ဆိတ်ငြိမ်သော။ ရက္ခမူလံ၊ သစ်ပင်ရင်းကို။ ဝိစက္ခဏော၊ ပညာရှိသည်။ နာတိမညေယ္ယ၊ မထီမဲ့မြင်မပြုရာ။

ဤကား ရက္ခမူလိကဂၢဌ် သမာဒါန ဝိဓာန ပဘေဒ ဘေဒ အာနိသံသအဖွင့်တည်း။

နဝမရှုတင်ပြီး၏။

၁၀-အဇ္ဇောကာသိကဝတ်ဝိနိစ္ဆယ

အဇ္ဇောကာသိကဂ်မ်ွ "ဆန္ဒဋ္ဌ ရက္ခမူလဋ္ဌ ပဋိက္ခိပါမိ၊ အဇ္ဇောကာသိက'ဂ် သမာဒိယာမိ" တိ ဣမေသံ အညတရဝစနေန သမာဒိနံ ဟောတိ။

တသ္မ ပန အဇ္ဇောကာသိကသ္မ ဓမ္မသ္မ[1]ယ ဝါ ဥပေါသထတ္ထာယ ဝါ ဥပေါသထာဂါရံ ပဝိသိတုံ ဝဋ္ဋတိ။ သစေ ပဝိဋ္ဌသ္မ ဒေဝေါ ဝဿတိ၊ ဒေဝေ ဝဿမာနေ အနိက္ခမိတွာ ဝဿူပရမေ နိက္ခမိတဗ္ဗံ။ ဘောဇနသာလံ ဝါ အဂ္ဂိသာလံ ဝါ ပဝိသိတွာ ဝတ္တံ ကာတုံ, ဘောဇနသာလာယ ထေရေ ဘိက္ခူ ဘတ္တေန အာပုစ္ဆိတုံ, ဥဒ္ဒိသန္တေန ဝါ ဥဒ္ဒိသာပေန္တေန ဝါ ဆန္နံ ပဝိသိတုံ, ဗဟိ ဒုန္နိက္ခိတ္တာနိ မဏ္ဍပိဋ္ဌာဒီနိ အန္တောပဝေသေတုဉ္စ ဝဋ္ဋတိ။

အဇ္ဇောကာသိကဝိုတင်ကို ဆောက်တည်လိုသော ယောဂီရဟန်းသည်ကား "ဆန္ဒဋ္ဌ ရက္ခမူလဋ္ဌ ပဋိက္ခိပါမိ၊ အဇ္ဇောကာသိက'ဂ် သမာဒိယာမိ" ဟူသော ဤနှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

ဆန္ဒဋ္ဌ၊ အမိုးကိုလည်းကောင်း။ ရက္ခမူလဋ္ဌ၊ သစ်ပင်ရင်းသစ်ပင်ရိပ်ကိုလည်းကောင်း။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ အဇ္ဇောကာသိက'ဂ်၊ လွင်ပြင်ကောင်းကင်အောက်၌ နေလေ့ရှိသောပုဂ္ဂိုလ်၏ အကျင့်တည်းဟူသော အကြောင်းအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

ထိုသို့ဆောက်တည်ပြီးသော အဇ္ဇောကာသိက ဝိုတင်ဆောင်သော ယောဂီရဟန်းအား တရားနာအံ့သောငှာ တရားသဘင်သို့လည်းကောင်း၊ ဥပုသ်ပြုအံ့သောငှာ ဥပုသ်အိမ်သို့ လည်းကောင်း ဝင်ခြင်းငှာ ရအပ်၏။ အကယ်၍ ဝင်ပြီးမှ မိုးရွာအံ့၊ မိုးစဲရုံနေ၍ မိုးစဲလျှင် မိုးရွာခြင်းကင်းငြိမ်းလျှင် ထွက်အပ်၏။ ဆွမ်းစားဇရပ်, မီးတင်းကုပ်သို့ဝင်၍ ဝတ်ကိုပြုအံ့သောငှာ လည်းကောင်း၊ ဆွမ်းစားဇရပ်၌ ထေရ်ကြီးဖြစ်သော ရဟန်းတို့ကို ဆွမ်းကိစ္စဖြင့် ပန်ကြား လျှောက်ထားခြင်းငှာလည်းကောင်း, သူတပါးကို ပါဠိသင်ပေးသဖြင့်လည်းကောင်း, မိမိက ပါဠိသင်ယူသဖြင့်လည်းကောင်း အမိုးအောက်သို့ ဝင်အပ်၏၊ အပ၌ မကောင်းသဖြင့် ထားသော ညောင်စောင်းအင်းပျဉ်တို့ကို 'အမိုးအောက်အရိပ်သို့ သွင်းခြင်းငှာလည်းကောင်း အပ်၏။

၁- ဓမ္မသဝဏာယ (သီ)

သစေ မဂ္ဂ ဂစ္ဆန္တေန ဝုမ္ပတရာနံ ပရိကၠာရော ဂဟိတော ဟောတိ၊ ဒေဝေ ဝဿန္တေ မဂ္ဂမဗ္ဗေ ဌိတံ သာလံ ပဝိသိတုံ ဝဋ္ဋတိ။ သစေ နိ ကိဉ္စိ ဂဟိတံ ဟောတိ၊ သာလာယ ဌဿာမိ တိ ဝေဂေန ဂန္တုံ နိ ဝဋ္ဋတိ။ ပကတိဂတိယာ ဂန္ဓာ ပဝိဋ္ဌေန ပန ယာဝ ဝဿူပရမာ ဌတ္တာ ဂန္ဓဗ္ဗန္တိ ဣဒမသ္သ ဝိဓာနံ။ ရုက္ခမူလိကသ္သာပိ ဧသေဝ နယော။(ဌ)

မဂ္ဂမဗ္ဗေ ဌိတံ သာလန္တိ သိဟဠဒီပေ ဝိယ မဂ္ဂါ အနောက္ကမ္မ ဥဒ္ဓကမေဝ ပဝိသိတဗ္ဗသာလံ။ (မဟာဋီကာ)

ပဘေဒတော ပန အယမ္မိ တိဝိဓော ဟောတိ။ တတ္ထ ဥက္ကဋ္ဌသ္သ ရုက္ခံ ဝါ ပဗ္ဗတံ ဝါ ဂေဟံ ဝါ ဥပနိဿာယ ဝသိတုံ နိ ဝဋ္ဋတိ။ အဇ္ဈောကာသေယေဝ စီဝရကုဋိံ ကတ္တာ ဝသိတဗ္ဗံ။ မဇ္ဈိမဿ ရုက္ခပဗ္ဗတဂေဟာနိ ဥပနိဿာယ အဏ္ဏော အပ္ပဝိသိတ္တာ ဝသိတုံ ဝဋ္ဋတိ။ မုဒုကဿ အစ္ဆန္နမရိယာဒံ ပဗ္ဗာရမ္မိ သာခါမဏ္ဍပေါပိ ပိဋ္ဌပဒ္ဒေါပိ ခေတ္တရက္ခကာဒီဟိ ဆဒ္ဓိတာ တတြဌကကုဋိကာပိ ဝဋ္ဋတိတိ။(ဌ)

အကယ်၍ ခရီးသွားသဖြင့် သီတင်းကြီးတို့၏ သက်နှံးစသောပရိက္ခရာတို့ကို ယူသည်ဖြစ်အံ့၊ မိုးရွာလေသည်ရှိသော် လမ်းခရီးအလယ်၌ တည်သောဧရပ်သို့ ဝင်ခြင်းငှာအပ်၏။ အကယ်၍ တစ်စုံတစ်ခုကို မယူသည်ဖြစ်အံ့၊ ဧရပ်သို့ ဝင်အံ့ဟု လျင်မြန်စွာ သွားခြင်းငှာ မအပ်၊ ပကတိခြေလှမ်းဖြင့်သာ သွား၍ ဝင်ပြီးသော် မိုးစဲရုံနေ၍ မိုးစဲလျှင် ထွက်အပ်၏။ ဤ၌ ခရီးအလယ်၌ တည်သော ဧရပ်ဆိုသည်မှာ သီဟိုဠ်ကျွန်း၌ကဲ့သို့ လမ်းပေါ်တည့်တည့်၌ တည်ထားသော ဖြောင့်ဖြောင့်သွား၍ဝင်ရသော ဧရပ်ဟု မဟာဋီကာဆိုသောကြောင့် ခရီးမှ ဖဲခွာ၍ လက်ဝဲလက်ယာ၌တည်သောဧရပ်သို့ကား မဝင်အပ်ဟု ပြ၏။ ရုက္ခမူလိကအားလည်း တရားနာမှစ၍ ဧရပ်သို့ဝင်သည်တိုင်အောင် အတူပင်ဟု ဆိုလို၏။ ဤကား ဝိဓာနတည်း။

ပဘေဒအားဖြင့်ကား ဤယောဂီသည်လည်း ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင် ဥက္ကဋ္ဌအား သစ်ပင်, တောင်, ကျောင်းကို မှီ၍ နေခြင်းငှာ မအပ်၊ လွင်ပြင်၌သာလျှင် သက်နှံးကုဋီပြု၍ နေအပ်၏။ မဇ္ဈိမအား သစ်ပင်, တောင်, ကျောင်းတို့ကို မှီ၍ အတွင်းသို့မဝင်ဘဲ နေခြင်းငှာ အပ်၏။ မုဒုကအားကား ကမ်းပါးပြတ်ချောက်နံပါးသည်လည်းကောင်း, တောင်ဝှမ်းသည်လည်းကောင်း, သစ်ခက်မိုးသောမဏ္ဍပ်သည်လည်းကောင်း, အင်းပျဉ်ပုဆိုးသည်လည်းကောင်း, လယ်စောင့်စသည်တို့သည် စွန့်အပ်သော ထိုဌ်တည်သော တဲဆိုးသည်လည်းကောင်း အပ်၏။ ဤကား ပဘေဒတည်း။

ဣမေသံ ပန တိဏ္ဍမှိ ဝါသတ္ထာယ ဆန္ဒံ ဝါ ရုက္ခမူလံဝါ [1] ပဝိဋ္ဌကွဏော ဓုတင်္ဂံ ဘိဇ္ဇတိ။ ဇာနိတ္မာ တတ္ထ အရဏေ ဥဋ္ဌာပိတမတ္တေ အဂ္ဂိတ္ထရဘာဏကာ။ အယမေတ္ထ ဘေဒေါ။

အယံ ပနာနိသံသော၊ အာဝါသပလိဗောဓုပစ္ဆေဒေါ၊ ထိနမိဒ္ဓပနုဒနံ၊ "မိဂါ ဝိယ အသင်္ကစာရိနော အနိကေတာ ဝိဟာရဏ္ဍီ ဘိက္ခဝေါ"တိ [2] ပသံသာယ အနုရူပတာ၊ နိဿဋ္ဌတာ၊ စာတုဒ္ဒိသတာ၊ အပ္ပိစ္ဆတာဒီနံ အနုလောမဝုတ္တိတာတိ။

ပန၊ အပြားမှတပါး ပျက်ခြင်းကို ဆိုဦးအံ့။ တိဏ္ဍမှိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဣမေသံ၊ ဤယောဂီရဟန်းတို့အား။ ဝါသတ္ထာယ၊ နေခြင်းအကျိုးငှာ။ ဆန္ဒံ ဝါ၊ အမိုးအောက်သို့လည်းကောင်း၊ ရုက္ခမူလံ ဝါ၊ သစ်ပင်ရင်း သစ်ပင်အနီးသို့လည်းကောင်း။ ပဝိဋ္ဌကွဏော၊ ဝင်သောခဏ၌။ ဓုတင်္ဂံ၊ ဓူတင်သည်။ ဘိဇ္ဇတိ၊ ပျက်၏။ ဇာနိတ္မာ၊ သိ၍ သိလျက်။ တတ္ထ၊ ထိုအမိုးအောက်, သစ်ပင်ရင်းအရိပ်၌။ အရဏေ၊ အရဏ်ကို။ ဥဋ္ဌာပိတမတ္တေ၊ တက်စေကာမျှ၌။ ဓုတင်္ဂံ၊ ဓူတင်သည်။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ၊ ဤသို့။ အဂ္ဂိတ္ထရဘာဏကာ၊ အဂ္ဂိတ္ထရနိကာယ်ဆောင်ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ ဧတ္ထ၊ ဤဓူတင်၌။ ဘေဒေါ၊ ပျက်ခြင်းတည်း။

အယံ ပန၊ ဤဆိုလတ္တံ့ကား။ အာနိသံသော၊ ဂုဏ်အကျိုးတည်း။ အာဝါသပလိဗောဓုပစ္ဆေဒေါ၊ ကျောင်းနှင့်စပ်လျဉ်းသော ကြောင့်ကြမှုများ ပြတ်ကင်းခြင်းလည်းကောင်း။ ထိနမိဒ္ဓပနုဒနံ၊ အိပ်ငိုက်ခြင်းကို ပယ်ခြင်းလည်းကောင်း။ ဘိက္ခဝေါ၊ ရဟန်းတို့သည်။ အသင်္ကစာရိနော၊ နေရာ၌ ငြိကပ်သိမ်းဆည်းခြင်းမရှိဘဲ သွားနိုင်ကုန်သော။ မိဂါ ဝိယ၊ သမင်တို့ကဲ့သို့။ အနိကေတာ၊ ငြိကပ်သိမ်းဆည်းစရာ နေစရာကျောင်းမရှိကြကုန်သည်ဖြစ်၍။ ဝိဟာရဏ္ဍီ၊ နေကြကုန်၏။ ဣတိ၊ ဤသို့။ ပသံသာယ၊ ချီးမွမ်းခြင်းနှင့်၊ ဝါ၊ ချီးမွမ်းခြင်းအား။ ဝါ၊ ချီးမွမ်းခြင်းငှာ။ အနုရူပတာ၊ လျောက်ပတ်သည်၏ အဖြစ်လည်းကောင်း။ နိဿဋ္ဌတာ၊ ငြိကပ်ခြင်းမရှိသည်၏ အဖြစ်လည်းကောင်း။ စာတုဒ္ဒိသတာ၊ အရပ်လေးမျက်နှာ၌ နေရာရှိရန် တွေးကြံမှုမရှိသည်၏ အဖြစ်လည်းကောင်း။ အပ္ပိစ္ဆတာဒီနံ၊ အလိုနည်းခြင်းစသည်တို့အား။ အနုလောမဝုတ္တိတာ၊ လျော်သောအသက်မွေးခြင်းရှိသည်၏ အဖြစ်လည်းကောင်း။ ဣတိ၊ ဤသည်တို့ပင်တည်း။ ဝါ၊ ဤအကျိုးဂုဏ်တို့ပင်တည်း။

၁–ဆန္ဒဋ္ဌ ရုက္ခမူလဋ္ဌ (သျာ၊ဣ၊ က) ၂– သံ –၁–၂၀၁ ပိဋ္ဌေ။

- အနုဂါရိယဘာဝသ၊ အနုရူပေ အဒုလ္လဘေ။
  တာရာမဏိဝိတာနမှိ၊ စန္ဒဒီပပွဘာသိတေ။
- အဇ္ဈောကာသေ ဝသံ ဘိက္ခု၊ မိဂဘူတေန စေတသာ။
  ထိနမိဒ္ဓံ ဝိနောဒေတ္မာ၊ ဘာဝနာရာမတံ သိတော။
- ပဝိဝေကရသသာဒံ၊ နု စိရသေဝ ဝိန္ဒတိ။
  ယသ္မာ တသ္မာဟိ သပ္ပညော၊ အဇ္ဈောကာသရတော သိယာ။

အယံ အဇ္ဈောကာသိကင်္ဂ သမာဒါနဝိဓာနပွဘေဒဘေဒါနိသံသဝဏ္ဏနာ။

အနုဂါရိယဘာဝသ၊ အိမ်ရာမထောင်သော ရဟန်း၏ အဖြစ်အား။ အနုရူပေ၊ လျော်ထသော။ အဒုလ္လဘေ၊ ရလွယ်ထသော။ တာရာမဏိဝိတာနမှိ၊ ကြယ်တည်းဟူသော ပတ္တမြား၊ ဖြင့်ပြီးသော ဗိတာန်မျက်နှာကြက်ရှိထသော။ စန္ဒဒီပပွဘာသိတေ၊ လတည်းဟူသော ဆီမီး၊ ဖြင့် ထွန်းလင်းထသော–

အဇ္ဈောကာသေ၊ လွင်ပြင်၌။ မိဂဘူတေန အပရိဂ္ဂဟဘာဝေန မိဂသဒိသ ဘူတေန၊ ငါ့နေရာဟု သိမ်းဆည်းခြင်း မရှိသဖြင့် သမင်ကဲ့သို့ ဖြစ်ထသော။ စေတသာ၊ မတပ်မက်သော စိတ်နှလုံး၊ ဖြင့်။ ထိနမိဒ္ဓံ၊ ငိုက်မျဉ်းခြင်းကို။ ဝိနောဒေတ္မာ၊ ပယ်ဖျောက်၍။ ဝသံ ဝသန္တော၊ နေထသော။ ဘာဝနာရာမတံ၊ ဘာဝနာ၌မွေ့လျော်သည်၏ အဖြစ်ကို။ သိတော နိသိတော၊ မှီထသော။ ဘိက္ခု၊ ရဟန်းသည်–

ယသ္မာ၊အကြင့်ကြောင့်။ ပဝိဝေကရသသာဒံ၊ ပဝိဝေကရသတည်းဟူသော သာယာနှစ်သက်ခြင်းကို။ ဝါ၊ စျာန်မဂ်ဖိုလ်ကို။ နု စိရသေဝ၊ မကြာခင်သာလျှင်။ ဝိန္ဒတိ လဘတိ၊ ရ၏။ တသ္မာဟိ တတောဇေ၊ ထို့ကြောင့်သာလျှင်။ သပ္ပညော၊ ပညာအမြော်အမြင်ရှိသော ယောဂီရဟန်းသည်။ အဇ္ဈောကာသရတော၊ လွင်ပြင်၌ ပျော်မွေ့သည်။ သိယာ၊ ဖြစ်ရာ၏။

အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ အဇ္ဈောကာသိကင်္ဂ၊ အဇ္ဈောကာသိကရှုတင်၌။ သမာဒါန ဝိဓာနပွဘေဒဘေဒါနိသံသဝဏ္ဏနာ၊ သမာဒါန ဝိဓာန ပဘေဒ ဘေဒ အာနိသံသအဖွင့် သံဝဏ္ဏနာတည်း။

ဒသမရှုတင်ပြီး၏။

၁၁-သောသာနိကဓုတင်ဝိနိစ္ဆယ

သောသာနိကင်္ဂမ် "နသုသာနံ ပဋိက္ခိပါမိ၊ သောသာနိကဂ် သမာဒိယာမိ"တိ ဣမေသံ အညတရဝစနေန သမာဒိနံ ဟောတိ။ (၌) (ပ) ၇၄။

နသုသာနန္တိ အသုသာနံ၊ အညတ္ထော နကာရော၊ သုသာနလက္ခဏာရဟိတံ ဝသနဋ္ဌာနန္တိ အဓိပ္ပါယော။ (မဟာဋီကာ (ပ) ၁၀၀)

တေန ပန သောသာနိကေန ယံ မနုဿာ ဂါမံ နိဝေသန္တာ "ဣဒံ သုသာန"န္တိ ဝဝတ္ထပေန္တိ၊ နဿ တတ္ထ ဝသိတဗ္ဗံ။ နဟိ မတသရီရေ အဌာပိတေ တံ သုသာနံ နာမ ဟောတိ၊ ဌာပိတကာလတော ပန ပဋ္ဌာယ သစေပိ ဒ္ဝါဒသဝဿာနိ ဆဒ္ဒိတံ၊ တံ သုသာနံ နာမ။(၌) ဣဒံ သုသာနန္တိ သမ္မတမေဝ၊ အသမ္မတံ နဿ ဝဋ္ဋတိ။ (ဂဏ္ဌိ)

သောသာနိကဓုတင်ကို ဆောက်တည်လိုသော ယောဂိရဟန်းသည်ကား "နသုသာနံ သုသာနတော အညံ ပဋိက္ခိပါမိ၊ သောသာနိကဂ် သမာဒိယာမိ" ဟူသော နှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

နသုသာနံ သုသာနတော အညံ၊ သုသာန်လက္ခဏာမရှိသော တပါးသောအရပ်၌ နေခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ သောသာနိကဂ်၊ သုသာန်လက္ခဏာရှိသောအရပ်၌ နေသော ပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ ဤကား သမာဒါနတည်း။

ထိုသို့ဆောက်တည်ပြီးသော ယောဂိရဟန်းသည်ကား ရွာတည်ထောင်သောသူတို့သည် အကြင်အရပ်ကို ဤအရပ်သည်လျှင် သုသာန်တည်းဟု အမှတ်ထားကုန်၏။ ဖုတ်မူကား မဖုတ်သေး၊ ထိုဌာ် မနေအပ်သေး။ အဘယ့်ကြောင့်နည်းဟူမူကား သေသောသူ၏အကောင်ကို မဖုတ်အပ်သေးသည်ရှိသော် အမည်မျှဖြင့် သုသာန်မဖြစ်ကောင်းသေးသောကြောင့်တည်း။ ဖုတ်ပြီးသောကာလမှ စ၍သော်ကား အကယ်၍ တစ်ဆယ့်နှစ်နှစ်တိုင်အောင် စွန့်ထားသော်လည်း သုသာန်မည်သည်ဖြစ်၏။

ဂဏ္ဌိကျမ်းကြီး၌ကား "ဤအရပ်ကို သုသာန်ဟူ၍ သမုတ်မှသာလျှင် နေအပ်၏။ မသမုတ်ရသေးလျှင် မနေအပ်"ဟု မိန့်ဆိုထားရကား ဖုတ်ငြားသော်လည်း မသမုတ်သော် မအပ်ဟု မှတ်ရာ၏။

တသို့ ပန ဝသန္တေန စက်မမဏ္ဍပါဒိနိ ကာရေတွာ မဗ္ဗပိဋ္ဌံ ပညာပေတွာ ပါနီယဘောဇနီယံ ဥပဋ္ဌာပေတွာ ဓမ္မဝါစေန္တေန နဝသိတဗ္ဗံ။ ဂရုကံ ဟိ ဣဒံ ဓုတင်္ဂံ၊ တသ္မာ ဥပ္ပန္နပရိဿယဝိဃာတတ္ထာယ သံဃထေရံ ဝါ ဧကဒေယျတ္ထကံ ဝါ ဧကာနာပေတွာ အပ္ပမတ္တေန ဝသိတဗ္ဗံ။ စက်မန္တေန အဒ္ဒကွိုကေန အာဌာဟနံ သြလောကေန္တေန စက်မိတဗ္ဗံ။

သုသာနံ ဂစ္ဆန္တေနာပိ မဟာပထာ ဥက္ကမ္မ ဥပ္ပထမဂ္ဂေန ဂန္တဗ္ဗံ။ ဒိဝါယေဝ အာရမ္မဏံ ဝဝတ္ထပေတဗ္ဗံ၊ ဒေဝဠိဿ တံရတ္တိံ ဘယာနကံ နာ ဘဝိဿတိ၊ အမနုဿာ ရတ္တိံ ဝိရဝိတ္တာ ဝိရဝိတ္တာ အာဟိဏ္ဍန္တာပိ နာ ကေနစိ ပဟရိတဗ္ဗာ။ ဧကဒိဝသမ္ပိ သုသာနံ အဂန္တ္ဝါ နာ ဝဋ္ဋတိ။

ထိုသို့ သုသာန်ဌာနေသော ရဟန်းသည်ကား စကြိုမဏ္ဍပ်စသည်ကို ပြု၍ ညောင်စောင်းအင်းပျဉ်တို့ကို ခင်း၍ သောက်ရေသုံးရေတို့ကို တည်ထား၍ တရားပေစာတို့ကို သင်ပေးလျက်မနေအပ်။ ဤဓုတင်သည်ကား အလွန်ဝန်လေး၏။ ထို့ကြောင့် ဖြစ်လတ္တံ့သော ဘေးကို တားဆီးပယ်ဖျောက်ခြင်းငှာ ကျောင်းဌာ သံဃာ့ထေရ်ကြီးကိုလည်းကောင်း, ရှာဌ်အကြီးအမှူးကို လည်းကောင်း သိအောင်ပြောကြားနေအပ်၏။ ဓမ္မပဒဌ်ကား သုသာန်စောင့်ကို ပြောကြားအပ်၏ဟု ဆို၏။ မမေ့မလျော့သော သတိနှင့်ယှဉ်သောစိတ်ဖြင့် နေအပ်၏။ စကြိုသွားသည်ရှိသော်လည်း ထက်ဝက်သောမျက်စိဖြင့် သူကောင်ဖုက်ရာအရပ်ကိုကြည့်၍ သွားအပ်၏။ သုသာန်သို့သွားသော ယောဂီသည်လည်း ခရီးလမ်းမကြီးမှဖဲ၍ ခရီးမဟုတ်သဖြင့် သွားအပ်၏။ မထင်ရှားစေအပ်။ နေ့ဘက်အချိန်ဌာသာလျှင် ထိုထိုသို့သောအရပ်ဌ တည်ရှိသော သစ်ပင်သစ်ငုတ်တို့ကို မှတ်ရာ၏။ ဤသို့ မှတ်မှသာလျှင် ညဉ့်အခါဌ ကြောက်ခြင်းမဖြစ်လတ္တံ့သတည်း။ ဘီလူးပြိတ္တာတို့သည် ညဉ့်အခါဌ ဟစ်အော်မြည်တမ်းလှည့်လည်သွားလာသည်ကို မြင်သော်လည်း တစ်စုံတစ်ခုသော အုဋ္ဌခဲလှင်ကန်ဖြင့်မပစ်မခတ်အပ်။ တစ်နေ့တစ်ရက်မျှလည်း သုသာန်သို့ မသွားဘဲနေခြင်းငှာ မအပ်။ နေ့တိုင်းနေ့တိုင်း သွားအပ်၏။ (မနီးမဝေးသော သွားလွယ်လာလွယ်သော သုသာန်သို့လာသူတို့အား မထင်ရှားသော ကျောင်းဌ နေခြင်းသည်သာလျှင် သုသာန်ဌ နေသည်မည်၏ဟု သိရာ၏။)

မ၌မယာမ် သုသာနေ ခေပေတွာ ပစ္ဆိမယာမေ ပဋိက္ကမိတုံ ဝဋ္ဋတိတိ အဂုံတ္တရဘာဏကာ။ အမနုဿာနံ ပိယံ တိလပိဋ္ဌမာသဘတ္တမစ္ဆမံသခီရတေလဂုဠာဒိခဇ္ဇဘောဇ္ဇံ နာ သေဝိတဗ္ဗံ။ ကုလဂေဟံ နာ ပဝိသိတဗ္ဗန္တိ ဣဒမသ္သ ဝိဓာနံ။

ပဘေဒတော ပန အယမ္ပိ တိဝိဓော ဟောတိ။ တတ္ထ ဥက္ကဋ္ဌေန ယတ္ထ ဒ္ဝေဘာဟဒ္ဝေကုဏပ ဒ္ဝေရောဒနာနိ အတ္ထိ၊ တတ္ထေဝ ဝသိတဗ္ဗံ။ မ၌မဿ တိသု·ဧကသ္မိမ္ပိ သတိ ဝဋ္ဋတိ။ မုဒုကဿ ဝုတ္တနယေန သုသာနလက္ခဏံ ပတ္တမတ္တေ ဝဋ္ဋတိ။ (၄)

အဂုံတ္တရနိကာယ်ဆောင်ဆရာတို့ကား၊ မ၌မယ် ခေါ် သန်းခေါင်ယံ၌ သုသာန်၌နေ၍ ပစ္ဆိမယံခေါ် မိုးလင်းချိန်၌ ကျောင်းသို့ပြန်ခြင်းငှာ အပ်၏ဟု ဆိုကြကုန်၏။ ဓမ္မပဒ၌ကား "ညအခါ၌ အများလူတို့အိပ်မှ သုသာန်သို့ လာရ၏။ အများလူတကာမနိုးသေးခင် ကျောင်းသို့ ပြန်အပ်၏။ နေ့ကို မသွားမပြန်အပ်၊ ပျင်းရိခြင်းကိုလည်း မဖြစ်စေအပ်၊ အားထုတ်အပ်သော လုံ့လဝီရိယရှိသည်ဖြစ်ရာ၏။ မစဉ်းလဲမလှည့်ပတ်သည်ဖြစ်၍ ကလျာဏဓမ္မာသယကောင်းသော အလိုဆန္ဒရှိသည်ဖြစ်ရာ၏"ဟု လာ၏။ ဘိလူးပြိတ္တာတို့သည် ချစ်နှစ်သက်အပ်သော နှမ်းလျော်မုန့်, ပဲထမင်း, ငါးအမဲ, နို့ရေ, ဆီ, တင်လဲအစရှိသော ဖုတ်ကင်လျော်သင်းသော ခဲဖွယ်စားဖွယ်တို့ကို မမှီဝဲအပ် မစားအပ်။ ဒါယကာတို့၏ အိမ်သို့လည်း မဝင်အပ်။ ဤကား ဝိဓာနတည်း။

ပဘေဒအားဖြင့်သော်ကား ဤယောဂီရဟန်းသည်လည်း ဥက္ကဋ္ဌ, မ၌မ, မုဒုဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌယောဂီရဟန်းသည်ကား အကြင်သုသာန်၌ အမြဲမပြတ် သူကောင်ဖုတ်ခြင်း, အမြဲမပြတ် အကောင်ပုပ်နံ့ရှိခြင်း, အမြဲမပြတ်ငိုကြွေးခြင်းရှိ၏။ ထိုသုသာန်၌သာ နေအပ်၏။ မ၌မယောဂီသည်ကား ထိုသုံးပါးတို့တွင် တစ်ပါးပါးရှိသော်လည်း နေအပ်၏။ မုဒုယောဂီအား ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သုသာန်၏ လက္ခဏာသို့ ရောက်ကာမျှ ပင်လျှင် နေအပ်၏။ ဤကား ပဘေဒတည်း။

ဣမေသံ ပန တိဏ္ဍမှိ နသုသာနမှိ ဝါသံ ကပ္ပေန ဓုတင်္ဂံ ဘိဇ္ဇတိ။ သုသာနံ အဂတဒိဝသေတိ အဂ္ဂိတ္တရဘာဝကာ။ အယမေတ္ထ ဘေဒေါ။

အယံ ပနာနိသံသော- မရဏသတိပဋိလာဘော၊ အပ္ပမာဒဝိဟာရိတာ၊ အသုဘနိမိတ္တာဝိဂမော၊ ကာမရာဂဝိနောဒနံ၊ အဘိဏှံ ကာယသဘာဝဒဿနံ၊ သံဝေဂဗဟုလတာ၊ အာရောဂျမဒါဒိပ္ပဟာနံ၊ ဘယဘေရဝသဟနတာ၊ အမနုဿာနံ ဂရုဘာဝနိယတာ၊ အပ္ပိစ္ဆတာဒီနံ အနုလောမဝုတ္တိတာတိ။

ပန၊ ပဘေဒမှတပါး ဘေဒကိုဆိုအံ့။ တိဏ္ဍမှိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဣမေသံ၊ ဤသုသာန်ဓူတင်ဆောင်သော ယောဂီရဟန်းတို့အား။ နသုသာနမှိ၊ သုသာန်လက္ခဏာမရှိသော အရပ်၌။ ဝါသံ၊ နေခြင်းကို။ ကပ္ပေန၊ ပြုခြင်းကြောင့်။ ဓုတင်္ဂံ၊ ဓူတင်သည်။ ဘိဇ္ဇတိ၊ ပျက်၏။ သုသာနံ၊ သုသာန်သို့။ အဂတဒိဝသေ၊ မသွားသောနေ့၌။ ဓုတင်္ဂံ၊ ဓူတင်သည်။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ၊ ဤသို့။ အဂ္ဂိတ္တရဘာဝကာ၊ အဂ္ဂိတ္တရနိကာယ်ဆောင်ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ ဧတ္ထ၊ ဤဓုတင်္ဂဝိနိစ္ဆယ၌။ ဘေဒေါ၊ ဓူတင်ပျက်ခြင်းတည်း။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးတည်း။ မရဏသတိပဋိလာဘော၊ သေမည်ကို သတိရနေခြင်း။ အပ္ပမာဒဝိဟာရိတာ၊ မမေ့မလျော့သော သတိဖြင့် နေသောသူ၏အဖြစ်။ အသုဘနိမိတ္တာဝိဂမော၊ အသုဘအာရုံကို ရနေခြင်း။ ကာမရာဂဝိနောဒနံ၊ ကာမရာဂကို ပယ်ရခြင်း။ ဏှံ၊ ဝိဏှံ၊ မပြတ်။ ကာယသဘာဝဒဿနံ၊ ခန္ဓာကိုယ်၏ သဘောတရားမှန်ကို မြင်ရခြင်း။ သံဝေဂဗဟုလတာ၊ သံဝေဂဉာဏ်များသည်၏အဖြစ်။ အာရောဂျမဒါဒိပ္ပဟာနံ၊ အာရောဂျမာန်ယစ်ခြင်း စသည်ကိုပယ်ခြင်း။ ဘယဘေရဝသဟနတာ၊ ကြောက်လန့်ဖွယ်အာရုံ၌ သည်းခံနိုင်သည်၏အဖြစ်။ အမနုဿာနံ၊ ဘီလူးပြိတ္တာတို့၏။ ဝါ၊ နတ်တို့၏။ ဂရုဘာဝနိယတာ၊ အလေးအမြတ်ပြုအပ်သည်၏အဖြစ်။ အပ္ပိစ္ဆတာဒီနံ၊ အပ္ပိစ္ဆတာ ဂုဏ်စသည်တို့အား။ အနုလောမဝုတ္တိတာ၊ လျော်သောဖြစ်ခြင်းရှိသည်၏အဖြစ်။ ဣတိ၊ ဤအကျိုးတို့ပင်တည်း။

- သောသာနိကဠိ မရဏာနုသတိပွဘာဝါ၊
  နိဒ္ဒါဂတမ္မိ နု ဖုသန္တိ ပမာဒဒေါသာ။
  သမ္မသ္ဃတောဘ စ ကုဏပါနိ ဗဟူနိ တသ္ဃ၊
  ကာမာနုဘာဝ[1] ဝသဂမ္မိ နု ဟောတိ စိတ္တံ။
- သံဝေဂမေတိ ဝိပုလံ နု မဒံ ဥပေတိ၊ သမ္မာ အထော ယဒုတိ နိဗ္ဗုတိမေသမာနော။
  သောသာနိကင်္ဂမိတိ နေကဂုဏာဝဟတ္တာ၊ နိဗ္ဗာနနိန္နဟဒယေန နိသေဝိတဗ္ဗန္တိ။

အယံ သောသာနိကဂေ် သမာဒါနဝိဓာနပွဘေဒဘေဒါနိသံသဝဏ္ဏနာ။

ဟိ၊ အကျိုးကို ချဲ့ပြအံ့။ သောသာနိက်၊ သုသာန်ရှုတင်ဆောင်ရဟန်း၌။ မရဏာနုသတိပွဘာဝါ မရဏာနုဿတိယာ အာနုဘာဝေန၊ မရဏာနုဿတိ၏ အစွမ်းသတ္တိအားဖြင့်။ နိဒ္ဒါဂတမ္မိ သုတ္တံ သုပိနန္တေ နာပိ၊ အိပ်ပျော်စဉ် အိပ်ပျော်ဆဲ၌ဖြစ်သော အိပ်မက်ဖြင့်လည်း။ ပမာဒဒေါသာ၊ မေ့လျော့ခြင်းတည်းဟူသော အပြစ်ဒေါသကို။ နု ဖုသန္တိ၊ မတွေ့မထိကုန်။ ဗဟူနိ၊ များလှကုန်သော။ ကုဏပါနိ၊ အကောင်ပုပ်တို့ကို။ သမ္ဘသ္ဃတောဘ၊ မြင်သောအားဖြင့်လည်း။ တသ္ဃ၊ ထိုရဟန်း၏။ စိတ္တံ၊ စိတ်သည်။ ကာမာနုဘာဝဝသဂမ္မိ၊ ကာမရာဂ၏ အလိုသို့ လိုက်ခြင်းသည်လည်း။ နု ဟောတိ၊ မဖြစ်။

ဝိပုလံ၊ ပြန့်ပွားများပြားသော။ သံဝေဂံ၊ ထိတ်လန့်တတ်သော သံဝေဂဉာဏ်သို့။ ဧတိ၊ ရောက်တတ်၏။ မဒံ၊ မာန်ယစ်ခြင်းသို့။ နု ဥပေတိ၊ မကပ်မရောက်။ အထော၊ ထိုမှတပါး၊ ဝါ၊ ထို့ပြင်။ နိဗ္ဗုတိံ၊ ငြိမ်းအေးခြင်းကို။ ဝါ၊ နိဗ္ဗာန်ကို။ ဧသမာနော၊ ရှာဖွေလျက်။ သမ္ဘာ၊ မဖောက်မပြန်ကောင်းမွန်စွာ။ ယဒုတိ ဝါယမတိ၊ အားထုတ်တတ်၏၊ လုံ့လပြုတတ်၏။ ဣတိ၊ ဤသို့။ အနေကဂုဏာဝဟတ္တာ တစ်ပါးမက များလှစွာသော ဂုဏ်ကျေးဇူးတို့ကို ရှုက်ဆောင်တတ်သောကြောင့်။ နိဗ္ဗာနနိန္နဟဒယေန၊ နိဗ္ဗာန်သို့ညွှတ်ကိုင်းသော စိတ်နှလုံးရှိသော ယောဂီရဟန်းသည်။ သောသာနိကင်္ဂံ သုသာန်ရှုတင်ကို။ နိသေဝိတဗ္ဗံ၊ မှီဝဲအပ်၏။

အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ သောသာနိကဂေ်၊ သုသာန်ရှုတင်၌။ သမာဒါန ဝိဓာနပွဘေဒဘေဒါနိသံသဝဏ္ဏနာ၊ သမာဒါန, ဝိဓာန, ပဘေဒ, ဘေဒ, အာနိသံသအဖွင့်တည်း။

ဧကာဒသမရှုတင်ပြီး၏။

၁- ကာမာနုရာဂ (သီ-သျှာ-ဣ)

၁၂-ယထာသန္ဆ တိကဓုတင်ဝိနိစ္ဆယ

ယထာသန္ဆ တိကင်မှိ "သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ၊ ယထာသန္ဆ တိကင်ံ သမာဒိယာမိ"တိ ဣမေသံ အညတရဝစနေန သမာဒိနှံ ဟောတိ။

တေန ပန ယထာသန္ဆ တိကေန ယဒသ သေနာသနံ "ဣဒံ တုယှံ ပါပုဏာတိ" ဣဒိ ဂါဟိတံ ဟောတိ၊ တေနေဝ တုဋ္ဌမ္ပိ၊ နေ အညော ဥဋ္ဌာပေတဗ္ဗော။ ဣဒမသ ဝိဓာနံ။

ပဘေဒတော ပန အယမ္ပိ တိဝိဓော ဟောတိ။ တတ္ထ ဥက္ကဋ္ဌော အတ္တနော ပတ္တသေနာသနံ ဒူရေတိ ဝါ အစ္ဆာသန္နေတိ ဝါ အမနုဿဒိဋ္ဌတိကာဒိဟိ ဥပဒ္ဒုတန္တိ ဝါ ဥဏ္ဏန္တိ ဝါ သိတလန္တိ ဝါ ပုစ္ဆိတုံ နေ လဘတိ။ မဇ္ဈိမော ပုစ္ဆိတုံ လဘတိ၊ ဂန္ဓာ ပန သြလောကေတုံ နေ လဘတိ။ (၄)

ယထာသန္ဆ တိက ဓူတင်ကို ဆောက်တည်လိုသော ယောဂီရဟန်းသည် "သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ၊ ယထာသန္ဆ တိကင်ံ သမာဒိယာမိ" ဟူသော နှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။ သေနာသနလောလုပ္ပံ၊ ရဟန်းတပါးကို ထစေခြင်း, တိုးဝှေ့၍အိပ်ခြင်း အစရှိသော သေနာသနလောလုပ္ပကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ယထာသန္ဆ တိကင်ံ၊ ယထာသန္ဆ တိကဓူတင်အင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ ဤကား သမာဒါနတည်း။

ထိုယထာသန္ဆ တိက ဓူတင်ဆောင်သော ယောဂီရဟန်းသည်ကား အကြင်ကျောင်းကို "ဤကျောင်းသည် အရှင်ဘုရားအား ရောက်၏"ဟူ၍ ဝါစဉ်အားဖြင့် ကျောင်းဝေသောရဟန်းသည် ညွှန်ပြအပ်၏။ ထိုသို့ပြသောကျောင်းကိုသာလျှင် နှစ်သက်အပ်၏။ တပါးသောသီတင်းငယ် ရဟန်းကို မထစေအပ်။ ဤကား ဝိဓာနတည်း။

ပဘေဒအားဖြင့်ကား ဤယောဂီရဟန်းသည်လည်း ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌရဟန်းသည်ကား မိမိအားရောက်သောကျောင်းကို ဝေးသလော, နီး၏လော, အမနုဿနှင့် ဒီဃဇာတိကစသောဘေးတို့ဖြင့် နှောင့်ယှက်သလော ဟူ၍လည်းကောင်း, ပူသလော, အေးသလော ဟူ၍လည်းကောင်း မေးခြင်းငှာ မရပါ။ မဇ္ဈိမရဟန်းကား ဓမေးခြင်းငှာ ရပါ၏။ သွားရ၍သော်ကား ကြည့်ခြင်းငှာ မရပါ။

မုဒုကော ဂန္ဓာ သြလောကေတွာ သစသေ တံ နု ရုစ္ဆတိ၊ အည့ ဂဟေတုံ လဘတိ။ ဣမေသံ ပန ကိဏ္ဍာမိ သေနာသနလောလုပ္ပေ ဥပ္ပန္နမတ္တေ ဓုတင်္ဂ ဘိဒ္ဒတိတိ အယမေတ္ထ ဘေဒေါ။

အယံ ပနာနိသံသော၊ "ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗ"န္တိ ဝုတ္တောဝါဒကရဏံ၊ သဗ္ဗဟွစာရိနံ ဟိတေသိတာ၊ ဟိနပဏီတဝိကပ္ပပရိစ္စာဂေါ၊ အနုရောဓဝိရောဓပ္ပဟာနံ၊ အတ္တိစ္ဆတာယ ဒ္ဝါရပိဒဟနံ၊ အပ္ပိစ္ဆတာဒီနံ အနုလောမဝုတ္တိတာတိ။ (၄)

မုဒုကသေ အသတိ ရောဂေ ယထာဂါဟိတံ ပဟာယ အညသေ သေနာသနသေ ဂဟဏံ လောလုပ္ပံ၊ မဒ္ဒိမသေ ဂန္ဓာ သြလောကနာ၊ ဥက္ကဋ္ဌသေ ပုစ္ဆနာ။ သဗ္ဗေသမ္ပိ ဥဋ္ဌာပေတွာ ဂဟဏေ ဝတ္တဗ္ဗမေဝ နတ္ထိ။ (မဟာဋီကာ) (ပ) ၁၀၂။

မုဒုရဟန်းသည်ကား သွားရှင်းကြည့်ပြီးလျှင် ဝိဝေက ဆိတ်ငြိမ်ခြင်းစသည်ကို မရသဖြင့် မကြိုက်မနှစ်သက်သော် စိတ်သပ္ပါယနှင့်လျော်သော သူမနေသော တပါးတခြားသောကျောင်းကို ယူခြင်းငှာ ရ၏။ ဤကား ပဘေဒတည်း။

ဘေဒအားဖြင့်ကား ဤသုံးပါးကုန်သော ယောဂီရဟန်းတို့အားလည်း သူ့ကိုထစေခြင်းတည်းဟူသော လောလုပ္ပသည် ဖြစ်ကာမျှခဏ၌ ရှိတင်ပျက်၏။ ဤ၌ ဥက္ကဋ္ဌအား မေးခြင်း, မဒ္ဒိမအား သွားရှင်းကြည့်ခြင်း, မုဒုအား ထစေခြင်း,(တနည်းကား) သူမနေသော တပါးသောကျောင်းကို ယူခြင်းသည်သာ လောလုပ္ပမည်၏။ ထိုတွင် ထစေခြင်းတည်းဟူသော လောလုပ္ပသာလျှင် ရှိတင်ကို ပျက်စေ၏။ ထို့ကြောင့် မဟာဋီကာဆရာလည်း ဤနည်းကိုပင် မိန့်ဆိုသတည်း။ ဤရှိတင်ကို ရှေးက သံဃိကကျောင်း၌ သီတင်းကြီးရဟန်းလာလျှင် အစဉ်အတိုင်းရသည်ကို ရည်ရွယ်၍ ထားသည်။ ယခုအခါ၌ကား ထိုသို့ သံဃိက သုံးဆောင်နည်းမရှိရကား အသင့်အားဖြင့်သာ ဆောက်တည်ရာ၏။

အာနိသံသကား "ရသမျှဖြင့် ကျေနပ်ရသည်"ဟူသော အဆုံးအမတော်ကို ကျင့်ခြင်း, သီတင်းသုံးဖော်တို့၏ အကျိုးကို ရှာဖွေလိုခြင်း, ယုတ်မြတ်, ဆိုးကောင်းတွေးကြံခြင်းကို ပယ်စွန့်ခြင်း, ဤသူနှင့် သင့်မသင့်ဟူသည်ကို ပယ်ရခြင်း, အတ္တိစ္ဆတာ၏ တံခါးကိုပိတ်ခြင်း, အပ္ပိစ္ဆတာစသည်အား လျော်စွာဖြစ်ခြင်းဟူသော အကျိုးတို့သည် ဖြစ်ကုန်၏။

၁- ခု ၁- ၃၂ ဇာတကေ။ ဝိ ၂- ၃၄၀ - ပိဋ္ဌေပိ။

- ယံ လဒ္ဓံ တေန သန္တုဋ္ဌော၊ ယထာသန္ထတိကော ယတိ။
  နိဗ္ဗိကပ္ပေါ သုခံ သေတိ၊ တိဏသန္ထရကေသုပိ။
- နေ သော ရဇ္ဇတိ သေဋ္ဌမှိ၊ ဟိနံ လဒ္ဓါ နေ ကုပ္ပတိ။
  သဗ္ဗဟ္မစာရိနဝကေ၊ ဟိတေန အနုကမ္ပတိ။
- တသ္မာ အရိယသတ္တာစိဏ္ဏံ၊ မုနိပုဂ်ဝဝဏ္ဏိတံ။
  အနုယုဉ္ဇေယ္ယ မေဓာဝီ၊ ယထာသန္ထတရာမတန္တိ။

အယံ ယထာသန္ထတိကင်္ဂ သမာဒါနဝိဓာနပဘေဒဘေဒါနိသံသဝဏ္ဏနာ။

ယထာသန္ထတိကော၊ ယထာသန္ထတိကဂုတင်ကိုဆောင်သော။ ယတိ၊ ရဟန်းသည်။ ယသ္မာ၊ အကြင့်ကြောင့်။ ယံ သေနာသနံ၊ အကြင်ကျောင်းကို။ လဒ္ဓံ၊ ရအပ်၏။ တေန၊ ထိုကျောင်းဖြင့်။ သန္တုဋ္ဌော၊ ရောင့်ရဲလွယ်သည်။ ဝါ၊ နှစ်သက်ကျေနပ်လွယ်သည်။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗိကပ္ပေါ၊ အဆိုးအကောင်းဌ တွေးကြံခြင်းမရှိသည်ဖြစ်၍။ တိဏသန္ထရကေသုပိ၊ မြက်ဖြင့်ပြုလုပ်သောအခင်းတို့ဌလည်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ အိပ်၏။

သော၊ ထိုရဟန်းသည်။ သေဋ္ဌမှိ–သေဋ္ဌသေနာသနမှိ၊ မွန်မြတ်သောကျောင်းဌ။ နေ ရဇ္ဇတိ၊ မတပ်မက်။ ဟိနံ လဒ္ဓါ၊ ယုတ်သောကျောင်းညံ့သောကျောင်းကို ရသော်လည်း။ နေ ကုပ္ပတိ၊ အမျက်မထွက်တတ်။ သဗ္ဗဟ္မစာရိနဝကေ၊ သီတင်းသုံးဖော်ရဟန်းငယ်တို့ကို။ ဟိတေန–ဟိတစိတ္တေန၊ အကျိုးကို လိုလားသောစိတ်ဖြင့်။ အနုကမ္ပတိ၊ သနားစောင့်ရှောက်၏။

တသ္မာ၊ ထို့ကြောင့်။ အရိယသတ္တာစိဏ္ဏံ၊ အရိယာသူတော်ကောင်းကြီးတို့၏ အလေ့အကျင့်ဖြစ်သော။ မုနိပုဂ်ဝဝဏ္ဏိတံ၊ နွားတကာတို့၏အကြီးအကဲဖြစ်သော နွားလား ဥသဘကဲ့သို့ ရဟန်းတကာတို့၏ အကြီးအကဲဖြစ်တော်မူသော မြတ်စွာဘုရားသည် ချီးမွမ်းအပ်သော။ ယထာသန္ထတရာမတံ ယထာဥဒ္ဒိဋ္ဌေ သေနာသနေ ရတိ၊ ညွှန်ပြအပ်သော ကျောင်းဌ မွေ့လျော်သောအဖြစ်ကို။ မေဓာဝီ၊ ပညာရှိသော ယောဂိရဟန်းသည်။ အနုယုဉ္ဇေယ္ယ၊ လျော်စွာအားထုတ်ရာ၏။

ဤကား ယထာသန္ထတိကင်္ဂ သမာဒါန ဝိဓာန ပဘေဒ ဘေဒ အာနိသံသအဖွင့်တည်း။

ဒွါဒသမဂုတင်ပြီး၏။

၁၃-နေသဇ္ဇီကဝတ်ဝိနိစ္ဆယ

နေသဇ္ဇီကင်္ကပ် "သေယျ ပဋိက္ခိပါမိ၊ နေသဇ္ဇီကင်္ကံ သမာဒိယာမိ" တိ ဣမေသံ အညတရဝစနေန သမာဒိနဲ့ ဟောတိ။

တေန ပန နေသဇ္ဇီကေန ရတ္တိယာ တိသု ယာမေသု ဧကံ ယာမံ ဥဋ္ဌာယ စင်္ကမိတဗ္ဗံ။ ဣရိယာပထေသု ဟိ နိပဇ္ဇိတုမေဝ နု ဝဋ္ဋတိ။ ဣဒမသ္သ ဝိဓာနံ။ (ဌ) [1]

သေယျန္တိ ဣရိယာပထလက္ခဏံ သေယျံ။ တပ္ပဋိက္ခေပေနေဝ ဟိ တဒတ္ထာ "မဇ္ဈော ဘိသိ" တိဧဝမာဒိကာ သေယျာ ပဋိက္ခိတ္တာ ဧဝ ဟောန္တိ။ (မဟာဋီကာ) [2]

နေသဇ္ဇီကရူတင်ကို ဆောက်တည်လိုသော ယောဂိရဟန်းသည်ကား "သေယျ ပဋိက္ခိပါမိ၊ နေသဇ္ဇီကင်္ကံ သမာဒိယာမိ"ဟူသော ဤနှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။ သေယျ၊ အိပ်ရာအုံးခ္ဍ ဦးခေါင်းချ၍ အိပ်ခြင်း လဲလျောင်းခြင်းဟူသော ဣရိယာပုထ်ကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ (မဟာဋီကာခ္ဍ သေယျဟူသည် အိပ်ခြင်းလဲလျောင်းခြင်း ဣရိယာပုထ်ပင် ဖြစ်ပါသည်။ ထိုဣရိယာပုထ်ကို ပယ်ခြင်းဖြင့် ညောင်စောင်း အင်းပျဉ် စသော အိပ်ရာတည်ရာကိုလည်း ပယ်ပြီးဖြစ်တော့သည်ဟု ဖွင့်ဆို၏။) နေသဇ္ဇီကင်္ကံ၊ ထိုင်ခြင်းဣရိယာပုထ်ဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။ ဤကား- သမာဒါနတည်း။

ထိုနေသဇ္ဇီက ယောဂိရဟန်းသည်ကား ညဉ့်သုံးယံတို့တွင် တစ်ပါးပါးသောယံ၌ ထ၍ စင်္ကြံသွားအပ်၏။ ထိုစကားသည် သင့်လျော်ပေစု။ ညဉ့်သုံးယံပတ်လုံး သွားသည်ရှိသော် အနာဖြစ်ခဲ့ရာ၏။ ညဉ့်သုံးယံပတ်လုံး ထိုင်နေခြင်းငှာလည်း မခံနိုင်။ ညဉ့်သုံးယံပတ်လုံးလည်း မရပ်နိုင်။ ဣရိယာပုထ်လေးပါးတွင် အိပ်ခြင်း, လဲလျောင်းခြင်း ဣရိယာပုထ်သည်သာ မအပ်သတည်း။ ကြွင်းကျန်သော ထိုင်, ရပ်, သွားဣရိယာပုထ်သည် အပ်၏။ စုလ္လဋီကာ၌ကား အိပ်မွေ့ခြင်းကိုဖျောက်၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းပြုစိမ့်သောငှာ ဤဓူတင်ကို ခွင့်ပြုတော်မူ၏။ ထို့ကြောင့် မဒ္ဓျိမယံ၌ ထိုင်လျက်အိပ်ပြီးလျှင် ထိုမှတပါးသော ယံတို့၌ ထ၍ ထိုင်ခြင်း, ရပ်ခြင်း, စင်္ကြံသွားခြင်းတို့ဖြင့် မနသိကာရပြုအပ်၏ဟူသော အနက်ကို ရည်၍ ဧကံ ယာမံ စသော စကားကို အဋ္ဌကထာဆရာ ဆို၏ဟု ဖွင့်၏။ ဤစကား သင့်မြတ်၏။ ဤကား ဝိဓာနတည်း။

၁-ဝိသုဒ္ဓိမဂ္ဂ (ပ) ၇၆။ ၂- မဟာဋီကာ ပ- ၁၀၂ ပိဋ္ဌေ။

ပဘေဒတော ပန အယမ္မိ တိဝိဓော ဟောတိ။ တတ္ထ ဥက္ကဋ္ဌသ နေဝ အပသေနံ၊ နာ ဒုဿပလ္လတ္ထိကာ၊ နာ အာယောဂပရော ဝဋ္ဋတိ။ မဇ္ဈိမဿ ဣမေသု တီသု ယဝကိဋ္ဌိ ဝဋ္ဋတိ။ မုဒုကဿ အပသေနမ္မိ ဒုဿပ[illegible]ကာပိ အာယောဂပရောပိ ဗိဇ္ဇောဟနမ္မိ ပဋ္ဌဂေါ်ပိ သတ္တဂေါ်ပိ ဝဋ္ဋတိ။ ပဋ္ဌဂေါ် ပန ပိဋ္ဌိအပဿယေန သဒ္ဒိ ကတော။ သတ္တဂေါ် နာမ ပိဋ္ဌိအပဿယေန စ ဥဘတောပဿေသု အပဿယေဟိ စ သဒ္ဒိ ကတော၊ [illegible] ကိရ မိဠာဘယတ္ထေရဿ အကံသု။ ထေရော အနာဂါမိ ဟုတ္တာ ပရိနိဗ္ဗာယိ။ (၄)

ဣမေသံ ပန တိဏ္ဏမ္မိ သေယ္ယ ကပ္ပိတမတ္ထေ ဓုတင်ံ ဘိဒ္ဓတိ။ အယမေ[illegible] ဘဝေါ။ (၄)[1]

ပဘေဒအားဖြင့်ကား ဤယောဂီရဟန်းသည်လည်း ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒုအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌယောဂီအား နောက်မှီတံကဲသည်လည်းကောင်း၊ ပုဆိုးဖြင့်ပတ်ခြင်းသည်လည်းကောင်း, အာယောဂပတ်သည်လည်းကောင်း မအပ်။ မဇ္ဈိမ ပုဂ္ဂိုလ်အား ဤသုံးပါးတို့တွင် တစ်ပါးပါးအပ်၏။ (တနည်း) အလုံးစုံသုံးပါးလုံးအပ်၏။ မုဒုပုဂ္ဂိုလ်အား နောက်မှီတံကဲသည်လည်းကောင်း, ပုဆိုးဖြင့်ပတ်ခြင်းသည်လည်းကောင်း, အာယောဂပတ်သည်လည်းကောင်း, အုံးသည်လည်းကောင်း, ပဋ္ဌဂေါ်အင်းပျဉ်သည်လည်းကောင်း, သတ္တဂေါ်အင်းပျဉ်သည်လည်းကောင်း အပ်၏။ ထိုပဋ္ဌဂေါ်သည်ကား အပေါင်လေးခုဖြင့်ဖွဲ့သော အတန်ငယ်ရှည်သော ဖတိုင်အင်းပျဉ်ငယ်၌လည်းကောင်း, သို့မဟုတ် လေးဒေါင့်အင်းပျဉ်၌လည်းကောင်း နောက်မှီတံကဲကို တပ်၍ ပြုအပ်သော အင်းပျဉ်ငယ်တည်း။ ထိုပဋ္ဌဂေါ်အင်းပျဉ်၌ပင် လက်ဝဲလက်ယာဖြစ်သော နံပါးနှစ်ဘက်၌ အမှီလက်ရုံးတပ်၍ ပြုအပ်သောအင်းပျဉ်နေရာသည်ကား သတ္တဂေါ်အင်းပျဉ်မည်၏။ ထိုသို့သော သတ္တဂေါ်အင်းပျဉ်ကိုကား မိဠာဘယထေရ်အား ပြုလုပ်၍ လှူကြကုန်၏။ မထေရ်သည်ကား အနာဂါမ်ဖြစ်၍ ပရိနိဗ္ဗာန်ပြုလေသတတ်။ ဤကား ပဘေဒတည်း။

ဘေဒအားဖြင့်ကား ဤသုံးယောက်ကုန်သော ယောဂီရဟန်းတို့အား အိပ်လိုသောစိတ်ဖြင့် လဲလျောင်းခြင်းဟူသော ဣရိယာပုထ်ကို ပြုသောခဏ၌ ရှုတင်ပျက်၏။ ဤကား ဘေဒတည်း။

---

[1] ဝ-ဝ-ဝိသုဒ္ဓိမဂ္ဂ (ပ) - ၇၆ ပိဋ္ဌေ။

အယ် ပနာနိသ်သော-"သေယျသုခံ ပဿသုခံ မိဒ္ဓသုခံ အနုယုဉ္ဇော ဝိဟရတိ"တိ ဝုတ္တသ သေတသော ဝိနိဗန္ဓသ ဥပစ္ဆေဒနံ၊ သဗ္ဗကမ္မဋ္ဌာနာနုယောဂသပ္ပါယတာ၊ ပါသာဒိက ဣရိယာပထတာ၊ ဝိရိယာရမ္ဘာနုကူလတာ၊ သမ္မာပဋိပတ္တိယာ အနုဗြူဟနန္တိ။

- အာဘုဇိတ္တာန ပလ္လင်္ကံ၊ ပဏိဓာယ ဥဇုံ တနုံ။
  နိသီဒန္တော ဝိကမ္မေတိ၊ မာရဿ ဟဒယံ ယတိ။
- သေယျသုခံ မိဒ္ဓသုခံ၊ ဟိတ္တာ အာရဒ္ဓဝိရိယော။
  နိသဇ္ဇာဘိရတော ဘိက္ခု၊ သောဘယတ္တော တပေါဝနံ။
- နိရာမိသ ပိတိသုခံ၊ ယသ္မာ သမဓိဂစ္ဆတိ။
  တသ္မာ သမနုယုဉ္ဇေယ္ယ၊ ဓီရော နေသဇ္ဇိကံ ဝတန္တိ။

အယံ နေသဇ္ဇိကင်္ဂေ သမာဒါနဝိဓာနပဘေဒဘေဒါနိသံသဝဏ္ဏနာ။

အာနိသံသကား သေယျသုခံ အစရိသဖြင့် ဟောတော်မူ အပ်သော စိတ်၏ အနှောင်အဖွဲ့ကို ဖြတ်ရခြင်း, ခပ်သိမ်းသောကမ္မဋ္ဌာန်းကို အားထုတ်သူအား လျောက်ပတ်သည်၏ အဖြစ်, ကြည်သိုဖွယ်ရှိသော ဣရိယာပုထ်ရှိခြင်း, ဝိရိယာရမ္ဘအား အစဉ်လျော်ခြင်း, ကောင်းစွာကျင့်သော ပဋိပတ္တိတို့၏ တိုးပွားခြင်းဟူ သော အကျိုးတို့သည် ဖြစ်လာကုန်၏။

ပလ္လင်္ကံ၊ ပလ္လင်ကို။ အာဘုဇိတ္တာန၊ ခွေ၍။ တနုံ၊ အထက်ပိုင်းကိုယ်ကို။ ဥဇုံ၊ ဖျောင့်စွာ။ ပဏိဓာယ၊ ထား၍။ နိသီဒန္တော၊ ထိုင်နေသော။ ယတိ၊ ရဟန်းသည်။ မာရဿ၊ မာရ်နတ်သား၏။ ဟဒယံ၊ စိတ်နှလုံးကို။ ဝိကမ္မေတိ စာလေတိ၊ အာဏာကို လွန်သည်ဖြစ်၍ တုန်လှုပ်စေ၏။

သေယျသုခံ၊ အိပ်ခြင်းသုခကိုလည်းကောင်း။ မိဒ္ဓသုခံ၊ ငိုက်မျဉ်းခြင်းသုခကိုလည်းကောင်း။ ဟိတ္တာ၊ ပယ်၍။ အာရဒ္ဓဝိရိယော၊ ဝိပဿနာအားထုတ်သော လုံ့လရှိသည်ဖြစ်၍။ နိသဇ္ဇာဘိရတော၊ ထိုင်နေခြင်း၌ အလွန်မွေ့လျော်သော။ ဘိက္ခု၊ ရဟန်းသည်။ တပေါဝနံ၊ ခြိုးခြံသော အကျင့်ကျင့်ရာဖြစ်သော တောကို။ သောဘယတ္တော၊ တင့်တယ်စေလျက်-

နိရာမိသံ၊ ကာမဂုဏ်ငါးပါးတည်းဟူ သော အာမိသကင်းသော ။ ပိတိသုခံ၊ ပိတိသုခကို။ ယသ္မာ၊ အကြင့်ကြောင့်။ သမဓိဂစ္ဆတိ၊ ရ၏ ။ တသ္မာ၊ ထို့ကြောင့်။ ဓီရော၊ ပညာရှိရဟန်းသည်။ နေသဇ္ဇိကံ၊ ထိုင်၍နေ့သော။ ဝတံ ဝုတ်ဂံ၊ ဂုတင်ကျင့်ဝတ်ကို။ သမနုယုဉ္ဇေယ္ယ၊ ကောင်းစွာယှဉ်ရာ၏ ။

ဤကား နေသဇ္ဇိကင်္ဂ၌ သမာဒါန ဝိဓာန ပဘေဒ ဘေဒ အာနိသံသအဖွင့်တည်း။

တေရသမဂ္ဂတင်ပြီး၏ ။

၁- ဒီ ၃- ၁၉၉၊ မ ၁- ၁၄၆ ပိဋ္ဌေသု။

ဓုတင်ပကိဏ္ဏကကထာ

ဣဒါနိ-

ကုသလတ္တိကတော စေဝ၊ ဓုတာဒီနံ ဝိဘာဂတော။
သမာသဗျာသတော စာပိ၊ ဝိညာတဗ္ဗော ဝိနိစ္ဆယောတိ-

ဣမိဿာ ဂါထာယ ဝသေန ဝဏ္ဏနာ ဟောတိ။

တတ္ထ ကုသလတ္တိကတောတိ သဗ္ဗာနေဝ ဟိ ဓုတင်္ဂါနိ သေက္ခပုထုဇ္ဇနခီဏာသဝါနံ ဝသေန သိယာ ကုသလာနိ၊ သိယာ အဗျာကတာနိ၊ နတ္ထိ ဓုတင်္ဂ အကုသလန္တိ။

ယခုအခါ၌ "ကုသလတိက်အားဖြင့်လည်းကောင်း၊ ဓုတ စသည်တို့ကို ဝေဘန်သော အားဖြင့်လည်းကောင်း၊ အကျဉ်းအကျယ်အားဖြင့်လည်းကောင်း အဆုံးအဖြတ်ကို အထူးသိအပ်၏" ဟူသော ဤဂါထာ၏ အစွမ်းအားဖြင့် ဖွင့်ဆိုခြင်းသည် ဖြစ်လာပေ၏။

ထိုတွင် ကုသလတ္တိကတော ဟူသည်ကား ထိုအလုံးစုံသော ဂူတင်တို့သည် ပုထုဇဉ်သေက္ခတို့၏ ဂူတင်အားဖြင့် ကုသိုလ်သည်ဖြစ်ရာ၏။ ရဟန္တာတို့၏ ဂူတင်အားဖြင့် အဗျာကတလည်း ဖြစ်သင့်၏။ အကုသိုလ်ဂူတင်မည်သည် မရှိသင့်။ အကြင်သူသည်ကား "ဣရေကစ္စော ပါပိစ္ဆော ဣစ္ဆာပကတော အာရညိကော ဟောတိ"စသည်ဖြင့် ပုဂ္ဂလပညတ်ပါဠိတော်၌ လာသောကြောင့် အကုသိုလ်ဂူတင်ရှိသင့်၏ဟု ဆိုငြားအုံ့။ ထိုသို့ ပါပိစ္ဆာအလိုဆိုးဖြင့် တောင်္ခေနခြင်း အစရှိသည်ကို ပြုသောသူ သည် အာရညိကမတ္တ- တောင်္ခေနကာမျှသော်ကား မည်၏။ ထိုသူ၏စေတနာ, ပါပိစ္ဆာ ဟူသော လောဘစေတသိက်သည် (ကိလေသေ ဓုနာတီတိ ဓုတံ ဤသို့ အစရှိသော အနက်အားဖြင့်) တစုံတခုသော ကိလေသာကို ခါထုတ်ခြင်းမရှိ။ ထို့ကြောင့် အကုသိုလ်သည် ဂူတင်မည်သည် မရှိကောင်း။ ကုသိုလ်, အဗျာကတ သည်သာလျှင် ကိလေသာကို ခါထုတ်တတ်သောကြောင့် ဂူတင်မည်၏ဟူ လိုသော်။ ဤကား ကုသလတ္တိကဝဏ္ဏနာတည်း။

ဓုတာဒီနံ ဝိဘာဂတော ဟူသည်ကား ဓုတောကို သိအပ်၏။ ဓုတဝါဒကို သိအပ်၏။ ဓုတဓမ္မတို့ကို သိအပ်ကုန်၏။ ဓုတင်္ဂတို့ကို သိအပ်ကုန်၏။ အဘယ်သူ့အား ဓုတင်ကို မှီဝဲခြင်းသည် သင့်လျော်လျောက်ပတ်ပါသနည်းဟူသော ငါးပါးတို့တည်း။ ထိုငါးပါးတို့တွင်-

ဝုတောတိ ဝုတကိလေသော ဝါ ပုဂ္ဂလော, ကိလေသဝုနနော ဝါ ဝမ္မော၊ ဝုတဝါဒေါတိ ဇဋ္ဌ ပန အတ္ထိ ဝုတော နဝုတဝါဒေါ၊ အတ္ထိ နဝုတော ဝုတဝါဒေါ၊ အတ္ထိ နေဝ ဝုတော နဝုတဝါဒေါ၊ အတ္ထိ ဝုတော စေဝ ဝုတဝါဒေါ စ။

ဝုတဝမ္မာ ဝေဒိတဗ္ဗာတိ အပ္ပိစ္ဆတာ, သန္တုဋ္ဌိတာ, သလ္လေခတာ, ပဝိဝေကတာ, ဣဒမတ္ထိတာတိ ဣမေ ဝုတဂ်ိစေတနာယ ပရိဝါရကာ ပဋ္ဌမ္မာ "အပ္ပိစ္ဆတံယေဝ နိဿာယာ"တိ အာဒိဝစနတော ဝုတဝမ္မာ နာမ။

ဝုတောကို သိအပ်၏ ဟူသည်ကား ကိလေသာကို ပယ်ပြီး ခါထုတ်ပြီးသော ပုဂ္ဂိုလ်သည်လည် ကောင် , ကိလေသာကို ခါထုတ်တတ်သော တရား၊ဝမ္မသည်လည်းကောင်း ဝုတမည်၏ ဟူလိုသော်။

ဝုတဝါဒကို သိအပ်၏ ဟူသော ဒုတိယဝိကပ်ဌသော်ကား (၁) ဝုတော နဝုတဝါဒေါ (၂) နဝုတော ဝုတဝါဒေါ (၃) နဝုတော နဝုတဝါဒေါ (၄) ဝုတောစေဝ ဝုတဝါဒေါစဟူ၍ လေးပါးပြား၏။ ထိုလေးပါးတို့တွင် (၁) အရှင်ဗာကုလကဲ့သို့ မိမိကား ဝုတင်ဖြင့် ကိလေသာကို ခါထုတ်၏။ သူ့ကိုမူကား ဝုတင်ဖြင့် မဆုံးမ၊ ဤပုဂ္ဂိုလ်သည်ကား ဝုတော နဝုတဝါဒေါမည်၏။ (၂) အရှင်ဥပနန္ဒကဲ့သို့ မိမိကား ဝုတင်ဖြင့် ကိလေသာကို မခါ၊ သူ့ကိုမူကား ဝုတင်ဖြင့် ဆုံးမ၏။ ဤပုဂ္ဂိုလ်သည် နဝုတော ဝုတဝါဒေါ မည်၏။ (၃) အရှင်လာလုဒါယီကဲ့သို့ မိမိလည်း ဝုတင်ဖြင့် ကိလေသာကိုမခါ၊ သူ့ကိုလည်း ဝုတင်ဖြင့် မဆုံးမ၊ ဤပုဂ္ဂိုလ်သည်ကား နဝုတော နဝုတဝါဒေါမည်၏။ (၄) အရှင်သာရိပုတြာကဲ့သို့ မိမိလည်း ဝုတင်ဖြင့် ကိလေသာကို ခါထုတ်၏။ သူ့ကိုလည်း ဝုတင်ဖြင့် ဆုံးမ၏။ ဤပုဂ္ဂိုလ်သည်ကား ဝုတောစေဝ ဝုတဝါဒေါစ မည်၏။

ဝုတဝမ္မတို့ကို သိအပ်ကုန်၏ ဟူသည်ကား အပ္ပိစ္ဆတာ-အလိုနည်းသည်၏ အဖြစ်၊ သန္တုဋ္ဌိတာ-ရောင့်ရဲလွယ်သည်၏ အဖြစ်၊ သလ္လေခတာ-ကိလေသာခေါင်းပါးသည်၏ အဖြစ်၊ ပဝိဝေကတာ၊ ဆိတ်ငြိမ်ခြင်းကို အလိုရှိသည်၏ အဖြစ်။ ဣဒမတ္ထိတာ- ဤအကျင့်ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အကျိုးရှိသည်ဟု သိသည်၏ အဖြစ်ဟူသော ငါးပါးကုန်သော ဝုတင်စေတနာ၏ အခြံအရံဖြစ်ကုန်သော တရားတို့သည် ဝုတဝမ္မတို့ မည်ကုန်၏။

၁- အံ ၂ ၁၉၃၊ ဝိ ၅-၂၃၃ ပိဋ္ဌေသု။

တတ္ထ အပ္ပိစ္ဆတာ စ သန္တုဋ္ဌိတာ စ အလောဘော ။ သလ္လေခတာ စ ပဝိဝေကတာ စ ဒ္ဒိသု ဓမ္မေသု အနုပတန္တိ အလောဘော စ အမောဟော စ။ ဣဒမတ္ထိတာ ဉာဏမေဝ။ (၄)
ဣမေဟိ ကုသလဓမ္မေဟိ အတ္ထိ ဣဒမတ္ထိတံ ဉာဏံ ဣဒမတ္ထိတာ။ (အာစရိယော)

ထိုငါးပါးတို့တွင် အပ္ပိစ္ဆတာ, သန္တုဋ္ဌိတာကား အလိုနည်းခြင်းရောင့်ရဲလွယ်ခြင်းဖြစ်သော အလောဘစေတသိက်တည်း။ သလ္လေခတာ, ပဝိဝေကတာတို့သည်ကား ခေါင်းပါးခြင်း ဆိတ်ငြိမ်ခြင်းသဘောကြောင့် အလောဘ၌လည်းကောင်း, အမောဟ၌လည်းကောင်း အကျုံးဝင်ကုန်၏။ ဤမျှကုန်သော ဂုတင်ဂုဏ်တို့သည် ရှိကုန်၏ဟု သိတတ်သောပုဂ္ဂိုလ်၏ အဖြစ်တည်းဟူ သောဉာဏ်သည် ဣဒမတ္ထိတာမည်၏။

ထိုနှစ်ပါးတို့တွင် အလောဘဖြင့်ကား ပဋိဂ္ဂေါ ပယ်ထားသော ဝတ္ထုတို့၌ တပ်မက်သော ကိလေသာကာမ, ဝတ္ထုကာမကို ပယ်ခါ၏။ အမောဟဖြင့်ကား ထိုဝတ္ထုတို့၌ အပြစ်ကိုဖုံးလွှမ်း သောမောဟကို ခါ၏။ အလောဘဖြင့်လည်း ခွင့်ပြုတော်မူသည်ကို မှီဝဲခြင်းကြောင့်ဖြစ်သော ကာမသုခလွှိကာနုယောဂကို ခါ၏။ အမောဟဖြင့်ကား ဂုတင်တို့၌ အတိသလ္လေခအားဖြင့် ဖြစ်သော အတ္တကိလမထာနုယောဂကို ခါ၏။ ထို့ကြောင့် ဤတရားတို့သည် ဓုတဓမ္မမည်ကုန်၏ ဟူ၍ သိအပ်၏ဟူလိုသော်။

ဓုတင်္ဂတို့ကို သိအပ်ကုန်၏ဟူသည်ကား ဆိုအပ်ပြီးသော ပံသုကူလိကင်္ဂအစ နေသဇ္ဇိကင်္ဂ အဆုံးရှိသော တစ်ဆယ့်သုံးပါးကုန်သော ဂုတင်တို့ကို သိအပ်ကုန်၏ဟူ လိုသော်။

အဘယ်သူအား ဂုတင်ကို မှီဝဲခြင်းသည် သင့်လျော်လျောက်ပတ်ပါသနည်း ? ဟူသောမေးခွန်း၏ အဖြေကား ရာဂစရိုက်များသောသူအားလည်းကောင်း, မောဟစရိုက်များသော သူအားလည်းကောင်း လျောက်ပတ်၏။ အဘယ်ကြောင့်နည်းဟူမူကား ဂုတင်ကို မှီဝဲခြင်း သည်ကား ဒုက္ခပဋိပဒါသည်လည်းကောင်း, သလ္လေခဝိဟာရသည်လည်းကောင်း ဖြစ်၏။ ဒုက္ခပဋိပဒါဟူ သော ဆင်းရဲခြိုးခြံသောအကျင့်ကို မှီ၍လည်း ရာဂငြိမ်း၏။ သလ္လေခဟူ သော ကိလေသာခေါင်းပါးခြင်းကိုမှီ၍ မမေ့မလျော့သူအားလည်း မောဟကို ပယ်အပ်၏။ အာရညိကင်္ဂ ရုက္ခမူလိကင်္ဂတို့ကို မှီဝဲခြင်းသည်လည်း ဒေါသစရိုက်များသော သူအား လျောက်ပတ်၏။

အာရည်ကင်ရက္ခမူလိကင်ပဋိသေဝနာ ဝါ ဇတ္တ ဒေါသစရိတသာပိ သပ္ပါယာ။ တတ္ထ ဟိသ အသ်ဃဋ္ဌိယမာနသ ဝိဟာရတော ဒေါသောပိ ဝူပသမ္မတိတိ အယံ ဝုတ္တာဒီနံ ဝိဘာဂတော ဝဏ္ဏနာ။

သမာသဗျာသတောတိ ဣမာနိ ပန ဝုတ္တာနိ သမာသတော တိဏိ သီသာနိ၊ ပဗ္ဗ အသမ္ဘိန္နာနိတိ အဒ္ဒေ ဝ ဟောန္တိ။ တတ္ထ သပဒါနစာရိကာ,ဇကာသနိကာ, အဇ္ဈောကာသိကာန္တိ ဣမာနိ တိဏိ သီသာနိ။

ထိုစကားသည် သင့်စွ၊ ထိုသို့သော တော သစ်ပင်ရင်းအရပ်၌ တစုံတယောက်နှင့် မထိခိုက်မှု၍ နေသောအားဖြင့် ဒေါသသည် ငြိမ်း၏။ ဤကား ရှုတင်တို့ကို ဝေဘန်သောအားဖြင့်ဖြစ်သော အဖွင့်တည်း။

အကျဉ်းအကျယ်အားဖြင့် ဟူသည်ကား ဤရှုတင်တို့သည်ကား အကျဉ်းအားဖြင့် သုံးပါးကုန်သော သီသင်, ငါးပါးကုန်သော အသမ္ဘိန္နာတို့၏ အစွမ်းဖြင့် ရှစ်ပါးသာပြားကုန်၏။ ထိုတွင် သပဒါနစာရိကင်, ဇကာသနိကင်, အဇ္ဈောကာသိကင်ဟူသော သုံးပါးတို့သည် သီသင်မည်ကုန်၏။ ထိုစကားသင့်စွ၊ သပဒါနစာရိကင်ကို စောင့်သည်ရှိသော် ပိဏ္ဍပါတိကင်ကိုလည်း စောင့်သည်မည်လတ္တံ့သတည်း။ ဇကာသနိကင်ကို စောင့်သည်ရှိသော် ပတ္တပိဏ္ဍိကင်, ခလုပစ္ဆာဘတ္တိကင်တို့ကိုလည်း စောင့်လွယ်ကုန်သည်ဖြစ်လတ္တံ့သတည်း။ အဇ္ဈောကာသိကင်ကို စောင့်သူအား ရက္ခမူလိကင်, ယထာသန္ထတိကင်၌ စောင့်ဖွယ်မည်သည် အဘယ်မှာရှိတော့အံ့နည်း။ ထို့ကြောင့် ဤရှုတင်သုံးပါးတို့သည် ဝင်အပ်သော အစိတ်ရှိသောကြောင့် သီသင် ဥတ္တမင်တို့မည်ကုန်၏။ ခေါင်းတည်းမည်ကုန်၏ဟူလိုသော်။

ဤ၌ သပဒါနစာရိကမဏ္ဍိမသည် ပိဏ္ဍပါတိကဥက္ကဋ္ဌနှင့် အလားတူသောကြောင့် သပဒါနစာရိကကို စောင့်လျှင် ပိဏ္ဍပါတိကပြီးတန်စေ၊ ထို့အတူ အဇ္ဈောကာသိကင်ကို စောင့်လျှင်လည်း ရက္ခမူလ,ယထာသန္ထတိ နှစ်ပါးစုံ ပြီးတန်စေ၊ ဇကာသနိကင်၌ ဇကာသနိက ဥက္ကဋ္ဌပုဂ္ဂိုလ်သည် သပိတ်၌ ရှိသရွေ့ကိုလည်း ဘုဉ်းပေး၏။ ဒုတိယဘာဂနှာကိုလည်း သာယာ၏။

အာရညိကင်, ပဲသုကူလိကင်, တေစီဝရိကင်, နေသဇ္ဇိကင်, သောသာနိကင်တို့ ဣမာနိ ပဌ အသမ္ဘိန္နဂါနိ စာတိ အဋ္ဌေဝ ဟောန္တိ။

ပုန ဒွေ စီဝရပဋိသံယုတ္တာနိ၊ ပဌ ပိဏ္ဍပါတပဋိသံယုတ္တာနိ၊ ပဌ သေနာသနပဋိသံယုတ္တာနိ၊ ဧကံ ဝိရိယပဋိသံယုတ္တန္တိ ဧဝံ စတ္တာရောဝ ဟောန္တိ။

ထမင်းခဲ အမဲခဲကိုလည်း ဖဲ့၍ ဘုဉ်းပေး၏။ ပတ္တာပိဏ္ဍိကဥက္ကဋ္ဌပုဂ္ဂိုလ်မှကား ဒုတိယဘာဇနကိုလည်း မသာယာ၊ ငါးရိုးပစ်စရာခွက်ကိုမျှလည်း မသာယာ၊ ထမင်းခဲအမဲခဲကိုလည်း ဖဲ့၍ မဘုဉ်းပေး၊ ခလုပစ္ဆာဘတ္တိကသည်လည်း တစ်လုတ်မျှကို စား၍ တားမြစ်မိသည်ရှိသော် ထိုမှကြွင်းကျန်သည်ကို မဘုဉ်းပေး၊ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် ဧကာသနိကကိုစောင့်က ထိုနှစ်ပါးပြီးသည် စောင့်လွယ်သည်ဟု ဆိုသနည်းဟူမူကား ပတ္တာပိဏ္ဍိကယောဂီသည် သပိတ်တစ်လုံးနှင့် နှစ်ကြိမ်သုံးကြိမ်ဘုဉ်းပေးသော်လည်း ဓူတင်မပျက်၊ ဒုတိယဘာဇနကို သာယာမှသာလျှင် ဓူတင်ပျက်၏။ ခလုပစ္ဆာဘတ္တိကသည်လည်း ပဝါရိတ် မသင့်သည်ရှိသော် နှစ်ကြိမ်သုံးကြိမ်ဘုဉ်းပေးရ၏။ ပဝါရိတ်သင့်လျက် အတိရိက်ဘောဇဉ်ကို ဘုဉ်းပေးမှသာ ဓူတင်ပျက်၏။ ထိုပုဂ္ဂိုလ်သည် သုံးပါးလုံးကို တပြိုင်နက်တည်းဆောက်တည်၍ ဧကာသနိကကိုသာ စောင့်သည်ရှိသော် ပတ္တာပိဏ္ဍိက, ခလုပစ္ဆာဘတ္တိကတို့၌ မဒ္ဓိမ, မုဒုသည်လည်း ပြီးနှင့်၏။ ဤသို့ ယေဘုယျအားဖြင့် တပါးကိုစောင့်လျှင် သုံးပါးလုံးပြီးသည်ကို ရည်ရွယ်၍ ဧကာသနိကကို သီသင်ဟု ဆိုသတည်း။ ဥက္ကဋ္ဌပုဂ္ဂိုလ်ကား ပတ္တာပိဏ် ခလုပစ္ဆာ ဥက္ကဋ္ဌပုဂ္ဂိုလ်တို့သို့ လိုက်၍ ထမင်းခဲအမဲခဲကို မဖဲ့ခြင်း, ပဝါရိတ်သင့်သောအခါ သပိတ်၌ကြွင်းကျန်သည်ကို မဘုဉ်းပေးခြင်းတို့ကို ပြု၍ ဥက္ကဋ္ဌသုံးပါးလုံး ညီစေရာ၏။ ဤကား သီသင်အဆုံးအဖြတ်တည်း။

အာရညိကင်, ပဲသုကူလိကင်, တေစီဝရိကင်, နေသဇ္ဇိကင်, သောသာနိကင်ဟူသော ဤငါးပါးတို့သည်ကား တပါးတခြားသော ဓူတင်တို့နှင့် မရောယှက်သောကြောင့် အသမ္ဘိန္နင် မည်၏။ ယခင်သုံးပါးနှင့် ဤငါးပါးကို ပေါင်းသော် ရှစ်ပါးသာဖြစ်၏။

တဖန်တုံလည်း သင်္ကန်းနှင့်ယှဉ်သည့် (၂)ပါး၊ ဆွမ်းနှင့်ယှဉ်သည့် (၅)ပါး၊ သေနာသနကျောင်းနှင့်ယှဉ်သည့် (၅)ပါး၊ ဝိရိယနှင့်ယှဉ်သည့် (၁)ပါး၊ ဤသို့အားဖြင့် လေးမျိုးပြား၏။

တတ္ထ နေသဇ္ဇီကဂ် ဝိရိယပဒိုဿဲယုတ္တံ။ ဣတရာနိ ပါကဋာနေဝ။

ပုန သဗ္ဗာနေဝ နိဿယဝသေန ဒွေ ဟောန္တိ ပစ္စယနိဿိတာနိ ဒ္ဝါဒသ၊ ဝိရိယနိဿိတံ ဧကန္တိ။

ထိုလေးမျိုးတို့တွင် ပံသုကူလနှင့်တေစီဝရိကသည် သက်နှိုးနှင့်ယှဉ်၏။ ပိဏ္ဍပါတိက, သပဒါနစာရိက, ဧကာသနိက, ပတ္တပိဏ္ဍိက, ခလုပစ္ဆာဘတ္တိက ဤ(၅)ပါးကား ဆွမ်းနှင့်ယှဉ်၏။ အာရညိက, ရုက္ခမူလိက, အဗ္ဘောကာသိက, သောသာနိက, ယထာသန္ထတိက ဤ (၅) ပါးကား သေနာသနကျောင်းနှင့်ယှဉ်၏။ နေသဇ္ဇိကကား ဝိရိယနှင့်ယှဉ်၏။

တဖန်နောက်တစ်မျိုးကား နိဿယ-မှီရာအားဖြင့် သက်နှိုးအစရှိသော ပစ္စည်းကို မှီ၍ ရှုတင် (၁၂)ပါး, ဝိရိယကို မှီ၍ (၁)ပါးဟူ၍ နှစ်မျိုးအပြားရှိ၏။

မှီဝဲအပ်, မမှီဝဲအပ်သောအားဖြင့်လည်း နှစ်မျိုးအပြားရှိသေး၏။ အကြင်ယောဂီသည် ရှုတင်ကို မှီဝဲသည်ရှိသော် ကမ္မဋ္ဌာန်းသည် တိုးပွား၏။ ထိုယောဂီသည် မှီဝဲအပ်၏။ အကြင်ယောဂီအား မှီဝဲသည်ရှိသော် ဆုတ်ယုတ်၏။ ထိုယောဂီသည် မမှီဝဲအပ်။ အကြင်ယောဂီအား မှီဝဲသော်လည်းကောင်း, မမှီဝဲသော်လည်းကောင်း တိုးပွား၏။ မဆုတ်ယုတ်၊ ထိုယောဂီသည်လည်း၊ နောက်၌ အမျိုးသားတို့အား ဒိဋ္ဌာနုဂတိဖြစ်စိမ့်သောငှာ မှီဝဲအပ်၏။ အကြင်ယောဂီအား ရှုတင်ကို မှီဝဲသော်လည်းကောင်း, မမှီဝဲသော်လည်းကောင်း ကမ္မဋ္ဌာန်းသည် မတိုးမပွား၊ ထိုယောဂီသည်လည်း နောင်အခါ၌ အထုံဝါသနာရှိခြင်းအကျိုးငှာ မှီဝဲအပ်၏။

ဤသို့ သေဝိတဗ္ဗ, အသေဝိတဗ္ဗ- မှီဝဲအပ်, မမှီဝဲအပ်အားဖြင့် နှစ်မျိုးအပြားရှိသည် ဖြစ်ပါသော်လည်း ထိုအလုံးစုံသောရှုတင်တို့သည် သမာဒါနစေတနာအားဖြင့် တစ်ပါးတည်းသာ ဖြစ်၏။ ဤသို့ အကျဉ်းချုံးခြင်းသည်သာလျှင် သမာသဝိနိစ္ဆယမည်၏။

ဗျာသအကျယ်အားဖြင့်သော်ကား ရဟန်းယောကျ်ားတို့အား (၁၃)ပါး,ဘိက္ခုနီမတို့အား (၈)ပါး, သာမဏေတို့အား (၁၂)ပါး, သိက္ခမာန်, သာမဏေရီတို့အား (၇)ပါး, ဥပါသကာ, ဥပါသိကာမတို့အား (၂)ပါး, ဤသို့အားဖြင့် လေးဆယ့်နှစ်(၄၂)ပါး အပြားရှိ၏။

သစေ ပန အဗ္ဗောကာသေ အာရညိကင်္ဂသမ္ပန္နံ သုသာနံ ဟောတိ၊ ဧကောပိ ဘိက္ခု ဧကပွဟာရေန သဗ္ဗဓုတင်္ဂါနိ ပရိဘုဉ္ဇိတုံ သက္ကောတိ။

ဥပါသကဥပါသိကာနံ ပန ဧကာသနိကင်္ဂံ, ပတ္တပိဏ္ဍိကင်္ဂန္တိ ဣမာနိ ဒွေ ပဋိရူပါနိ စေဝ သက္ကာ စ ပရိဘုဉ္ဇိတုန္တိ ဒွေ ဓုတင်္ဂါနိတိ ဒဝ် ဗျာသတော ဒွေစတ္တာလီသ ဟောန္တိတိ၊ (၄)

အကယ်၍ လွင်ပြင်လွင်တီးခေါင်၌ အာရညိကင်္ဂနှင့် ပြည့်စုံသော သုသာန်ရှိသည်ဖြစ်အုံ၊ တစ်ပါးတည်းသော ယောဂီရဟန်းသည်လည်း တပြိုင်နက်တည်း တေရသ(၁၃)ပါးသောဓုတင်တို့ကို ပရိဘုတ်အုံ့သောငှာ ဆောက်တည်သုံးဆောင်ခြင်းငှာ တတ်ကောင်း၏။

ဤ၌လည်း အဗ္ဗောကာသိကရဟန်းသည် "ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ"ဟူ၍ ဆန္နနှင့် ရုက္ခမူလိကကို ပယ်ပြီး၍ တစ်ဖန် "ရုက္ခမူလိကင်္ဂံ သမာဒိယာမိ"ဟူ၍ ဆောက်တည်ပြန်သည်ရှိသော် သမာဒါနစေတနာဖြင့် ပယ်အပ်သောဝတ္ထုကို သာယာခြင်းကြောင့် ဓုတင်မပျက်ကောင်းအံ့လော ဟူမူကား မပျက်ကောင်းပါ၊ အမိုးတွင်း၌ အရဏ်ခံမှသာလျှင် ပျက်၏။ လွင်ပြင်၌ အရဏ်ခံ၍ မပျက်။ ထို့ကြောင့် "ဆန္နဉ္စ ရုက္ခမူလဉ္စ ပဝိဋ္ဌကွဏော"ဟူ၍ အဋ္ဌကထာဆရာဆိုတော်မူသတည်း။ ထို့ကြောင့် စေတနာဖြစ်ကာမျှဖြင့် ဓုတင်မပျက်ဟူ၍ သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။

ဥပါသကာ ဥပါသိကာမတို့အားကား ဧကာသနိက, ပတ္တပိဏ္ဍိကဟူသော ဓုတင်နှစ်ပါးသည် သင့်လျော်ကုန်၏။ သုံးဆောင်ကျင့်သုံးခြင်းငှာ စွမ်းနိုင်ကုန်၏။ ထို့ကြောင့် ဤဓုတင်နှစ်ပါးနှင့် တကွ အကျယ်အားဖြင့် ဓုတင် (၄၂) ပါးတို့တည်း။

နိဂမန

- ဘဒ္ဒန္တ တိသရေနေဝ၊ ပေါရာဏိကဝိနိစ္ဆယေ။
  ဂုဠကဲ့ ပါကဋဋ္ဌာယ၊ ပဋိသခ်ံရဏဲ့ ကတံ။
- ဒ္ဝိပဋ္ဌတိနဝကေ်ဟိ၊ လက္ခိတေ ဗုဒ္ဓဝသေ စ။
  ဧကာတိပဋ္ဌသတ္တကေ်၊ ဂဟဋ္ဌလက္ခိတေ ဝသေ။ ။
- အသယုဇ္ဇာ ဒိပက္ခမှိ၊ သတ္တာဟေ အသိတေ ဒိနေ။
  ပဋိသခ်ံရဏော ဧသော၊ ဝိနိစ္ဆယော သုနိဋ္ဌိတော။ ။

ဘဒ္ဒန္တ တိသရေနေဝ၊ အရှင်တိသရသည်ပင်လျှင်။ ပေါရာဏိကဝိနိစ္ဆယေ၊ ရှေးဟောင်းဖြစ်သော ဓုတင်ဝိနိစ္ဆယကျမ်းဌ်။ ဂုဠကဲ့၊ လျှို့ဝှက်မမြင်, မပေါ်လွင်ငြား, မထင်ရှားသည်ကို။ ပါကဋဋ္ဌာယ၊ ပေါ်လွင်ထင်ရှားစေခြင်းငှာ။ ပဋိသခ်ံရဏဲ့၊ ပြင်ဆင်ခြင်းကို။ ကတံ၊ ပြုအပ်ပါပြီ။

ဒ္ဝိပဋ္ဌတိနဝကေ်ဟိ၊ နှစ်ငါးသုံးကိုး (၂၅၃၉) အမှတ်တို့ဖြင့်။ လက္ခိတေ၊ မှတ်အပ်သော။ ဗုဒ္ဓဝသေ စ၊ မြတ်စွာဘုရားသာသနာတော် (၂၅၃၉) ခုနှစ်ဌ်လည်းကောင်း။ ဧကာတိပဋ္ဌသတ္တကေ်၊ တစ်သုံးငါးခွန် (၁၃၅၇) အမှတ်ရှိသော။ ဂဟဋ္ဌလက္ခိတေ၊ လူ့တို့မှတ်ထားအပ်သော။ ဝသေ စ၊ (၁၃၅၇) ခုနှစ်ဌ်လည်းကောင်း-

အသယုဇ္ဇာဒိပက္ခမှိ၊ သီတင်းကျက်လ အစပက္ခဌ်။ ဝါ၊ သီတင်းကျွတ်လဆန်းပက္ခဌ်။ သတ္တာဟေ၊ (၇)ရက်ဌ်။ အသိတေ ဒိနေ၊ စနေနေ့ဌ်။ ပဋိသခ်ံရဏော၊ ပြင်ဆင်ပြီးသော။ ဧသော ဝိနိစ္ဆယော၊ ဤဓုတင်ဝိနိစ္ဆယကျမ်းသည်။ သုနိဋ္ဌိတော၊ ကောင်းစွာပြီးပါပြီ။

ရဟန်းပြုခြင်း ရည်ရွယ်ချက်

ယသ္မာ ကုလပုတ္တာ သမ္မဒေဝ
အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ။

အမျိုးကောင်းသားတို့သည် အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာဖြစ်ကြရန် အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်ခွာ၍ ရဟန်းဘောင်၌ ကောင်းစွာသာလျှင် ရဟန်းပြုကြသည်။

ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး

ဘယ်အခါမဆို ရဟန္တာဖြစ်နိုင်သည်

ဣမေ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယ္စု၊
အသုညော လောကော အရဟန္တေဟိ အသဿ။

အို သုဘဒ်ပရိဗိုဇ် ငါဘုရား:သား:တော်ရဟန်:တို့သည် ကောင်:စွာ နေထိုင်ကြကုန်အံ့ ဤကမ္ဘာလောကကြီ:သည် ရဟန္တာမဆိတ်သုဉ်: နိုင်ရာ။

ကမ္ဘာအေ: မဟာပါသာဏလိုဏ်ဝှ သိမ်တော်ကြီ:

ကျေးရွာတင် မော်ကွန်းလွှာ

ဤရွာတင် အဆုံးအဖြတ်ကျမ်းကို သာသနာတော်နှစ် ၂၅၃၉၊ ကောဇာသက္ကရာဇ် ၁၃၅၇ ခုနှစ် သီတင်းကျွတ်လဆန်း (၇) ရက်၊ စနေနေ့၌ ပြင်ဆင်ရေးသားမှု ကောင်းစွာပြီးစီးခြင်းသို့ ရောက်သည်ဟူ၍ ကျမ်း၏ နိဂုံးတွင် တောရဆရာတော်က မှတ်ချက် ပြုထားပါသည်။

ပြုစုသည့် နေရာကား ရမည်းသင်းမြို့နယ် နဘူးကျင်းရွာအနီး၊ ရန်ကင်းတောရ၌ ဝါကပ်တော်မူသော နှစ်ဖြစ်လေသည်။

ယခု ပုံနှိပ်ပြီးစီးသည့်နှစ်ကား ၁၃၅၉ ခုနှစ်ဖြစ်ရာ ပုံနှိပ်ချိန်ကာလ (၂) နှစ်နီးပါးမျှ ကြာမြင့်ခဲ့သဖြင့် ခွင့်ပြုမိန့်သည်ပင် (၂) ကြိမ်တောင်းခံခဲ့ရပါသည်။

ယင်းသို့ဖြစ်ခြင်းမှာ မူလက ဤကျမ်းနှင့်ဆရာတော် (၂)ပါး ထေရုပ္ပတ္တိ၊ သိမ်သမုတ်မှတ်တမ်း များကို မိမိတို့ဌာန သာသနာတော်ထွန်းကား ပြန့်ပွားကြီးစီးဌာန ကွန်ပျူတာဖြင့် စာစီခြင်းလုပ်ငန်း ဆောင်ရွက်ရန် ညွှန်ကြားရေးမှူး [illegible] မျိုးထံ တင်ပြခွင့်ပြုချက်ရယူပြီး စာစီရန် အလှည့်စောင့်ဆိုင်း ခဲ့ကြပါသည်။

ထိုသို့စောင့်ဆိုင်းစဉ် နိုင်ငံတော်မှကြီးမှူး၍ တည်တော်မူသော စွယ်တော်မြတ်စေတီ(ရန်ကုန်)၊ စွယ်တော်မြတ်စေတီ(မန္တလေး) ထီးတော်များတင်လှူသော နှစ်ကာလနှင့် ကြုံလာသဖြင့် မိမိတို့ဌာနများတွင် ပြည်တွင်းပြည်ပ သာသနာပြု လုပ်ငန်းများဖြင့် မအားမလပ်အောင် တာဝန်များပြားခဲ့ရပြီး၊ မိမိမှာလည်း မန္တလေးသို့ သွားရောက် တာဝန်ထမ်းဆောင်ရခြင်း၊ မကျန်းမာ၍ မင်္ဂလာဒုံ တပ်မတော် ဆေးရုံကြီးတွင် ခွဲစိတ်ကုသရခြင်း၊ တဖန် မန္တလေးသို့ ပြန်လည်သွားရောက် တာဝန်ထမ်းဆောင်ရခြင်း စသည်များကြောင့် ဤမျှအထိ ကာလကြာမြင့် ခဲ့ရလေသည်။

ယခုခါ၌ကား ရွှေတင်ဆောင်မထေရ်ကြီး၏ သက်တော် (၇၅)နှစ်ပြည့်ပြီး မှတ်တိုင်ဖြစ်သော ဤရွှေတင်အဆုံးအဖြတ်ကျမ်းသည် ပုံနှိပ်ခြင်း ပြီးစီးခဲ့ပါပြီ ယင်းသို့ဖြစ်ရာ ဤကျမ်းစာ ဖြစ်မြောက်ရေး အတွက်-

- စိစစ်ပေးတော်မူကြကုန်သော နိုင်ငံတော် သံဃမဟာနာယက အလှည့်ကျ ဆရာတော်ဘုရားများ အားလည်းကောင်း၊

-စာမူခွင့်ပြုမိန့် ရရေးအတွက် ဆောင်ရွက်ပေးသော သာသနာရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းရွှေ (ဓမ္မာစရိယ-ဘီအေ) နှင့် ဝန်ထမ်းများအား လည်းကောင်း၊

-ပြည်ထဲရေးဝန်ကြီးဌာန ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်ဌာနမှ အရာရှိများနှင့် ဝန်ထမ်းများအားလည်းကောင်း၊

–ဤကျမ်းစာမူကွန်ပျူတာစီရန် ကြိုတင်စိစစ် တည်းဖြတ်ခြင်းနှင့် ကွန်ပျူတာစီပြီး ပါဠိ၊ မြန်မာစာများကို စာပေအထားအသို မှန်ကန်အောင် စစ်ဆေးစိစစ် တည်းဖြတ်ပေးသော သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးတင့် (သ–စ–အ ဓမ္မာစရိယ) အားလည်းကောင်း၊

–ပါဠိစာများကို ဖြစ်နိုင်သမျှ ကြိုးစား၍ ကွန်ပျူတာစီခြင်း ဆောင်ရွက်ပေး ကြသော ကိုမျိုးညွန့်(ကွန်ပျူတာစာစီနှင့်ဒီဇိုင်း)နှင့်အဖွဲ့အား လည်းကောင်း၊

–စေတနာထား၍ဆောင်ရွက်ကြသော ရန်ကုန်မြို့ လမ်း(၄၀)၊ အမှတ်(၂၄၀) သီဟအော့(ဖ်)ဆက်မှ ကိုရဲကျော်အဖွဲ့အား လည်းကောင်း၊

–စာရင်းပါဓမ္မဒါန အလှူရှင်အားလုံးတို့အား လည်းကောင်း၊

သာသနာတော် အရှည်ခံ၍ တည်တံ့ရေးအတွက်၊ အထူးအားဖြင့် ဓူတင်ဆောင် တောရ ဆောက်တည်တော်မူသော တောရသာသနာအရှည်ခံရေးအတွက် နဘူးကျင်း တောရဆရာတော်ဘုရားကြီး ရေးသားပြုစုသမျှ ကျမ်းစာများနှင့် စာပေများကို စွမ်းနိုင်သမျှ မှတ်တမ်းတင်၊ ပုံနှိပ်ခြင်းနှင့် လှူဒါန်းခြင်းကို ပြုလျက်ရှိကြကုန်သော မိမိဦးမင်းကြည်၊ တပ်ကုန်းမြို့နေ၊ ဦးအောင်ခ၊ ရန်ကုန်မြို့နေ ဦးသိမ်းဆောင်၊ ဦးညွန့်လှိုင်နှင့် ဦးတင်ဝင်းတို့ အဖွဲ့ငယ်က ဝမ်းမြောက်ဝမ်းသာ၊ သာဓုအနုမောဒနာ ပြုပါကြောင်း ကျေးဇူးတင် မော်ကွန်း ထိုးအပ်ပါသည်။

အနယ်နယ်အရပ်ရပ်၌ တောရဆောက်တည်တော်မူကြကုန်သော သံဃာတော် ထေရ်အရှင်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး (၄)ပါးသော ပစ္စည်းများဖြင့် ချီးမြှောက်ထောက်ပံ့လျက် တောရသာသနာတော် တည်အောင် ရွက်ဆောင် နေကြကုန်သော တောနှင့်မြို့ပါ သူတော်ကောင်းအပေါင်းတို့အား လည်းကောင်း၊ လှိုက်လှဲစွာ, ဝမ်းမြောက်၊ ဝမ်းသာ သာဓုခေါ်ပါကြောင်း ထပ်လောင်း၍ ကျေးဇူးတင် မော်ကွန်းထိုးအပ်ပါသည်။

ဤကျမ်း၌ အကယ်၍ ချွတ်ယွင်းအားနည်းခြင်း တစ်စုံတစ်ရာ ရှိခဲ့ပါလျှင်လည်း၊ တောရဆရာတော် အရေးအသားကြောင့် မဟုတ်ဘဲ၊ တပည့်များ၏ သတိထား အားနည်းမှုကြောင့်သာ ဖြစ်ပါသောကြောင့် အပြစ်မမြင် မေတ္တာစိတ်အစဉ်ဖြင့် ခွင့်လွှတ်ကြပါကုန်ဟု၍သာ အနှုးအညွှတ် ပန်ကြားအပ်ပါသည်။

အားလုံးကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေ၊

မပြယ်သောမေတ္တာဓာတ်ဖြင့်

မင်းကြည်(ဓမ္မစရိယ–ဘီအေ)

ဝူတင်အဆုံးအဖြတ်ကျမ်း၊ ဆရာတော်(၂)ပါး ထေရပ္ပတ္တိနှင့် သိမ်သမုတ်မှတ်တမ်းများ
ဝမ္မဒါန အလှူရင်များစာရင်း

၁။	ဦးသိမ်းဆောင်+ ဒေါ်ခင်တင့်နှင့်သားသမီးများ၊ -ဒေါက်တာ ခင်မောင်ဦး + မမော်မော်သွယ်၊ သား မောင်ဝင်းသောင်း (ထွန်းလင်းဆေးခန်း) သာကေတမြို့. -ကိုအောင်ကျော်ဦး+ဒေါက်တာသစ်သစ်လွင် (အေးမေတ္တာဆေးခန်း)တောင်ညွန့်. -ကိုမင်းအောင်+ညွန့်ညွန့်ဆွေ၊သား မောင်သူရ၊ ရန်ကုန်မြို့.။ဖုန်း-၅၄၁၅၀၉	၂၂၀၀၀
၂။	ဦးအောင်ခ+ဒေါ်ခင်ကြိုင်နှင့် သားသမီးမြေးများ -ကိုစိုးသန်း+မမြမြဝင်း၊ သမီးမသူသူစိုး၊ မရည်မွန်စိုး၊ သားမောင်ဥာဏ်လင်းစိုး၊ -သားကိုသက်နိုင်၊ သမီးထွေး မမိမိအောင်၊ ဒေါင်းမင်းဆိစက်၊ တပ်ကုန်းမြို့.။ ဖုန်း- ၂၉	၁၅၀၀၀
၃။	ဦးညွန့်လှိုင်+ဒေါ်ခင်လွမ်းနှင့် သားသမီးများ၊ သမီးဒေါက်တာခင်မျိုးလွင် (ချမ်းမြေ့သိတာဆေးခန်း) သမီး မခင်သန့်လွင် သား ဒေါက်တာခင်မောင်လွင်နှင့် မောင်ကျော်ဝင်းထွန်း၊ ရန်ကုန်မြို့.။ ဖုန်း ၂၈၅၁၇၁။	၁၀၀၀၀
၄။	ကျေးဇူးရှင်ဘခင်ကြီး ဦးသောင်းတင်အား ရည်စူး၍- ရဟန်းမယ်တော်၊ မိခင်ကြီး ဒေါ်ငွေတင်နှင့်သားသမီးမြေးများ ဒို့လုပ်သား၊ သစ်ခွဲစက်နှင့်သစ်ရောင်းဝယ်ရေး၊ သာကေတမြို့.။ ဖုန်း - ၅၄၃၈၀၀၊ ၅၄၃၈၄၄။	၁၀၀၀၀
၅။	ဦးချိန်ခေး+ဒေါ်လှလှ သားသမီးမြေးတစ်စု သီလဝလမ်း၊ ရမည်းသင်းမြို့.။	၁၀၀၀၀
၆။	ကျေးဇူးရှင်ပါပါ ဦးသန်းအောင်၊ မေမေဒေါ်ဖွားရီတို့အား ရည်စူး၍- သမီးဒေါ်မြတ်ခိုင်(လက်ထောက်ကထိက၊ သချာဌာန၊ ရန်ကုန်စက်မှုတက္ကသိုလ်) သာကေတမြို့.။ ဖုန်း ၅၇၉၇၄၆၊	၅၀၀၀

၇။	ဒူးရင်းသီး ဦးစိုးမြင့်(သီဟသဒ္ဓမ္မမဏိဇောတဝေရ ဘွဲ့.ရ) ဇနီး ဒေါ်ခင်မာရီ အမှတ် (၂၅)၊ မင်ကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၆၂၄၇	၅၀၀၀
၈။	ဦးအောင်လင်းနှင့်ညီအစ်ကိုမောင်နှမများ သီလဝလမ်း။ ရမည်းသင်းမြို့။	၅၀၀၀
၉။	မိခင်ဒေါ်သန်းကြည်၊ သားဦးကောင်းတည်+ဒေါ်ကြည်ကြည်ဝင်း မိသားစု ဆိစက်ပိုင်၊ အမှတ်(၂)ရပ်ကွက်၊ လယ်ဝေးမြို့။ ဖုန်း - ၂၅	၅၀၀၀
၁၀။	ဦးခင်ဇော်+ဒေါ်ဝင်းရီ မိသားစု ဆိစက်ပိုင်၊ လယ်ဝေးမြို့။ ဖုန်း - ၂၄	၅၀၀၀
၁၁။	(ဦးတင်မောင်-ရဲအုပ်) ဇနီး ဒေါ်ခင်ဆွေနွဲ. သားသမီးမြေးတစ်စု (သီဟပုံနှိပ်တိုက်) ၂၄၀၊ လမ်း ၄၀ ဖုန်း - ၂၄၅၅၆၇ အမှတ် ၉ စီ၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်း ရန်ကုန်မြို့။ (တောရဆရာတော် ဒုတိယခမည်းတော် မယ်တော်တို့၏သားကြီး)	၄၅၀၀
၁၂။	ဦးမောင်မောင်အုန်း၊ ဒုရဲမှူးကြီး (ငြိမ်း)၊ ဇနီး ဒေါ်တင်တင် မိသားစု အမှတ် (၇၁)၊ (၂၆) လမ်း၊ ရန်ကုန်မြို့။ ဖုန်း- ၂၈၆၂၈၈ (တောရဆရာတော် ဒုတိယ ခမည်းတော်မယ်တော်တို့၏ သမီးကြီး)	၃၀၀၀
၁၃။	ဦးသိန်းမောင်+ဒေါ်တင်တင် သမီး မခင်မေဝင်း မိသားစု အမှတ်(၁၈)၊ လမ်း(၂၀)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၂၂၅၇၈၅	၄၇၀၀
၁၄။	ဒေါ်လက်ဝါ၊ သားကိုသန်းဦး မိသားစု ဖဒိုမြို့။ ပဲခူးတိုင်း	၃၀၀၀
၁၅။	ဦးတင်ဝင်း+ဒေါ်ခင်မိုးရီ၊ သမီး မေသဇင်ဦး မိသားစု အမှတ်(၁၈)၊ လမ်း(၂၀) လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၂၅၇၈၅	၃၀၀၀
၁၆။	ဦးမျိုးအောင်+ဒေါ်ညိုမိ မိသားစု ဆိစက်ပိုင်၊ လယ်ဝေးမြို့။	၃၀၀၀
၁၇။	ဦးစိုးနိုင်+ဒေါ်စိုးစိုးဌေးမိသားစု(ဆိစက်ပိုင်) လယ်ဝေးမြို့။	၃၀၀၀

၁၈။	ဒေါသန်းကြည် မိသားစု (ဆိစက်)အမှတ် (၂) ရပ်ကွက်၊ လယ်ဝေးမြို့။	၃၀၀၀
၁၉။	ဦးမင်းဓနမွန်+ဒေါပပ မိသားစု အမှတ်(၂)ခရေလမ်း၊ ဘုရင့်နောင်၊ ရန်ကုန်မြို့။	၃၀၀၀
၂၀။	ဦးကြည်စိုး+ဒေါအုန်းကြည် သမီး မန္တ.နွဲ.ကြည်(သား) မောင်သန်းဝင်းစိုး သမီးမဝေဝေမြင့်၊ မအေးအေးစိုး ကုန်မျိုးစုဆိုင် (၇)ဈေးကြီး၊သာကေတမြို့။	၂၀၀၀
၂၁။	ဦးဝင်းကြည်(စက်မှုအင်ဂျင်နီယာ)ဇနီး ဒေါခင်အေးကြူ၊ သား၊မောင်နေမျိုးအောင်၊ အမှတ်(၁၀၆)၊၇-ဈေးလမ်းမကြီး၊ ၁၀/တောင်ဝန်ထမ်းအိမ်ယာ၊သာကေတမြို့။ ဖုန်း-၅၄၃၈၁၁	၂၀၀၀
၂၂။	ဦးကြက်တောဇနီးနှင့် သားသမီးတစ်စု ညောင်ကုန်းကျေးရွာ၊လယ်ဝေးမြို့.နယ်	၁၀၀၀
၂၃။	ဦးကျော်ညွန့်၊ ဒေါလှမြိုင်သား၊သမီးတစ်စုကဲ့ကြီးကျေးရွာ၊ရမည်းသင်းမြို့.နယ်	၁၀၀၀
၂၄။	ဦးဝင်းဆောင်(စက်ဘဝ)+ဇနီးဒေါကြည်ကြည်ဆွေ သမီးမသူဇာဦး၊ မသန်းသန်းဆွေ ကုန်မျိုးစုံဆိုင်၊ ၇-ဈေးကြီး၊ သာကေတမြို့။	၁၀၀၀
၂၅။	ဆရာဦးကျော်မြင့်+ဇနီးဒေါလှမြင့် မိသားစု အမှတ်(၁၀)၊ (၁)လမ်း ဆေးရုံရပ်ကွက်၊ဖြူးမြို့၊ ဖုန်း ၆၉	၁၀၀၀
၂၆။	ဦးခင်မောင်လတ် မိသားစု၊ ကန်ဘဲ့၊ ရန်ကုန်မြို့။	၁၀၀၀
၂၇။	ဒေါခင်ပြုံးရီမိသားစု၊ ရန်ကုန်မြို့။	၁၀၀၀
၂၈။	ဦးလေးဝင်း+ဒေါစိန်စိန် သားမောင်ဇွဲရန်နိုင် အမှတ်(၄၅)၊ (၅)လမ်း၊ လသာမြို့.နယ်၊ ရန်ကုန်မြို့။	၁၀၀၀
၂၉။	ဦးကျော်ဝင်း+ဒေါသော်တာစိုး မိသားစု အမှတ်(၁၈)၊ လမ်း (၂၀)၊ လသာမြို့.နယ်၊ ရန်ကုန်မြို့။	၁၀၀၀

၃၀။	ဦး:အောင်ဖုန်း+ဒေါ်ဖြူဖြူလွင် သား:မောင်ဖိုး:လပြည့် ဖူဂျီဓာတ်ပုံတိုက် သာကေတမြို့။ဖုန်း - ၅၄၄၂၅၃	၁၀၀၀
၃၁။	ဦး:သောင်း:ဌေး+ဒေါ်ဌေး:ဌေး:ဝင်း: မိသား:စု ပုပ္ပါ:မယ်တော်အမွေ:တိုင် သာကေတမြို့။	၁၀၀၀
၃၂။	ဦး:ကျော်လှ+ဒေါ်ကြူကြူ သမီး: မစန္ဒာ (မှန့်ဟင်း:ခါ:ဆိုင်) အမှတ် (၁၂၉၉) မြင်တော်သာလမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့။	၅၀၀
၃၃။	ဦး:ဝင်း:ကြိုင်+ဇနီး:ဒေါ်သိတာကြီ:အမှတ် (၁၀၅) အံပေါ်ထပ် (၄၇)လမ်: (အလယ်) ရန်ကုန်မြို့။ ဖုန်း - ၂၉၁၇၂၀	၅၀၀
၃၄။	မိခင်ဒေါ်ရီရီမြင့် သား:ဦး:ကျော်စိုး+ဒေါ်နှင်:နန္ဒာထွေ: သမီး: မယုယုမွန်ကျော်၊ (၁၈-ခ) ဧရာဝတ်အပြင်လမ်: ၁/အနော်မော၊ သာကေတမြို့။	၅၀၀
၃၅။	ဦး:မြင့်စိုး+ဒေါ်အေ:အေ:သိန်: မိသား:စု မြင်တော်သာ၊ သာကေတမြို့။	၃၀၀
၃၆။	ဒေါ်စမ်:စမ်:၊ မြေ:မဇင်မာအိ အမှတ် (၁၀၅) အပေါ်ထပ်၊(၄၇)လမ်: (အလယ်) ရန်ကုန်မြို့။ ဖုန်း - ၂၉၁၇၂၀	၂၀၅
၃၇။	ဦး:ထိန်ဝင်း:ကျော်+ဒေါ်စမ်:စမ်:လွင်၊ သား: မောင်ထွန်:ကျော်ဦ: မောင်ညီဝင်:ကျော်(၂၂)ရပ်ကွက်၊ ဒဂုံမြို့သစ်။	၂၀၀
၃၈။	ဦး:ကျော်ဦ:+ဒေါ်ခင်စမ်:မြင့် မိသား:စု အမှတ်(၁)ရပ်ကွက်၊ လယ်ဝေမြို့။	၂၀၀
၃၉။	ဦး:ထွန်:အောင်ကျော်+ဒေါ်ခင်တင့် မိသား:စု (၁၃)ရပ်ကွက်၊ ရန်ကင်:မြို့နယ်၊ ရန်ကုန်မြို့။	၁၅၀

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် နဘုးကျင်းရွာ
ရန်ကင်းတောရကျောင်းဆရာတော်
သာသနဓဇသိရိပဝရ ဒမ္မာစရိယ ဂဏဝါစက အရည်ဝါသီ
အရှင်တိသရဏဝေရ

ပါဠိမြန်မာနှစ်ဘာသာတို့ဖြင့် ရေးသားပြုစုပြီးသော စာပေနှင့်ကျမ်းများ

၁။ မန္တလေးတိုင်း ရမည်းသင်းမြို့နယ် သရက်ကန်ရွာ ပထမကျောင်းတည်ဆရာတော် အရှင်ဥက္ကံသ၏ ထေရုပ္ပတ္တိအကျဉ်းမှတ်တမ်း။

၂။ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဝိနယနုဂ္ဂဟ အသင်းကြီးတည်ထောင်တော်မူခဲ့သော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဝံသ မဟာထေရ၏ အဋ္ဌိမပ္ပဋ္ဌာ၊ ထေရုပ္ပတ္တိဂါထာ အကျဉ်းသံဝေဂယူဖွယ်စာစောင်။

၃။ မြန်မာပြည် အမြို့မြို့ အနယ်နယ်တွင် တောရဆရာတော်ဘုရားကြီး ဦးဆောင်၍ သမုတ်ခဲ့သော (၇၂)လုံး သိမ်များ၏ သိမ်သမုတ်မှတ်တမ်းများ အစဉ် (၁၊ ၂၊ ၃ ကို ၁၃၅၉ ခုနှစ် တပေါင်းတည်း ပုံနှိပ်ထားပါသည်)

၄။ အရဏဝုဂ္ဂကာလဝိနိစ္ဆယခေါ် အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း (ပထမအကြိမ်)ကို ကမ္ဘာအေးသာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ၁၃၂၉-ခုနှစ်က ထုတ်ဝေခဲ့ပြီး (ဒုတိယအကြိမ်)ကို ဖြည့်စွက်ချက်များဖြင့် ၁၃၅၆ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။

၅။ စီဝရဝဏ္ဏဝိနိစ္ဆယ ခေါ် သင်္ကန်းရောင်အဆုံးအဖြတ်ကျမ်းနှင့်

၆။ ဆန္ဒဒါနဝိနိစ္ဆယ ခေါ် ဆန္ဒပေးအဆုံးအဖြတ်ကျမ်း
အစဉ် (၅)နှင့် (၆) (ပထမအကြိမ်)ကို ၁၃၅၆ ခုနှစ်တွင်လည်းကောင်း၊ (ဒုတိယအကြိမ်)ကို ၁၃၅၇ ခုနှစ်တွင် လည်းကောင်း ထုတ်ဝေခဲ့ပါသည်။

၇။ ဝုတဂ်ဝိနိစ္ဆယခေါ် ဂူတင်အဆုံးအဖြတ်ကျမ်း (ပထမအကြိမ်) ယခု ၁၃၅၉ ခုနှစ်တွင် ထုတ်ဝေလိုက်ပါသည်။